www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ – ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် – ၂၀၁၅၊ ဇူလိုင်လ
အုပ်ရေ – ၅၀၀
မျက်နှာဖုံး – *Myat Min Han*
ကွန်ပျူတာစာစီ – *Maw Maw (New Idea)*
အတွင်းဖလင် – *Eagle*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန်
မြူးဝေလျှံပုံနှိပ်တိုက် (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (၀၀၄၃၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၈၀၀ ကျပ်

ဂ၉၅ ◦ ၈၃
ညီမိုး၊ မောင်(သန်လျင်)
ပေပင်ကြီးသရဲမနှင့်အညာသားဈေးသည်အပါအဝင်ဂန္ထဝင်ဝတ္ထုတိုများ/
စုစည်းသူ။ –ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၅။
၂၉၈–စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) ပေပင်ကြီးသရဲမနှင့်အညာသားဈေးသည်အပါအဝင်ဂန္ထဝင်ဝတ္ထုတိုများ

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပေပင်ကြီးသရဲမနှင့် အညာသားဈေးသည်<br>*မောင်ညီမိုး (သန်လျင်)* | ၁ |
| ၂။ | ကျွန်တော်တို့နှင့် မန္တလေးပတ်ဝန်းကျင်ခရီးတစ်ခေါက်ရောက်ခဲ့စဉ်က<br>*ထောင်မှူးကြီးသိန်းဝင်း* | ၄၂ |
| ၃။ | တစ်ညတုန်းက ပဓါနီနီ<br>*နန္ဒာမိုးကြည်* | ၆၆ |
| ၄။ | ကဗ္ဗကာဝတီနှင့် လုပ်စားမောင်နှမ<br>*မစန္ဒာညီမှိုင်း* | ၇၈ |
| ၅။ | ကညွတ်ကွင်းတမ်းချင်း<br>*ဝင်းနိုင်(ရွှေပြည်သာ)* | ၉၆ |
| ၆။ | အတိတ်ခြေရာ<br>*စိုးသူဇော်ကြေးဝေါ်* | ၁၃၃ |

www.burmeseclassic.com

www.burmeseclassic.com


၇။ မောင်တက်ခါးနှင့်မိုးအေဝါ ၁၅၂

အောင်မြတ်ဦး

၈။ ဂမ္ဘီရစံအိမ် ၁၇၀

အောင်ခင်မိုး

၉။ ဆရာကြီးမြစကြာနှင့် သိုက်နန်းရှင်ညီနောင် ၂၀၃

အောင်ကျော်စွာ

၁၀။ ကံဆုံပေမည့် ကံကုန်လျှင် ခွဲကြရမည်ပင် ၂၁၉

နွယ်ရှင်(ရွှေကျင်)

၁၁။ ကုက္ကိုယမုဆိုး ၂၄၁

ကျော်မင်းနိုင်

၁၂။ ကြောက်ပါပြီ မစိမ်းခက်ရယ် ၂၅၅

စိုးယဉ်ထွန်း

၁၃။ အမဲစက်မဟုတ်တောင် ကိုယ့်အတွက် အစွန်းတစ်ခုရယ်ပါ ၂၇၂

လေးမောင်




www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

"ကိုစိုးကြီးတို့ ... ကိုတိုးကြီးတို့ရေ ... မြန်မြန်လာကြဗျို့"

"ဟဲ့ ... ချစ်ဘော်၊ ဘာဖြစ်လို့တုံးဟဲ့"

"ပေပင်ကြီးသရဲခေါ် ကိုင်းတောကြီးတစ္ဆေမကြီးကို လက်ရဖမ်းမိသွားပြီဗျ"

"ဟဲ့ ... သရဲတစ္ဆေကို ဘယ်လိုဖမ်းလို့ မိသတုံးဟဲ့"

"ရိုက်ဖမ်းတာတဲ့ဗျာ။ သရဲမျက်ခွက်ဆိုတာ သွေးခြင်းခြင်းရဲလို့ဗျ အခု သင်းကို ရဲအချုပ်ခေါ်သွားဖို့ မြို့ရဲစခန်းက ရဲအဖွဲ့တွေ ရောက်လာပြီတဲ့"

"သရဲရော သေချာရဲ့လား ... ချစ်ဘော်ရဲ့"

"ပေပင်ကြီးမှာ ကြိုးနဲ့တုပ်ထားတာ သရဲ ပြေးလို့မရတော့ဘူး။ သရဲက လူ့ပါသတ်တယ်လို့ ပြောနေကြတယ်"

"ဘုရားရေ ... ဟုတ်ရဲ့လား ... ချစ်ဘော်တို့ရယ်"

"နေပါဦးဟ ... သရဲကို ဘယ်ကြိုးနဲ့ချည်ထားတုံး"





"ပရိတ်ကြိုးနဲ့ချည်ထားလို့ ပြေးလို့မရတာပေါ့ ... ဒေါ်အာဝါးရေ ဟိုမှာ ရွာသားတွေ သွားကြည့်ကြပြီ။ တစ်ခုတော့ ကောင်းသွားတယ် ... ဒေါ်အာဝါးရ"

"ဟဲ့ ... ဘာကောင်းတာတုံး ပညာရှိကြီးရဲ့၊ လင်းစမ်းပါတော်"

"နောင်ကို ကျုပ်တို့ရွာထဲမှာ သရဲလုံးဝ မခြောက်တော့ဘူးဗျ ဒေါ်အာဝါးရဲ့"

"နင်တို့နှယ်ဟယ် ... မိသောင်းမြို့တစ္ဆေလို သရဲလို ဒီလောက် ကြမ်းတမ်းအပကြီးတဲ့အရုပ်မျိုး ငါတို့တစ်ရွာကလွဲ ဘယ်မှာရှိမှာတုံးဟဲ့ .. ချစ်ဘော်ရဲ့"

"ဒေါ်အာဝါး ..."

"ဘာတုံး"

"ခင်ဗျား သန်းခေါင်သန်းလွဲ ပေပင်ကြီးအောက်မှာ အီးထိုင်ပါဦး ပေပင်ကြီသရဲက လုံးဝ မခြောက်တော့ဘူးဗျ"

"ဘုရား ... ဘုရား ..."

"ပေပင်ကြီးသရဲက ငါ့ကို ..."

"အင်းပေါ့ဗျ"

"သန်းခေါင်မှာ ဟိုဒင်းသွားပြုရင်တောင် ..."

"အေးလေဗျာ ... အဟဲ ... ဟဲ ... ဟဲ ..."

"မခြောက်ဘူး"

"ဟုတ်ကဲ့ ခင်ဗျ"

"ဟဲ့ ... အနာကျကောင်၊ လူယုတ်မာ၊ မိမစစ်ဖမစစ်က မွေးတဲ့ကောင်ရဲ့။ နင်က ငါ့ကို မြန်မြန်သေအောင် ငါ့အကြွေးမပေးချင်လို့ ငါ့ကို ခြောက်ချတာပေါ့ ဟုတ်လားဟဲ့ ... အမျိုးယုတ်ချစ်ဘော်။ နင့်ဆီက ငါ့အကြွေး ငါးထောင်မရမချင်း ငါ ဘယ်သေရွာမှ မသွားဘူး ... ချစ်ဘော်ရေ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အာဝါးက ခုနစ်သံချီဟစ်ပြီး ကိုချစ်ဘော်ကို တုတ်ပါလေရော။ အကြောင်းသိတွေက ဒေါ်အာဝါးကို မြှောက်ပေးကြတယ်။

''ဒေါ်အာဝါး ခင်ပျားကို စောစောနဲ့ မြန်မြန်သေအောင် ချောက်ကျအောင်လုပ်နေတာဗျ။ ပါးကို ပြေးရိုက်လိုက်ပါလား''

''ဟဲ့အကောင် ... ချစ်ဘော် ... ရပ်''

''ခေါ်မနေစမ်းပါနဲ့ဗျ။ အုတ်ပိုင်းကျိုးနဲ့ ချိုစောင်းကိုမှန်အောင် ပစ်လိုက်စမ်းပါ ... ဒေါ်အာဝါးရာ''

''ဒီကောင်က ခင်ပျားကို ပြောသေးတယ်ဗျ''

''ငါ့ကို သင်းက ဘာပြောတုံး။ ပြောစမ်း ... ကြည်လှိုင်''

''အာဝါးလို စဥ့်အိုးကိုယ်လုံးနဲ့ မိန်းမမျိုး သူနဲ့ညားရင် (၇)ရက်အတွင်း အာပြဲခြောက်ရုပ်ပေါက်သွားရမယ်တဲ့''

''သင်းက ...''

''အေးပေါ့''

''ငါ့ကို ...''

''ဟုတ်တယ်''

''တွေ့ကြရောပေါ့ ... ချစ်ဘော်ရယ်။ ငါ့ဆီကလည်း ငွေချေးသေး။ အတိုးလည်း မှန်မှန်မပေးတဲ့အပြင် ငါ့ကိုများ သင်းလိုခွေးပစ်တဲ့ တုတ်နဲ့ညားရင် အာပြဲခြောက်မရုပ်ပေါက်ရမတဲ့။ ဟဲ့ကောင် ... ချစ်ဘော် ကြွေးထူ၊ ဂျပု၊ လူမလေးခွေးမခန့်ကောင် သေပေရော့''

ဒေါ်အာဝါးက အသံကုန်ဟစ်ရင်းက ရေထမ်းတံပိုးကိုင်ပြီး လိုက်ရော ... ချစ်ဘော် ရှင်းပြချိန်မရတော့ဘူး။ ဖိနပ်နှစ်ဖက်ကောက်ကိုင်ပြီး မာရသွန်ပြေး ပြေးရပါရော။

ကြည်လှိုင်တို့၊ သောင်းတင်တို့၊ သွားခေါ်တို့ကလည်း ဝိုင်းပင့်ညွှန်တွန်း သြဘာပေးကြတာ ညံနေတာပဲ။

''လိုက် ... လိုက် ... ဒေါ်အာဝါး .. လိုက်ပါဗျ''

''ခုံဖိနပ်နဲ့ ကောက်ပေါက်ပါဗျ''

---

**စိတ်ကူးသစ်စာပေ**



''ခြေထောက်ကျိုးအောင် ရိုက်ဗျို့''

''သင်းပါးစပ်ကို ဆွဲဖြဲပစ်လိုက်''

''ဟား ... ဟား ... ဟား ... မြိုင်လိုက်လေကွာ''

ဒီမှာပဲ ရေထမ်းတံပိုးကိုင်ပြီး ဒေါ်သနဲ့ပြေးလိုက်တဲ့ ဒေါ်အာဝါး ခလုတ်တိုက်လို့လဲပါရောဗျာ။

''ဒေါ်အာဝါး ... မထနဲ့၊ အဝီစိရောက်အောင် မြေကြီးကို လက်ယက်ဆင်း''

''သေသေ ... ဒေါ်အာဝါးရေ''

''အား ... အူး ... အမျိုးယုတ်တွေ။ နင်တို့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း။ အမိမယ်လေး ... ရေငန်ပိုင်ဦးရှင်ကြီး ကယ်တော်မူပါဘုရား''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၂]

❑

ပေပင်ကြီးသရဲကို မိသွားပြီဆိုလို့ အံ့သြသူကအံ့သြ၊ ဝမ်းသာသူက ဝမ်းသာပေါ့ဗျာ။

''ပယောဂဆရာကြီး ဦးမြိုင်ဟေမာ ခြေမန်းကွင်းနဲ့ဖမ်းတာဆို''

''မဟုတ်ဘူးကွ။ ရွာဦးကျောင်းဘုန်းကြီးတို့ ပရိတ်ရွတ်လိုက်လို့ သရဲပြေးမရဘဲ မိတာတဲ့''

''ဟုတ်ရဲ့လား ...ဘမောင်ရာ။ ချစ်ဘော်တို့ပြောတော့ သရဲ တောင် ဆေးရုံပို့ရမှာဆိုကွာ''

''သရဲများ ဆေးရုံပို့ရတယ်လို့။ ဗွီ ...ဒီကောင်တွေစကား''

''လူများ မှားရော့လားကွာ။ တော်ကြာ ပြဿနာ ပိုရှုပ်နေပါဦး [illegible] လူတွေက ဟိုမေးဒီမေးနဲ့ အလွန့်ကို စိတ်ဝင်စားနေကြတာ''

ပြောရရင် ပေပင်သရဲကလည်း လမ်းသွားလမ်းလာတွေကို ဒုက္ခပေးနေတာကြာပြီ။ ဖြစ်ပုံက ဒီလိုခင်ဗျ ...





တစ်နေ့ လှုအုံးမယ်ရွာက မသောင်းမြို့ရယ် ဟိုးအရှေ့မြို့ခြေရပ်ကွက် (သောက်တော်ဦးရပ်ကွက်)က မင်္ဂလာဆောင်ကအပြန် မြင်းလှည်းကြုံက လမ်းတစ်ဝက်ပဲ စီးခဲ့ရတယ်။ ကျန်နှစ်ခေါ်သာသာခရီးကို ခြေကျင်လျှောက်ခဲ့တယ်။

တိုတိုပြောရရင် မသောင်းမြို့ နေဝင်တောင် အိမ်ပြန်မရောက်လာဘူး။ အဲဒီ ဟိုမေးဒီမေး စိုးရိမ်ပူပန်ကြပါရောလားဗျာ၊ စိုးရိမ်ပူပန်ဆို မသောင်းမြို့က ရွှေတွေကို ဆင်သွားတာ နည်းရော့လား။

ဆွဲကြိုး၊ နားကပ်၊ လက်ကောက်လက်စွပ် အကုန်ဆင်သွားတာ။ စ,တုန်းက ရွာနေအဖော်ပါတယ်။ သူတို့က ပြန်ချိန်တန်မပြန်ဘဲ မြို့ပေါ်သွားဈေးဝယ်၊ ရုပ်ရှင်ကြည့်လုပ်ကြတော့ အိမ်စိတ်မချတဲ့ မသောင်းမြို့က တစ်ယောက်တည်း အရဲကိုးပြန်ခဲ့တာ။ နေပူတော့ ဆိုက်ကားရော၊ မြင်းလှည်းရော ခေါ်လို့မရဘူး။

မသောင်းမြို့က ပစ္စည်းရှိပေမဲ့ ကပ်စေးနည်းတယ်။ စင်းလုံးမငှားဘူး၊ ငွေကုန်မှာစိုးလို့ အိမ်ပြန်မြင်းလှည်းအကြုံနဲ့ လိုက်သွားတာ။ မင်္ဂလာဆောင်လာသူအားလုံး အသိအမြင်။

အချိန်တန်လို့ ပြန်မရောက်တော့ မြို့ခြေရောက်အောင် စုံစမ်းမေးမြန်းရတာပေါ့။ မသောင်းမြို့ညီမ မသန်းချစ်က မင်္ဂလာဆောင်အိမ်အရောက် အဒေါ်ဆွေမျိုးများနဲ့ လာမေးရတယ်။

''မပိုရေ ...တို့အစ်မ မသောင်းမြို့ မင်္ဂလာဆောင်က ဘယ်အချိန်ပြန်သွားလဲဟင်''

''မနက်(၁၀)နာရီလောက်နဲ့ တူတယ်အစ်ကို။ ဟုတ်လား ...မသိဘူးနော်''

''ဟုတ်တယ် ...မသန်းချစ်ရေ၊ (၁၀)နာရီလောက် ပြန်သွားတာဗျ''

''သူတစ်ယောက်တည်းလား၊ အဖော်နဲ့လားဟင်''



www.burmeseclassic.com

www.burmeseclassic.com



''တစ်ယောက်တည်းဗျ။ နေဦး၊ သူ ခံတက်ကုန်းရွာပြန်မြင်းလှည်း အဲ ...အဲ ...ကိုဝင်းလှိုင် ...မြင်းလှည်းနဲ့ပြန်တာဗျ''

''သေချာလား ...ကို ...ကိုရွှေ''

''သေချာပါတယ်ဗျာ။ မြင်းလှည်းပေါ်မှာ မသောင်းမြို့ရယ်၊ ခံတက်ကုန်းရွာက အမျိုးသမီးသုံးဦးရယ် ပေါင်း ...လေးဦး။ မြင်းလှည်းဆရာ ဝင်းလှိုင်က ထမင်းစားလှည်းသိမ်းပြန်လို့ အကြုံပါသွားကြတာ''

''ဒါဆို မြင်းလှည်းဝင်းလှိုင်ကို သွားမေးမှ''

''ဒါပေါ့ ...မြန်မြန်သာသွားမေး မသန်းချစ်ရေ ...ဒါနဲ့ မသန်းချစ် ...''

''ဘာလဲ ...မပို''

''ဟို ...ဟိုလေ ..မ ...မသောင်းမြို့မှာ ရည်းစားသနံချစ်သူများ ရှိသေးလားဟင်''

''အို ...မပိုကလည်း မရှိပါဘူးတော်''

''အေး ...အေး ...ဒါဆိုလည်း မြင်းလှည်းဆရာသာ ရှာမေးတော့ဟေ့''

ဒါနဲ့ မြို့ခြေ မြင်းလှည်းဂိတ်ရှိရာကို မသန်းချစ်တို့လူစု အမြန်ထွက်လာလိုက်ကြတယ်။

မသောင်းမြို့က မုဆိုးမပါ။ သူ့ယောက်ျားကိုမိုးကြီးက ပြီးခဲ့တဲ့နှစ်က အရက်မူးပြီး သဘော်ဘောတံတားက ပြုတ်ကျလို့ သေသွားခဲ့တယ်။

ကိုမိုးကြီးက စီးပွားရှာကောင်းတော့ သေသာသွားရော ရွှေငွေအပြည့်အစုံ အိမ်ကြီးရခိုင်နဲ့ ထားရစ်ကျန်ရစ်ခဲ့တာ။ နောက်လင် ရည်စားမရှိသေးတာ အမှန်ပဲ။

သို့သော် မသောင်းမြို့ကိုလိုချင်သူ အမျိုးသား၊ ယောက်ျားသားတွေလည်းရှိတယ်။ မသောင်းမြို့က မုဆိုးမဖြစ်ပေမဲ့ အလှက လုံးဝမပျက်ဘူး။ ရုပ်သားစွင့်စွင့်၊ တင်သားဖွံ့ဖွံ့၊ ခါးသေးရင်ချီ မက်မောစရာကြီး။





အသားကလည်း ဝါဝါရွှေရွှေဆိုတော့ မသောင်းမြို့များ ထဘီရင်လျားနဲ့ ရေချိုးနေရင် ယောက်ျားသားတွေက အိမ်ရှေ့ကနေ သွားရင်းလာရင်း စောင့်ကြည့်သွားရည်ကျကြတယ်။

မိန်းမသားချင်းတောင်မှ မသောင်းမြို့ရဲ့ ရေစိုထဘီရင်ရှား အလှကိုမြင်ရင် ကြက်သီးဖြန်းခနဲ ဖြန်းခနဲ ထရတယ်။ စွဲမက်စရာကောင်းအောင် လှပဆူဖြိုးနေတာ။

ရွှေငွေအိမ်ခြံပါ ကျန်ရစ်နေတော့ ကာလသားကြီးရော၊ ကာလသားလေးရော၊ မုဆိုးဖို၊ တစ်ခုလပ်၊ တစ်ပတ်ရစ် ဘုန်းကြီး လူထွက်များပါမကျန် မသောင်းမြို့ကို စိတ်ဝင်စားတယ်။ ပိုးကြတယ်။ ရေလာမြောင်းပေးလုပ်ကြတယ်။

မုဆိုးဖို သုံးမယားကွာ ကိုဝင်းသိန်း။

အရက်သောက်ပြီး ကိုယ်စွမ်းကိုယ်စ အရှိန်တက်တဲ့ နိုင်ဝင်း၊ မသောင်းမြို့ကို လိုချင်လို့ သင်္ကန်းချွတ်ခဲ့တဲ့ ဘုန်းကြီးလူထွက် ကိုမောင်လေး။

ရရင်ရ၊ မရရင်ချမယ်လို့ကြိမ်းနေတဲ့ ထောင်ထွက်ကျော်ကူးတို့။ ဇ,ကတော့ မသေးကြဘူး။ သူတို့အားလုံးကို မသောင်းမြို့က စိတ်မဝင်စားဘူး။ လူတွေက သုံးမရတဲ့ အစားထဲကဟာ်တွေ။

အသက်(၈၀)၊ (၉၀) အဘွားကြီးတွေတောင် ကျက်သရေမရှိတဲ့ကောင်တွေလို့ နှုတ်စည် ချီးမွမ်းရတဲ့လူပေတွေလေ။

ဒါပေမဲ့ ကောင်းကောင်းမွန်မွန်၊ ရိုးရိုးသားသား မိကောင်းဖခင်သားသမီးများ အဝေးရပ်ကလည်း လာရောက်ကမ်းလှမ်းစကားဆိုကြပေမင့် မသောင်းမြို့က အလိမ္မာစကားနဲ့ ငြင်းပယ်ပစ်ခဲ့တယ်။ ခုတော့ ...

''ကိုဝင်းလှိုင်မြင်းလှည်း ဘယ်မှာတုံးရှင်''

''ဟိုး ...ကုက္ကိုပင်အောက်ကလှည်းဟာ ဝင်းလှိုင်လှည်းပဲ''

ဒါနဲ့ ကိုဝင်းလှိုင်လှည်းရှိရာကို ရောက်လာကြတယ်။

''ကိုဝင်းလှိုင် ...''



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ဗျာ ... လှည်းငှားမလို့လားဟေ့"

"မဟုတ်ဘူး ... ဦးဝင်းလှိုင်၊ မေးစရာရှိလို့ပါရှင်"

"ဘာများပါလိမ့်ဗျာ"

"မနက်(၁၀)နာရီကျော်ကျော်က ဦးဝင်းလှိုင်မြင်းလှည်းနဲ့ အစ်မ မသောင်းမြို့ ရွာအပြန်လိုက်ပါလာခဲ့တာ ဟုတ်လားဟင်"

"မသောင်းမြို့နော်"

"ဟုတ်ကဲ့ရှင့်"

"ရွှေတွေအများကြီး ဆင်ထားတယ်။ ချောချောလှလှ အမျိုးသမီး မဟုတ်လား။ နှင်းဆီပန်းရဲရဲနှစ်ပွင့် ပန်လို့ဗျ"

"ဟုတ်တယ်၊ ဟုတ်တယ် သူ ... သူက ..."

"နေဦးဗျ ... ကျုပ်တို့က လမ်းတစ်ဝက်ရွာမှာနေတာဆိုတော့ နေကလည်း ပူတယ်။ မြင်းလည်းသနားတာနဲ့ သူ့ကို ရွာအဆုံးကို လိုက်မပို့နိုင်ဘူးဗျာ။ မသောင်းမြို့ ... အဲ ... အဲ ... ရွှေတွေအများကြီးနဲ့ အမျိုးသမီးက လမ်းတစ်ဝက်ကနေ ထီးဆောင်းပြီး ပြန်သွားတယ်။ ကျုပ်က ပြောသေးတယ်၊ မြင်းလှည်းကြုံစောင့်ပြီးမှ သွားပါ။ နေကလည်း ပူတယ်၊ ခရီးကလည်း ဝေးသေးတယ်လို့။ မရပါဘူးဗျာ ... ဒီခရီးနဲ့ဒီခရီးများ အဆန်းလုပ်လို့ဆိုပြီး ထီးဆောင်းထွက်သွားတာပဲ။ နေပါဦး ... အခု ဘာဖြစ်လို့တုံး"

"ညတုန်းက အိမ်ပြန်မရောက်လို့"

"ဟေ ... တစ်အိမ်အိမ်များ သွားအိပ်ရော့လားဟဲ့"

"ကျွန်မတို့ ရှာလိုက်ပါဦးမယ်နော် ဦး"

"အေး ... အေး ... ဦးလည်း သတင်းရရင် လာပြောမယ်နော် တူမတို့"

ဒါနဲ့ မသန်းချစ်တို့အုပ်စု ဘာလုပ်ရမှန်းမသိ ဖြစ်နေရော။

"မသန်းချစ် ..."

"ဘာတုံး ... မောင်ဖေငယ်"





"ရဲစခန်းကို အကြောင်းကြားရင်ရော"

"တော်ကြာ တစ်နေရာကပြန်ရောက်လာရင် ပြောစရာ ရှက်စရာ ဖြစ်နေမှာကွယ်"

"ကဲ ... ဒါဆိုလည်း သူသွားနိုင်မယ့် အသိမိတ်ဆွေပဲ လိုက်မေးကြည့်စို့ဗျာ"

ဒါနဲ့ သူတို့လူစု ရွာရှိရာကို လာနေတုန်းမှာပဲ လှည်းယဉ်တစ်စီး အပြင်းမောင်းလာတာကို ဖုန်လုံးလုံးနဲ့မြင်ရလို့ ...

"ဘယ်သူ့လှည်းယဉ်တုံးဟဲ့"

"ကိုမြကြီးတို့ လှည်းယဉ်နဲ့တူတယ်"

"ဟဲ့ ... ဟဲ့ ..."

"ပြေးဟ ... သားကြီးတို့ရ ..."

"ဝုန်း ... ဝုန်း ... ဝုန်း ... ဖြောင်း ... ဖြောင်း ... ဖျောင်း ..."

"မချစ် ... မချစ် ..."

"ဟဲ့ ... ငါ့နာမည်ခေါ်နေ မဟုတ်လား"

လှည်းယဉ်က အော်ရင်းခေါ်ရင်း ဝုန်းကျိုင်းမြည်ပြီး သူတို့ရှေ့မှာ ကြိုးတံ့လို့ရပ်ရော ...

"ကိုမြကြီး ... ဘာအရေးကြီးလို့တုံး"

"ဟို ... ဟို ... တွေ့ပြီဗျ၊ တွေ့ပြီ"

"ဟဲ့ ... ဟဲ့ ... ကိုမြကြီးရဲ့ ဘာတွေ့တာတုံးဟဲ့"

"မ ... မမြို့ ... မမြို့ကို တွေ့ပြီဗျာ"

"ဟင် ... အစ်မမြို့ကို တွေ့ပြီ။ ဘယ် ... ဘယ်မှာလဲဟင်"

"ဟို ... ဟို ..."

"ဟဲ့ ... ကိုမြကြီးရဲ့ ပြောစမ်းပါဟဲ့။ ဘယ်မှာတုံး"

"ဟို ... ဟို ... ကိုင်းတောထဲမှာ"

"ဟင် ... ဘာ ... ဘယ်လို ... ဘာဖြစ်လို့ ကိုင်း..."



www.burmeseclassic.com

www.burmeseclassic.com



"မမြို့ ကိုင်းတောထဲမှာ အသတ်ခံရတယ်"

"အမ် ... မလေး ... မမြို့ရဲ့ ... ဟီး ..."

သူတို့အားလုံး လူတွေအုံပိုင်းနေတဲ့ မြို့ဆက်လမ်းမကြီးနံဘေးက တိုင်းပင်အုပ်ရှိရာကို ပြေးကာကြည့်လိုက်ရော ...

မသောင်းမြို့ရယ် ... အောက်ပိုင်းမှာ ထဘီမရှိတော့ဘူး။ မျက်လုံးပြူးလျှာထွက်ပြီး ကိုင်းပင်အခြေမှာ အသက်ပျောက်နေပြီ။ ပြီး ... ရွှေငွေလက်ဝတ်လက်စားများလည်း မရှိတော့ဘူး။

✿ ✿ ✿

## [၃]

❑

ရဲအဖွဲ့က မသင်္ကာသူများကို ခေါ်ယူစစ်ဆေးကြတယ်။ လူသတ်မှု၊ မုဒိမ်းမှု၊ လုယက်မှု သုံးမှုနဲ့တရားခံကို အလိုရှိနေတာ။ အထူးသဖြင့် ထောင်ထွက်ကျော်ကူးကို အလေးထားစစ်ပေမဲ့ ကျော်ကူးက မသောင်းမြို့ကို သူမသတ်ရပါဘူးတဲ့။

သေသူရဲ့ အနီးဝန်းကျင်မှာ ခြေရာမကျန်ရစ်ခဲ့ဘူး။ ကိုင်းရွက်ခြောက်တွေက ကောက်ရိုးတို့၊ ရိုးပြတ်တို့ပြန့်နေသလို ရှိနေတာကိုး။ သဲလွန်စအနေနဲ့ ခြသေ့်သုံးကောင်ဆေးပေါ့လိပ် အသစ်နှစ်လိပ်ကို သေသူရဲ့ဝန်းကျင်မှာ တွေ့ခဲ့ရတယ်။





ခြသေ့်သုံးကောင် ဆေးပေါ့လိပ်က ထောင်ထွက်ကျော်ကူးလည်း သောက်တယ်။ အခြားသူတွေလည်း သောက်ကြတာပဲ။ ဒီဆေးပေါ့လိပ်မှုနဲ့ ကျော်ကူးကို တရားခံစွဲလို့မရဘူး။ ကျော်ကူးအိမ်မှာ ရှာတော့လည်း ရွှေငွေမတွေ့ရဘူး။

ဟော ... ရဲတွေ အကြံအိုက်နေတုန်းမှာပဲ အရူးကိုဖိုးကြောင်နေတဲ့ ရွာဇရပ်ပျက်မှာ သေဆုံးသူမသောင်းမြို့ရဲ့ လက်ကိုင်ပိုက်ဆံအိတ်နဲ့နှင်းဆီပန်းအနီရောင် နှစ်ပွင့်ရယ်။ ငွေစက္ကူအချို့ ပြန့်ကျဲနေတာကို မမျှော်လင့်ဘဲ တွေ့လိုက်ရလို့တဲ့။

ရဲအဖွဲ့က အရူးဖိုးကြောင်ကို လာခေါ်သွားကြတယ်။ ပြီး အမျိုးမျိုးချော့မေး၊ ဟောက်မေး မေးကြတယ်။

"ဖိုးကြောင် ... မင်းနေတဲ့ ဇရပ်ပျက်မှာတွေ့တဲ့ ပိုက်ဆံအိတ်က ဘယ်သူ့ဟာလဲ"

"ဗုဒ္ဓေါ ... ဗုဒ္ဓေါ ... ဗုဒ္ဓေါ ..."

"ပိုက်ဆံအိတ်ပိုင်ရှင်ကို သိလား"

"ဗုဒ္ဓေါ ... ဗုဒ္ဓေါ ... ဗုဒ္ဓေါ ..."

"မင်း အဲဒီပိုက်ဆံအိတ် ဘယ်လိုရတာလဲ"

"ဗုဒ္ဓေါ ... ဗုဒ္ဓေါ ... ဗုဒ္ဓေါ ... ပါဗျာ။ သာဓု ... သာဓု"

"မင်း ... မသောင်းမြို့ကို သိလား"

"........."

"မသောင်းမြို့ ... လှသလား"

"ဗုဒ္ဓေါ ... အနိစ္စပါဗျာ"

"မင်း သူမကို ကြိုက်တယ်၊ ချစ်တယ် ဟုတ်လား"

"ဗုဒ္ဓေါ ... အနိစ္စပါပဲဗျာ ... အဟေ့ ..."

"မင်း မသောင်းမြို့ကို အဓမ္မလုပ်ပြီး လည်ပင်းညှစ်သတ် ရွှေငွေအကုန်ယူသွားတာ မဟုတ်လား"

"ဗုဒ္ဓေါ"



www.burmeseclassic.com

www.burmeseclassic.com



"ပြော ..."

"ဗုဒ္ဓေါ"

"ဟော့ကောင် ... မင်း ဗုဒ္ဓေါချည်း လုပ်မနေနဲ့။ ငါလုပ်လိုက်ရရင် ကွာ။ ဒီမှာ ခြင်္သေ့သုံးကောင်ဆေးပေါ့လိပ်က မင်းသောက်တဲ့ဆေးလိပ် မဟုတ်လား"

"အင်း ... အင်း ..."

"ဒီပိုက်ဆံအိတ် ဘယ်ကရတုံး"

"ဟင့်အင်း ..."

"ဒီနှင်းဆီပန်းပွင့်နှစ်ပွင့် ဘယ်ကရလာတာတုံး"

"ဟင့်အင်း ... မသိဘူး"

"ဒီငွေစက္ကူ ငါးရာတန်၊ နှစ်ရာတန်တွေကရော"

"ဟင့်အင်း ... သိဘူး ... သိဘူး"

"မင်းဟာတွေ မဟုတ်လား ... ဖိုးကြောင်"

"ဟင့်အင်း ... ဟုတ်ဘူး ... ဟုတ်ဘူး။ သိဘူး ... သိဘူး"

"မင်းပိုင်တဲ့ပစ္စည်းမဟုတ်ရင် ဒီပိုက်ဆံအိတ်ရယ်၊ နှင်းဆီအနီရောင်ပန်းနှစ်ပွင့်ရယ် ငွေစက္ကူအချို့ရယ်ကို ဘယ်သူလာထားပေးသွားတာလဲ ... ပြော"

အရူးဖိုးကြောင်မေးသမျှကို ဗုဒ္ဓေါချည်းပြောနေလို့ အမှုစစ်လည်း စိတ်ညစ်နေပြီ။ နောက်ပိုင်းမှာ ဟင့်အင်းနဲ့ မဟုတ်ဘူးဘဲ ပြောလာတယ်။

အမှုစစ်ရဲအုပ်က သို့ကလိုမေးလိုက်ရော သူ ရဲအုပ်ရဲ့မျက်နှာကို စိုက်ကြည့်နေရာက စဉ်းစားသလိုလုပ်ပြီး ခေါင်းကို တအားကုတ်နေလိုက်လေရဲ့။

"ဖိုးကြောင် ..."

"မင်းသိလား"

"မြင်ဖူးတယ်မဟုတ်လား"

"အဲဒီလူက ဟောဒီလူတွေလား ... ကြည့်"

**စိတ်ကူးသစ်စာပေ**



အမှုစစ်ရဲအုပ်က ကျော်ကူး၊ ဝင်းသိန်း၊ နိုင်ဝင်းနဲ့ မောင်လေးတို့ရဲ့ ဓာတ်ပုံတွေကို သူ့ရှေ့ချပြလိုက်ရော ဖိုးကြောင်က ဓာတ်ပုံတွေကို တစ်ပုံချင်းလိုက်ကြည့်ရင်းက ထောင်ထွက်ကျော်ကူးရဲ့ ဓာတ်ပုံကို အမြန်ကောက်ယူပြီး အနီးကပ်လို့ စေ့စေ့စပ်စပ် ကြည့်ကြည့်ပြန်ရော။

"အဲဒီလူလား ... ဖိုးကြောင် ဟင် ..."

"သူ ... သူ ..."

"သူ သေချာလား။ သေချာလား"

"ဟင့်အင်း ..."

"တောက် ... ငါပါရူးချင်တယ် ... ဖိုးကြောင်ရာ"

နောက်ဆုံး ဖိုးကြောင်ကိုပြန်လွှတ်ပြီး အနီးကပ်စောင့်ကြည့်နေကြရတယ်။ ဖြစ်နိုင်တာက နှစ်ချက်ရှိတယ်လေ။ လူသတ်သမားက မသောင်းမြို့ကို မုဒိမ်းကျင့်သတ်ပစ်ပြီး ရွှေငွေများကို ယူသွားတယ်။ ပြီး ... သူ့နောက်ကို ခြေရာကောက်လို့မရအောင် အရူးဖိုးကြောင်နေတဲ့ ဇရပ်ပျက်ဝန်းကျင်မှာ အထင်လွဲမှားစေဖို့ သေသူရဲ့အသုံး အဆောင်ပစ္စည်းအချို့ကို လွှင့်ပစ်ထားခဲ့တာလား။

ဒါမှမဟုတ် ...

အရူးဖိုးကြောင်ကပဲ တဏှာစိတ်မွှန်ပြီး မသောင်းမြို့ကို ကိုင်းတောထဲခေါ်သွား၊ သတ်။ ဒါဖြင့် မသောင်းမြို့ရဲ့ကိုယ်ပေါ်က လက်ဝတ်လက်စားတွေကရော။ အရူးဖိုးကြောင်ပိုင်သမျှ အထုပ်အစုတ်များကို ရှာပြီးပြီ။ ရွှေနဲ့တူလို့ သံတိုသံစကြေးတစ်ပြား မတွေ့ခဲ့ဘူး။

ဒါဆို ... အရူးလက်ထဲက ရွှေကို အကောင်းအလည်တွေက ဖြတ်ခုတ်သွားရှော့သလား။ စဉ်းစားရခက်နေတယ်။

အချို့ကတော့ အရူးဖိုးကြောင်ကို သံသယရှိကြတယ်။ ဒါကြောင့် အရူးဖိုးကြောင်ထံ အဝင်အထွက် အပေးအကမ်းရှိသူများကို စောင့်ကြည့်နေကြလေရဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

အခု ပိုဆိုးနေတာက မသောင်းမြို့သေတဲ့နေရာက မကြာခဏ သရဲခြောက်နေတဲ့ကိစ္စပဲ။ ည ညဦးပိုင်းနဲ့ သန်းခေါင်ယံမှာ ဆံပင် ဖားလျားနဲ့ သရဲမတဲ့။ မသောင်းမြို့မှ မသောင်းမြို့လို့ ပြောကြလေရဲ့ဗျာ။

မသောင်းမြို့သေတဲ့နေ့တုန်းက ကြိုးကြိုးချိတ်အဖြူနဲ့ အင်္ကျီလက်စကအဖြူ ဝတ်လျက်သားသေတာ။ အခု သရဲမကလည်း ကြိုးကြိုးချိတ်အဖြူ အင်္ကျီအဖြူနဲ့ ညဘက်ရောက်ရင် မြေနီလမ်းမ သုမ သေတဲ့ဝန်းကျင်မှာ ငိုနေတာတဲ့။

လပြည့်ညဆိုရင် ကောင်းကင်ပေါ်က လမင်းကြီးကို မော့ကြည့်ပြီး လက်အုပ်ချီရှိခိုးလို့ ငိုသတဲ့။ ငိုလို့ဝရင် သုမသေခဲ့တဲ့ ကိုင်းတောကြားကို ပြေးဝင်ပျောက်ကွယ်သွားတဲ့သတင်း တော်တော်ပြန့်နေတယ်။

သတ္တိကောင်းတဲ့ ရွာသားတွေလူစုပြီး ကိုင်းတောထဲသွားဝင်ရှာကြတာ သရဲမတော့ မတွေ့ရဘူး။ အလွန်ကို နံဟောင်အော့အန်ရတဲ့ အပုပ်နံ့ကြီးရှူမိပြီး ကြက်သီးဖြန်းဖြန်း ထ,ပြေးခဲ့ရတယ်။

ထူးဆန်းတာ တစ်ခုရှိတယ်။





မသောင်းမြို့ အသတ်ခံရတဲ့နေရာမှ နှင်းဆီးပန်းနီနီရဲရဲ နှစ်ပွင့်ကို တွေ့ရတာပဲ။ တစ်နေ့ နေဝင်ရီတရောမှာ ကိုပွင့်ကောင်းတို့လင်မယား နွားလှည်းနဲ့ပြန်လာတာ အဲဒီနေရာလည်းရောက်ရော ပုပ်စော်နံလာတယ်။ ဒါနဲ့ ကြက်သီးထ၊ ခေါင်းနားပန်းကြီးပြီး နွားလှည်းကို ဟဲ့ဆို အကြမ်းမောင်း မလို့လုပ်ရော . . .

ဘုရားရေ . . . နွားလှည်းပေါ် လင်မယားနှစ်ယောက်အကြားကို နှင်းဆီပန်းပွင့် နီနီရဲရဲတွေ ကိုင်းပင်ပေါ်ကနေ လူကြားအများကြီး ကြွေကျလွင့်ကျလာကာ . . .

"အမလေး . . ."

"အော့ . . . ဝေါ့ . . . ဝေါ့ . . ."

"အား . . . အမလေး . . . မြတ်စွာဘုရား။ ဝေါ့ . . . ဝေါ့ . . ."

ကြည့်စမ်းဗျာ။ မှောင်ရီသန်းစ လှည်းပေါ်လူကြားကျလာတဲ့ နှင်းဆီပန်းတွေက ပုပ်စော်နံဟောင်နေတာပဲ။ အနံ့လိုက်ကြတော့ နှင်းဆီပန်းပွင့် အချို့မှာ လောက်ကလေးတွေပါလာတာ သိရတယ်။ ရွစိရွစိနဲ့။ နွားနှစ်ကောင်လည်း လန့်ဖျပ်အော်ပြီး အပြေး၊ နောက်ကနေ ဆံပင်ဖားလျားနဲ့ မိန်းမတစ်ယောက် အပြေးလိုက်လာတာ။

"ဟေး . . . ဟေး . . ."

"ဟေး . . . ဟေး . . ."

"ဟိုး . . . ဟိုး . . . ဟိုး . . . ဟိုး . . ."

ပါးစပ်ကအော်ရင်း လှည်းနောက်ကိုလိုက်လာနေတာ၊ ဟိုးအဝေးက ခွေးတွေကလည်း မကောင်းဆိုးဝါးမြင်လို့ အူတာမျိုးအူ။ နွားတွေလည်း အော်ပြီးကဆုန်စိုင်း။

"မြစည် . . . သရဲမ လိုက်လာသေးလား"

"လိုက် . . . လိုက်လာတယ်တော် . . . ဘုရား . . . ဘုရား"

"ဟဲ့ . . . ပြေးပါဟ"

"ဝုန်း . . . ဂလုံ . . . ဝုန်း . . . ဂျိုင်း . . ."

"ဖူး . . . ဖူး . . . ဖူး . . . ဖူး . . ."



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့။ ရွာဝင်လာခါနီးကျရော သရဲမလည်း မရှိတော့ဘူး။ ဆွေမျိုးသားချင်းများလည်း ဖြစ်ကြောင်းကုန်စင်သိပြီး အံ့သြကြ။

"ကိုကောင်း ..."

"ဘာတုံး ... မစည်"

"ဟို ... ဟို ... မြို့ကဝယ်လာတဲ့ ပုဆိုးထုပ်အကျီထုပ် မရှိတော့ဘူး"

"ဟေ ... ဒါဆို လှည်းလမ်းကြောင်းမှာ လှည်းခုန်လို့ ကျမှာပဲ။ သွားပြန်ရှာမှရမယ်ဟေ့"

သူတို့လင်မယား မြို့ဈေးက ပုဆိုးအကျီပိတ်စများ သွားဝယ်ပြီး ရွာနီးချုပ်စပ်မှာ လပေးအမြတ်တင်ရောင်းတဲ့ အလုပ်လုပ်နေတာလေ။

ရွာအလှူနီးလို့ ကြိုရောင်းရအောင် အထည်ဝယ်ပြီး ပြန်လာတာ။ ဟိုဝင်ရောင်းဒီရွာဝင်ရောင်းနဲ့ မှောင်သွားတော့ ဖြစ်ရရော။

"ယောက်ဖတို့ ... ငသောင်းတို့ရေ၊ မီးတုတ်တွေယူခဲ့။ လူစုပြီး သွားရှာမယ်ဟေ့။ တန်ဖိုး မနည်းဘူးကွ"

"အစ်ကိုကောင်း ... လှည်းပေါ်က အပုပ်နံ့ရတယ်။ ဘာတွေ တင်လာလို့တုံး"

"ငသောင်း ... အဲဒါ သရဲမပစ်လိုက်တဲ့ အပုပ်နံ့နှင်းဆီပန်းတွေ။ ငါးဘတ်တို့ တင်ကြိုင်တို့ အဲဒါတွေစုယူပြီး ရွာပြင်ကို သွားစွန့်ပစ်ကြဟေ့။ ကျန်လူတွေ လိုက်ခဲ့ကြ"

မီးတုတ်ကိုယ်စီ၊ ဓားကိုယ်စီ၊ တုတ်ကိုယ်စီ၊ လှည်းလမ်းကြီး တစ်လျှောက်သွားရှာတော့ အထည်ထုပ်ကြီးနှစ်ထုပ် လုံးဝမတွေ့ရဘူး။

"ပါလာတာ သေချာလို့လား ... ကိုပွင့်"

"သေချာပါတယ်ကွာ"

"ခု မတွေ့ရဘူးလေဗျာ"

"တစ်ယောက်ယောက် ကောက်ရသွားမှာပါကွာ။ မိုးလင်းမှ ဟိုဟို ဒီဒီ မေးကြည့်ရတာပေါ့"





"သရဲမက ဘယ်နားက ခြောက်တာတုံးဗျ ... ကိုကောင်း"

"ဟောဟို ... ကိုင်းပင်နားကကွ"

"လာဗျာ ... သွားရှာရအောင်"

"ငသောင်း ... ယောက်ဖ၊ မလုပ်နဲ့"

"ဟေ့ ... သရဲမ မိသောင်းမြို့၊ နင် သရဲမဖြစ်နေပြီလား ... မိသောင်းမြို့။ ငါက လူဘဝတုံးက နင့်ကိုချစ်တဲ့ကြိုက်တဲ့ လူပျိုကြီး မောင်မောင်သောင်းပါ ... သောင်းမြို့ရ။ နင် မကျွတ်မလွတ်ဘဝ ရောက်နေတာမှန်ရင် ... ကို ... ကိုသောင်းကို ... ကိုယ် ... ကိုယ်ထင်ပြ"

"ဗိုး ..."

"ဖရောက် ..."

"ဖရမ်း ..."

"ဟာ ... ဟာ ... ဘာတွေ လာမှန်တာတုံးဟာ ... ဟာ ..."

"ဟင် ... ချေး ... ချေးတွေဗျ။ ကို ... ကိုသောင်း သရဲမက ခင်ဗျားရော ကျုပ်တို့ကိုရော ချေးထုတ်နဲ့ပေါက်တာဟ။ အ ... အ ... အော့ ... ဝေါ့ ... ဝေါ့ ..."

"အယုတ်တမာ သရဲမ။ ဟဲ့ ... လင်တစ်ရာဆက်သရဲမ"

"ဗိုး ..."

"ဖရမ်း ..."

"ဖတ် ... ပက် ..."

"အား .. အော့ ... ဝေါ့ ... ဟာ ... ဟာ ..."

"အမလေး ... ကြွက်သေပုပ်တွေနဲ့ ပေါက်တယ်ဗျ"

"ဟေ့ကောင် ... မြစိန် မဆဲနဲ့ ပုဆိုးလှန်မပြနဲ့။ နောက်ဆုတ် ... ပြေး ... ပြေး ... ပြေး ... အော့ ... ဝေါ့"

နောက်ဆုံး သရဲမမသောင်းမြို့က ချေးထုတ်နဲ့ရော ကြွက်သေခွေး ဖားပြုပ်သေပုပ်တွေနဲ့ပါပေါက်လို့ အားလုံး ပေကျံညစ်ပတ်နံစော်ပြီး ဆဲရေးတိုင်းထွာလို့ ရွာပြန်ပြေးခဲ့ရတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၅]

❑

အဲဒီအချိန်ကစပြီး ပေပင်ကြီးအနီး ကိုင်းပင်ကြားလမ်းမမှာ မသောင်းမြို့တစ္ဆေမခြောက်တဲ့ သတင်းကြီးသွားတယ်။ ကိုပွင့်ကောင်းတို့ အထည်ထုပ်လည်း လုံးဝ လက်စမပေါ်တော့ဘူး။

ဟိုတစ်နေ့က ဖြစ်ပုံကြည့်ဗျာ။ မြို့ပေါ်ကို ဈေးရောင်းသွားတဲ့ ဒေါ်နှစ်ပြား။ ဒေါ်နှစ်ပြားက ရွာက ကြက်ဥ၊ ဘဲဥ၊ တောထွက်အသီးအနှံ၊ မြေထွက်အသီးအနှံတွေကို မြို့ပေါ်ဈေးသွားရောင်းပြီး ပြန်လာတာ။ ကိုင်းပင်အုပ်ရှေ့ကဖြတ်ရော ...

"ဝရော ..."

"ဘုရား ... ဘုရား ..."

"ဖရူး ..."

"ဟဲ့ ... ဟဲ့ ... ဘာပါလိမ့်တော်။ ဗုဒ္ဓေါ ... ဗုဒ္ဓေါ ..."

"ဟင်း ... အင်း ... ဟင်း ... ဟင်း ..."

"အမလေးတော့်"





ကိုင်းတောထဲကနေ အရပ်အလွန်ရှည်တဲ့ တစ္ဆေသရဲမရယ် ဆံပင်ဖားလျား မျက်နှာအုပ်ပြီး အနက်ရောင် ရှည်ရှည်လျားလျား အင်္ကျီကြီးနဲ့ လူဦးခေါင်းခွံကြီး ခေါင်းပေါ်ရွက်ပြီး ထွက်လာတာမြင်ရရော၊ ဒေါ်နှစ်ပြား ရွာပြန်ဝယ်လာတဲ့ ပစ္စည်းစုံဗန်းကြီးပစ်ချပြီး ပြေးလိုက်တာရယ်။ ရွာထဲရောက်တော့ ထဘီမပါတော့ဘူး။ ဘုန်းကြီးဦးတာနော ပြေးပင့်၊ ရေမန်းတိုက်မှ ပြန်သတိရတယ်။

ဒေါ်နှစ်ပြားရဲ့ ပြောပြချက်ဆုံးရော ဘုန်းကြီးဦးတာနော အပါအဝင် ရွာသားအချို့ အခြောက်ခံရတဲ့နေရာကို သွားကြည့်ကြတော့ ...

ဈေးဗန်းနဲ့ ခေါင်းခုပဲ ကျန်တော့တယ်။ ပဲဆံထုပ်၊ သကြားထုပ်၊ ကြက်သွန်၊ ငရုတ်သီး ဘာမှမရှိတော့ဘူး။ ပိုက်ဆံထည့်ထားတဲ့ ထန်းခေါက်ဖာလေးလည်း မရှိတော့ဘူး။

"ဒကာကြီးတို့ ..."

"ဘုရား ..."

"သရဲက ထူးဆန်းနေပါကလား"

"ဘယ်လို ထူးဆန်းတာပါလဲဘုရား"

"စားလို့သုံးလို့ရတဲ့ပစ္စည်းမှန်သမျှကို ယူသွားတာပါကလား။ ဟိုပွင့်ကောင်းတို့တုံးကလည်း အထည်ထုပ်ကို ယူသွားဆို ..."

"အရှင်ဘုရား ..."

"ပြော ... ဒကာကြီး"

"သရဲကပဲ ယူသွားတာလား။ ဒါမှမဟုတ် သရဲတစ္ဆေခြောက်ပြီးမှ လမ်းသွားလမ်းလာကများ ယူသွားတာမျိုး မဖြစ်နိုင်ဘူးလား ဘုရား"

"လမ်းသွားလမ်းလာဆိုရင် ဒီလိုအခြေအနေကို မြင်ရရင် ဒါရာဇဝတ်မှုကြောင့်များ ပစ္စည်းပြန့်ကျဲဖြစ်နေရော့လားဆိုပြီး နီးရာရပ်ကွက်ကျေးရွာလူကြီးတွေကို အသိပေးသင့်တယ်။ အလွယ်တကူ အလွဲသုံးစား မလုပ်သင့်ဘူး"

"ဒါဆို ဘယ်လိုလုပ်ရမှာလဲ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိုင်းတောထဲကို လိုက်ရှာကြည့်စမ်း"

ဒါနဲ့ ကိုစိုးကြီး၊ ကိုတိုးကြီး၊ ကိုမိုးကြီးတို့ ညီအစ်ကိုဦးဆောင်ပြီး တိုင်းတောထဲကို ကျွဲသွားလမ်းအတိုင်း လိုက်ရှာကြတယ်။ မသောင်းမြို့ အသတ်ခံရတဲ့နေရာမှာတော့ နှင်းဆီအနီရောင်ပန်းခြောက်အချို့ကို ထူးခြားစွာ မြင်ကြရတယ်။

"ကိုစိုး ..."

"ဘာတုံး ... ဝေတိုး"

"မသောင်းမြို့သေတာ ကြာပြီကွ"

"အေးလေ ... ဘာဖြစ်လို့တုံး"

"သူအသတ်ခံရတဲ့နေရာမှာ သူပန်ခဲ့ဖူးတဲ့ နှင်းဆီပန်း နီနီရဲရဲတွေ ဘာလို့ရောက်နေတာလဲ"

"အေး ... ဟုတ်တယ်၊ ဒါ တစ်ယောက်ယောက်က လာချ ထားတာနေမှာပဲ ... ကိုစိုးကြီးရ"

"ဒါဆို ပန်းလာချသူဟာ ဘယ်သူဖြစ်မလဲ"

"အင်း ... နေဦး၊ မသောင်းမြို့ကို မသေခင်တုန်းက ကြိုက်နေ တဲ့လူ၊ ဒါမှမဟုတ် မသောင်းမြို့ရဲ့ရည်းစား၊ ဒါမှမဟုတ် မသောင်းမြို့ရဲ့ အမျိုးများက လူသတ်တရားခံပေါ်ပေါက်အောင် ပန်းအစီအရင်များ လာလုပ် ထားရော့သလားပဲ"

"ငါတို့ အဲဒါကို သတိထား စောင့်ကြည့်ရမယ်။ ခုကြည့်လေ ... ငါတို့လည်း တောထဲရောက်နေပြီ။ သရဲမခြောက်ဘူး"

"ကိုစိုး ... ကိုစိုးရေ ..."

"ဟ ... မောင်စိန်၊ ဘာတွေ့လို့တုံးကွ"

"ဒီကိုလာ ... အစ်ကိုရေ ... ဒီမှာဗျ ..."

ခပ်လှမ်းလှမ်းကနေ မောင်စိန်လေးခေါ်လိုက်လိုက်လို့ ကိုစိုးကြီး တို့လူစု ပြေးသွားလိုက်ကြတယ်။

"အစ်ကို ... ဟိုမှာတွေ့လား။ စီးကရက်အတိုတွေ"





"ဟေ ... ဟုတ်ဟ"

ထိုင်ကြည့်ကြတော့ သောက်ပြီးတဲ့ စီးကရက်ဖင်စီခံအတိုအချို့ကို မပျောက်လင့်ဘဲ တွေ့ရတယ်။

"စီးကရက် ဒီနေရာမှာ ထိုင်သောက်သွားတာမျိုးကွ"

"တစ်ယောက်လား၊ နှစ်ယောက်ဖြစ်မှာလားဗျ"

"တစ်ယောက်ပဲဖြစ်မယ်"

"ဘာလို့ တစ်ယောက်တည်းဖြစ်ရတာတုံး ... ကိုစိုးကြီးရ"

"ဒီမှာ ... ကြည့်လေ။ စီးကရက်အတိုငါးလိပ်ရဲ့ ဖင်စီခံကို ကြည့် သွားနဲ့ကိုက်ပြီး သောက်ထားတဲ့ကိုက်ရာနဲ့ ဖင်စီခံချိုင့်နေတာဥစ္စာ။ ဒါ တစ် ယောက်တည်းဆိုတာပဲ"

"သူက ဒီနေရာမှာ ဘာကြောင့် ဆေးလိပ်သောက်နေရတာတုံး ဗျာ"

"အေး ... အဲဒီအဖြေက ဒီလိုကိုင်းတောချောင်ထဲမှာ စီးကရက် လာသောက်တဲ့လူကိုသိမှ မေးလို့ရမယ်။ မင်းတို့အားလုံး တို့ရွာနဲ့ အနီး ဝန်းကျင်မှာ စီးကရက်ကို သွားနဲ့ကိုက်သောက်တဲ့လူ ဘယ်သူလဲသိရအောင် မျက်စိရောနားရောဖွင့်ပြီး စူးစမ်းကြ။ အခြေအနေပေးခဲ့ရင် မသောင်းမြို့ သတ်တဲ့ တရားခံပါ ပေါ်နိုင်မယ်။ ဒီမှာဟေ့ ... မောင်တိုးကြီး ..."

"ဘာလဲ ... စိုးကြီး"

"အဲ့ဒီစီးကရက်တိုတွေကို တစ်ခုခုနဲ့ ထုပ်ယူခဲ့"

"ဘာလုပ်ဖို့တုံးဟ"

"ယူခဲ့စမ်းပါကွာ ... မင်း လျှာရှည်တဲ့ကောင်ပဲကို"

ဒါနဲ့ ကိုတိုးကြီးက စီးကရက်သောက်ပြီး အတိုများကို ကောက် ယူပြီး ခါးပိုက်ထောင်ထဲထည့် ပြန်လာခဲ့လိုက်ကြတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## ၆

❑

သူတို့ ရွာထဲရပ်ထဲက စီးကရက်သောက်တတ်သူများကို မသိမသာ အကဲခတ်ကြည့်ပေမင့် သူတို့ စီးကရက်ကို သွားနဲ့ကိုက်မသောက်ကြဘူး။ နှုတ်ခမ်းမှာ ဖိသောက်တာပဲရှိတယ်။

ဒါဆိုရင် ကိုင်းတောထဲက စီးကရက်ပိုင်ရှင်ဟာ အခြားဒေသက လူစိမ်းများလား။ အေးလေ ... ဒီစီးကရက်အတိုတွေနဲ့ မသောင်းမြို့ အသတ်ခံရတာနဲ့ ဘာဆိုင်လို့လဲ။

ပြီး ဒီစီးကရက်အတိုတွေနဲ့ မသောင်းမြို့တစ္ဆေ ကိုင်းစပ်ပေပင်ကြီး သရဲမနဲ့ရော ဆိုင်လို့လား။ စဉ်းစားတွေးခေါ်ကြည့်ကြတာပေါ့။ သီးခြားတော့ သီးခြားစီပါပဲ။ သို့သော် ဖြစ်နေတာ တစ္ဆေသရဲအခြောက်ခံပြီး ပစ္စည်းတွေ ကျကျန်ပျောက်ဆုံးဖြစ်နေတာက ဒီပေပင်ကြီးနဲ့ ကိုင်းတောစပ်မှာ။

တစ္ဆေ၊ သရဲအခြောက်ခံရတာဟာ တစ်ပတ်မှာ နှစ်ကြိမ်(သို့) တစ်ကြိမ်တော့ ဖြစ်စမြဲပဲ။ ခြောက်ရင်လည်း သရဲမပဲ။ တစ်ခါတစ်ရံ နေဝင်ရီ





တရော ခြောက်လှန့်တယ်။ တစ်ခါတစ်ရံ နေ့ခင်းကြောင်တောင်နဲ့ မနက်စောစော ဝေလီဝေလင်းခြောက်တယ်။

လပြည့်နေ့ညရောက်ရင် ကိုင်းတောထဲကနေ အဖြူရောင် အလင်းတန်းကြီးက မိုးပေါ်မှာ ရွေ့လျားနေတာကို ရွာထဲကနေ မြင်ရတယ်။

ရွာသားအချို့ကတော့ အရူးဖိုးကြောင်ကိုပဲ သံသယရှိကြပြီး ချော့မော့မေးကြ၊ အသာ စောင့်ကြည့်ကြပေါ့။ အရူးဖိုးကြောင်ကလည်း တစ်ခါတစ်ခါ ပါးစပ်က ပြောပြောနေတာရှိတာကို ...

"ငါမသတ်ဘူး ... ငါမသတ်ဘူး ..."

"မင်းသတ်တာ ... မင်းပါပဲကွာ"

"မင်း ... မိမြို့ ... မိမြို့ ... ဟုတ်လား ... ဟား ... ဟား ... ဟား ... ငါ့အနားကို .. နင် ... နင် ... မကပ်နဲ့နော် ... သွား ... သွား။ နင့်ကို ငါ ... ငါ မသတ်ဘူး။ နင့်ကို ငါ မသတ်ဘူး"

"ဟော့ကောင်တွေ ... ဟော့ကောင် ... မင်း ပန်းတွေပြန်ယူသွား။ ဒါ ... ဒါ .... မသာပန်းတွေ ... မသာပန်းတွေကွ"

"ဟား ... ဟား ... ဟား ..."

"နင့်ကို ငါမကြောက်ဘူး ... မိမြို့"

"နင့်ကိုငါ ချစ်ပါတယ်ဟ ... ဟား ... ဟား ... ဟား ... ဒါပေမဲ့ နင်သေပြီ ... နင်သေပြီ ... သွား သွား သွား"

အရူးဖိုးကြောင်က ညဘက်ရောက်ရင် အဲဒီလို ထူးခြားတဲ့စကားတွေကို တစ်ယောက်တည်း ပြောနေတာ။ ဒါကြောင့် ချော့မေးရတယ်။

"ဖိုးကြောင် ..."

"ဘာတုံး ..."

"စီးကရက်ပါကွာ ... သောက်"

"ငါ မကြိုက်ဘူး"

"မင်း ဘာကြိုက်တုံး"

"ဆေးပေါ့လိပ်"



www.burmeseclassic.com

www.burmeseclassic.com



''ရွှေဘဲ ဆေးပေါ့လိပ်လား''

''ဟင့်အင်း ... မြင်းသုံးကောင် ဆေးလိပ်''

''ရော့ ... ရော့ ... ဒါ မင်းကြိုက်တဲ့ ဆေးလိပ်''

ခြင်္သေ့သုံးကောင်ဆေးပေါ့လိပ် ပေးလိုက်ရင် ချက်ချင်းမီးညှိပြီး အားရပါးရ သောက်ပါလေရော။

''ဖိုးကြောင် ...''

''ဘာတုံးကွာ ... ဖိမ်ပျက်လိုက်တာ .. ချီးမှပဲ''

''မင်းနဲ့မသောင်းမြို့နဲ့ တွေ့တယ်ဆို''

''အိမ်း ... တွေ့တယ်''

''ဘာမှာတွေ့တုံးဟ ... ဖိုးကြောင်ကြီးရ လုပ်ပါဦးကွ''

''ဒီ ... ဒီ ... ဇရပ်မှာ''

''သူ သေပြီမဟုတ်ဘူးလား ... ဖိုးကြောင်ကြီးရ''

''မ ... မသိဘူး။ သူ ... သူ လာလာနေတယ်''

''တစ္ဆေဖြစ်နေမှာပေါ့''

''......''

''အချို့က မသောင်းမြို့ကို မင်းသတ်တယ်လို့ပြော ...''

''ဗွီ ... တောက် ... ကဲကွာ ... ကဲကွာ ...''

သို့ကလိုပြောလိုက်ရော အရူးဖိုးကြောင်က ဒေါသတွေပေါက်ကွဲပြီး သောက်လက်စဆေးပေါ့လိပ်ကို ဇရပ်ပျဉ်ပေါ်ဆောင့်ထိုးခြေပြီး ဝုန်းခနဲ ခုန်ထလိုက်တယ်။

''ငါ ... ငါ ... မ ... မသတ်ဘူး။ မ ... မသတ်ဘူး''

''အေးပါ ... ဖိုးကြောင်ရာ၊ မင်းမသတ်ဘူးဆိုတာ ငါတို့ရော ကိုတိုးကြီး၊ ကိုမျိုးကြီးတို့ မင်္ဂလာသောင်းတို့ပါ ယုံပါတယ်။ ကိုင်း ... ဒါဆို မသောင်းမြို့ကို သတ်တဲ့လူ မင်းသိလား''

ဒီလိုမေးလိုက်တော့ အရူးဖိုးကြောင်စဉ်းစားသလို ငေးသွားတယ်။





''သိလား''

''သူ ... သူ ... အင်း ... အဲ ... ငါမသိဘူး ... ငါမသိဘူး။ သွား ... သွား ... မင်းတို့ ငါ့အိမ်ပေါ်က ဆင်းသွားကြ။ မင်းတို့လည်း မကောင်းဘူး။ ဟိုကောင်လည်း မကောင်းဘူး။ မင်းတို့အားလုံး သူခိုး ဓားပြ၊ လူသတ်သမားတွေ၊ မုဒိမ်းကောင်တွေ။ မင်းတို့ သွားကြတော့။ သွားကြလေ ... မသွားဘူးပေါ့ ... ဟုတ်လား။ လာကြပါဦးဗျို့ ... လာကြပါဦး ... ကျွန်တော့်ကို ဝိုင်းသတ်နေကြလို့ ကယ်တော်မူပါဦးဗျ။ ဟီး ... ဟီး ... ကယ်တော်မူ ...''

ငနဲသားက ဇရပ်ပေါ်မှာ ခုန်ခုန်ပြီး အော်ရော။ ကိုစိုးကြီးတို့အုပ်စု အရှူးမျက်နှာကို သဲနဲ့ပက်ပြီး ပြေးရပါရော။ ဒါကြောင့် အရူးဖိုးကြောင်ကို တစေ့တစောင်း အကဲခတ်နေရတာ။

တစ္ဆေသရဲ ခဏခဏခြောက်လွန်းလို့ အဲဒီပေပင်ကြီးအောက်မှာ ရွာကျောင်းဆရာတော် ဦးဓမ္မပါလနဲ့ ဦးဇင်းတွေ ပရိတ်ရွတ်ပြီး ဆန်မန်း သဲမန်းပေါက်လို့ မကောင်းဆိုးဝါးကို နှင်ခဲ့ရတယ်။

နှင်ပြီးနောက်နေ့မနက်မှာ ဆွမ်းခံကြွတဲ့ ကိုရင်ဝိမလကို သရဲမ တစ္ဆေက လက်ယပ်ခေါ်လို့ နှင်းဆီပန်းနီနီတွေလည်း ပြရော ကိုရင်လည်း သပိတ်ပစ်ချပြီး အမလေးအော်ရင်း ကျောင်းအရောက် ပြေးခဲ့ရတယ်။ အကြောင်းစုံသိရော ကိုရင်ကြီးတွေ၊ ဦးဇင်းတွေ၊ ဘုန်းကြီးကျောင်းသား တွေ တုတ်တွေနဲ့စုပြီး သွားကြတယ်။

သပိတ်ထဲက ဆွမ်းနဲ့ဟင်းတွေ မရှိတော့ဘူး။ ကြည့်ရတာ တစ္ဆေ သရဲမက စားသွားတယ်နဲ့တူရဲ့။

''တောက် ... တစ္ဆေမနှယ်ကွာ မနေ့ကမှ ပရိတ်ရွတ်တယ်။ ဒီနေ့ ကိုရင်ကိုခြောက်ပြီး ဆွမ်းတွေ စားသွားတယ်''

''ဦးဇင်း ...''

''ဘာတုံး ... ကပ္ပိယကြီး''

''သရဲအစစ်မှ ဟုတ်ရဲ့လား ... ဦးဇင်းရယ်''



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့နဲ့ မတွေ့သေးလို့ပေါ့။ တွေ့များ တွေ့ရင်လားကွာ ... ဟင်း ... နင်လည်းသရဲမ၊ ငါလည်း ဦးဇင်း၊ ပက်ပင်းတွေ့ရင် အရိုးကျိုး ခွဲသိမ်းပဲဟေ့"

✿ ✿ ✿

[၇]

❑

တစ်နေ့ ... နေ့ခင်းပိုင်းမှာ လူတစ်ယောက် အရှုံးဖိုးကြောင်ရှိရာဇရပ်ကို ရောက်လာတယ်။ ရောက်လာတဲ့လူက အညာသားနဲ့တူပါရဲ့။ ချောင်ထုံးနဲ့။ ပင်နီအင်္ကျီလက်တိုနဲ့။ အညာစောင်၊ တမုံးစောင်၊ ပင်နီအမျိုးမျိုး အထုပ်ကြီးနဲ့။ ဖျင်လွယ်အိတ် ဖောင်းဖောင်းကြီးလည်းပါရဲ့။

ကိုစိုးကြီးတို့ မလှမ်းမကမ်းက ချောင်းကြည့်အကဲခတ်တော့ အညာသား ကိုချောင်ကြီးနဲ့ အရှုံးဖိုးကြောင်ရယ်ဗျာ ... ရယ်ရယ်မောမော စကားတွေပြောလိုက်၊ ဆေးပေါ့လိပ် ကိုယ်စီဖွာပြီး ခေါင်းချင်းဆိုင် တိုးတိုးတိုးတိုး လုပ်လိုက်။ ခေါင်းတညိတ်ညိတ် လုပ်လိုက်။ ခဏနေတော့ နှစ်ယောက်သားလက်ချင်းလှဲကြပြန်ပါရောဗျာ။ အရှုံးဖိုးကြောင်ကလည်း သန်သားဗျာ။

"ကျား ..."

"အီ ... ယား ..."

"ကျား ... ကျား ..."

"ဖိုင်းယား ... ကျား ..."

မကြာဘူး၊ အရှုံးဖိုးကြောင် ရှုံးသွားတယ်။ သူတို့အမောဖြေရင်း





ဆေးလိပ်ဖွာကြတယ်။ ဒီမှာ အညာသားကိုချောင်ကြီးက သတင်းစာတစ်စောင်ကို ဖြန့်ပြတယ်။ တစ်နေရာကို လက်ညှိုးနဲ့ထောက်ပြတယ်။

ဖိုးကြောင်က ပြတဲ့နေရာကို ခေါင်းညိတ်တယ်။ သည့်နောက် အညာသားက အရှုံးကို အားရပါးရ ဖက်ထားတယ်။ သည့်နောက် အရှုံးဖိုးကြောင်နဲ့ အညာသားဈေးသည်တို့ ထမင်းထုပ်တွေချပြီး အတူစားကြတယ်။ ကြည့်ရတာ အရှုံးနဲ့အညာသားဟာ သူငယ်ချင်းတွေပဲလား။ ဆွေမျိုးတွေများလား မသိဘူး။

အတော့်ကိုရင်းနှီးတဲ့ အပြုအမူကို ကိုစိုးကြီးတို့ မြင်ရတယ်။ စားသောက်ပြီးရော အရှုံးနဲ့အညာသား ဇရပ်ပေါ်မှာ ကျောခြင်းကပ်ပြီး အိပ်ပျော်သွားကြတာကို သူတို့ ထူးဆန်းစွာ မြင်ကြရတယ်။

"ဟို ... ချောင်ထုံးနဲ့ အညာသားက ဘယ်ကလဲကွ"

"ကျုပ်တို့လည်း မမြင်ဖူးဘူးဗျ ... ကိုစိုးကြီးရ"

"သူတို့ချင်း ရင်းနှီးပုံပဲကွ"

"အညာသားက အညာကုန်ရောင်းတဲ့ ဈေးသည်နဲ့တူရဲ့"

"ဘာကောင်ပဲဖြစ်ဖြစ် ငါတို့အရပ်မှာ လူသတ်မှုဖြစ်ခဲ့တယ်။ တရားခံမမိသေးဘူး။ တစ္ဆေခြောက်တာ ကြမ်းတယ်။ မသင်္ကာစရာ အနေအထားတွေ တွေ့ရတယ်။ ကွင်းဆက်မဖြစ်သေးတာပဲ။ အရှုံးရော၊ အခု အညာသားရော စောင့်ကြည့်"

အင်္ဂါနေ့တုန်းက မြို့သွား လမ်းသွားလမ်းလာတွေရယ် ပေပင်ကြီးကိုင်းတောအဖြတ်မှာ စာတန်းဆိုင်းဘုတ်တစ်ခုကို မြင်လိုက်ရတယ်။ ပေပင်ကြီးမှာ စာရွက်ကိုကပ်ထားတယ်။

ဖတ်ကြည့်လိုက်တော့ ...

"တစ္ဆေမ မိသောင်းမြို့ ...

နင် ... အညံ့ခံတော့"

ပုံ - ပေပင်ကြီးရက္ခစိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... စာက ထူးဆန်းနေပါလားဟေ့"

"မိသောင်းမြို့က တစ္ဆေဖြစ်နေဆိုပါလားဟဲ့"

"အစိမ်းသေကိုးဟဲ့။ မကျွတ်မလွတ်နဲ့ ခြောက်တာပြတာနေမှာပေါ့"

"ဟဲ့ ... ဟိုစာအရဆို ပေပင်ကြီးရက္ခစိုးက တစ္ဆေမ မိသောင်းမြို့ကို ကြိမ်းဝါးနေတာဟဲ့"

"ဟဲ့ကောင်မ ... စိန်စိန်တင့်ရဲ့၊ ဒီပေပင်ကြီးမှာ ရက္ခစိုးရှိတာ ညည်းတို့ ကြားဖူးလို့လားဟဲ့"

"ဒါ ... ဒါဆိုရင် ..."

"တစ်ယောက်ယောက် နောက်ပြောင်ရေးတာ နေမှာပေါ့"

"ကိုငစိုးကြီးတို့ လက်ချက်နေမှာပဲအေ့"

"သင်းတို့က သရဲမကို ရအောင်ဖမ်းမယ်နဲ့ ကြိမ်းဝါးနေတာလေ။ သရဲမက သူတို့ကို ဟိုဒင်းပြုမသွားတာ ကံကောင်း ... ဟွန်း"

ပြောရရင် အဲဒီစာအကြောင်းက ရွာထဲမှာရော ရွာနီးချုပ်စပ်မှာပါ ပြန့်သွားတယ်။ အံ့ဩဖို့ကောင်းတာက နောက်နေ့မိုးလင်းရော အဲဒီသတိပေးစာရွက် အပိုင်းပိုင်း ဆုတ်ဖြဲခံထားရတာကို လမ်းသွားလမ်းလာတွေ မြင်ကြရပါရောလား။

အမ်မယ် ... နောက်နေ့မိုးလင်းတော့ စာရွက်သစ်တစ်ရွက် ကပ်ထားတာမြင်ရပါရော။

"တစ္ဆေမ ...
နင် နေဝင်ချိန်နီးပြီ"
ပုံ – ပေပင်ကြီးရက္ခစိုး။

ကြည့်စမ်း ... အဲဒီစာရွက်ကို လမ်းသွားလမ်းလာဖတ်ပြီး ဝေဖန်ပြောဆိုနေတုန်းရှိသေး မိုးလင်းတော့ စာရွက်ပေါ်မှာ မစင်တွေ ပြန့်ကျဲပေကျံနေတာကို မြင်ကြရရော။

**စိတ်ကူးသစ်စာပေ**



ဝေဖန်ကြတယ်။ ဒါ ရေးတဲ့သူကတစ်ယောက်၊ နောင့်ယှက်ဖျက်ဆီးသူက တစ်ယောက်။

"ကိုစိုးကြီး ... ခင်ဗျားရေးပြီး ကပ်ထားတာလား"

"ငါ မရေးပါဘူးကွာ"

"ကိုတိုးကြီး ခင်ဗျားများ ..."

"ငါ့မှာ ရေးစရာ စာရွက်ရော၊ မင်ရော မရှိဘူး။ အဲဒီလိုလက်ရေးမျိုးလည်း ငါ မရေးတတ်ဘူး"

"အေး ... ဒါလည်း ဟုတ်တယ်။ စာရွက်ပေါ်က လက်ရေးက ဘာတဲ့ လက်ဝဲစာလုံးဆိုလား၊ တပ်ဦးစာလုံးဆိုလား ပြောကြသဟ"

"ဒါဆို ဒီကိစ္စက ကျုပ်တို့ရွာသားတွေလုပ်တာ မဖြစ်နိုင်ဘူး။ ဒါထက် ကိုစိုးကြီး ..."

"ဘာတုံး ..."

"အညာသားသျှောင်ကြီးကိုရော တွေ့ကြသေးလားဗျ"

"ဟိုးတစ်နေ့ကပဲ ရွာထဲလှည့် အညာစောင်ဖျင်ထည်လိုက်ရောင်းတာ တွေ့လိုက်တယ်။ လူကြည့်ရတာ အရောင်းအဝယ်သမားသက်သက် ပုံစံပါကွာ"

"အရှုံးဖိုးကြောင်ဆီရော လာသေးလား"

"မင်္ဂလာသောင်းတို့ပြောတာတော့ မလာဘူးတဲ့"

"အရေးကြီးတာက ရေးပြီးကပ်တဲ့လူ ရှိနေတယ်၊ ဘယ်သူလဲ ငါတို့မသိဘူး။ ရေးတဲ့စာရွက်ကို ဖျက်တဲ့လူရှိနေတယ်။ ဖျက်တဲ့လူက တစ္ဆေသရဲမပဲ။ မသောင်းမြို့တစ္ဆေလား ဘယ်တစ္ဆေလဲတော့ မသိဘူး၊ သူတို့နှစ်ဦး အားပြိုင်နေတယ်၊ စောင့်ကြည့်ကြ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

❑

"ကိုစိုးကြီးရေ ... မြန်မြန်လာပါဗျိုး"

"ဗျိုး ... ကိုတိုးတို့၊ ကိုသောင်းတို့၊ တင်ကြိုင်တို့ရ ..."

"ဟ ... မျိုးကြီး၊ မိုးလင်းခါစ ရှိသေးတယ်။ ဘာလို့ ဆူညံနေတာတုံးဟ"

"မြန်မြန်လာကြပါဗျာ။ အရေးကြီးလို့"

"မျိုးကြီး ..."

"ဗျာ ... ဗျာ ... ဟူး ... ဟော ..."

"ဘာဖြစ်လို့ ကုန်းအော်နေရတာလဲ"

"ဟို ... ဟို ... တစ္ဆေမ ... သရဲမ မိမြို့ကို မိထားပြီ"

"ဘာ ... ဘာ ... ဟောကောင် ... ပြန်ပြောစမ်း ... ပြောစမ်း"

"သရဲမမိမြို့ကို မိထားပြီဗျ"

"ဟော ..."





"ဟုတ်ရဲ့လားဟ ... တစ္ဆေရော ဟုတ်ရဲ့လားဟ"

"ဟုတ်တယ်ဗျ"

"ဘယ်သူဖမ်းတာတုံး။ တို့ဆရာတော်လားဟေ့"

"မသိဘူးဗျာ။ အမြန်လိုက်ခဲ့ပါ"

ဒါနဲ့ သူတို့လူစု ရွာပြင်လမ်းမ ပေပင်ကြီးရှိရာကို အပြေးလာခဲ့ကြရော လူအုပ်ကြီးက ပေပင်ကြီးအောက်မှာ တစ်စုံတစ်ဦးကိုကြည့်ပြီး ဆဲရေးတိုင်းထွာနေကြတယ်၊ အရှုံးဖိုးကြောင်ကလည်း တစ္ဆေရဲ့မျက်နှာကို တံတွေးနဲ့ထွေး။

ကြည့်လိုက်တော့ ဖူးရောင်ပေါက်ပြဲ ဆံပင်ဖားလျား အကျီအနက် ထဘီအနက်နဲ့ မျက်နှာကြီးနေတဲ့ တစ္ဆေ၊ သရဲမကို ပေပင်ကြီးနဲ့ကပ်ပြီး ကြိုးတုပ်ထားတာ မြင်ရတယ်။ မျက်နှာမှာလည်း သွေးခြင်းခြင်းရဲလို့။

"အား ... အင်း ... ဟင်း ... အား ..."

"တစ္ဆေမဟဲ့ ... အနားကို မကပ်ကြနဲ့"

"ဝေးဝေးနေကြနော်။ ကြိုးပြတ်ပြီး ခုန်ဝင်လာရင် နီးရာလူ သေလိမ့်မယ်"

တစ္ဆေရဲ့အနီးဝန်းကျင်မှာ အညာစောင်အထုတ်ကြီးလည်း ပြေပြန့်ပြည့်နေတာ တွေ့ရတယ်။

"ဟော့ ... ဒါဆို အညာသားရဲ့ပစ္စည်းတွေ မဟုတ်လားကွ"

"ဟုတ်တယ်ဗျ။ ဒါ အညာဖျင်ထည်တွေ"

"ကြည့်ရတာ ဒီသရဲမကများ ..."

သရဲမတစ်ကိုယ်လုံး ဖုန်တွေပေကျံပြီး မျက်နှာနဲ့ပါးစပ်က သွေးတွေက အကျီအနက်ပေါ် စီးကျနေတယ်။ တစ္ဆေမသောင်းမြို့နဲ့တော့ မတူဘူး။ မျက်နှာမှာလည်း ဖူးရောင်ပေါက်ပြဲထားရာက အများကြီးပဲ၊ ရုပ်ကို ဖမ်းလို့မရတော့ဘူး။

"ဟော့ ... ဟော့ ... ဟိုမှာ ရဲစခန်းကလူတွေ မဟုတ်လား"

"အညာသားပါ ပါသဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဝေး ... ဝေး ... ဟေး ... ဟေး ... လာကြ ... လာကြ။ အားလုံးနော် ... ကြားလိုက်အောင် နားစိုက်ထောင်ကြ ... ကလေးတို့ရေ ..."

"ဒီအရွှေးကလည်း အရေးထဲကွာ။ ဟော့ကောင် ... အရွှေး ဟိုရဲစခန်းက အရာရှိတွေ လာနေပြီ။ မင်း တိတ်တိတ်နေစမ်း"

"လာကြဟေ့ ... ငါတို့အမျိုးတွေ သေနတ်တွေနဲ့ ရောက်လာပြီဟေ့။ လာကြတော့ ... ယောက်ဖတို့ရေ ... ဝေဟေဟေ"

အရွှေးကို ထိန်းလို့မရဘူး။ အညာသားသျှောင်ကြီးဗွေဦးအောင်ကြီးရဲ့အဖွဲ့ဝင်တွေ ရောက်လာတော့ တစ္ဆေမက ခေါင်းထောင်ကြည့်တယ်။

"ဒီရွာမှာ တစ္ဆေသရဲယောင်ဆောင်ပြီး ခြောက်လှန့်ပစ္စည်းယူလုပ်နေတာဟာ သူ့။ မယုံရင် ဒီမှာကြည့်"

အညာသားသျှောင်ကြီးက ဒဏ်ရာရ (သရဲမ)ရဲ့ ခေါင်းပေါ်က ဆံပင်ရှည်ကို ဆွဲဖြုတ်လိုက်ရော ...

"ဟာ ... ခေါင်းတုံးကြီးနဲ့ဟ"

"ယောကျ်ားကြီးပါလားဟေ့"

"ရဲမှူးကြီး မြင်တဲ့အတိုင်းပါပဲ။ ဒီကောင့်နာမည်က တောကျော်လို့ခေါ်ပါတယ်။ ဒီကောင် ဒီနယ်သားမဟုတ်ဘူး။ ဒီကောင် မြစ်ဝကျွန်းပေါ်သား ဝရမ်းပြေးတောကျော်ပါ"

"ဗျာ ... ဝရမ်းပြေး"

"ဟုတ်ပါတယ်။ မြောင်းမြမြို့ပေါ်မှာ လူသတ်မှုဖြစ်လို့ အဖမ်းခံဘဲ ရှောင်ပြေးနေတဲ့ ဝရမ်းပြေးပါ။ ဒီကောင် ဒီရွာသူ မသောင်းမြို့ကိုသတ်ခဲ့တာလည်း သူပဲဗျ"

"ဟာ ..."

"တောက် ... ရက်စက်တဲ့ကောင်ကွာ"

"ထွီ ..."

"အစအဆုံး အများပါသိအောင် ရှင်းပြပါဗျာ"





"ဒီကောင် မင်္ဂလာဆောင်ကပြန်လာတဲ့ မသောင်းမြို့ကို ပေပင်ကြီးနောက် တောထဲခေါ်ပြီး အဓမ္မကျင့်သတ်၊ ပစ္စည်းယူခဲ့တယ်။ ပြီး ... သူတစ်ပါးကို အထင်လွဲအမြင်လွဲဖြစ်ရအောင် သေသူအနီးမှာ ခြသေ့်သုံးကောင် ဆေးပေါ့လိပ်အသစ်နှစ်လိပ် ချထားခဲ့တယ်။

အမှန်က ဒီကောင်တောကျော်က စီးကရက်အလွန်ကြိုက်တဲ့ကောင်။ သူက ခြသေ့်သုံးကောင်သောက်တဲ့ အရွှေးဖိုးကြောင်ဖရပ်မှာ သေသူပန်ခဲ့တဲ့ နှင်းဆီအနီရောင်နှစ်ပွင့်ရယ်၊ သေသူမသောင်းမြို့ကိုင်ခဲ့တဲ့ ပိုက်ဆံအိတ်ကို ငွေစက္ကူအချို့နဲ့ လာစွန့်ပစ်ခဲ့တယ်။ ရဲကတွေ့ရင် အရွှေးဖိုးကြောင်သတ်တဲ့သဘော သဲလွန်စရအောင် လုပ်ခဲ့တာ။

ဖိုးကြောင်ကလည်း ဒီပစ္စည်းလာစွန့်ပစ်တာကို မြင်တယ်။ တောကျော်က ဓားမြှောင်ကို ထုတ်ပြခဲ့လို့ ကြောက်ပြီး အဖြစ်မှန်ကို မပြောရဲရှာဘူး။ ရဲကလည်း ထောင်ထွက်ကျော်ကူးနဲ့ အရွှေးဖိုးကြောင်ရယ်၊ မသောင်းမြို့ကို ပိုးတဲ့သူတွေရယ်ကို ခေါ်ယူစစ်မေးခဲ့တယ်။

တရားခံအစစ်ကို သက်သေသက်ကာယနဲ့ မဖော်ထုတ်နိုင်ဘူး။ ဒီအချိန်မှာ ပေပင်ကြီးဝန်းကျင်ကနေ သေသူမသောင်းမြို့သေစဉ်က ဝတ်တဲ့အဝတ်အစားဝတ်ပြီး ဆံပင်ဖားလျားနဲ့ ညညရောက်ရင် သရဲခြောက်တယ်။ လန့်ပြေးလို့ ကျန်ရစ်ခဲ့တဲ့ပစ္စည်း ဘာပစ္စည်းမှ ပြန်မရဘူး။ ကိုပွင့်ကောင်း အထည်ထုပ်ကြီးဆို နည်းရှေ့လား။ သင်းက ကိုရင် ဆွမ်းတောင်မကျန်ဘူး ခြောက်စားလှန့်စား လုပ်နေတာ။

တစ်နေ့ ... လူတစ်ယောက်ရယ် ပုစွန်တောင်က အထည်ဆိုင်ကို အထည်တွေ လာသွင်းတယ်။ သူနိုးဈေးလို ပေါပေါနဲ့ရောင်းသွားတယ်။ အဲဒီမှာ ကျွန်တော် လာရောင်းတဲ့လူကို မှတ်မိလိုက်တယ်။ သူ့ဘယ်လက်မှာ လက်သန်းနဲ့ လက်သူကြွယ် လုံးဝမရှိဘူး။ ဟုတ်ပြီ ... ဒါ တောကျော်။ မြောင်းမြသား ဝရမ်းပြေးတောကျော်။

သူကလည်း မြန်တယ်။ ငွေလည်းရရော ပုစွန်တောင် အရက်ဆိုင်ထဲဝင်သွားတယ်။ ကျွန်တော် အရက်ဆိုင်ထဲကို နောက်ယောင်ခံလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



သူမရှိဘူး။ အဲဒီကောင် အခု လူသတ်မှုဖြစ်တဲ့အရပ်မှာ ရောက်နေတာကို ကျွန်တော့်လူတစ်ယောက် အကြောင်းကြားလာလို့ အညာသားစောင်သည်လို အသွင်ယူပြီး ဒီအရပ်ကို လာခဲ့ပါတယ်။

ပစ္စည်းယူ၊ မှတ်မိကျင့်၊ လည်ပင်းညှစ်သတ်တဲ့အမှုက မြောင်းမြမှာ တောကျော် အဲဒါမျိုးလုပ်ပြီး ဝရမ်းပြေးနေတာနဲ့ ထပ်တူဖြစ်နေတယ်။ ဒါကြောင့် ဒီနေရာကို အညာသားစောင်သည်ယောင်ဆောင်ပြီး သူ့ရှိရာကို နောက်ယောင်ခံလိုက်ခဲ့တာ။

ဒီမှာ သရဲခြောက်ပြီး ပစ္စည်းတွေယူတဲ့ သရဲမအကြောင်းကြားလို့ သရဲခြောက်တဲ့ပေပင်ကြီးနံဘေးက ကိုင်းတောထဲဝင်ရှာတော့ သရဲအတုလုပ်တဲ့ ဒီကောင်က ပါးနပ်တယ်။ မသောင်းမြို့ အသတ်ခံရတဲ့နေရာမှာ နှင်းဆီပန်းတွေချပြီး မသောင်းမြို့ကပဲ နှင်းဆီပန်းတွေ လာချသလိုမျိုး စီစဉ်ခဲ့တယ်။

ဒါနှင့်အတူ သူ သရဲမကခြောက်ရင် နှင်းဆီပန်းတွေနဲ့ကြဲတယ်။ ပန်းပွင့်တွေက ပုပ်စော်နံနေရော။ နံ့မှာပေါ့ ပန်းပွင့်တွေမှာ ခွေးသေကောင် အပုပ်ရည်ဆွတ်၊ စိမ်ပြီး ပေါက်ကြဲတာ၊ လောက်ကလေးတွေပါ ပါတာပေါ့။

အဲဒီအကြောင်း ကျုပ် ဘယ်လိုလုပ်သိလဲဆိုတော့ မသင်္ကာလို့ ကိုင်းတောထဲဝင်ရှာတော့ ဒီရွာသား ကိုစိုးကြီးတို့တွေ့ခဲ့ရသလို တစ်နေရာမှာ သောက်ပြီးသား စီးကရက်တိုပုံကို တွေ့ရတယ်။ ကောက်ယူကြည့်လိုက်တော့ စီးကရက်အစီခံမှာ သွားကိုက်ရာတွေရော။ ဟုတ်ပြီ . . . ဒီနေရာမှာ ဝရမ်းပြေးတောကျော် ရောက်နေ၊ ခိုနေ၊ ရာဇဝတ်မှု ကျူးလွန်နေမှန်း ရိပ်မိလိုက်တယ်။

ဝရမ်းပြေးတောကျော်ဟာ စီးကရက်သောက်ရင် အစီခံကို ဆေးပေါ့လိပ်ကိုက်သလို ခဲလေ့ရှိတယ်လေ။ ဒါနဲ့ အရှူးဖိုးကြောင်ကို လူသတ်မှုနဲ့ အများက မသင်္ကာဘူးကြားလို့ ဖိုးကြောင်ကို အစားအစာ အဝတ်အထည်ပေးကျွေးပြီး ကပ်မေးတော့ နှင်းဆီပန်းရယ်၊ ပိုက်ဆံအိတ်ရယ်၊ ငွေစက္ကူ





ရယ် ဒီနားလာပစ်သူရဲ့ ပုံသဏ္ဌာန်မေးတော့ . . . ဟုတ်တယ် . . . ဝရမ်းပြေးတောကျော်ပုံစံပဲ။

အသားမည်းမည်း၊ ဂင်တိုတို၊ ကြမ်းကြမ်းကြုတ်ကြုတ်ပုံစံ၊ နှာခေါင်းပြားပြား နားရွက်ကားကား။

ဟုတ်ပြီ။ ပိုသေချာချင်တော့ အဲဒီတုန်းက သင်းက စီးကရက်ခဲပြီး ပန်းနဲ့အိတ်ကို လာပစ်တာတဲ့။ အရူးဖိုးကြောင်က မသင်္ကာလို့ ထကြည့်တော့ သင်းက ဓားမြှောင်ကိုထုတ်ပြလို့ ပြန်ခေါင်းမြီးခြုံ အိပ်လိုက်သတဲ့။

ဒါနဲ့ ဇရပ်ဝန်းကျင်မှာ လိုက်ရှာတော့ သွားကိုက်ရာပါတဲ့ စီးကရက်ကို တွေ့ရော။ သေချာပြီ။ ဒီကောင် ကိုင်းတောထဲမှာပုန်းပြီး တစ်ခုခုကို ကြံစည်နေတာ။

မသောင်းမြို့ကိုမှား သူသတ်ပြီး . . .။ တစ်ခါ သရဲမကရော အတုလား အစစ်လား။ ဝရမ်းပြေးတောကျော် ဒီအရပ်မှာ လှုပ်ရှားနေတာတော့ မိပြီ။ တောကျော်ကိစ္စ ရှင်းရမလား။ တစ္ဆေသရဲမကိစ္စ ရှင်းရမှာလား။

ဒါနဲ့ အကဲသိရအောင် ပေပင်ကြီးမှာ ကျုပ် စာကပ်ခဲ့တယ်။ တစ္ဆေမ မသောင်းမြို့ အညှံခံပါလို့။ ကြည့်စမ်း . . . မိုးလင်းတော့ ဆုတ်ဖြဲထားတယ်။ ကျုပ် သုံးကြိမ်ကပ်တယ်။ အမျိုးမျိုးဖျက်ပစ်တယ်။ သေချာပြီ။ ဒီနေရာဝန်းကျင်မှာ ခြောက်တဲ့သရဲတစ္ဆေသည် တစ္ဆေသရဲ အစစ်မဖြစ်နိုင်ဘူး။

တစ္ဆေသရဲအတုပဲ ဖြစ်မယ်။ ဒီဟာ ဘယ်သူလဲ။ ကံကောင်းရင် ယုန်ထောင်ရင် ကြောင်မိတော့မယ်။ ဒါနဲ့ ဒီမနက် ဝေလီဝေလင်းမှာ အခု စောင်အထုပ်ကြီးထမ်းပြီး ပေပင်ကြီးအောက်ကအဖြတ်မှာ . . .

"ဝရော . . ."

"ဟား . . . ဟား . . . ဟား . . ."

ဆံပင်ဖားလျားနဲ့ အနက်ရောင်ထဘီ ဝတ်ထားတဲ့ သရဲမကြီး လက်နှစ်ဖက်ဆန့်ပြီး ဆံပင်ဖားလျားနဲ့ ကျုပ်ရှေ့ပေါ်လာရော။ ကျုပ်လည်း အထုပ်ကြီးပစ်ချပြီး ပြေးတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြေးရင်းက လှည့်ကြည့်လိုက်ရော သရဲမကြီးရယ်ဗျာ။ အညာစောင် အထုပ်ကြီးထမ်းပြီး ကိုင်းတောထဲ ဝင်ပြေးပါရောဗျို့။ ဒါနဲ့ အသာ သူ့နောက်ကနေ လိုက်ချောင်းလိုက်တယ်။ ကျုပ်က ငါးစာကျွေးတာဗျ။ သူက ဟပ်လိုက်ပြီလေ။ သူ ကုန်းကုန်း ကုန်းကုန်းနဲ့ ကိုင်းတောထဲဝင်နေတုန်းမှာပဲ ...

"ဟော့ကောင် ... ရပ်"

"ဝုန်း ..."

"သည်လိုအော်လိုက်တော့ သရဲမက အညာစောင်ထုပ်ကြီး ပစ်ချပြီး ကျုပ်ကို ဓားမြှောင်နဲ့ ပြေးထိုးလိုက်တာ။ အရှောင်မြန်ပေလို့ပေါ့ဗျာ။ နို့မို့ နေရာတင် အသေပဲ။ ဒီကောင် (သရဲမ)က သိုင်းဖန်တို့ ကောင်းတယ်ဗျ။ ကျုပ် သူ့ကို မိနစ်နှစ်ဆယ်လောက် သဲကြီးမဲကြီးတိုက်ပြီး သင်းကို စုတ်ပြတ် ခြေတစ်ချောင်းကျိုးဘဝရောက်သွားအောင် လုပ်ခဲ့ရတယ်။

ကျုပ် ... သင်းကို စစ်မေးပြီးပြီ။ ဒီကောင် မသောင်းမြို့ကို မုဒိမ်းကျင့်သတ်၊ ပစ္စည်းယူခဲ့တယ်။ သူ မသောင်းမြို့ကိုသတ်ပြီး ဒီနေရာမှာခိုလို့ ဆံပင်အတုနဲ့ ထဘီဝတ်၊ ပန်းကြဲ၊ အနံ့ပေးခြောက်လှန့်လုပ် စားနေတုန်း ကျုပ်နဲ့တန်းတိုးပြီး လက်ရဖမ်းရတာပဲ"

သျှောင်ကြီးနဲ့အညာသားက ရဲအဖွဲ့ဝင်များနဲ့ ဝိုင်းကြည့်နေသူများတို့ အကြောင်းစုံရှင်းပြလိုက်ရော အားလုံး သဘောပေါက်နားလည်ပြီး ဆံပင်ရှည်နဲ့ သရဲလုပ်ခြောက် ဝါးတီးဖွင့်နေတဲ့ ခေါင်းတုံးပြောင် လူသတ်ဝရမ်းပြေးတောကျော်ဆိုသူကို ကြည့်ပြီး အသေလုပ်ချင်တဲ့စိတ်တွေ ကြွလာကြတယ်။

"ဟောဒါ ဝရမ်းပြေးတောကျော် ကျုပ်ကို ရန်ပြုပြီး အရှုံးဖိုး ကြောင်ကို ခြိမ်းခြောက်တဲ့ဓား။ ဟောဒါက သူသောက်တဲ့ စီးကရက်အတိုတွေ။ ကြည့် ... ဒီကောင့်ဘယ်လက်မှာ လက်သန်းနဲ့လက်သူကြွယ် ပြတ်နေတယ်။ အဲဒါ ရန်ပွဲမှာ ဓားခုတ်ခံရလို့ပဲ"

ဒီမှာပဲ ရဲတပ်သားများက တောကျော်ကိုယ်ပေါ် ချည်နှောင်ထားတဲ့ ကြိုးကို ဖြေလိုက်ရော၊ ဒီကောင် မထနိုင်ဘူး။

စိတ်ကူးသစ်စာပေ



ညာခြေက ကျိုးနေတာကိုး။ အဲဒါ လက်ထိတ်ခတ်ပြီးရော လူတွဲနဲ့ ဒုရဲအုပ်က မေးတယ်။

"မင်းနာမည် တောကျော်ဆိုတာ ... ဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ် ... ခင်ဗျား ... အား ... ကျွတ်"

"မင်း ... ဒီရွာသူ မသောင်းမြို့ကို မုဒိမ်းကျင့်သတ်၊ ပစ္စည်းယူတာရော ဝန်ခံသလား"

"ဝန်ခံပါတယ် ခင်ဗျား"

"သရဲအတုလုပ်ခြောက်၊ ပစ္စည်းယူတာရော"

"ကျွန် ... ကျွန်တော် ... လုပ် ... လုပ်ခဲ့တာပါခင်ဗျား"

"မင်း ... မြောင်းမြဒေသမှာ လူသတ်မှုကျူးလွန်တာရော အမှန်ပဲလား"

ဒီလို ဒုရဲအုပ်က မေးတော့ သူက အညာသားသျှောင်ကြီးဖွေ အညာစောင်သည်ရဲ့မျက်နှာကို လှမ်းကြည့်လိုက်တယ်။

"ဟော့ကောင် ... ပြောလိုက်လေ ... ငါကွာ ..."

အညာသားကြီးက ဟောက်လိုက်တော့မှ ...

"ဟုတ် ... ဟုတ်ကဲ့။ ကျူးလွန်ပါတယ် ခင်ဗျာ"

"တကယ့်လူဆိုးကွာ ... တော်ပါသေးရဲ့၊ ဒီနောင်ကြီးကြောင့် အမြန်မိပေလို့။ နို့မို့မလွယ်ဘူး။ ဒီကောင်ကို သူကျူးလွန်သတ်ဖြတ်ခဲ့တဲ့ နေရာကို လိုက်ပြခိုင်းရမယ်။ ဒါနဲ့ နောင်ကြီးရယ် ..."

"ဟုတ်ကဲ့ ... ပြောပါရဲမှူး"

"နောင်ကြီးက ဝရမ်းပြေးတောကျော်ကို ကောင်းကောင်းကြီး သိတယ်နော်"

"ဟုတ်ကဲ့"

"နောင်ကြီးရဲ့ အလုပ်အကိုင်ကလည်း အညာကုန်စောင်များရောင်းတဲ့အလုပ်ပဲလား"

"မဟုတ်ပါဘူး ... ခင်ဗျ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာကြောင့် ဒီဝရမ်းပြေးနောက်ကို တကောက်ကောက် လိုက်နေရတာလဲဗျာ"

ဒီမှာပဲ အညာသားကြီးက သူ့ခေါင်းပေါ်က သျှောင်ထုံးဆံပင် အတုကြီးကို ဖြုတ်ချပြလိုက်ရော ....

"ဟင် ..."

"ဟယ် ..."

"ဟ ... ဟ ... ဟ ..."

ခေါင်းတုံးဆံထောက်နှင့် လူတစ်ယောက်။ အညာသားတစ်ဖြစ်လဲ ခေါင်းတုံးဆံထောက်နှင့်လူက အညာလွယ်အိတ်ထဲ အကျီကိုထုတ်ပြီး ကတ်ပြားတစ်ခုကို စစ်မေးနေတဲ့ ဒုရဲအုပ်ထံ ပေးပြလိုက်တော့ ဒုရဲအုပ်က ကတ်ပြားကိုဖတ်ကြည့်ပြီး လွန်စွာ အံ့သြသွားတယ်။

သည့်နောက် ခြေစုံရပ်ပြီး အညာသားတစ်ဖြစ်လဲ လူကို လေးစားစွာ အရိုအသေပြုလိုက်တော့တယ်။

"လေးစားပါတယ် ဆရာ"

"ကိုင်း ... ရဲအုပ်ကြီး၊ ဒီကောင်ကို ဒီမှာ အမှုစီရင်ပြီးရင် မြောင်းမြရဲစခန်းကို ပြန်လွှဲပြောင်းပေးပါ။ သူ့ကို မြောင်းမြက မှုဒိမ်းကျင့်၊ လူသတ်နဲ့ အရေးယူရဦးမှာမို့ပါဗျာ"

"စိတ်ချပါ ... ဆရာ၊ ကျွန်တော်တို့ စီစဉ်ပါ့မယ်"

ရပ်ကြည့်နေသူ ကိုစိုးကြီးတို့လူစုလည်း ရွာသားများလည်း အံ့အားသင့်သွားတယ်။ ကြည့်စမ်း ... အညာသားစောင်သည်ကို မြို့က ဒုရဲအုပ်က ရိုရိုသေသေ အလေးပြုလို့ ...

"စိုးကြီး ..."

"ဘာတုံး"

"ဟိုကောင် ... စောင်သည်အညာသားက ဘာတုံးဟ"

"မသိဘူး"

"ဟိုကောင် ... အရှုးဖိုးကြောင်ကို ခေါ်မေးစမ်း။ ဒီကောင်နဲ့ အညာသားနဲ့က ရင်းနှီးပုံကွ။ ခေါ်မေးစမ်း"





"ဖိုးကြောင် ... ဖိုးကြောင် ..."

"ဘာတုံးကွ ... ငါ မအားသေးဘူး။ မခေါ်နဲ့"

"ဟ ... သောက်ရူးရ။ မင်းက မအားရအောင် ဘာလုပ်ရဦးမှာမို့လဲဟ"

"ဟိုကောင် ... တောကျော်ကို ငါက ကြိုးပေးရဦးမှာ"

"ဂေါက်လည်းဂေါက်ပ့ါ ... ဖိုးကြောင်ရာ။ ဒီမှာ မောင်ဖိုးကြောင် လူကြီးမင်းလေး ..."

"ပြော ... ငါ အချိန်မပေးနိုင်ဘူး နော်"

"အေးပါကွာ ...။ ဖိုးကြောင်၊ မင်းလူအညာသား သျှောင်အတုနဲ့ အညာစောင်ရောင်းတဲ့ငနဲက ... ဘာကောင်တုံး ... ဖိုးကြောင်ရ"

"သူလား"

"အေးပေါ့"

"ငါ့သူငယ်ချင်းကွ"

"ဟေ ... သူက"

"ငါ့ယောက်ဖကွ"

"ဘာ ..."

"ငါ့အမေလင် နှစ်ဝမ်းကွဲလည်း တော်သကွ"

"ဖိုး ... ကြောင် ..."

"မှတ်ထား ... ငါ့လူ၊ ကျုပ်မပြည့်တို့ရ ... အဲဒီအညာသားဟာ အညာသားပဲကွ"


"ဟာကွာ ... သင်းကိုမေးမှပဲ ငါတို့ပါ ရူးချင်ပြီဟ"

"ဒါပေမဲ့ ငါ့လူ ကျုပ်မပြည့်တို့ရ ... အဲဒီအညာသားစောင်သည်က အလွန်အရေးကြီးတဲ့ လူသတ်မှုကြီးတွေကို ဖော်ထုတ်ပေးနေတဲ့ ... အဲ ... ဘာတဲ့ ... ဟော ... သိပြီ ... အထူးအညာသားကွ ... ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

မောင်ညီမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



၊ ၁ ၊

❑

ကျွန်တော်တို့ စိတ်ကူးသစ်စာအုပ်တိုက်မှ စာရေးဆရာအဖွဲ့ ၁၉–၁–၂၀၁၃ ရက်နေ့က သာယာဝတီ၊ သုံးဆယ်မြို့ ဆရာစံ၏ အလံတောင်နှင့် သာယာဝတီထောင်နယ်မြေတို့အား တစ်ညအိပ် သွားရောက်လေ့လာကြပြီး (၂)ပတ်ကျော်ခန့်အကြာတွင် သူကောင်းသားမောင်ညီမှိုင်း(သန်လျင်)က တစ်စခန်း ထပြန်သည်။

သန်လျင်မြို့နယ်တစ်ဝိုက်သာ ကျင်လည်ရှာသော အကောင်းစားကလေးက သာယာဝတီ၊ သုံးဆယ်မြို့ ပတ်ဝန်းကျင်လေ့လာပြီးသည်နှင့် အညာဘက် ခရီးထွက်လိုပြန်သတဲ့လေ။ အစ်ပျိုး ချီထောင်ပေးသူက ဦးမြင့်ဦး စာရေးဆရာ မောင်မြဦး (မြောင်းမြ)။ သူက လက်ထောက်ညွှန်မှူးမှ အငြိမ်းစားယူထားပြီး ယခုလက်ရှိလည်း အကျဉ်းဦးစီးဌာန စွမ်းအားရှင် သမဝါယမအသင်း၌ အုပ်ချုပ်မှုဒါရိုက်တာလုပ်နေသဖြင့် မန္တလေးဘက်သို့ မကြာခဏသွားလေ့ရှိသူ။ ထို့ကြောင့် ကျွန်တော်တို့က ပိုင်းထောက်ခံပေးလိုက်ကြသည်။

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါမည့်သူများကတော့ ခရီးထွက်လျှင် ဓာတ်ပုံမှတ်တမ်းဆရာ စိတ်ကူးသစ်၊ စာအုပ်တိုက်ပိုင်ရှင် ဦးတင်ထွန်းနှင့် သား မောင်သူရိန်ထွန်း၊ ကျွန်တော်နှင့် ဦးမြဦး၊၊ စာကလေးစိုးသိန်းခေါ် စာရေးဆရာစိုးဝေ၊ စာရေးဆရာဝင်းနိုင်(ရွှေပြည်သာ)၊ စာရေးဆရာနန်းထိုက်စိုး၊ မောင်ညိုမှိုင်း(သန်လျင်) တို့ဖြစ်ကြသည်။ ၈–၂–၂၀၁၃ သောကြာနေ့ည (၉) နာရီထွက်မည့် ရန်ကုန်–မန္တလေး အဝေးပြေးကား (ရွှေစင်စကြာ) အား (၈) ယောက်စာ ထိုင်ခုံ (Booking) လုပ်လိုက်သည်။

အစည်းအဝေးပြီးသည်နှင့် (၂၀၀၀၀ိ/–) ကျပ်စီ ကားခအပ်နှံစေသည်။ ပြီးသည်နှင့် ဆိပ်ကမ်းသာလမ်းအတွင်းရှိ 'အိပ်မက်စိမ်း' စားသောက်ဆိုင်တွင် စားသောက်ကြရင်း ခရီးစဉ်အား အသေးစိတ် ဆွေးနွေးတိုင်ပင်ကြသည်။ အဓိကအရေးကြီးဆုံးက (၈) ယောက်စာ တည်းခိုစတည်းချရမည့်နေရာနှင့် သွားလာရာတွင် သုံးရမည့်ယာဉ်က အရေးကြီးသည်။

ထိုကိစ္စကို ဦးမြဦးက တာဝန်ယူသဖြင့် အဆင်ပြေသွားသည်။ သူ ဖုန်းဆက်၍ မန္တလေးအကျဉ်းထောင် ညွှန့်ရိုပ်သာနှင့် သူ့အသိ Super Custom ကားတစ်စီးကို စီစဉ်သည်။ သောက်ရင်းစားရင်း အပျော်လွန်တော့ တစ်ဦးနှင့်တစ်ဦး ငယ်ကျိုးငယ်နာဖော်၍ စကြနောက်ကြ ပြောင်ကြရာမှ စာရေးဆရာ စိုးဝေနှင့် ဦးမြဦးတို့ စကားများကြတော့သည်။ ကိုစိုးဝေက တကယ် စိတ်ဆိုးပြီး ထပြန်သွားသည်။ ကျွန်တော်တို့ အမြင်တော့ ငယ်ပေါင်းများဖြစ်ကြသဖြင့် စိတ်ဆိုးတုန်းခဏဟုသာ ထင်လိုက်ကြသည်။

အိမ်ပြန်ပြီး ညဉ့်နက်မှ ဦးမြဦးထံမှ ဖုန်းဝင်လာသည်။ သူ ထောင်ပိုင်အငြိမ်းစား ဦးမြသိန်းတို့ ကားကြုံဖြင့် မန္တလေးသို့ ကြိုသွားပြီး စီစဉ်မည်ဖြစ်ကြောင်း၊ ကြိုတင်ဝယ်ထားသော ကားခုံနေရာကို လိုက်လိုသူအား ခေါ်နိုင်ကြောင်း အကြောင်းကြားလာသည်။

နောက်တစ်နေ့ ည (၈) နာရီချိန်းဆိုထားသည့်အတိုင်း ကျွန်တော် အဝေးပြေးကားဂိတ်ရောက်တော့ 'ရွှေစင်စကြာ' ကားဂိတ်တွင် ကျွန်တော်





တို့အဖွဲ့ဝင်များအား တစ်ဦးတစ်ယောက်မျှ မတွေ့ရသေးပါ။ ရုံးခန်းတွင် စုံစမ်းတော့ ဦးတင်ထွန်းဦးဆောင်သော (၈) ယောက်အဖွဲ့ မရောက်သေးပါတဲ့။ ကျွန်တော့်အား ကားဂိတ်လိုက်ပို့ကြသော ဇနီးသည်နှင့် သမက်တို့လည်း ကျွန်တော့်အား စိတ်မချသဖြင့် စောင့်နေကြရသည်။

(၁၅) မိနစ်ခန့်အကြာမှ မောင်ညိုမှိုင်းနှင့် ကိုတင်ထွန်းတို့သားအဖ လွယ်အိတ်ကိုယ်စီဖြင့် ရောက်လာကြသလို၊ ဆရာနန်းထိုက်စိုးကလည်း အနောက်ဘက်ချောင်ထဲက ပေါ်လာပြီး သူနှင့် ကိုဝင်းနိုင် (ရွှေပြည်သာ)တို့ အရက်ဆိုင်တွင် ထိုင်နေကြကြောင်း လာသတင်းပို့သည်။ တစ်ဦးကျန်နေပါသည်။ သူက စာရေးဆရာစိုးဝေ၊ ည (၉) နာရီ ကားပေါ်တက်ချိန်အထိ ပေါ်မလာပါ။ တကယ်စိတ်ဆိုးသွားပြီထင်ပါသည်။

ည ၉း၃၀ နာရီ အဝေးပြေးကားကြီး ထွက်သည်အထိ ကိုစိုးဝေ မလာပါ။ ကားပေါ်၌ ဦးမြဦးနှင့် ကိုစိုးဝေတို့နှစ်ဦးအတွက် ထိုင်ခုံနေရာ (၂) နေရာ လွတ်နေပါသည်။ စာအုပ်တိုက်ပိုင်ရှင် ကိုတင်ထွန်း၏သား သူရိန်ထွန်းနှင့် ရွှေပြည်သာ ဝင်းနိုင်ကြီးတို့နှစ်ဦးက အပိုင်စီး၍ ထားကြပါသည်။

ကျွန်တော်က ရန်ကုန်–မန္တလေး အမြန်လမ်းဖောက်လုပ်စဉ် တာဝန်ကျခဲ့သော တောခန်းကလေးများကို အလွမ်းပြေ ကြည့်လိုသော်လည်း ညအမှောင်ထုထဲ မြုပ်နေသဖြင့် မမြင်ခဲ့ရပါ။ (၁၁၅) မိုင်တွင် ကားနားတော့ ညလယ် ထမင်းကြော်နှင့် ကော်ဖီဆင်းစားကြသည်။ အတော်ကောင်းပါသည်။ ခရီးပြန်ထွက်တော့ ခရီးသွားနေစဉ် မအိပ်တတ်သော ကျွန်တော် မှိန်း၍ လိုက်လာခဲ့သည်။ နေပြည်တော်၊ မိတ္ထီလာမြို့များကို ကျော်ခဲ့ပြီး မန္တလေး ကွဲဆည်ကန် အဝေးပြေးကားဂိတ်ရောက်တော့မှ ကားပေါ်ကဆင်းရန် ပြင်ဆင်ရသည်။

ကားက အဆင်း၌ အငှားကား၊ ကားဆရာများ အလုအယက်ခေါ်ကြသည်။ ကျွန်တော်တို့က အကျဉ်းထောင်ညွှန့်ရိပ်သာ သွားမည်ဖြစ်သဖြင့် ကားကြိုတင်မှာကြားထားကြောင်းပြောမှ Super Custom ကားဆရာက အနောက်ဘက်မှ ထွက်လာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်၊ ဖော်ကြီး . . . လာ . . . ဟိုမှာ ကျွန်တော့်ကား Super custom ကားရပ်ထားပါတယ်။ ဆရာတို့ကြွပါ"

ဟု ပြောတော့သည်။

သူ့ကားကြီးက ယာယီနံပါတ်အနက်ရောင် လူ (၈)ယောက်စီး ဖြစ်သည်။ ဦးမြဦးက မန္တလေး အလျင်ရောက်နေပြီဖြစ်သဖြင့် ကြိုတင်စီစဉ်ထားခြင်းကြောင့် အဆင်ပြေသဖြင့် ကျေးဇူးတင်ရပါသည်။ ကားကြီးက ကျွန်တော်တို့အုပ်စုအား အိုးဘိုကုန်း၊ မန္တလေး ဗဟိုအကျဉ်းထောင်သစ်ကြီးသို့ သက်သာစွာ ခေါ်ဆောင်လာပါသည်။

✿ ✿ ✿

[၂]

❏

မန္တလေးမြို့ ဆောင်းကုန်ရာသီမှာ မအေးတော့။ ကျွန်တော် ယခင်မန္တလေးသို့ မကြာခဏ ရောက်ဖူးသည်။ မန္တလေးက တပေါင်းလမှာပင် နွေပူ၍ ညချမ်းသည်။ ယခုတော့ ရာသီဥတုတွေ ဖောက်ပြန်ကုန်ဟန် တူပါသည်။

မန္တလေးထောင် ညွှန်ရိပ်သာရောက်တော့ သူငယ်ချင်းများဖြစ်ကြသည့် ဦးမြဦးနှင့် ဦးမြသိန်းတို့က အလျင်ရောက်နေကြသဖြင့် ကြိုဆိုနေရာချထားပေးသည်။ သို့သော် မနားကြရတော့ပါ။ မျက်နှာသစ် ခြေလက်ဆေးပြီး ပြင်ဦးလွင်သို့ ဆက်ထွက်ခဲ့ကြသည်။ မန္တလေးမြို့အပြင် ရောက်သည်နှင့် ဦးမြဦးက GUIDE လုပ်တော့သည်။

"ကိုညိုမှိုင်း . . . ဒီလမ်းဘေးလက်ဝဲဘက် တစ်ကြောက အောင်ပင်လယ်လို့ ခေါ်တယ်။ မင်းတုန်းဘုရင်လက်ထက် အိမ်ရှေ့စံ ကနောင်မင်းသားကြီး ရေမြုပ်ဗုံး စမ်းသပ်တဲ့နေရာပေါ့"

"သြော် . . . ဟုတ်သလား။ ကျွန်တော်က မြန်မာပြည်အထက်ပိုင်းကို တစ်ခါမှ မရောက်ဖူးဘူးဗျာ။ ထနောင်းပင်တောင် မြင်ဖူးတာမဟုတ်ဘူး။ ထောင်မှူးကြီး အပြောကောင်း၊ အရေးကောင်းလို့ လာချင်နေတာပါ။ ကျွန်တော်သိသလောက်တော့ သာသနာပိုင်ဆရာတော် တားမြစ်တာနဲ့ မင်းတုန်းမင်းကြီးက ရေမြုပ်ဗုံးတီထွင်မှုကို ရပ်ခိုင်းတယ်ဆိုလားပဲ"

"ဟုတ်ပါ့ဗျာ . . .။ သာသနာရေးနဲ့ နိုင်ငံအရေး ရောထွေးသွားတော့ ကျုပ်တို့နိုင်ငံကြီး ပြန်လည်မခုခံနိုင်ဘဲ ကျွန်သဘောက်ဘဝ ရောက်ရတော့တာပေါ့။ ရေမြုပ်ဗုံးသာ အောင်မြင်ရင် ရေဝတီကတက်လာတဲ့ အင်္ဂလိပ်ရေတပ်ကို ဘယ်မှုမလဲ။ ကြည်းတစ်တိုက်ပွဲမှာတော့ မြန်မာက နယ်မြေကျွမ်းလို့ သာတယ်ဗျ"

ရွှေပြည်သာ ဝင်းနိုင်ကြီးက ဗလကောင်းကောင်းနှင့် အားရပါးရ မှတ်ချက်ချသည်။

"အင်း . . . အခုတော့လည်း အောင်ပင်လယ်၊ လက်နက်စမ်းသပ်ရာ NASA (USA) စခန်းကြီးဟာ လယ်ကွင်းထီးတည်း ဖြစ်ကျန်ခဲ့တာပေါ့။ အရင်က အောင်ပင်လယ်မှာ ရေကြည်အိုင်စခန်းလို လက်မရှံ့တောင်ကြီးလည်း ရှိသေးသဗျ။ ထောင်ထဲရောက်ပြီး မပြန်နိုင်တော့တဲ့ နာမည်ကြီးမင်းဆွေမင်းမျိုး အရာရှိကြီးတွေ ချုပ်နှောင်တဲ့ ထောင်ကြီးပေါ့။ အင်္ဂလိပ်သာသနာပြု ဆရာယုဒသန်တောင် ဒီအောင်ပင်လယ်ထောင်ကြီးမှာ ချုပ်နှောင်ထားခံခဲ့ရဖူးသတဲ့"

ဦးမြဦးက အဆိုပြုပြန်သည်။







www.burmeseclassic.com

www.burmeseclassic.com



ဦးတင်ထွန်း(စိတ်ကူးသစ်စာပေ)ကလည်း မှတ်ချက်ပြုပြန်သည်။

"ဟုတ်မှာပါ . . . ဆရာ၊ ကုန်းဘောင်ခေတ်၊ ကြေးတိုက်ခေါ် အကျဉ်းစခန်းတွေက အတော်ရက်စက်တာပဲ။ ဒါကြောင့် ထောင်မှူးကြီးရေးတဲ့ 'မြန်မာနိုင်ငံအကျဉ်းထောင်များ၏ နောက်ခံသမိုင်း' စာအုပ်ထဲမှာ ထောင်ဆိုသည်မှာ မိမိအာဏာရစဉ်က လက်နက်တစ်ခုဖြစ်သော်လည်း မိမိအာဏာမဲ့သောအချိန်တွင် ပြန်လည်ခံစားရမည့် အကျဉ်းစခန်းတစ်ခုဖြစ်သည်လို့ နိဂုံးချုပ် ဖော်ပြထားတာပဲ။ အလွန် သံဝေဂယူဖို့ ကောင်းတဲ့နေရာကြီးပဲနော်"

ဦးမြဦးက . . .

"ဒါ အမှန်ပဲပေါ့ဗျာ။ နိုင်ငံတကာမှာ ကြည့်ကြည့်၊ မြန်မာမှာပဲ ကြည့်ကြည့်၊ ရာဇဝင်သမိုင်း အထောက်အထားတွေ ရှိပါတယ်။ တစ်ပြန်တစ်လှည့်စီပေါ့။ အာဏာဆိုတာ အလွန်ကြောက်ဖို့ကောင်းပါတယ်။ ပြင်သစ်စစ်ဘုရင် နပိုလီယန်တောင် အာဏာသိမ်းအဖမ်းခံရပြီး နောက်ဆုံး စိန့်ဟယ်လင်နာကျွန်းမှာ အာဆင်းနစ်အဆိပ်ကျွေးပြီး အသတ်ခံရတာပဲ။ နမူနာနဲ့ သင်ခန်းစာ ယူစရာပေပဲ"

"မြန်မာမှာလည်း ကြည့်ပါလား"

"ဟိုး . . . ဆရာ . . . ဟိုးထား . . . မပွင့်လင်းသေးဘူး . . . ရပ်ထားဦး"

ကျွန်တော်ကတားတော့ ရွှေပြည်သာက လူမိုက်ကြီးဝင်းနိုင်က–

"အစ်ကိုကြီးက ခေတ်နောက်ကျနေတာပဲ။ ဂျာနယ်တွေ၊ စာစောင်တွေမှာ ရေးနေကြတာပဲ။ ဘာ မပွင့်လင်းစရာရှိသလဲ"

"ကဲ . . . ထားပါဦးဗျာ၊ စကားတွေ လွန်ကုန်မယ်။ ဟောဟိုရှေ့က ကျောက်မီးတာဆုံမှာ အကြော်စားကြမယ်။ ပဲဆီသန့်သန့်နဲ့ ကြော်ထားတာမို့ တအားစားကောင်းတယ်။ နွားနို့စစ်စစ်နဲ့ မလိုင်ပါတဲ့ လက်ဖက်ရည်ကလည်း အလွန်ဆိမ့်ဗျာ"





စကားဝိုင်း တိတ်သွားပြီ။ ကျွန်တော်တို့ ကားပေါ်ကဆင်း၍ အားရပါးရ အကြော်စားကြသည်။ ကိုဝင်းနိုင်ကြီးက အရက်သမားပီပီ အညာထန်းရည်စစ်စစ် မေးသော်လည်း အချိန်စောသေး၍ မရသေးပါ။ စားသောက်ပြီး ကျွန်တော်တို့ တောင်ပေါ်စတက်ခဲ့ကြသည်။ ဇီးတောကြီးကိုလွန်တော့ တမာကုန်း၊ အမျိုးသမီး ကျောက်ထုတ်ရဲဘက်စခန်းများအား ဦးမြဦးက လမ်းညွှန်ပြသည်။ ပြင်ဦးလွင်တောင်တက်ခရီးမှာ ယခင်လို စိမ်းစိမ်းစိုစို မရှိတော့။

လမ်းဘေးတွင် ကျောက်တောင်များနှင့် ဝါးရုံ၊ ချုံပုတ်များ ဝါထိန်ပြီး ခြောက်သွေ့နေသည်။ ရာသီက နွေဦးကာလပင် ရှိသေးသည်။ အအေးဓာတ်က မထွေးပတ်နိုင်တော့။ ရေဝေသစ်တောကြီးက မရှိတော့ပြီ။ ပတ်ဝန်းကျင်က ကျောက်တောင်၊ တောင်ခေါင်းတုံး၊ အိမ်ခြေများကတော့ တိုးတက်လာသည်။ လမ်းမှာ တောင်ဆင်းတောင်တက် (၂) လမ်း၊ (၂) မိုင်အထိ စိမ့်အေးသောအရသာကို မခံစားရတော့။ မန္တလေး–ရန်ကုန် ရာသီဥတုအတိုင်းပင် မထူးခြားတော့။ ဝယ်၍မရသော ရာသီဥတုကို ဆုံးရှုံးရချေပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

|၃|

❑

ပထမဆုံး ပြင်ဦးလွင်တောင်ပေါ်ရှိ နီးဘုရားကြီးအား ဝင်၍ ဦးတိုက်ကန်တော့ရပါသည်။ ပတ်ဝန်းကျင်မှာ တောင်တန်း၊ တောင်စွယ်များ ဝိုင်းရံနေသော်လည်း တောင်ခေါင်းတုံးများသာ။ ဤသို့ဖြင့် ရက္ခဗေဒဥယျာဉ်ရောက်သည်အထိ ပြင်ဦးလွင်၏ အေးစိမ့်သာယာသည့်အရသာကို မခံစားရတော့။ 'ဥတုရာသီ တောကို မှီ၏။

သစ်တောစိမ်းမှ စမ်းရေရ၏' ဟူသော ဆောင်ပုဒ်များ၊ သစ်တောကြီးနှင့်အတူ ပျောက်ကွယ်သွားချေပြီ။ ဤကိစ္စမှာ နိုင်ငံတော်အကြီးအကဲ၊ လုပ်ပိုင်ခွင့် အာဏာရှိသူများနှင့် သက်ဆိုင်ပေလိမ့်မည်။ ဆွေမျိုးပေါက်ဖော်များ၏ နိုင်ငံအချင်းချင်း ကိုယ်ချင်းမစာ၊ စီးပွားရှာမှုများကြောင့်လည်း ဖြစ်သည်။

ဖေဖော်ဝါရီ (၆) ရက်ခန့်က ထုတ်သော ဂျာနယ်တစ်စောင်တွင် သစ်ပင်ကြီးများ ခုတ်လှဲခွင့်ကို ရပ်ဆိုင်းထားသော်လည်း တစ်ဖက်နိုင်ငံက လက်နက်ကိုင်အင်အားဖြင့် ဝင်ရောက်ခုတ်လှဲပြီး သစ်တောဝန်ထမ်းများကိုပါ





သတ်ဖြတ်သွားကြောင်း သတင်းကို စိတ်မကောင်းစွာ ဖတ်လိုက်ရသည်။ ယခင် သစ်ခိုးခုတ်ရာမှ ယခုတော့ နိုင့်ထက်စီးနင်း ဓားပြပင် တိုက်ချေပြီ။ မည်သူ့တွင် တာဝန်ရှိပါသနည်း။

ကျွန်တော် ထွေရာလေးပါး စဉ်းစားဆင်ခြင်ပြီး ပြင်ဦးလွင်၏ ရာသီဥတုကိုပင် ပြောင်းလဲပစ်သော စီးပွားရေးသမားများကို ရွံမုန်းမိသည်။ တိုင်းတစ်ပါးသားများ၊ မြန်မာပြည်ကိုအုပ်စိုးသည့် ကာလကပင် တောမပြုန်းခဲ့။ ရာသီဥတု မဖောက်ပြန်ခဲ့။ ဤသို့ တောပြုန်းအောင် ခုတ်လှဲပစ်တော့ နိုင်ငံတော်အတွက် အကျိုးရှိပါသလော။ ဝိသမစီးပွားရေးသမားများအတွက်သာ အကျိုးရှိပါသည်။

မြန်မာသစ်တောလည်း တောင်ခေါင်းတုံးဖြစ်ပြီး သစ်လုပ်ငန်းလုပ်ကိုင်သူတိုင်း ချမ်းသာကြီးပွားကြသည်။ အစွယ်အပွားလုပ်သူ၊ လုပ်ပိုင်ခွင့်ပါမစ်ရသူများ ကြီးပွားချမ်းသာကြသည်။ မြန်မာပြည်တွင် ချမ်းသာကြီးပွားသူများ လွန်စွာ ပေါများလာသည်။ တိုက်သစ်များ၊ ကားသစ်များ ပေါများလာသည်။

ကားများ ပေါများလွန်းသဖြင့် ကားလမ်းကို ဖြတ်ကူးရန်ပင် ငါးမိနစ် (၁၀) မိနစ် အချိန်ယူစောင့်ရသည်။ ထိုကားများမှာ သစ်လုပ်ငန်းမှရသောငွေဖြင့်ဝယ်သည့် ကားများ၊ တိုက်များသာ ဖြစ်ချေသည်။ အခြေခံလူတန်းစားကတော့ ဘတ်စ်ကားတိုးစီးရသော အခြေအနေက မတက်ပါ။ တိုင်းပြည်ကြီး ဘာတွေ တိုးတက်နေပါသနည်း။

ကျွန်တော့်အတွေးတွေ လွန်ကုန်ပါပြီ။ နေ့လယ်စာစားချိန်ရောက်သဖြင့် ကျွန်တော်တို့ စာရေးဆရာအဖွဲ့ ပြင်ဦးလွင်မြို့လယ် တရုတ်ဆိုင်ကြီးတစ်ဆိုင်တွင် ဝင်စားကြတော့ ဆိုင်တွင်းဝင်၍ အလှူခံသော ကိုရင်ကလေးများ၊ ဘွားသီလရှင်များနှင့် ကြုံရသည့်အပြင် တောင်းစားသူများကလည်း တစ်ယောက်ပြီးတစ်ယောက် ။ ထိုအချိန်တွင် လုပ်ငန်းရှင်သူဌေးကြီးတစ်ဦး၏ အလှူဟုသိရသော ရှင်ပြုအလှူပွဲကြီးကြီးမှာ (၁)မိုင်ခန့်ရှည်လျားပြီး မြိမ့်မြိမ့်သဲသဲ စည်ကားလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့က ဆိုင်းဝိုင်းကြီးဖြင့် ယာဉ်တန်းရှည်ကြီး၊ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်များ။ အလယ်က ကကြိုးတန်ဆာဆင်၍ မောင်ရင်လောင်းများ တင်ဆောင်လာသော လွန်စွာလှပသည့် ဆင်ကြီး (၂) စီး။ နောက်က မြင်းများ၊ ဒိုးပတ်ဝိုင်းများနှင့် လမ်းလျှောက်အဖွဲ့၊ လွန်စွာ ကြီးကျယ်ခမ်းနားပြီး စည်ကားလှသည်။ လူတန်းစားမှာ မညီမျှဘဲ လွန်စွာ ကွာခြားလှသည်။

ကျွန်တော် နေ့လယ်စာစားရင်း အတွေးရေယာဉ်ကြောတွင် နစ်မြောနေမိရာက လှုပ်ရှားစကားများ ရန်ဖြစ်နေသံကြားရသဖြင့် ကြည့်မိတော့ တစ်ဖက်အရက်ဝိုင်းတွင် ရန်ဖြစ်နေသံများ။ ရန်ဖြစ်နေသူများက တစ်လမ်းလုံး တစ်ခုံတည်းစီး၍ လည်ပင်းဖက်နေကြသော အစ်ကိုကြီး ညီလေးအတွဲ၊ မောင်ညိုမှိုင်း (သံနှလျှင်)နှင့် ဝင်းနိုင် (ရွှေပြည်သာ)တို့ အတွဲဖြစ်သည်။ ဘာကာစ ဘယ်လိုဖြစ်ကြသည်မသိ။ ဖျန်ဖြေ၍မရ။ ကိုယ်ထိလက်ရောက်တော့ မဖြစ်ပါ။ ခွန်းကြီးခွန်းငယ် ပြောဆိုကြခြင်းသာဖြစ်သည်။ မကြာပါ။ ဝင်းနိုင်က ဆက်မလိုက်ဘဲ ပြန်မည်ဆိုပြီး ထ,ထွက်သွားသည်။

မောင်ညိုမှိုင်းအား ချော့ကြတော့ ပျော့သွားပြီး အပြင်ထွက် ဝင်းနိုင်နောက်လိုက်သည်။ ရွှေပြည်သာကြီးကလည်း ဆိုင်ရှေ့တွင် ရစ်သီရစ်သီနှင့် ဆုံကြပြီး မကြာခင် လည်ပင်းဖက်၍ တစ်ယောက်ပါး တစ်ယောက်နမ်းကာ ပခုံးဖက်၍ ဆိုင်တွင်း ပြန်ဝင်လာကြသဖြင့် ကျွန်တော်တို့ လက်ခုပ်တီး၍ ကြိုဆိုပါသည်။ ရေးဖော်ရေးဖက် ညီအစ်ကိုတွေ မဟုတ်ပါလား။ ခွင့်လွှတ်နားလည်ကြရပေမည်။

ကျွန်တော်တို့ ပြင်ဦးလွင်က အပြန်တွင် ရန်ကင်းတောင်နှင့် မန္တလေးတောင်ပေါ်သို့ ကားဖြင့် တက်ကြသည်။ ယခင်က ကုန်းကြောင်းတက်ရ၍ အလွန်ကြာသော်လည်း ယခုတော့ အလွန်မြန်ကြသည်။ ကျွန်တော်တို့စီးသောကားက Super Custom .3.0 DIESEL ဖြစ်သဖြင့် အင်ဂျင်ပါဝါကောင်းပြီး ကားမောင်းသူ ကိုဇော်ကြီးကလည်း ကျွမ်းကျင်သဖြင့် အဆင်ပြေသည်။





လမ်းက အတော်မတ်စောက်သည်။ အတက်ကြမ်းကြမ်း၊ အဆင်းခက်ခက် လမ်းမျိုးဖြစ်သည်။

အလှူငွေထည့်၊ ဘုရားဝတ်ပြုပြီး အကျဉ်းထောင်တည်းခိုရိပ်သာ ပြန်ရောက်တော့ မိုးက ချုပ်ချေပြီ။ ရေချိုးပြီး အဝတ်အစားလဲကြသည်။ ပြီးနောက် ညစာစားရန် ထွက်ခဲ့ကြသည်။ ယနေ့တော့ လမ်းလျှောက်ကြပြီး အနီးအနားဆိုင်တွင် စားကြသောက်ကြသည်။ မန္တလေးတောင်မှ အသိမိတ်ဆွေများ လာရောက်နှုတ်ဆက်ကြသည်။

စားသောက်ပြီး ရိပ်သာပြန်ရောက်တော့ အခန်းနေရာယူကြသည်။ ကျွန်တော့်အတွက် ခုတင်နေရာမရှိပါ။ လူက (၉) ယောက်၊ ကျွန်တော်တို့အုပ်စုက (၈) ယောက်ဖြစ်သော်လည်း ထောင်ပိုင်ဦးမြသိန်းက အရင်ရောက်နေသဖြင့် တစ်ယောက်ပိုနေပါသည်။ ကျွန်တော်က လူရင်းဖြစ်သဖြင့် ဧည့်သည်များကို ဦးစားပေးရပေသည်။ မောင်ညိုမှိုင်းကတော့ သူနှင့်အတူ လာအိပ်ရန် ခေါ်ရှာသည်။

သို့သော် သူတို့အခန်းက ရွှေပြည်သာဝင်းနိုင်၊ ကိုနန်းထိုက်စိုး မောင်ညိုမှိုင်းတို့ ခုတင် (၃)လုံးရှိသဖြင့် အခန်းက ကြပ်နေသည်။ ထိုအချိန်တွင်မှ ဦးမြဦးက ကျွန်တော့်အား ဧည့်ခန်းမကြီးဆိုဖာပေါ်တွင် နေရာပေးသည်။ ထိုအချိန်တွင်မှ ဦးမြသိန်းက ကျွန်တော့်အား ညွှန်ချုပ်ကြီးလာလျှင်တည်းသော အခန်းအားဖွင့်ခိုင်းပြီး နေရာပေးပြန်သည်။ ထိုအခန်းမှာ မင်္ဂလာဆောင်သတို့သား၊ သတို့သမီးအိပ်ခန်းလို ပြင်ဆင်ထားသဖြင့် ကျွန်တော် မအိပ်လိုပါ။ ထို့ကြောင့် ဦးမြဦးက . . .

"ကိုသိန်းဝင်း . . . ကျွန်တော် ဧည့်ခန်းမှာပဲ အိပ်တော့မယ်။ ခင်ဗျား ဦးမြသိန်းနဲ့အတူ ကျွန်တော့်ခုတင်မှာ အိပ်ပါ"

"ကျေးဇူးပဲ . . . ကိုမြဦး"

"ကိုသိန်းဝင်း . . . ခင်ဗျားတစ်ယောက်တည်းအိပ်ရမှာ ကြောက်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



''ပင်ပန်းလွန်းလို့ ကြောက်စိတ်လည်း မရှိပါဘူးဗျာ။ အိပ်လိုက်ရင် တစ်ချိုးတည်း ပျော်မှာ''

''ဟဲ ...ဟဲ ...အကြောင်းသိတွေဆိုတော့ တွေးကြည့်ရင် ကြောက်စရာပဲ။ ဒါပေမဲ့ ယူနီဖောင်းဝတ်တွေပဲဗျာ။ အကြောက်တရားကို မေ့ထားစမ်းပါ။ ကျွန်တော် ဒီရိပ်သာမှာ တည်းရင် ဧည့်ခန်းမကြီးမှာ တစ်ယောက်တည်း အိပ်နေကျပါ။

ဦးမြဦးနှင့် ဦးမြသိန်းတို့က နှစ်ယောက်ပေါင်း၍ အရက်သောက်ရန် ထွက်သွားကြပြန်သည်။ အခြားသူများကတော့ အခန်းတံခါးပိတ်၍ အသီးသီး အိပ်ပျော်သွားကြပေပြီ။ ကျွန်တော်တစ်ယောက်တည်း မအိပ်ရသေးဘဲ ကျန်ခဲ့သည်။

အကြောင်းသိ ကျွန်တော် မျက်နှာသစ်၊ သွားတိုက်ပြီး ဘုရားဝတ်ပြု၍ အိပ်ရာဝင်ခဲ့သည်။ အခန်းမီးပိတ်၍ ဦးမြသိန်းတို့ပြန်လာလျှင် အလွယ်တကူ ဝင်နိုင်စေရန် အခန်းတံခါးမကြီးကို စေ့ရုံသာ စေ့ထားသည်။ ဝေနေယျသတ္တဝါအပေါင်းနှင့် မကျွတ်မလွတ်သေးသူများအား မေတ္တာပို့ အမျှဝေသည်။ မကြာမီ ခရီးပန်းသောကြောင့် ကျွန်တော် မေးခနဲ အိပ်ပျော်သွားပါသည်။

အကြောင်းဆုံ၍ ကျွန်တော်တို့ အိပ်စက်နေသော မန္တလေးထောင်သစ်အကြောင်းကို အနည်းငယ်တင်ပြရန် ကျန်ရှိနေပါသည်။ ၁၉၉၁ ခုနှစ်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက မန္တလေးအကျဉ်းထောင်ဟောင်းမှာ အင်္ဂလိပ်ခေတ်ကတည်းက တည်ဆောက်ခဲ့သော ထောင်ဟောင်းကြီးဖြစ်ပြီး မြန်မာတို့၏ နောက်ဆုံးဘုရင် နန်းစံခဲ့သော နေရာဖြစ်ရုံမက မြန်မာ့ယဉ်ကျေးမှု အချက်အချာ နန်းမြို့ရိုးအတွင်း၌ တည်ရှိခြင်း၊ အချုပ်သား၊ အကျဉ်းသား အင်အားများပြားလာခြင်း၊ မတင့်တယ်တော့သောကြောင့် နန်းမြို့အပြင်တွင် နေရာရွှေ့ရန် မန္တလေးထောင်အုပ်စု ညွှန်ကြားရေးမှူးအား ညွှန်ကြားသဖြင့် အသေးစိတ် စီမံချက်ရေးဆွဲပြီး တာဝန်ရှိသူများ ပူးပေါင်း၍ နေရာရှာကြပါသည်။





(က) ရန်ကင်းတောင်အရှေ့၊ ရေတံခွန်တောင်ခြေရှိ မြေနေရာ၊

(ခ) သခင်မတောင်အနီး ကြာနီကန်ကျေးရွာရှိ မြေနေရာ၊

(ဂ) မန္တလေးမြို့မြောက်ပြင်ရပ် အိုးဖိုဘူတာအနီးရှိ ခံကုန်းသင်္ချိုင်းဟောင်း၊ မီးသင်္ဂြိုဟ်စက်မြေနေရာဟူ၍ ဖြစ်သည်။

နောက်ဆုံး အများသဘောတူချက်အရ (၁၁-၈-၁၉၉၂) ရက်နေ့တွင် တိုင်းမှူးမှ အထက်ဖော်ပြပါ နေရာ (၃)ခုအနက် ပုသိမ်ကြီးမြို့နယ် (ယခုအောင်မြေသာဇံမြို့နယ်) အောင်ချမ်းသာ၊ ကျေးရွာအုပ်စု ပတ္တမြားတောရပ်ကွက်၊ ကွင်းအမှတ် (၄၅/၄၄၇) ရှိ ယခင်ခံကုန်းသင်္ချိုင်း မြေနေရာအပါအဝင် လယ်မြေများအား မန္တလေးအကျဉ်းထောင်သစ်ဆောက်လုပ်ရန် အတည်ပြု သတ်မှတ်ခဲ့ပါသည်။

ယခု ကျွန်တော်တို့ အနားယူအိပ်စက်နေသော မန္တလေးဗဟိုအကျဉ်းထောင်သစ် ဧည့်ရိပ်သာအဆောက်အဦမှာ သေဆုံးသွားကြပြီဖြစ်သော အလောင်းများစွာအား သင်္ဂြိုဟ်ရာ မီးသင်္ဂြိုဟ်စက်နေရာဖြစ်ကြောင်း ကျွန်တော်တို့ အကျဉ်းဦးစီးဌာနနှင့် မန္တလေးမြို့သူမြို့သားများ သိထားသောကြောင့် ဖြစ်ပါသည်။

သို့သော် ကျွန်တော် မနေ့ညက ကားပေါ်တွင် အိပ်ရေးပျက်ပြီး ခရီးပန်းသောကြောင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားသော်လည်း မုဆိုးလုပ်ခဲ့သူဖြစ်သောကြောင့် ကြက်အိပ်ကြက်နိုး သတိက အမြဲတမ်းရှိနေပါသည်။

''ကျွီ ...ဟီ ...ဟီ ...''

မှောင်ထဲ၌ စေ့ထားသော တံခါးမကြီး ပွင့်သံကြားရသဖြင့် လန့်နိုးသည်။ အိပ်ရာပေါ်က သတိနှင့် စောင့်ကြည့်နေသည်။

အခန်းထဲသို့ မည်းမည်းအရိပ်နှစ်ခု တိတ်ဆိတ်စွာ ဝင်လာသည်။ အသင့်ဆောင်ထားသော လက်နှိပ်ဓာတ်မီးကလေးဖြင့် ထိုးကြည့်လိုက်တော့ ..

''ကျုပ်တို့ပါဗျ။ ကိုသိန်းဝင်း ...လန့်သွားသလား''

ကိုမြသိန်းအသံ ...



www.burmeseclassic.com

www.burmeseclassic.com



''တံခါးဖွင့်သံကြားလို့ လန့်နိုးတာပါဗျာ''

ကျွန်တော် အပေါ့အပါးသွား၍ ပြန်အိပ်တော့ သူတို့ ထွက်သွားကြပြန်သည်။ မကြာမီ ကိုမြသိန်းတစ်ဦးတည်း ပြန်ရောက်လာပြီး . . .

''ကိုသိန်းဝင်းရေ . . . အိပ်ပျော်ပြီလား။ ဒီမှာ ဦးမြဦးက ညွှန်ချုပ်အိပ်ခန်းမှာ မအိပ်ချင်ဘူးဆိုပြီး စည်းဝေးခန်းမကြီးအထဲက ဆိုဖာပေါ်မှာ ပန်ကာတွေ၊ မီးတွေ အကုန်ဖွင့်ပြီး အိပ်နေလေရဲ့။ အရက်သောက်ထားတော့ တော်ကြာ လေဖြတ်သွားရင် အခက်ပဲ''

''အဲဒါဆို . . . လာ . . . ကိုမြသိန်း ကျွန်တော်တို့ သွားခေါ်ကြမယ်''

''အေး . . . အဲဒါ ကောင်းတယ်''

ကျွန်တော် အိပ်ရာထပြီး ကိုမြသိန်းနှင့်အတူ အစည်းအဝေးခန်းမကြီးဆီသို့ လှမ်းခဲ့ကြသည်။ စင်္ကြံလမ်းကို ဖြတ်သန်းခဲ့တော့ ခရီးဖော်စာရေးဆရာများ၏ ဟောက်သံက စည်းချက်ကျကျ ထွက်ပေါ်နေသည်။ အစည်းအဝေးခန်းမကြီးထဲရောက်တော့ ဦးမြဦး ဆိုဖာရှည်ကြီးအပေါ်၌ မအိပ်သေးဘဲ လူးလွန့်နေသည်။

''ကဲ . . . ကိုမြဦးရေ . . . ထဗျာ . . . အခန်းထဲ သွားအိပ်ရအောင်။ ဒီအခန်းကြီးထဲမှာ ပန်ကာတွေ အကုန်ဖွင့်ပြီး အိပ်ရင် ခင်ဗျား လေဖြတ်သွားလိမ့်မယ်''

''ရပါတယ် . . . ကိုသိန်းဝင်းရယ်၊ ကျွန်တော် အိပ်နေကျပါ''

''မဟုတ်သေးဘူး ကိုမြဦးရဲ့၊ အရက်သောက်ထားတယ်။ ပန်ကာတွေ ဖွင့်ထားတယ်၊ အဲဒါ အန္တရာယ်ရှိတယ်။ အသက်အရွယ်က စကားပြောလာမှာ၊ (၆၀) ကျော်နေပြီလေ။ အရင်လို မဟုတ်တော့ဘူး။ ကျန်းမာရေးကို ဂရုစိုက်ပါ''

''ရတယ် . . . ကိုသိန်းဝင်းနဲ့ ကိုမြသိန်း၊ ခင်ဗျားတို့ ပြန်အိပ်ကြပါ။ မနက်ဖြန်မနက် (၇) နာရီလောက်မှာ မန္တလေးထောင်ပိုင်ကြီးတို့ စာအုပ်





လှူဒါန်းပွဲအခမ်းအနား ဒီအစည်းအဝေးခန်းမမှာ လုပ်မယ်။ ကဲ . . . ပြန်အိပ်ကြတော့။ ကျွန်တော့်အတွက် မပူနဲ့''

''ကိုမြဦးက ထွန်းလှစိန်ကြီးနဲ့ အဖော်လုပ်ပြီး အိပ်မလို့လား။ တော်ကြာ ကရင်ထောင်ပိုင်က အရက်မဝလို့ဆိုပြီး ခင်ဗျားကို ရန်လုပ်နေဦးမယ်။ ဟား . . . ဟား . . . ဟား . . .''

ကိုမြသိန်းက စသည်။

''ဘော်ဒါချင်းပဲဗျာ . . . ရတယ်။ အေးဆေးပါ။ ကဲ . . . ပြန်ကြတော့။ ကျွန်တော် အဲဒါတွေ ဂရုမစိုက်ပါဘူး''

ကျွန်တော်နှင့် ကိုမြသိန်း အခန်းပြန်ပြီး အိပ်ရာဝင်ကြသည်။ ကိုမြသိန်း အရက်မူးမူးဖြင့် ချက်ချင်း အိပ်ပျော်သွားသည်။

ကျွန်တော် မျက်စိကြောင်နေပြန်သည်။ မန္တလေးထောင်ပိုင်ကရင်ကြီး ဦးထွန်းလှစိန်အကြောင်း တွေးနေမိသောကြောင့်ဖြစ်သည်။ သူက ကရင်လူမျိုးပီပီ တဖွတ်ထိုးကြီး။ အိုးဘိုထောင်သစ်စ၌ မြေရှင်းစဉ်အချိန်၊ ရပ်ရွာလူကြီးမိဘများက သင်္ချိုင်းမြေဖြစ်၍ မေတ္တာပို့အမျှဝေရန် မြေလှန်ခြင်းမပြုရန် အကြံပေးကြသည်။ သူက ကရင်လူမျိုး ခရစ်ယာန်ဘာသာဝင်ပီပီ အယုံအကြည်မရှိ နားမထောင်၊ မြေလှန်ပြီး မီးရှို့သည်။

ညောင်ရိပ်သာကိုပင် အုတ်ခဲမသုံး၊ ကျောက်တုံးများဖြင့် ခံကုန်းသင်္ချိုင်း၊ မီးသဂြိုဟ်စက်နေရာပေါ်တွင် အကျအနဆောက်သည်။ မကြာပါ။ ထောင်သစ်ကြီးမပြီးမီ ရုတ်တရက် သူဆုံးပါးသလို သူ့သမီးလည်း ဆုံးပါးသွားရှာသည်။ တိုက်ဆိုင်မှုထက်တော့ အဆင့်ကျော်နေပါသည်။ ထို့ကြောင့် ရပ်ရွာက ပြောကြသည်။ ရှေးထုံးကိုလည်း မပယ်နဲ့တဲ့လေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

ကျွန်တော် စဉ်းစားရင်း အိပ်ပျော်သွားသည်။ ထွန်းလုစိန်ကြီးမှာ ကျွန်တော်နှင့် ကိုမြဦး၊ ကိုမြသိန်းတို့နှင့် ထောင်မှူးသင်တန်း အပတ်စဉ်တူ သူငယ်ချင်း အရင်းအချာများဖြစ်ကြပါသည်။

တဟောက်ဟောက် ရေကျနေသံကြောင့် ကျွန်တော် လန့်နိုးပြန်သည်။ ကိုမြသိန်း ရေချိုးခန်းဝင်ရင်း ဘုံဘိုင်ခေါင်း မပိတ်ခဲ့ဟန်တူပါသည်။ ကျွန်တော် အိပ်ရာမှထ၍ ရေချိုးခန်းဝင်တော့ လက်ဆေးဇလုံ(သတ္တုဘေဇင်)ပေါ်ရှိ ဘုံဘိုင်ခေါင်းမှာ အကျအနပိတ်လျက်၊ ရေတစ်စက်မှ မကျပါ။ ကျွန်တော် ပြန်ထွက်ခဲ့သည်။ ရေချိုးခန်းမီးကတော့ ထွန်းလျက် ကျွန်တော် ခုတင်အနီးရောက်တော့ မီးပျက်သွားသည်။ တစ်ခန်းလုံး မှောင်မည်းနေသည်။ တစ်ဖက်ခုတင်ပေါ်၌ ဦးမြသိန်းက တခူးခူးဟောက်၍ အိပ်ပျော်နေသည်။

ကျွန်တော် ခြင်ထောင်တွင်းရောက်၍ လှဲချလိုက်တော့ အိမ်သာခန်းထဲမှ ကမုတ်အိုးကို ရေဆွဲချသံ 'ဝေါ' ခနဲ ကြားလိုက်ရသည်။ ကျွန်တော် အပေါ့မသွားခဲ့ပါ။ မကြာပါ။ မီးပြန်လာသည်။ ကျွန်တော်လည်း ထွေထွေရာရာ





တွေး၍ ဂရုမစိုက်တော့၊ အိပ်ချလိုက်ပါတော့သည်။ မနက်(၆)နာရီခန့် ကိုမြသိန်းက ကျွန်တော့အား လာနှိုးသည်။

"ကိုသိန်းဝင်း ... ထပါဦးဗျ။ ဟိုမှာ ကိုမြဦးကြီး ဆိုဖာပေါ်က လိမ့်ကျပြီး ခြေထောက်ကြီး ရောင်ကိုင်းနေတယ်။ ကရင်ကြီးတွန်းချတာလို့ တတွတ်တွတ် ပြောနေတယ်။ မျက်နှာသစ်ရအောင် ကျွန်တော်တို့သွားပြီး တွဲခေါ်ကြမယ်။ တော်ကြာ စာအုပ်လှူဒါန်းပွဲက စတော့မှာ။ လာပါဗျာ"

ကျွန်တော် အိပ်ရာသိမ်း၊ မျက်နှာသစ်ပြီး ချက်ချင်း လိုက်ခဲ့ပါတော့သည်။ အစည်းအဝေးခန်းထဲရောက်တော့ ကိုမြဦး ဆိုဖာပေါ်၌ ထိုင်နေသည်။ မထနိုင်။ ညာဘက်ခြေမျက်စိအောက်တွင် ရောင်ကိုင်းပြီး ဖားခုံသှင်းလို ဖောင်းဖောင်းကြီးဖြစ်နေသည်။ မျက်နှာကလည်း မသာယာပါ။

"ကိုမြဦး ... ဘာဖြစ်တာလဲဗျ"

"ညသန်းခေါင်လောက်မှာ ကရင်ကြီးလာတယ်။ ကျွန်တော် အိပ်ပျော်နေပြီ။ အဲ့ဒါ နှိုးတာနဲ့ နိုးတော့ အရက်တောင်းသောက်တယ်။ ကျွန်တော်လည်း တစ်ရေးနိုးရင် သောက်ဖို့ အရက်တစ်စိတ်လောက် ချန်ထားတာ။ သူ့ကိုပေးလိုက်တော့ ပုလင်းလိုက်အကုန်မော့ပြီး မဝဘူးလို့ပြောတယ်။ ကုန်ပြီဆိုတော့ စိတ်ဆိုးပြီး ကျွန်တော့်ကို ဆိုဖာပေါ်က တွန်းချသွားတာ။ ညကမနာလို့ ပြန်အိပ်နိုင်ပေမဲ့ အခုမနက်မှ ခြေထောက်ကြီးက ရောင်ကိုင်းလာတာ။ ဒီနေ့မနက် စစ်ကိုင်းဘက်သွားဖို့တောင် မလွယ်လှဘူးထင်တယ်"

"စာအုပ်လှူဒါန်းပွဲ အခမ်းအနားကလည်း ရှိသေးတယ်။ ထဗျာ၊ ကျွန်တော်တို့ တွဲမယ်၊ မျက်နှာသစ်၊ သွားတိုက်၊ ပြီးရင် မောင်ညိုမှိုင်းမှာ ဆေးဝါးအစုံပါတယ်။ လူးပေးမယ်၊ နှိပ်ပေးမယ်"

ဦးမြဦး မျက်နှာသစ်ပြီးတော့ သတင်းကြားသည်နှင့် မောင်ညိုမှိုင်းရောက်လာပြီး သူကိုယ်တိုင် ဆေးလူးပေးသည်။ ဂါထာမန္တန်များရွတ်၍ နှန့်င်းမှိုင်း တိုက်ပေးသည်။ မရောင်စေရန်ဖြစ်သည်။ သရဲတစ္ဆေဆရာက ဤနေရာတွင် အားကိုးရပါသည်။ ဦးမြဦး သက်သာသဖြင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်နိုင်ပါသည်။ မန္တလေးထောင်ပိုင်ကြီး ဦးကျော်ဝင်းက



www.burmeseclassic.com

www.burmeseclassic.com



မိန့်ခွန်းပြောသည်။ ကျေးဇူးတင်ကြောင်း ဆိုသည်။ ကျွန်တော်တို့ဘက်က လည်း လှူဒါန်းရခြင်းအကြောင်း ရှင်းပြသည်။ ဓာတ်ပုံမှတ်တမ်းများ ရိုက်ကြ သည်။ ပြီးနောက် မန္တလေးထောင်ပိုင်ကြီး ဦးကျော်ဝင်းက အပြင်ဆိုင်ထွက်၍ BREAKFAST ကျွေးပါသည်။

✿ ✿ ✿

[၅]

❑

ပြီးတော့ ကျွန်တော်တို့အုပ်စု လေ့လာရေးအဖွဲ့ခေါင်းဆောင် ဦးမြင့် ကြီးအား ကားခေါင်းခန်းသို့ တွဲတင်၍ စစ်ကိုင်းဘက်သို့ ထွက်ခဲ့ကြပါသည်။ စစ်ကိုင်းတံတားသစ်ကြီးမှ တစ်ဖက်ကမ်းသို့ ကူးသည်။ မယ်နုအုတ်ကျောင်း ဝင်၍ လေ့လာရင်း ဓာတ်ပုံများ ရိုက်ကြသည်။

အဆောက်အအုံမှာ ငလျင်ဒဏ်ကြောင့် အတွင်းပိုင်းမျက်နှာကြက် များ အက်ကြောင်းလိုက်နေသောကြောင့် အန္တရာယ်ရှိသည်ဟု ဆိုင်းဘုတ် ထောင်ထားသည်။ သို့သော် အချိန်မီ ပြင်ဆင်ခြင်းမရှိသေး။ ကမ္ဘာလှည့် ခရီးသည်များလည်း လာကြသည်။ (၈) နှစ် (၉) နှစ်အရွယ်ကလေးများ က GUIDE လုပ်ပြီး အင်္ဂလိပ်လို၊ မြန်မာလို ရှင်းပြသည်။ အုတ်ကျောင်း ထဲရောက်တော့ မင်းသားကြီး မောင်အိုနှင့် နန်းမတော်မယ်နုဇာတ်လမ်း၊ မယ်နုမှာ တန်ခိုးအာဏာ ထောင်လွှားလွန်းသဖြင့် (နု)ဟူသော စကားလုံး





ကိုပင် ပြည်သူပြည်သားများ မသုံးရ။ မန်ကျည်းရွက်နုကိုပင် မန်ကျည်းရွက် ထွင့်ဟု ခေါ်ခဲ့ရကြောင်း ကျွန်တော်နှင့် မောင်ညိုမှိုင်းတို့ ပြောဖြစ်ကြ သည်။

မယ်နုအုတ်ကျောင်းရှေ့ မျှော်စင်ကိုလည်း ဓာတ်ပုံရိုက်ကြသည်။ မျှော်စင်ကြီးမှာ ပျက်စီးယိုယွင်းနေချေပြီ။ အပေါ်တက်မရတော့။ ထိုမှ လယ် ကွင်းများအလယ်ခေါင်ရှိ 'ဘားကရာ'ကျောင်းကြီး၊ ယခင်က မင်းညီမင်းသား များ စာပေအတတ်ပညာသင်ယူရာကျောင်း၊ ယခုတော့ လေ့လာစရာ ပြတိုက် သဖွယ် ဖြစ်နေပြီ။

လမ်းက မြေလမ်း။ ဖုန်တထောင်းထောင်းဖြင့် နိုင်ငံခြားသား ညှိသည်များနှင့် တရုတ်လူမျိုးများလာကြသည်။ ကျွန်တော်တို့ တောင် သမန်အင်း၊ ဦးပိန်တံတားရောက်တော့ မယ်ဇယ်ပင်တန်းစားသောက်ဆိုင် တစ်ဆိုင်တွင် အနားယူရင်း စားသောက်ကြသည်။ ခရေပင်၊ မန်ကျည်းပင် လောက်သာ မြင်ဖူးသော မောင်ညိုမှိုင်း မယ်ဇယ်ပင်ကြီးများအား တအံ့ တသြကြည့်နေသည်။

မယ်ဇယ်ပင်ကြီးများမှာ ပင်စည် လူလေးငါးဖက်ရှိသည်။ ကိုင်း တက်ကိုက လူတစ်ဖက်ကျော်၊ ဝေဆာပြီး အရိပ်အလွန်ကောင်းသည်။ တစ် ဖက်စွန်းတွင် ဦးပိန်တံတား၊ အမရပူရနန်းတော်ပျက်က တိုင်များဖြင့် တံတား ခင်းထားသည်။ (၂)မိုင်ခန့် ရှည်ပေလိမ့်မည်။ တံတားကြီးမှာ နှစ်ပေါင်း (၁၆၀) ကျော်ပြီ။ မြန်မာ့ရတနာ ကျွန်းတိုင်များ၏အစွမ်းက အံ့မခန်း။ အခင်း နှင့်ဆင့်များကတော့ နောက်ထိုးများဖြစ်သည်။ ဦးပိန်က တာဝန်ယူဆောက် ပြီး တကယ်တမ်းက သူ့တပည့်ဘိုင်ဆပ်က ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ယနေ့ တရုတ်နှစ်သစ်ကူးနေ့ဖြစ်သဖြင့် လာရောက်လေ့လာသူများ တွင် နိုင်ငံခြားသားနှင့် မြန်မာများအပြင် တရုတ်လူမျိုးများက အများစု၊ အတ် ဖိနပ်ခံ တိုင်တံတားမဟုတ်။ တိုင်များအား ဖောက်စွပ်၍ မြေစိုက်ထည့်ထား ခြင်းဖြစ်သည်။ ယနေ့လူများလွန်းသဖြင့် တံတားကြီးမှာ ယင်းခါနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မယ်ဇယ်ပင်တန်းရိပ်ဆိုင်တွင် တောင်သမန်အင်းထွက် ငါးသစ်တုံးဟူသော ငါးလေးကြော်က အလွန်အရသာရှိသည်။ တစ်ပွဲ (၂၀၀၀) ကျပ်၊ တန်ပါသည်။ အုန်းစိမ်းရည်သောက်ရာ တစ်လုံး (၁၀၀၀) ကျပ်ကတော့ များလွန်းသည်။ စိတ်ကူးသစ်စာပေတိုက်ပိုင်ရှင် စိန်ချစ်တီး၊ အဲလေ . . . ကိုတင်ထွန်းက ဒိုင်ခံရှင်း၍သာ တော်တော့သည်။

ကျွန်တော်တို့အုပ်စုက လူများတော့ လက်ဖက်ရည်ဆိုင်ထိုင်လျှင်ပင် သောင်းဂဏန်းခန့် ရှင်းရသည်။ စစ်ကိုင်းမှ ကောင်းမှုတော်ဘုရားကြီး၊ ဆွမ်းဦးပုညရှင်ဘုရားများကို ဝင်ရောက်ဖူးမြော်စဉ် ရင်ပြင်တော်ပေါ်၌ ကားများ ရှုပ်နေပြီး ပိတ်ရပ်ထားသဖြင့် ရွှေပြည်သာ (၉) ရပ်ကွက်၊ ဥက္ကဋ္ဌလုပ်ခဲ့ဖူးသော ဝင်းနိုင်က ဟန်နှင့်ပန်နှင့် ဘုရားပေါ်ကဆင်းပြီး လမ်းပြပုလိပ်လုပ်၍ ကားရှင်းပေးရာ ကားသမားများက ဘုရားလူကြီးအထင်ဖြင့် စနစ်တကျလမ်းရှင်း၍ ဂိတ်ထိုးရပ်ပေးကြသည်။ ထို့ကြောင့် ဘုရားရင်ပြင်တော် ရှင်းသွားသည်။ အာဂဝင်းနိုင် (ရွှေပြည်သာ) ဖြစ်ချေသည်။ သူက လည်ခေါင်းတိုးရှပ်ဖြူနှင့် ပွဲကောက်ရေတံခွန်ဦးထုပ်နှင့် လူက အသားဖြူဖြူ၊ ဗလကောင်းကောင်း၊ အလျှုခံစားသည့် မိုက်ခဲပုံစံမျိုး။ တကယ်တော့ အရက်သမားကြီးလုံးလုံး။ လူပေလူတေ၊ လူတော်ကြီးဖြစ်သည်။ လူကောင်းတော့မဟုတ်ပါ။

စစ်ကိုင်းမှအပြန် မန္တလေးပြန်ရောက်တော့ မန္တလေးမြို့တွင်း ဘုရားများနှင့် မန္တလေးနန်းမြို့ရိုး၊ ကျုံးများကို လှည့်လည်ပူဇော်ကြည့်ရှုကြပြန်သည်။ မန္တလေးမဟာမြတ်မုနိဘုရားကြီး၊ လောကမာရဇိန်ဘုရားများအားဖူးမြော်ပြီး သုဓမ္မာဇရပ်ကြီးများကို လေ့လာသည်။

သုဓမ္မာဇရပ်ကြီးများမှာ တစ်ဖက်ခန့်ရှိ ကျွန်းတိုင်လုံးကြီးများဖြင့် ခိုင်ခန့်တောင့်တင်းစွာ ဆောက်လုပ်ထားသည်။ ရန်ကုန်မှာသာဆိုလျှင် အိမ်ခြေရာခြေမဲ့များအတွက် တည်းခိုခန်းများ ဖြစ်ကြပါလိမ့်မည်။ ထိုအချိန်ကျခါမှ သုဓမ္မဇရပ်ကြီးများအနီး အပွေးဖြူဖြူဖြင့် ဆူးကလေးများပါသော အမြဲစိမ်းလန်းနေသည့် ထနောင်းပင်ကို မောင်ညိုမှိုင်းအား ပြရသည်။ သူ့အတွက် အလွန်ထူးဆန်းနေရှာသည်။





ကိုမှိုင်းက ပင်ခြေပတ်ဝန်းကျင်မြေပြင်၌ တကုန်းကုန်း လိုက်ရှာနေပြန်သဖြင့် . . .

"ကိုမှိုင်း . . . ဘာရှာတာလဲ"

ဟု မေးရာ . . .

"အစေ့ရှာတာပါ။ သန်လျင်ပြန်ရောက်ရင် အိမ်ခြံထဲမှာ အမှတ်တရ စိုက်ချင်လို့"

"အစေ့ရှာရင် ဒီရာသီမှာ မရှာနဲ့။ မိုးဦးကျမှ ရနိုင်မယ်။ ဒီရာသီရှာရင် ပြည်ကြီးပျော်ဖွယ်ရုပ်နဲ့နီးတော့ မစပ်ကြီး အပင်ပေါက်တွေပဲရမယ်"

ကိုဝင်းနိုင်က နောက်ပြောတော့ မစပ်ကြီးဆိုတာ သရက်မျိုးလားဗျ။ မန္တလေး ရင်ကွဲလိုမျိုးလေ"

"ရင်တော့ ကွဲတယ်၊ အစေ့က မရှက်ဘူး။ ပြောင်ပဲ။ မင်းတုန်းမင်းကြီးနဲ့ ကနောင်မင်းကြီး ပြိုင်လုကြတာ။ ကနောင်မင်းသားကြီး နိုင်သွားတယ်။ အဲဒါနဲ့ မင်းတုန်းမင်းကြီးက သမားတော်ကြီး ဆရာခဲနဲ့ တိုင်ပင်ပြီးဆေးဝါးကူမှ မင်းတုန်းမင်းကြီး နိုင်သွားတာ"

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

ကျွန်တော်တို့ ဝိုင်းရယ်ကြတော့ သရဲတစ္ဆေဝတ္ထုသာရေးပြီး မြင်ပစာမဖတ်သဖြင့် ဗဟုသုတ အလွန်နည်းရှာသော မောင်ညိုမှိုင်းမှာ သနားစရာမျက်နှာငယ်လေးဖြင့် . . .

"ခင်ဗျားတို့ ဘာရယ်ကြတာလဲဗျ။ အခု ဘာအကြောင်းပြောပြီးရယ်နေကြတာလဲ။ ကျွန်တော် တကယ်မသိလို့ မေးတာပါဗျာ"

ကျွန်တော်လည်း မနေသာတော့ဘဲ ဝင်ပြောရတော့သည်။

"ကိုမှိုင်းရေ . . . ခင်ဗျားကို ဝင်းနိုင်က နောက်နေတာ။ မစပ်ကြီးဆိုတာ သရက်မျိုးမဟုတ်ဘူး။ မင်းတုန်းမင်းလက်ထက် မိန်းမရှင်ခေါင်းကြီး။ ထနောင်းပင်က ဒီအချိန် အပွင့်ပွင့်တယ်။ မိုးကျမှ အသီးကြွေတာ။ ကန္တရဆူးပင်တွေ၊ ဘာလုပ်မှာလဲဗျာ"

"အဲဒါဆို ကျုပ်ကို ဝင်းနိုင်က ငထုံ၊ ငအဆိုပြီး ဆော်တာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အပျော်စတာပဲ . . . ဆရာမှိုင်းရယ်၊ တောင်းပန်ပါတယ်။ ရန်ကုန်ပြန်ရောက်မှ ဆရာမှိုင်းကို 'ဆောင်းကြာမြိုင်မှတ်တမ်း' ဆိုတဲ့ စာအုပ်ကို ပေးဖတ်မယ်"

"လုပ်စမ်းပျာ . . .။ ကုန်းဘောင်ခေတ် နန်းတွင်းအရေး သိရတာပေါ့။ ကျွန်တော်လည်း စာဖတ်အားနည်းတယ်ဗျ။ ထောင်မှူးကြီးတို့လို အစိုးရစရိတ်နဲ့ မြန်မာပြည်အနှံ့ မရောက်ဖူးဘူးဗျ"

ကိုမှိုင်းက ဖျန်ဖြေသူ ကျွန်တော့်ကိုပင် အကွက်ဝင်တုန်း နှက်လိုက်ပါသေးသည်။ အပြန်တွင် ထုတ်ဝေသူ ကိုတင်ထွန်းက မန္တလေးမြို့မှ စာအုပ်ဆိုင်များသို့ဝင်သည်။ သူ၏ စိတ်ကူးသစ်စာပေမှ ဖြန့်ချိထားသော စာအုပ်တိုက်များဖြစ်ကြသည်။ ထွန်းဦးနဂါးစာပေ (၂၉-၃၀) လမ်းတွင်းဝင်ရာ စာအုပ်တိုက်ပိုင်ရှင် ဦးထွန်းဦးက ကျွန်တော်တို့အား မန္တလေး (၁၅၂) နှစ် အထိမ်းအမှတ်ထုတ်ဝေသော ဓာတ်ပုံနှင့် သမိုင်းစာအုပ်ကြီးများကို လက်ဆောင်ပေးသဖြင့် လွန်စွာတန်ဖိုးရှိသောကြောင့် ကျေးဇူးတင်ရပါသည်။ ညစာကျွေးရန်လည်း စီစဉ်နေသဖြင့် မနည်းတောင်းပန်ရသည်။ ကျွန်တော်တို့အဖွဲ့အား မန္တလေးထောင်ပိုင်ကြီးက နှုတ်ဆက်ညစာကျွေးရန် ချိန်းထားပြီး ကျွန်တော်တို့ ယခုညပင် ရန်ကုန်ပြန်ကြရန် စီစဉ်ထားသောကြောင့်ဖြစ်ပါသည်။

မန္တလေးအကျဉ်းထောင် ဧည့်ရိပ်သာသို့ ပြန်ရောက်တော့ ညနေ (၆း၃၀)၊ ညစာအား(၇)နာရီချိန်းထားသဖြင့် ရေပင်မချိုးနိုင်။ မျက်နှာသစ်၊ ခြေလက်ဆေးပြီး အဝတ်အစားလဲ၍ အထုပ်အပိုးများအား စီစစ်၍ ကားပေါ် တစ်ခါတည်း တင်သည်။ စားသောက်ဆိုင်မှာ မန္တလေးမြို့တွင်းမှာဖြစ်သဖြင့် စားသောက်ပြီးသည်နှင့် အဝေးပြေးဂိတ်သို့ တန်းဆင်းရန် ဖြစ်လေသည်။ လက်မှတ်ရထားသောကားက ည (၉း၃၀)နာရီ ထွက်မည်ဖြစ်သည်။

တရုတ်တန်းဆိုင်ကြီးတစ်ဆိုင်တွင် ထောင်ပိုင်ကြီးဦးကျော်ဝင်းက Black label ဖြင့် ဧည့်ခံပြီး စားသောက်ရင်းစကားပြောကြရာ စကားဝိုင်းကောင်းသဖြင့် ည (၉) နာရီထိုးမှ ကျွန်တော်က နာရီကြည့်၍ ထောင်ပိုင်ကြီးအား တောင်းပန်ပြီး ဝိုင်းသိမ်းရသည်။ တစ်ခါ မောင်ညိုမှိုင်းက ထိုးမုန့်ဝယ်ရန် ပူဆာပြန်သဖြင့် မန္တလေးဘူတာကြီးဝင်ပြီး ဝယ်ရင်း အဝေးပြေးဂိတ်





(မန္တလာမင်း)ကားအား ဖုန်းဖြင့် ခေတ္တစောင့်ပေးပါရန် တောင်းပန်ရပြန်သည်။ (၈) ယောက်အဖွဲ့ အင်အားများသဖြင့် အဝေးပြေးကားကြီးက စောင့်နေပါသည်။ ကျွန်တော်တို့ ကားဆရာကိုဇော်ကြီး တော်လွန်းသဖြင့် ည (၉း၃၅) တွင် ကားဂိတ်ရောက်သည်။

ကားပေါ်ရောက် နေရာယူပြီးမှ စိတ်အေးသွားပြီး သက်မချမိသည်။ အချိန် (၂) ရက်အတွင်း မန္တလေးနှင့် ပြင်ဦးလွင်၊ စစ်ကိုင်းအနှံ့ အမရပူရပါ မကျန် နှံ့စပ်အောင် လှည့်နိုင်ခြင်းမှာ ဦးမြဦး(စီစဉ်သူ)နှင့် ကားဆရာ ကိုဇော်ကြီးတို့ ကျွမ်းကျင်နှံ့စပ်သဖြင့်သာ အဆင်ပြေခြင်းဖြစ်ပါသည်။ ကသုတ်ကရက်နိုင်လှသော ကျွန်တော်တို့ လေ့လာရေးခရီးကို ပြန်တွေးမိတော့ အတော်ရင်မောမိသည်။ တော်ပါသေးသည်။ ကားလည်း မပျက်၊ လူလည်း မဖောက်သဖြင့် ခရီးရောက်ခဲ့ပါသည်။ လူများလျှင် တစ်စုံတစ်ယောက်က ဖောက်ပါက ခရီးစဉ်ပျက်တတ်ကြောင်း ကျွန်တော့်အတွေ့အကြုံအရ သိထားသည်။ စာရေးဆရာဆိုသည်မှာ မိမိကိုယ်မိမိ လူတတ်လူတော်ကြီးများဟု ထင်တတ်ကြပါသည်။


တစ်ညလုံးကားစီးတော့ 'မန္တလာမင်း' အဝေးပြေးကားသစ်ကြီးမှာ Air con ကောင်းလွန်းသဖြင့် ပြင်ဦးလွင်သွားစဉ်က မခံစားခဲ့ရသော စိမ့်စိမ့်အေးသည့် အရသာကို ပြန်လည်ခံစားရသည်။ သဘာဝအအေးဓာတ်တော့မဟုတ်။ လူဖန်တီးသော စက်မှုပညာ အအေးဓာတ်ဖြစ်သည်။ ကြာကြာဖန်ဖန် ကျွန်တော်တွေးမိသည်ကတော့ ပြင်ဦးလွင်တစ်မြို့လုံး ကြီးမားသော AIR CON ကြီးများ ထောင်သောင်းသိန်းမကတပ်ဆင်ထားလျှင်တော့ ယခင်ကလို အအေးဓာတ်များ ပြန်လည်ရရှိနိုင်မည်လားဟု တွေးရင်း ပြုံးမိပါတော့သတည်း။

ယခုအခါ ကွယ်လွန်ပြီဖြစ်သော ဆရာဦးမြဦးကို အမှတ်ရလျက်

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



[၁]

❑

ဝွန်ဒေါင်းနှင့် တင်ဆောင်လာခဲ့သော အုတ်များကို သက်ဆိုင်ရာနေရာသို့ ပို့ဆောင်သယ်ချခဲ့ပြီးပြီဖြစ်၍ ဘကြူးအဖို့ စိတ်လက်ပေါ့ပါးသွားသလို ခံစားလိုက်ရသည်။

သူသည် အငှားလိုက် ဝွန်ဒေါင်းမောင်းသမားတစ်ဦးဖြစ်သည်။

သူ့ဒေသ ကော့မှူးဘက်မှာက အုတ်ဖုတ်လုပ်ငန်း ရှိသည်၊ အရည်အသွေးကောင်းမွန်၍ ဈေးနှုန်းလည်း သင့်တင့်သည်မို့ နေရာအသီးသီးကမှာကြလေသည်။ အုတ်ဖုတ်လုပ်ငန်းပိုင်ရှင် ဦးသာတင့်က အမှာရလာသမျှကို ရက်ချိန်းအတိအကျဖြင့် မှာယူသူစိတ်တိုင်းကျ ပို့ဆောင်ပေးလေ့ရှိ၏။ ထိုသည့်အခါများဝယ် ဘကြူးလည်း အလုပ်ကောင်းချေပြီ။

ဘကြူးက အလုပ်ကို အလုပ်နှင့်တူအောင် လုပ်တတ်သူ ဖြစ်လေသည်။

သည့်အတွက် အုတ်ဖုတ်လုပ်ငန်းကိုသာမက ဝွန်ဒေါင်းကိုယ်ပါ ပိုင်ဆိုင်သော ဦးသာတင့်က လက်လွှတ်မခံနိုင်ခြင်းပဲဖြစ်သည်။ တစ်ခုတော့ရှိ

www.burmeseclassic.com



သည်။ ဘကြူးအဖို့ အလုပ်ရှင်ခိုင်းစေသော လုပ်ငန်းမှန်သမျှ ထောင့်စေ့အောင် ပီပြင်အောင် လုပ်ဆောင်မြဲ လုပ်ဆောင်တတ်သော်ငြား သူ့လုပ်ငန်းလည်း ပြီးပြတ်ပြီ၊ မှောင်ခြည်လည်း သမ်းပြီဆိုလျှင်တော့ ဘယ်သူ့တားတား မရပြီ။ နီးစပ်ရာ ဘုံဆိုင်တစ်ဆိုင်ဆိုင်ထဲ ဝင်၍ အကြိုက်တွယ်ပါလေတော့သည်။

သည်နေရာ၌ ဘယ်လောက်ပဲ ရေချိန်လွန်သည်ဖြစ်စေ မည်သူမည်ဝါနှင့်မျှ စကားပြောအဆင်မပြေခြင်း ခိုက်ရန်ဖြစ်ပွားခြင်း မရှိတတ်ဘဲ တဟင်းဟင်းနှင့်သာ ရယ်မောနေတတ်သူ ဖြစ်ချေ၏။ သို့ရာတွင် ထိုသို့သော အချိန်အခါမျိုး၌ ဆက်ရက်တောင်ပံကျိုးကလေးများနှင့် ဆုံစည်းတွေ့ကြုံရလျှင်ဖြင့် ကြောင်ပုစွန်စား ကြွပ်ကြွပ်ဝါးသည့်အလား ဝါသနာကြီးလှသည်သာ။ သည်တော့ သူ ပင်ပင်ပန်းပန်းနှင့် ရှာဖွေခဲ့သမျှသည် ဘုံဆိုင်တွင်လည်းကောင်း၊ အပျော်ကီစ္စရပ်များတွင်လည်းကောင်း 'လူမိုက်နှင့်ငွေ အတူမနေ' . . . ဆိုသည့်ထုံးကို နှလုံးမူလေဘိသည့်အလား။

ခု အုတ်လာပို့ရသည့်နေရာက ဒလမြို့နယ်၏ ကမ်းနားဘက်ပိုင်းမှာ ဖြစ်သည်။ ကော့မှူးမှ တင်ဆောင်ခဲ့သော အုတ်တို့ကို ဒလကမ်းနားဘက်ပိုင်းရှိ ဆောက်လက်စ တိုက်အိမ်၏ ဝင်းခြံထဲ၌ ချပေးရသည်။

တကယ်ဆိုလျှင် ကိုယ်က ယာဉ်မောင်းသူ။

ယာဉ်ကို သွားလို၊ လာလိုရာမောင်းအပြီး၌ ဖုတ်ဖက်ခါ၍ အေးအေးလူလူနေမည်ဆိုလျှင်ဖြင့် နေနိုင်သည့်အနေအထားမှာ ရှိသည်။ သို့ရာတွင် ဘကြူးက လူတစ်မျိုး။

သူ့ခြေသူ့လက် မောင်းနှင်ရသည့် ဂွန်ဒေါင်းပေါ်သို့ အုတ်တွေ တင်တော့လည်း ကိုယ်တိုင်တင်ပြီး သပ်သပ်ရပ်ရပ် စေ့နေအောင်စီသည်။ သည့်အတွက် အလုပ်ရှင်က ကျိတ်ပြီးတော့ ကျေနပ်သည်။ နောက် အုတ်ပို့ရမည့် နေရာရောက်တော့လည်း ကိုယ်တိုင် အုတ်ကိုချသည်။ ကိုယ်တိုင်သပ်သပ်ရပ်ရပ်ဖြစ်အောင် စီသည်။ သည်တော့ အုတ်ဝယ်သူကလည်း





သဘောကျသည်။ သည်သို့ သဘောကျခြင်း၏ နောက်ဆက်တွဲမှာတော့ ဒလကူးတို့ဆိပ်ရှိရာသို့ ဦးတည်လိုက်လေသည်။ အချိန်က ည၏ ဧရိယာထဲသို့ တစ်စတစ်စ တိုးဝင်လာခဲ့ပြီ။

ကော့မှူးကို ပြန်ဖို့တစ်ခုကလွဲလို့ ဘာမှ လေးလံသော ဝန်ထုပ်ဝန်ပိုး တစ်ခုမျှမရှိ။ ကူးတို့ဆိပ်ဝန်းကျင်က စားသောက်ဆိုင် (ယမကာလည်းရသည့်ဆိုင်) တစ်ဆိုင်ဆိုင်ကို ဝင်မည်။ ပြီးလျှင် အမြည်းကောင်းကောင်းနှင့် အရသာခံမည်။ အစာပိတ်ကျတော့မှ သူကြိုက်သော ကြက်အသည်းအမြစ်နှင့် ထမင်းကြော်မှာကာ တစ်နေ့တာ၏ အကန့်ကို ရပ်နားလိုက်မည်ဟု ဆုံးဖြတ်ထားခဲ့လေသည်။

✿ ✿ ✿

# |၂|

❑

ဘကြူးသည် ယမကာကို နွားသိုးကြိုးပြတ် သောက်တတ်သူမဟုတ်
ခပ်မျှဉ်းမျှဉ်းကလေး ဖိမ်ခံပြီး သောက်တတ်သူဖြစ်သည်။

အမူးဒီဂရီသည် ရီတီတီ၊ ရိပ်တိတ်တိတ်ကလေး ဆင့်ကဲဆင့်ကဲ ထက်လာခြင်းကို သဘောကျသည်။ သည့်အတွက်ကြောင့်လည်း ယမကာတို့ အလောတကြီးမမှာဘဲ ဦးစွာ တစ်ပိုင်းမှာသည်။ နောက် လစ်မစ်ပြည့်ဖို့ ထပ်လိုလျှင် တစ်ပိုင်းလောက်မှာမည်။ သည့်ထက်တော့ အလွန်အကျွံလုပ်၍မဖြစ်။ ကိုယ်က အပြန်ခရီးမှာ တစ်ကိုယ်တော်ယာဉ်မောင်းရဦးမည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှာတော့ တို့တိတို့တိနှင့် မြည်းခဲ့သဖြင့် ဝက်ခေါင်းသုပ်လည်း ပြောင်သလောက်ရှိပေပြီ၊ လူအနေအထားကလည်း တစ်ပိုင်းလောက်လောင်စာဆီဖြည့်ထားပြီးပြီဖြစ်သည့်အတွက် စားကောင်းသောက်ကောင်းပြောဆိုကောင်းသည့် အခြေအနေ။

သည့်အတွက် အစာပိတ်အဖြစ် သူ အလွန်မတန်ကြိုက်သည့် ကြက်အသည်းအမြစ်နှင့် ထမင်းကြော်ကို မှာကာ ဝမ်းမဟာရလေအောင်စားနေတော့သည်။ အိမ်ပြန်ရောက်လျှင်ဖြင့် အစားအသောက်အတွက် ဘာမျှကရိကထများနေစရာမလိုပြီ။ တုံးခနဲ အိပ်စက်လိုက်ရုံသာ။

သည်ခဏ ဝသန္တ၏ လက်ကျန်မိုးက တဖွဲဖွဲကလေး ရွာချလိုက်သည်။

သည်တော့ ကားလမ်းမဝယ် ကူးတို့သင်္ဘောဆိုက်ချိန်မှအပ အသွားအလာတွေက ရှင်းရှင်းလင်းလင်း။

သည်လိုနှင့် သင်္ဘောနောက်ဆုံးခေါက်သို့ ရောက်လာခဲ့လေသည်။

စင်စစ် ကူးတို့ဆိပ်သည် ဒလကားဂိတ်လည်း ဖြစ်၏။ သို့ပါသော်ငြား ကားဂိတ်မှာတော့ ဘာကားမျှမရှိ။ ည ခုနစ်နာရီ လောက်ဆိုရင်ပဲ ကားတွေက အလာပဲရှိတော့သည်။ အပြန်ကားက ပါးရှားသွားသည်။

ဘကြူးသည် စားသောက်ဆိုင်ရှင်အား ကျသင့်ငွေကို ရှင်းလိုက်သည်။

ထိုအချိန်မှာပင် ပန်းဆိုးတန်း–ဒလ ကူးတို့သင်္ဘောသည် နောက်ဆုံးခေါက်အဖြစ် ဒလ ဘောတံတားရှိရာသို့ ချဉ်းကပ်ခဲ့လေသည်။သင်္ဘောပေါ်မှ လူအချို့ တံတားပေါ်ပြေးတက်ကြ၏။ နောက်ဆုံးအခေါက်မို့ ခရီးသည်တွေက ပါးလျလွန်းလှသည်။ လက်မှတ်ရုံတစ်ဝိုက်ဝယ် ဆိုက်ကားဆရာတို့သည် အလုအယက်ပင် ခရီးသည်တွေကို ခေါ်ငင်နေလေသည်။

''ဘုံဘုံသွားမလား၊ နဝရတ်သွားမလား၊ ကိုယ့်အိမ်လို စိတ်တိုင်းကျ တည်းခိုရမယ်''

''ညောင်ကုန်းတစ်ယောက်လို ညောင်ကုန်းတစ်ယောက်လို''





''အောင်မင်္ဂလာ၊ မြို့မ (၄)ရောက်မယ်။ အောင်မင်္ဂလာ မြို့မ (၄)''

''နာရီစင် ဝန်ထမ်းအိမ်ရာ၊ နာရီစင် ဝန်ထမ်းအိမ်ရာ''

ပရိယေသနလေထိုးသံကြောင့် ဆိုက်ကားဆရာတို့၏ နှုတ်မှ ခရီးသည်ခေါ်သံတွေက ပွဲတင်ထပ်လာကြသည်။ ဘကြူးကတော့ အေးအေးဆေးဆေး။ သွားကြားထိုးတံတစ်ချောင်းကို အိတ်ထဲကောက်ထည့်လျက် ကြိုတင်နှပ်ထားသည့် ဆေးပေါင်းကွမ်းယာကို ပါးစောင်တွင်းပစ်တွင်းကာ ရပ်ထားသော သူ၏ ဂွန်ဒေါင်းရှိရာသို့ လျှောက်လာခဲ့လေသည်။

ဂွန်ဒေါင်းရှိရာသို့ရောက်လျှင် စက်နှိုးရန်အတွက် ဖင်ထိုင်ခုံအံဝှက်ထဲမှ ဂေါက်တံကို ထုတ်ယူလိုက်သည်။ ဤတွင် သူ့နာဝသို့ စပယ်ရန်နံ့လိုလိုနှင်းဆီရနံ့လိုလို ...ငွေပန်းရနံ့လိုလို ...သူကိုယ်တိုင် အဘယ်ရနံ့မှန်းခွဲခြားရမှန်း မသိတတ်နိုင်သည့် ရနံ့တစ်ခုခုကို ရသည်။ ထို့ကြောင့် ဂေါက်တံကို ကိုင်နေရင်းမှ အနောက်ဘက် လှည့်လိုက်သည်။

အသက်အစိတ်ထက် ကြီးဟန်မတူသည့် မိန်းမပျိုတစ်ဦး။

သူလိုကိုယ်လို သာမန်မျှ ဝတ်စားထားသော်လည်း မိန်းမလှလှတို့တွင် ရှိသင့်ရှိအပ်သော ခန္ဓာကိုယ်အချိုးအစား၊ အချိုးအဆစ်တွေက ထိုမိန်းမပျိုတွင် ထင်ရှားစွာ ရှိနေလေသည်။ သူ၌ ထင်ရှားသော လက္ခဏာအဖြစ် ဘကြူးသတိပြုလိုက်မိသည်က ဖက်ပိုးအလွန်သာသာ ဆံကေသာတို့အား စည်းနှောင်ထားသည့် ပဒါနီနီကလေးပဲ ဖြစ်လေသည်။ စောစောက ရလိုက်သော ပန်းရနံ့မှာ သူ့ ထံကလားဆိုတော့လည်း မဟုတ်ပြန်ရှာ။ သူ့မှာ ဘာပန်းမှ ပန်ထားသည်မဟုတ်ဘဲ။

''ဒီ ...ဒီက အစ်ကိုကြီးက ဘယ်ကိုပြန်မှာလဲဟင်''

အသံလေးက ချစ်စရာ၊ စွဲမက်စရာဟု ဘကြူးထင်သည်။ ပြီးတော့လည်း လွန်မြောက်လေခဲ့ပြီးသည့် စာမျက်နှာတွေတုန်းကလို တောင်ပံကျိုးသော ဆက်ရက်ကလေးများ၊ မီးပုံဝင်တိုးမည့် ပိုးဖလံကလေးများကို မြင်ယောင်မိတော့သည်။ သည်တော့လည်း စားရကံကြုံဖို့ မုတ်ဆိတ်များစွဲလာတာပေပဲဟု သဘောထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကော့မှူးကို ပြန်မှာ"

"ဟင် ... ဝမ်းသာလိုက်တာ"

သူ၏ မျက်နှာမှာ ဝင်းလက်သွားသည်။

"ကျွန်မက ကဘာင်းရွာပြန်မှာဆိုတော့ လမ်းကြုံပါတယ်။ ကျွန်မကို လိုက်ခွင့်ပြုပါလားရှင်"

စကားခေါ်နေပေပြီ။

သည်နေရာမှာ စကားအသွားအလာတွေ ချောဖို့ အခေါ်အပြောတွေညက်ဖို့ အရေးကြီးလှသည်။

"အင်း ... လမ်းကြုံတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ညီမမှာ အဖော်ပါသေးလား"

"ဟင့်အင်း ... ကျွန်မ တစ်ယောက်တည်းပါ။ လှိုင်သာယာက ထွက်လာတုန်းကတော့ စောပါတယ်။ မီးခွက်ဈေးမှာ ရစရာအကြွေးကလေးတွေ စောင့်တောင်းနေတာနဲ့ ကြာသွားတာပါ။ ကျွန်မမှာ အဖော်မပါပေမဲ့ လိုက်ရဲပါတယ်။ ပြီးတော့ အစ်ကိုကြီးကိုလည်း ယုံပါတယ်"

စကားအသွားအလာက အဆင်ချောနေပါပြီ။ သို့ရာတွင် တင်ကြိုပြီး ကျားကန်စရာကလေးတွေ ရှိနေသေးသည်ဟု ဘကြူး ထင်သည်။

"အဲဒါ ဘယ်လောက်ပေးရမလဲဟင်"

"ပေးမနေပါနဲ့ကွယ် ... ညီမ မလိုက်လည်း အစ်ကိုကြီးအနေနဲ့ မဖြစ်မနေပြန်ရမှာပါပဲ။ ညီမလေးပါလာတော့ လမ်းမှာ စကားပြောဖော်ရတော့ မပျင်းတော့ဘူးပေါ့"

"အဟင်း ... ဟင်း ... ညီမက အစ်ကိုကြီး မပျင်းရလေအောင် ဘယ်လိုစကားတွေ ပြောရမှာလဲဟင်"

"မသိဘူးလေ ... အစ်ကိုကြီးကတော့ ညီမလေး ဘာပြောပြော အပျင်းပြေမှာပဲလို့ ယုံကြည်တယ်။ အဟဲ ..."

"ဒါဆိုရင်တော့ ပြောမှာပေါ့။ ပြီးတော့မှ စကားများလှချည်လား နားညည်းတယ်ဆိုတာမျိုး လုပ်မလာနဲ့နော်"





"အဟား ... ဟား ... စိတ်ချ စိတ်ချ၊ ညီမလေးဆီက ကြားရတာ နားမဝလွန်းတာမို့ 'နောက်တစ်ခေါက်လောက် ထပ်ပြော၊ နောက်တစ်ခေါက်လောက် ထပ်ပြော'ဆိုပြီး တော့တောင် လုပ်လိုက်ဦးမှာ"

"အဟင်း ... ဟင်း ... အစ်ကိုကြီးက ရယ်စရာတွေ အပြောတတ်သားနော်"

"ဩော် ... ဒါထက် ညီမလေးကို တစ်ခုလောက် ကြိုပြောထားရဦးမယ်"

"ဘာများတုံး ... အစ်ကိုကြီး"

"ဟို ... ဟိုဒင်းလေ ... အစ်ကိုကြီးရဲ့ ဂွန်ဒေါင်းက တစ်ခါတလေ ဆီတွေ ဘာတွေဖိတ်တတ်လို့ လမ်းမှာ ခဏလောက် ထိုးရပ်သွားရင် မစိုးရိမ်ဖို့"

"အို ... ကိစ္စမရှိပါဘူး အစ်ကိုကြီးရယ်၊ ညီမ အစ်ကိုကြီးကို နားလည်ပါတယ်"

"ကိုင်း ... ဒါဆို ... တက် ... တက်၊ အစ်ကိုကြီး စက်နှိုးလိုက်ဦးမယ်"

"ဟုတ်ကဲ့ ... အစ်ကိုကြီး"

ခဏကြာတော့ ဂွန်ဒေါင်းလည်း စက်နှိုးလာပြီမို့ ဘကြူးသည် စီယာတိုင်နောက်သို့ ဝင်လိုက်ကာ ဂီယာထိုးလိုက်ရင်း ဒလကားဂိတ်မှ ထွက်လာခဲ့လေသည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# ၃

ဒလနာရီစင်ကို လွန်မြောက်တော့ လျှပ်စစ်အလင်းရောင်တွေက ဆိတ်သုဉ်းသွားခဲ့လေသည်။ မိုးက စဲသွားလေပြီဆိုသော်ငြား ဖွဲတုန်းက ဖွဲထားခဲ့သဖြင့် မီးထိုးလိုက်သောအခါ ကတ္တရာလမ်းသည် ပြောင်ချောနေလေသည်။

သည်လမ်း သည်ခရီးက ချိုင့်တွေ၊ ကျင်းတွေ အတန်ငယ်ရှိသည်။ တချို့နေရာမှာလည်း ကမူတွေက မို့မို့မောက်မောက်။ သည်တော့ ရှောင်ရှကွေ့ရသည်။ အရှောင်အကွေ့၌ ထိုင်နေသောသူတို့မှာ ဟန်ချက်ပျက်ရလေစမြဲမို့ ဘေးချင်းကပ်ထိုင်နေမိသော ဘကြူးအဖို့ရာမှာလည်း သူနှင့် မကြာခဏဆိုသလို ပခုံးချင်း တိုက်မိသွားတတ်သည်။ ခန္ဓာကိုယ်ဘေးဘက်ချင်း ပူးတုံ့ခွာတုံ့။

ထိုအခါမျိုးဝယ် သူ့ထံမှ နိုးနိုးခစ်ခစ်ရယ်သံကလေးများ ထွက်ပေါ်လာခဲ့ရာ ဘကြူး၏ စိတ်ထဲယောက်ယက်ခတ်သွားလျက် လည်ချောင်းတစ်ခုလုံး ခြောက်ခြောက်သွေ့သွေ့ကြီး ဖြစ်နေရတော့သည်။ ပြီးတော့လည်း ဘာတွေ ဘယ်လို ရှေ့ဆက်ကြုံလျှင် ကောင်းလေမည်နည်းဟုလည်း စိတ်ကူးဖဲရိုက်ကြည့်မိလိုက်သေးသည်။





တစ်ခါတစ်ရံ၌ ဂီယာကို ဘေးချော်ထိုးမိလေသောအခါ သူ့ထံမှ 'အို . . . အစ်ကိုကြီးရယ် . . . ဘယ်လိုလုပ်လိုက်တာလဲ' ဟူ၍ ပြောဆိုရလေမည့်အစား 'အဟင်း . . . ဟင်း' ဆိုသော ကျေကျေနပ်နပ်ညည်းသံ ထွက်ပေါ်လာရာ ဘကြူးအဖို့ရာတော့ တစ်ဆင့်ပြီးတစ်ဆင့် ခြေလှမ်းများကို ပြေးမြင်မိလေသည်။

ဆိပ်ကြီးကိုလည်း ကျော်ခဲ့ပြီ။ ပျော်ဘွယ်လေးလည်း လွန်ခဲ့ပြီ။

ရှေ့ဆက်သွားလျှင် ရန်ကုန်ပေါက်ကျေးရွာ၊ ထိုမှ ဘုရားငုတ်တိုကျေးရွာ။ အဲသည်ရွာကို လွန်မြောက်ပြီးပါမှ သူ သွားလိုပါသည်ဆိုသည့် ကဘင်းရွာသို့ ရောက်ပေတော့မည်။ သည်ကြားထဲ အကြံအစည် ထမြောက်အောင်မြင်ဖို့ဆိုသည်မှာ ခုံကတော့ လှုပ်လိမ့်မည်မဟုတ်။ မြင်းကသာ လှုပ်ရပေလိမ့်မည်။ သည်တော့ ပိတ်စွယ်ကို ဝင်လာ၍ အနောက်ပိုင်းတံတားကို ကျော်ဖြတ်အပြီးမှာတော့ သူ့ခေါင်းထဲ အကြံအစည်တစ်ခုက ဖျတ်ခနဲဝင်လာသည်။

''ဟောဗျာ . . . ပြောခဲ့ဆိုခဲ့သလိုပဲ စက်ကတော့ ဖွဖောက်ပြီ။ ခဏနော် . . . ညီမလေး''

''ရပါတယ် . . . အစ်ကိုကြီး''

ကားက စက်ရပ်လိုက်သည်နှင့် မီးအလင်းတွေပါ ပြတ်တောက်သွားသည်။ ထိုအခါ ဘကြူးသည် တောင်ဓားအီအီ စဉ်းစားမနေတော့ဘဲ နဘေးကိုတိုးကာ သူ့ကို လှမ်းဖက်လိုက်သည်။

''အို . . . ဘယ်လိုလုပ်တာလဲ လွှတ်ပါ . . . အစ်ကိုကြီးရယ်''

''မလွှတ်ချင်တော့ဘူးကွာ . . . အစ်ကိုကြီးက ညီမလေးကို တကယ်ချစ်နေမိလို့ပါ''

''ဟွန်း . . . မယုံပေါင်၊ တွေ့တာဖြင့် နာရီပိုင်းတောင်မှ မကြာသေးဘူး၊ သူ့နာမည် ကိုယ်မသိ၊ ကိုယ့်နာမည် သူမသိဘဲနဲ့များ''

''ဒါများ . . . ညီမလေးရယ်၊ အစ်ကိုကြီးနာမည်က ဘကြူးတဲ့''

''ဘကြူးဆိုတော့ 'ဘူးကျ' တာပေါ့ . . . ဟုတ်လား''

''ဟာ . . . နောက်တီးနောက်တောက်ကွာ၊ ညီမလေးရဲ့ နာမည်ကကော . . .''



www.burmeseclassic.com

www.burmeseclassic.com



“မြယမုံ . . . တဲ့”

“ဟယ် . . . လှလိုက်တဲ့နာမည်လေး။ နာမည်တင် လှတာမဟုတ်ပါဘူး၊ လူကလည်း လှဆိုတော့ အစ်ကိုကြီးရဲ့ အချစ်တွေ တားမနိုင်ဆီးမရတော့ဘူးကွာ”

“အို . . . ကားပေါ်မှာ မကောင်းပါဘူး အစ်ကိုကြီးရယ်၊ ကဲပါ . . . အောက်ကို ဆင်းနေလိုက်ပါ”

“အိုကေ . . .”

ဘကြူးအဖို့ မှိုရသည့်အလား ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး ကားပေါ်မှ ဆင်းလိုက်သည်။ ကောင်းကင်မှာတော့ လရောင်မရှိသော်ငြား ကြယ်တွေက စုံလေသည့်အတွက် ပျပျကလေး လင်းနေရှာသည်။

“ကိုင်း . . . ဒီကိုလာလေ . . . အစ်ကိုကြီး”

“လာပြီ . . . လာပြီ”

မိုးကျိုးတုတ်ဖြစ်နေသော ဘကြူးသည် လမ်းဘေးတစ်ဖက်တစ်ချက်အစပ်တွင် ရပ်နေသော မြယမုံရှိရာသို့ လှမ်းခဲ့လေသည်။ မိုးအကုန်ဝင်ရောက်လာသော ဆောင်းဦးညဥ့်လေကြောင့် မြယမုံ၏ ပဝါဖြည်ချလိုက်သော ဆံနွယ်တို့သည် လေအဟုန်တွင် တဖျတ်ဖျတ် မျောလွင့်နေလေသည်။

သို့ဖြင့် မြယမုံအပါး ရောက်လေသောအခါ ဘကြူးအဖို့ တုံ့ခနဲဖြစ်သွားရလေသည်။

အပုပ်နံ့တွေက စူးစူးဝါးဝါး။

ဘယ်လိုအပုပ်နံ့တွေနှင့်မှ မတူ။ ညှီစို့စို့နှင့် အတော်ကလေးကို အော်ဂလီဆန်ဖွယ် ကောင်းလှစွာသော အပုပ်နံ့။ သို့ဖြင့် မြယမုံအပါး သူ ရောက်သွားတော့သည်။

“အား . . . အမယ်လေး . . . သ . . . သရဲ . . . သရဲ . . .”

မြယမုံအပါးရောက်တော့ ကြယ်ရောင်၏အလင်း၌ ဘကြူးတွေ့မြင်လိုက်ရသည်မှာ လှတပတ မြယမုံမဟုတ်တော့။ ရွှတ်တွ၍ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော နာနာဘာဝ၏ ရုပ်သွင်ဖြစ်နေလေသည်။ ဘကြူးအဖို့ မမျှော်လင့်ဘဲ ကြုံတွေ့လိုက်ရသော မြင်ကွင်းကြောင့် သွေးပျက်သလို





ခံစားရပြီး ပြေးမိပြေးရာ လယ်ကွင်းထဲ ဖြတ်ပြေးလေရာ တစ်နေရာ၌ ဟပ်ထိုး လဲကျသွားလေသည်။ သူ ခလုတ်တိုက်မိသည်ကား မြေကမူတစ်ခု။ မြေကမူပေါ်မှာတော့ သစ်သားမှတ်တိုင်တစ်ခု။ ထိုသစ်သားပြားပေါ်ဝယ် သေချာစွာကြည့်မြင် ဖတ်ရှုမိလျှင်ဖြင့် . . .

မြယမုံ

အသက် (၂၄)နှစ်

(၂၀-၅-၂၀၀၂) တွင် ကွယ်လွန်သည်။

ဆိုသော စာတန်းကို တွေ့ရပေလိမ့်မည်။ ထိုအချိန်ဝယ် ဘကြူးသည် ထိတ်လန့်တုန်လှုပ်မှုအပေါင်းဖြင့် မေ့မျောသွားလေသည်။

ထိုအချိန်မှာပင် ကော့မှူးဘက်ဆီမှ ဝါးများတင်ဆောင်လာသော ဂွန်ဒေါင်းတစ်စီးသည် ဘကြူးရပ်ထားခဲ့သော ဂွန်ဒေါင်းနားအရောက်ဝယ် ထိုးရပ်လိုက်ပြီး ဟိုဟိုသည်သည် စူးစမ်းကြည့်လိုက်လေသည်။ ဓာတ်မီးဖြင့်လည်း နေရာအနှံ့ ထိုးကြည့်ပြန်သေး၏။

“ဘကြူးတို့ကတော့ကွယ် . . . သည်လိုမျိုးကိစ္စဆို စံပါပဲ။ ဘယ်ကောက်ရိုးပုံသွားပြီး အလေလိုက်နေတယ်မသိဘူး”

“ဟာ . . . မျက်မြင်မဟုတ်ဘဲ မပြောနဲ့လေကွာ”

“အား . . . ဟုတ်တယ်ကွ။ ကိုင်းကွာ . . . သူ့ဝါသနာနဲ့သူပဲ။ ကဲ . . . သွားကြမယ်ဟေ့”

ဝါးများတင်ဆောင်သည့် ဂွန်ဒေါင်းကား ဒလဘက်သို့ တရွေ့ရွေ့ထွက်ခွာသွားချေပြီ။

ထိုအချိန်ဝယ် ဘကြူးမောင်းသော ဂွန်ဒေါင်း၏ စီယာတိုင်၌ အမျိုးသမီးများ ဆံပင်စည်းနှောင်လေ့ရှိသည့် ပဝါနီနီလေးမှာ ရစ်ပတ်ချည်နှောင်လျက်သား ရှိနေပါတော့သတည်း။

နန္ဒာမိုးကြယ်

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

''ဖျော . . . ဖျော . . . ဖျော''

''ဖျောင်း . . . ဂွျတ် . . . ဂွျတ် . . . ဂွျတ်''

''ဝုန်း''

''အား''

''သေပါပြီဗျ''

''အစ်ကို . . . အစ်ကို . . .''

''အစ်ကို . . . ဘာဖြစ်သွားသေးလဲ''

''ဘာမှမဖြစ်ဘူး . . . ညီမလေး၊ ဘာမှမဖြစ်ဘူး . . . အား . . . အား . . . ခါးနည်းနည်းနာသွားလို့ပါ . . . အား . . . ကျွတ် ကျွတ် ကျွတ်''

''လာ . . . လာ . . . ခါးနာသွားရင် ညီမလေး နှင်းပေးမယ်''

''နေ . . . နေ . . . ညီမလေး၊ အစ်ကို ဘာမှမဖြစ်ဘူး''

''ဟား ဟား ဟား . . . . အဆင်ပြေလိုက်တာ ညီမလေးရဲ့၊ အစ်ကိုနဲ့အတူ ပိတောက်ကိုင်းတွေ ကျိုးကျလာတော့ ညီမလေးကြီးခဲ့တဲ့ပန်းကြိုက်သလို ခူးပန်လို့ရပြီ . . . ဟား ဟား ဟား . . . ကျွတ် ကျွတ်''



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်းဗျ။ နေဦး၊ သူ ခံတက်ကုန်းရွာပြန်မြင်းလှည်း အဲ ... အဲ ... ကိုဝင်းလှိုင် ... မြင်းလှည်းနဲ့ပြန်တာဗျ"

"သေချာလား ... ကို ... ကိုရွှေ"

"သေချာပါတယ်ဗျာ။ မြင်းလှည်းပေါ်မှာ မသောင်းမြို့ရယ်၊ ခံတက်ကုန်းရွာက အမျိုးသမီးသုံးဦးရယ် ပေါင်း ... လေးဦး။ မြင်းလှည်းဆရာ ဝင်းလှိုင်က ထမင်းစားလှည်းသိမ်းပြန်လို့ အကြုံပါသွားကြတာ"

"ဒါဆို မြင်းလှည်းဝင်းလှိုင်ကို သွားမေးမှ"

"ဒါပေါ့ ... မြန်မြန်သာသွားမေး မသန်းချစ်ရေ ... ဒါနဲ့ မသန်းချစ် ..."

"ဘာလဲ ... မပို"

"ဟို ... ဟိုလေ .. မ ... မသောင်းမြို့မှာ ရည်းစားသနံချစ်သူများ ရှိသေးလားဟင်"

"အို ... မပိုကလည်း မရှိပါဘူးတော်"

"အေး ... အေး ... ဒါဆိုလည်း မြင်းလှည်းဆရာသာ ရှာမေးတော့ဟေ့"

ဒါနဲ့ မြို့ခြေ မြင်းလှည်းဂိတ်ရှိရာကို မသန်းချစ်တို့လူစု အမြန်ထွက်လာလိုက်ကြတယ်။

မသောင်းမြို့က မုဆိုးမပါ။ သူ့ယောက်ျားကိုမိုးကြီးက ပြီးခဲ့တဲ့နှစ်က အရက်မူးပြီး သဘော်ဘောတံတားက ပြုတ်ကျလို့ သေသွားခဲ့တယ်။

ကိုမိုးကြီးက စီးပွားရှာကောင်းတော့ သေသာသွားရော ရွှေငွေအပြည့်အစုံ အိမ်ကြီးရခိုင်နဲ့ ထားရစ်ကျန်ရစ်ခဲ့တာ။ နောက်လင် ရည်စားမရှိသေးတာ အမှန်ပဲ။

သို့သော် မသောင်းမြို့ကိုလိုချင်သူ အမျိုးသား၊ ယောက်ျားသားတွေလည်းရှိတယ်။ မသောင်းမြို့က မုဆိုးမဖြစ်ပေမဲ့ အလှက လုံးဝမပျက်ဘူး။ ရုပ်သားစွင့်စွင့်၊ တင်သားဖွံ့ဖွံ့၊ ခါးသေးရင်ချီ မက်မောစရာကြီး။





အသားကလည်း ဝါဝါရွှေရွှေဆိုတော့ မသောင်းမြို့များ ထဘီရင်လျားနဲ့ ရေချိုးနေရင် ယောက်ျားသားတွေက အိမ်ရှေ့ကနေ သွားရင်းလာရင်း စောင့်ကြည့်သွားရည်ကျကြတယ်။

မိန်းမသားချင်းတောင်မှ မသောင်းမြို့ရဲ့ ရေစိုထဘီရင်ရှား အလှကိုမြင်ရင် ကြက်သီးဖြန်းခနဲ ဖြန်းခနဲ ထရတယ်။ စွဲမက်စရာကောင်းအောင် လှပဆူဖြိုးနေတာ။

ရွှေငွေအိမ်ခြံပါ ကျန်ရစ်နေတော့ ကာလသားကြီးရော၊ ကာလသားလေးရော၊ မုဆိုးဖို၊ တစ်ခုလပ်၊ တစ်ပတ်ရစ် ဘုန်းကြီး လူထွက်များပါမကျန် မသောင်းမြို့ကို စိတ်ဝင်စားတယ်။ ပိုးကြတယ်။ ရေလာမြှောင်းပေးလုပ်ကြတယ်။

မုဆိုးဖို သုံးမယားကွာ ကိုဝင်းသိန်း။

အရက်သောက်ပြီး ကိုယ်စွမ်းကိုယ်စ အရှိန်တက်တဲ့ နိုင်ဝင်း၊ မသောင်းမြို့ကို လိုချင်လို့ သင်္ကန်းချွတ်ခဲ့တဲ့ ဘုန်းကြီးလူထွက် ကိုမောင်လေး။

ရရင်ရ၊ မရရင်ချမယ်လို့ကြိမ်းနေတဲ့ ထောင်ထွက်ကျော်ကူးတို့။

ဇ,ကတော့ မသေးကြဘူး။ သူတို့အားလုံးကို မသောင်းမြို့က စိတ်မဝင်စားဘူး။ လူတွေက သုံးမရတဲ့ အစားထဲကဟာ်တွေ။

အသက်(၈၀)၊ (၉၀) အဘွားကြီးတွေတောင် ကျက်သရေမရှိတဲ့ကောင်တွေလို့ နှေ့စဉ် ချိုးမွမ်းရတဲ့လူပေတွေလေ။

ဒါပေမဲ့ ကောင်းကောင်းမွန်မွန်၊ ရိုးရိုးသားသား မိကောင်းဖခင်သားသမီးများ အဝေးရပ်ကလည်း လာရောက်ကမ်းလှမ်းစကားဆိုကြပေမင့် မသောင်းမြို့က အလိမ္မာစကားနဲ့ ငြင်းပယ်ပစ်ခဲ့တယ်။ ခုတော့ ...

"ကိုဝင်းလှိုင်မြင်းလှည်း ဘယ်မှာတုံးရှင်"

"ဟိုး ... ကုက္ကိုပင်အောက်ကလှည်းဟာ ဝင်းလှိုင်လှည်းပဲ"

ဒါနဲ့ ကိုဝင်းလှိုင်လှည်းရှိရာကို ရောက်လာကြတယ်။

"ကိုဝင်းလှိုင် ..."



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ... တော်တော်နာနေလား"

"မနာပါဘူး ... ညီမလေးရယ် ... ဟဲ ဟဲ ဟဲ ... နည်းနည်းတော့ ..."

"အစ်ကိုကလည်း နာရင်နာတယ်ပေါ့။ တကယ်တည်း ဟန်လုပ်နေတယ်။ အမူအယာကတော့ အကယ်ဒမီရှော့ပဲ ... ဟင်း ဟင်း ဟင်း"

"ဟဲ့ ... ဒီမောင်နှမ ဘာဖြစ်ပြန်ရတာတဲ့တုံး။ ဟိုအကောင် ဒီသစ်ပင်ပေါ် တက်ဆော့ပြန်ပြီလား"

ပိတောက်ကိုင်းတွေကလည်း ကျိုးနေသည်။ ၎င်းသစ်ကိုင်းများအနီးတွင် အစ်ကိုဖြစ်သူ၊ မောင်ဝဏ္ဏက ခါးကြီးတစ်ဖက်စောင်းပြီး တကျွတ်ကျွတ်တအားအားနှင့် အော်ညည်းနေပါသော်လည်း ညီမလုပ်သူ မယုသိင်္ဂီကတားတိုက်ရယ်မောနေ၏။

ညီမဖြစ်သူ ယုသိင်္ဂီ၏ ဦးခေါင်းထက်တွင် ပိတောက်ပန်းတွေဝေနေကတည်းက ဒီကောင် မောင်ဝဏ္ဏ ပိတောက်ပန်းတက်ခူးရင်း သစ်ကိုင်းကျိုးကျသည်ကို ဆက်စပ်တွေးကြည့်မိ၏။

"ဩော် ... ဝဏ္ဏ ... ဝဏ္ဏ ... နင့်နှမအပေါ်မှာ ဒီလောက်ချစ်၊ ဒီလောက် အလိုလိုက်၊ ဒီလောက် သံယောဇဉ်ရှိနေရင်တော့ နင် ဒုက္ခလှလှကြီးတွေ့မယ်။ ချစ်တယ်၊ ခင်တွယ်တယ်၊ သံယောဇဉ်ထားတယ်ဆိုတာတော်ရုံပဲကောင်းတယ် ... ငဝဏ္ဏ"

"ကဲ ... ကဲ ... လာ ... ငါ အကြောပြေဒဏ်ကြေလိမ်းဆေးဖော်ထားတာရှိတယ် သွားလိမ်းရအောင်"

"ဟဲ့ ... မိယုသိင်္ဂီ၊ အစ်ကိုကို ချစ်လို့စရင်လည်း တော်ရုံတန်ရုံစပါနောက်ပါ ... ကလေးရယ်။ နင့်မောင် မတော်လို့များ ကျိုးပဲ့သွားရင်ဘယ်လိုလုပ်မလဲ"

ဟု သွားရင်း နှမဖြစ်သူ ယုသိင်္ဂီအား တဗျစ်တောက်တောက်ဖြင့် မယ်သီလရှင် ကဋ္ဌာဝတီက ပြောဆိုသွားခြင်းဖြစ်၏။





ဒေါ်ကဋ္ဌာဝတီတွင် လေဖြတ်၍ အိပ်ရာထဲလဲနေသော လူကိုပင်ထ၍ လမ်းလျှောက်နိုင်အောင် ကောင်းသည့် ရှောက်ရည်ဆေးရှိ၏။ တောထွက်သွားသော ဆရာတော်တစ်ပါးက ပေးထားခဲ့ခြင်းဖြစ်သည်။

၎င်းဆေးကို မပြတ်ဖော်ထားလျက်၊ မိမိဆွမ်းဆန်စိမ်းအလှူခံသောအိမ်မှ ဒူးနာ၊ ခါးနာ၊ အကြောဆွဲ၊ လေဖြတ်နေသူများကို ဆေးကုသိုလ်ပြု၍ပေးပြီး မိမိနှင့် ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သည့်အပြင် ကုသိုလ်လည်းဖြစ် ဝမ်းလည်း ရစေ၏။

ဆေးမှာလည်း မည်သည့်ဓာတ်သတ္တုမှမပါဘဲ သစ်ဥသစ်ဖုတို့ဖြင့်သာ ဖော်စပ်ထားခြင်းဖြစ်သည်။ စာရေးသူ၏ စာဖတ်ပရိသတ်အား လိုအပ်ပါလျှင် အသုံးပြုနိုင်ပါရန် မေတ္တာဖြင့် ကုသိုလ်ဖြစ်ဖော်ပြရမည်ဆိုလျှင် ...

အရက်ဦးရည် တစ်ပုလင်း။

အဖုအထစ်များပါသော (ရှောက်ဘီလူး) တစ်လုံး။

မင်သော်တစ်ကျပ်သား။

အဝတ်ချုပ်အပ်အသေး၊ တဒါဇင်။

ရေနံဆီ (သို့မဟုတ်) ဓာတ်ဆီတစ်ပုလင်း။

ဘီယာ၊ ပုလင်းအလွတ်တစ်လုံး။

ရှောက်ဘီလူးကို နုတ်နုတ်ပါအောင် (ပါးပါး) လှီးပြီး၊ ရေစင်အောင်ဆေးထားသော ဘီယာပုလင်းခွံထဲသို့ထည့်၊ အပ်တစ်ဒါဇင်ထည့်၊ အရက်နှင့်ရေနံဆီ (သို့) ဓာတ်ဆီထည့်၊ မင်သော် အားလုံးသောပစ္စည်းများကို ရောထည့်ပြီး ပုလင်းကို အဖုံးလုံအောင် (ကြပ်) နေအောင်ပိတ်ပြီး လှုပ်ပေး၊ ၎င်းနောက် အပ်များအရည်ပျော်သည်အထိ နေပူပူမှာ လှန်းပေးပါ။

အပ်ချောင်းကလေးများ တစ်ချောင်းမကျန် အရည်ပျော်ဝင်သွားလျှင် ဆေးဘဝ ရောက်ပါပြီ။

ဆေးကို နံနက်အိပ်ရာထတစ်ကြိမ်၊ ညအိပ်ရာဝင်တစ်ကြိမ် လိမ်းပြီး အဝတ်ထူထူကလေး ဝတ်ကာနေပါ။ ဆေးပူပြီးမှ သော အာနိသင်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား . . . ရှက်ပါတယ်ဟေ့ . . . ကိုကို . . . မရှက်ဘူးလား"

"မရှက်ပါဘူး . . . ဆေးလိမ်းနေတဲ့ဟာကို"

"ဒီကောင်မလေး . . . လာရှုပ်နေတယ်။ မမြင်ကွယ်ရာ သွားနေစမ်း"

ဒေါ်ကဥ္စဏဝတီ ပီတိအပြုံးများနှင့်မယုသိင်္ဂီကို ငေါက်၍ဆေးလိမ်းနေရာမှ အဝေးသို့ နှင်လွှတ်နေလေ၏။

"နေပါစေ . . . မယ်မယ်ရယ်"

မောင်ဖြစ်သူက သူ့နှုမပျော်နေသည်ကို ကြည့်၍ ဆေးလိမ်းသဖြင့်နာနေသည်ကို အောင့်ခံနေ၏။

ညီမဖြစ်သူ ယုသိင်္ဂီက ဆေးများကိုယူ၍ အစ်ကိုဖြစ်သူ၏ ရွှေပန်းကလေးကိုလိမ်းလိုက်ရာ ရွှေပန်းကလေးမှာ ပူလွန်းသဖြင့် မောင်ဝဏ္ဏ လူးလိမ့်ခံနေရတော့၏။

အစ်ကိုဖြစ်သူ၏အဖြစ်ကို ကြည့်၍ ခွက်ထိုးခွက်လန် ရယ်နေလေတော့၏။

"အစ်ကို၏အသက်က (၁၀) နှစ်"

ညီမလေး၏ အသက်က (၈) နှစ်။ လူမမယ်အရွယ်တွင် မိဘနှစ်ပါးကွယ်လွန်သွားရာ ဆွေမျိုးသားချင်းမရှိသဖြင့် မယ်တော်ကြီးက ခေါ်ယူမွေးစားထားပြီး အစ်ကိုကို ဖိုးသူတော်အဖြစ်၊ ဝတ်ဖြူစင်ကြယ်ဝတ်စေလျက် ညီမလေးကိုတော့ မယ်သီလရှင် ဝတ်ပေးထားပြီး။

ဗုဒ္ဓဘာသာစာပေများနှင့် လောကီလောကုတ္တရာစာပေများ သင်ပေးထားရာ ယဉ်ကျေးလိမ္မာသော မောင်နှမနှစ်ယောက်ဖြစ်၏။

တစိမ်းဧည့်သည်များရှေ့တွင် ဣန္ဒြေတခွဲသား နေထိုင်ကြပါသော်လည်း ဧည့်သည်ပြန်သွားပါက မျောက်ရှုံးအောင်ဆော့သူများ ဖြစ်ကြ၏။

လူတစ်ဦးခြင်း၏ ကံတရားမှာ ထူးခြားဆန်းကြယ်လှ၏။ ဗုဒ္ဓ၏အဆုံးမအတွင်မှ၊ ရှေးရှေးဘဝက ကိုယ်လုပ်ခဲ့သော ကုသိုလ်ကောင်းမှုလုပ်ခြင်း မလုပ်ခြင်းနှင့်လည်း သက်ဆိုင်သည်ဟု မှတ်သားနာယူခဲ့ဖူး၏။





ဒေါ်ကဥ္စဏဝတီတို့၏ ရိပ်သာနှင့်ကပ်လျက်တွင် ယာပိုင်နွားပိုင်လင်မယားရှိ၏။ ထိုလင်မယားမှာ ကျောထောက်နောက်ခံ သားသမီးမရှိ။ ထို့ကြောင့် လိမ္မာယဉ်ကျေးသော မောင်ဝဏ္ဏနှင့်မယုသိင်္ဂီတို့အား အမွေစားအမွေခံအဖြစ် မွေးစားခွင့်ပေးပါရန် မယ်တော်ကြီးထံ တောင်းခံလေ၏။

မယ်တော်ကြီးကလည်း ပေးသင့်မပေးသင့် ဒေါ်ကဥ္စဏဝတီနှင့် တိုင်ပင်ကြည့်ရာ ဒေါ်ကဥ္စဏဝတီက မောင်ဝဏ္ဏတို့မောင်နှမနှစ်ယောက်နောင်ရေးကို တွက်ချက်ပြ၏။

မောင်ဝဏ္ဏသည် ယောကျ်ားကလေးဖြစ်၏။ ယခုဆယ်နှစ်သား နောင်ငါးနှစ်ဆိုလျှင် အမျိုးသမီးများသာရှိသော မယ်သီလရှင်ကျောင်းနှင့် မအပ်စပ်။

မယုသိင်္ဂီကျပြန်တော့ မိန်းကလေးပင်ဖြစ်သော်လည်း အလှအပဖြင့် မနေထိုင်ရသော မယ်သီလရှင်ဘဝကို နေဖို့ခဲယဉ်း၏။

ထို့ကြောင့် ရှေ့နေငှားကာ စာချုပ်ကို ပိုင်ပိုင်နိုင်နိုင်ချုပ်ပြီး မွေးစားချင်သော သူဌေးလင်မယားထံ အပ်လိုက်လေ၏။

ပထမမောင်နှမနှစ်ယောက်က ငြင်း၏။ မလိုက်ချင်ကြောင်း ပြော၏။

အိမ်နှင့်ရိပ်သာမှာ ဝင်းထရံသာခြား၍ အချိန်မရွေး ကျောင်းသို့လာနေနိုင်ကြောင်းပြောမှ လက်ခံပြီး မွေးစားဖေဖေနှင့်မေမေတို့နောက်သို့ လိုက်သွားသည်။

သူဌေးလင်မယားသည် မောင်နှမနှစ်ယောက်ကို မောင်ဗမာစက်ဘီးတစ်စီးဝယ်ပေးထားပြီး မူလတန်းကျောင်းသို့ နှစ်ယောက်အတူ သွားစေခဲ့သည်။

ပထမတော့ မောင်နှမနှစ်ယောက်မှာ မပျော်သော်လည်း လမှနှစ်သို့ပြောင်းသွားသောအခါ ဝတ်ကောင်းစားလှ ဝတ်ရခြင်း၊ ကျောင်းတွင် သူငယ်ချင်း အပေါင်းအသင်းများဖြင့် ဆော့ကစားရခြင်း၊ ဆွမ်းဆန်စိမ်းအလှူခံမထွက်ရခြင်းတို့ကြောင့် ပျော်ပါး၍ နေကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်နှင့်ကျောင်းမှာ တစ်မိုင်ဝေး၏၊ ထိုသို့ တစ်မိုင်ဝေးပါသော်လည်း သူငယ်ချင်း အပေါင်းအသင်းများနှင့်အတူ စက်ဘီးဖြင့် တစ်စုတစ်ဝေးတည်း သွားကြလာကြ၊ ပြန်ကြရလေရာ ပျော်စရာပင် ကောင်းနေချေ၏။

မောင်ဝဏ္ဏက စက်ဘီးနင်းပြီး ညီမယုသီဂီက စက်ဘီးနောက်မှာပါသော ကယ်ရီယာခုံပေါ်မှ ထိုင်လိုက်၏။

မောင်ဝဏ္ဏက (၁၁) နှစ် မယုသီဂီက (၉) နှစ်ထဲရောက်နေပြီဖြစ်ရာ စက်ဘီးကို ကျွမ်းကျွမ်းကျင်ကျင် စီးတတ်ကြသည်။

တစ်နေ့ သူငယ်ချင်းများစုပေါင်းပြီး စက်ဘီးဖြင့် ကျောင်းသို့လာရာ စက်ဘီးကို လမ်းလုံးပြည့် ယှဉ်၍စီးလာကြရာ၊ နောက်မှလိုက်လာသော ကားက 'ပွမ်' တစ်နည်း၊ အနားကပ်ပြီး ဟွန်းကို ဆူညံစွာ တီးလိုက်ရာ အမှတ်တမဲ့မို့ လန့်ပြီး လမ်းဘေးသို့ ရှောင်လိုက်ရာတွင် ကပ်လျက်ပါလာသော စက်ဘီးနှင့် လက်ကိုင်ခြင်းချိတ်မိပြီး မောင်ဝဏ္ဏတို့မောင်နှမနှစ်ယောက် ကားလာရာဘက်သို့ လဲကျသွားရာမှ မောင်နှမနှစ်ယောက်စလုံး ကားကြိတ်၍ သေဆုံးသွားလေ၏။

ဟီးနိုးကားဟွန်းများသည် အခြားကားများ၏ ဟွန်းများထက် ထူးခြားစွာ မြည်၏။

ထိုဟွန်းများကို တခြားကားများကလည်း ဈေးကြီးပေး၍ ဝယ်တတ်ကြ၏။ ထိုသို့ တတ်ပြီးပါက ပျော်စေပျက်စေဖြစ်လိုသောကြောင့် အဝေးမှ တီးမလာဘဲ လူနားကပ်ပြီးမှ တီးတတ်ကြ၏။

ထိုဟွန်းကြောင့် လန့်၍ခုန်ပါက ကားပေါ်မှကြည့်ပြီး ဟားတိုက်သရော်ကာ မောင်သွားတတ်ကြ၏။

ယခုလည်း အနားရောက်မှ တီးလိုက်ရာ လန့်သွားသော ကလေးနှစ်ယောက်မှာ သေပွဲဝင်သွားရတော့သည်။ တိုက်သွားသောကားက မောင်းပြီး ထွက်ပြေးသွားရာ တောနယ်ကလေးဖြစ်၍ လွတ်သွားလေသတည်း။

✿ ✿ ✿

[၂]

# သေစားသေစေလိုတဲ့ မောင်ဝဏ္ဏ

❑

မောင်ဝဏ္ဏတို့ မောင်နှမသေဆုံးပြီး ရက်လည်ဆွမ်းကျွေးပြီး နောက်နေ့မနက် အရုဏ်တက်တွင် ဒေါ်ကဥ္စနာဝတီသည် ထုံးစံအတိုင်း ကျောင်းဝိုင်းရိပ်သာအတွင်း အမှိုက်များလှည်းနေခိုက် သွေးသံရဲရဲဖြင့် မောင်ဝဏ္ဏနှင့် မယုသီဂီတို့နှစ်ယောက် ရောက်လာ၏။

''မယ်မယ် ... သား ဒီကိစ္စနဲ့ပတ်သက်ပြီး နည်းနည်းမှ မကျေနပ်ဘူး။ သားတို့မောင်နှမနှစ်ယောက်ကတော့ သေရပြီး သားတို့ကို ကားနဲ့တိုက်သတ်သွားတဲ့ကောင်က လွတ်နေတယ်''

''ဟုတ်တယ် ... မယ်မယ်၊ သမီးတို့ကတော့ ဒီကိစ္စကို မကျေနပ်ဘူး။ လူ့ဘဝပြန်ရောက်အောင် ကြိုးစားပြီး ဒီလူကို ကလဲ့စားပြန်ချေမယ်''

ဟု မောင်နှမနှစ်ယောက်က တစ်ယောက်တလှည့် ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



''ဟဲ့ . . . ကလေးတွေ၊ ဒီကိစ္စက နင်တို့နှစ်ယောက် ရေးကပြုဘူးခဲ့တဲ့ ကုသိုလ်တရားနဲ့ ဆိုင်တယ်။ အရင်ဘဝက နင်တို့နှစ်ယောက်က သူ့ကို ကားနဲ့တိုက်သတ်ခဲ့ဘူးလို့ ဒီဘဝမှာ အကြွေးပြန်ဆပ်ကြရတာဟဲ့''

နားချ၏။ သို့သော် မောင်နုမက လက်မခံ။

''အရင်ဘဝက အရင်ဘဝပေါ့ . . . မယ်မယ်ရဲ့ အခုဘဝက အခုဘဝပဲ ဥစ္စာ''

''ဟဲ့ . . . ဝဏ္ဏ၊ နင် အဲသလိုမှ သိနေရင် နင့်ကျတော့ ဘာဖြစ်လို့ မကျေအေးနိုင်ရတာလဲ''

''ဒါတော့ . . . မယ်မယ်ရယ်''

''ဒါတော့တွေ ဟိုဟာတော့တွေ လုပ်မနေနဲ့၊ ဘဝကူးကောင်းအောင် ကြိုးစားကြ''

''သားတို့နှစ်ယောက် လူ့ဘဝ ပြန်ရောက်ချင်တယ်''

''အဲဒါ ပြောတာပေါ့ဟဲ့။ ဘဝကူးကောင်းအောင်လုပ်လို့ ပြောတာ။ နင်တို့ ဖိုးသူတော်ဘဝနဲ့ မယ်သီလရှင်ဘဝကို ပြန်စဉ်းစား။ မယ်မယ်တို့ကို ဆွမ်းဆန်စိမ်းခံပြီး ကျွေးခဲ့တာကို ကုသိုလ်အဖြစ် ပြန်စဉ်းစားပြီး လူ့ဘဝကို ရောက်အောင် လုပ်ကြ''

''လူ့ဘဝရောက်ဖို့က လွယ်ပါတယ်၊ ကိုယ်ဝင်စားရမယ့်ဗိုက်က ခက်နေတာ . . . မယ်မယ်ရဲ့''

''အေး . . . အဲဒါလည်း ဟုတ်သားဟဲ့''

''ဩော် . . . နေဦး . . . နေဦး . . . ငါ သတိရပြီ၊ ရွာတောင်ပိုင်းက လှေနဲ့မယ်မြတို့ မနေ့က မင်္ဂလာဆောင်တယ်။ တို့ အဲဒီကို သွားပြောကြည့်ရအောင်''

''ဟာ . . . ဟုတ်တယ် မယ်မယ်။ ကျွန်တော်တို့ အဲဒီအိမ် သွားကြရအောင်''

ဒေါ်ကဥ္စနာဝတီဦးဆောင်ပြီး သုံးယောက်သား မယ်မြတို့အိမ်သို့ ထွက်ခဲ့ကြ၏။

---

**စိတ်ကူးသစ်စာပေ**



လှေက အလုပ်သွားနေသဖြင့် မတွေ့ရ။ မယ်မြတစ်ယောက်တည်းပဲ တွေ့၏။

မယ်လှက ရေနွေးကြမ်းနှင့် ထန်းလျက်ခဲတို့ဖြင့် ဧည့်ခံ၏။

မောင်ဝဏ္ဏနှင့် မယုသီဂီတို့က ထန်းလျက်ခဲများကို ကောက်ယူ၍ စားကြသည်။

''ဟဲ့ . . . နေပါဦး နင်တို့နှစ်ဦးက တစ်ကိုယ်လုံး သွေးတွေနဲ့ပါလား။ ဘာဖြစ်လာကြတာလဲ''

''လွန်ခဲ့တဲ့ ခုနစ်ရက်က ကားတိုက်ခံရလို့ သေခဲ့ရတာ''

''ဩော် . . . သနားစရာပါလားဟယ်။ ဩော် . . . ဒါနဲ့ ဆရာလေး ဘာကိစ္စနဲ့ ကျွန်မဆီလာတာလဲ''

''ပြော . . . မပြောချင်တော့ပါဘူးဟယ်။ ဒီကလေးနှစ်ယောက်က ငါ့ကို နားပူနားဆာ လာလုပ်နေလို့''

''ဘာအကြောင်းများလဲ . . . ဆရာလေးရဲ့''

''ဒီကလေးနှစ်ယောက်က နင့်ဗိုက်ထဲ ဝင်ချင်လို့တဲ့''

''အောင်မယ်လေး . . . ဘုရား . . . ဘုရား . . . မဖြစ်ပါဘူး . . . ဆရာလေးရယ်။ ကျွန်မတို့လင်မယား ဒီနှစ်ဝမ်းနှစ်ခါးတောင် တော်တော် ရုန်းကန်နေရတာဆိုတော့ ကလေးယူလို့ မဖြစ်သေးပါဘူး''

ဟု မယ်မြက ငြင်းဆိုလေ၏။

ကလေးနှစ်ယောက်ကို ကြည့်လိုက်တော့လည်း သနားစရာနဲ့ ချစ်စရာလေးတွေ၊ ငါ ဘယ်လိုလုပ်ရပါ့ဟု စဉ်းစားနေမိ၏။

''မယ်မြရယ် . . . နှစ်ယောက်မတတ်ရင် တစ်ယောက်တော့ နင်လက်ခံပါဟယ်''

ဟု တောင်းဆို၏။

မယ်မြသည် ကလေးနှစ်ယောက်ကို သေသေချာချာကြည့်ပြီး . .

''အင်းလေ . . . ဒါဆိုလည်း ကျွန်မအဖော်ရအောင် ဟောဒီက ညီမလေးကိုပဲ ခေါ်ထားလိုက်တော့မယ်''

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟု မယ်မြကပြော၏။

''ဝမ်းသာပြီး ကျေးဇူးတင်လိုက်တာ . . . ဒေါ်ဒေါ်ရယ်။ ဒါဖြင့် ကျွန်တော့်ညီမကလေးကို အနီးကပ်စောင့်ရှောက်ချင်လို့ ကျွန်တော့်ကိုတော့ ဒေါ်ဒေါ်တို့ အိမ်ရှေ့လမ်းဆုံက ညောင်ပင်ကြီးမှာ နေခွင့်ပေးပါ''

ဟု မောင်ဝဏ္ဏက တောင်းဆို၏။

မယ်မြကလည်း ရှောရှောရှူရှူပင် နေခွင့်ပေးလိုက်၏။

မောင်ဝဏ္ဏနှင့် ယုသီဂီတို့နှစ်ယောက်က ဒေါ်ကဋ္ဌာဝတီကို ဦးသုံးကြိမ်ချပြီး ဖက်၍ငိုကြ၏။

တရားထိုင်လေ့ရှိသော ဒေါ်ကဋ္ဌာဝတီမှာလည်း ဒီကလေးနှစ်ယောက်၏ လုပ်ပုံကြောင့် တရားမရနိုင်ဘဲ မျက်ရည်များ တပေါက်ပေါက်ကျအောင်ငိုမိလေ၏။

မယ်မြကတော့ သူတို့သုံးယောက်ကို ကြည့်ပြီးစိတ်မကောင်းဖြစ်နေသည်။

ဒေါ်ကဋ္ဌာဝတီသည် ကလေးနှစ်ယောက်ကို ထားခဲ့ကာ ရိပ်သာသို့ ပြန်ခဲ့၏။

အိမ်ခြံဝိုင်းအတွက် တံခါးဝသို့အရောက်တွင် သမင်လည်ပြန်လှည့်၍ မောင်ဝဏ္ဏတို့ မောင်နှမနှစ်ယောက်ကို နောက်ဆန်တင်းကာ လှည့်ကြည့်မိ၏။

ထိုသို့ လှည့်ကြည့်နေခိုက် ဟီးနိုးကားကြီးတစ်စီးက အရှိန်ပြင်းစွာမောင်းလာပြီး လမ်းကို ဖြတ်၍ကူးမည်လုပ်နေသော ဒေါ်ကဋ္ဌာဝတီအားသတိပေးသော ဟွန်းကို အကျယ်အကြီးတီးလိုက်၏။

''ပွမ် . . .''

''ပွမ် . . .''

''အောင်မယ်လေးတော့ . . . သေပါပြီ''

''ကယ်ကြပါဦး''





''အစ်မ . . . အစ်မ . . . ဘာဖြစ်တာတုံး အိပ်မက်ဆိုးတွေ မက်နေပြန်ပြီလား''

''ရော့ . . . ရော့ . . . ပရိတ်ရေသောက်လိုက်''

''ဟင် . . . ငါ တကယ် ကားတိုက်မခံရဘူးလား''

''ဩော် . . . အစ်မကတော့ မဟုတ်ကဟုတ်က ပြောရောမယ်။ ကျောင်းပေါ်အိပ်နေတဲ့လူကို ဘယ်ကားကတက်ပြီး တိုက်မှာတဲ့လဲ။ ဟင်းဟင်း ဟင်း . . . အစ်မက ရယ်စရာသိပ်ပြောတာပဲ၊ အကျင့်ကို မပျောက်ဘူး''

''ဟဲ့ . . . ငါနဲ့ မောင်ဝဏ္ဏတို့ မောင်နှမနှစ်ယောက် မယ်မြဆီသွားခဲ့တာ အိမ်အထွက်မှာ ကားတိုက်မိတော့မလို ဖြစ်ခဲ့တာဟဲ့။ အောင်မယ်လေး . . . တကယ်မဟုတ်ဘဲ အိပ်မက်မို့ တော်ပါသေးရဲ့''

''အရုဏ်တက် ခြောက်နာရီထိုးပြီ . . . အစ်မရေ၊ အရုဏ်ဆွမ်းစားဖို့ ကျွန်မလာနှိုးတာ။ အစ်မ လန့်အော်တာနဲ့ အကိုက်ဖြစ်သွားလို့ တော်ပါသေးရဲ့''

ဟု မငြိမ်းအေးက ပြောပြီး ဆွမ်းပွဲပြင်ပေး၏။ ဆွမ်းစားရန် ပြင်ဆင်နေချိန်တွင် မယ်မြတစ်ယောက် အမောတကော ပြေးဝင်လာပြီး . . .

''ဆရာလေး . . . ဆရာလေး . . .''

ဟု အော်ခေါ်ပြီး ကျောင်းပေါ်သို့ တက်လာ၏။

''ဟဲ့ . . . မယ်မြ၊ ဘာဖြစ်လာတာလဲ၊ အေးအေးဆေးဆေး ထိုင်ပြီးမှ ပြောစမ်း''

ဟု ပြောကာ ထိုင်ခိုင်းပြီး ရေနွေးနှင့် ထန်းလျက်ခဲကို ချ၍ကျွေးလေ၏။

''ညက အိပ်ကောင်းနေတုန်း အိပ်မက်မက်လို့ ဆရာလေးရဲ့''

ဟု စကားကို အစပျိုးလိုက်၏။

''အိပ်မက် မက်တာများ အဆန်းလုပ်လို့၊ နေထွက်မှ လာပြောတော့ကော ဘယ်သူက ဖမ်းပြီးတရားစွဲမှာမို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



ဟု မငြိမ်းအေးက မကျေမနပ် ပြောသည်။

''ဟော့ . . . မိငြိမ်းအေး၊ နင်မသိရင် အသာနေစမ်း။ ကိုယ့်ဆီလာတဲ့ ဧည့်သည်ကို ဒီလိုပြောစရာလား''

ဟု ဒေါ်ကဥ္စဏာဝတီက ငေါက်လိုက်သဖြင့် ငြိမ်ကျသွား၏။

''ဟဲ့ . . . မယ်မြ ပြောစမ်း။ နင့်အိပ်မက်နဲ့ ငါ့အိပ်မက်နဲ့များ တူနေမလားလို့''

ဟု ဒေါ်ကဥ္စဏာဝတီက စကားလမ်းကြောင်း ခင်းပေးလိုက်သည်။

ဒေါ်ကဥ္စဏာဝတီတို့ သုံးယောက် မိမိ၏အိမ်သို့ ရောက်ရှိလာပုံ၊ ကလေးတွေကို မွေးစားဖို့ပြောပုံ၊ မိမိက မိန်းခလေးကိုသာ လက်ခံလိုက်ပုံ၊ မောင်ဝဏ္ဏက ညောင်ပင်တွင် နေခွင့်တောင်းပုံတို့ ပြောပြရာ . . .

''အောင်မယ်လေး . . . ဟုတ်လိုက်လေ . . . မယ်မြရယ်၊ ငါ့အိပ်မက်နဲ့ တစ်ထပ်တည်းပါပဲ''

''အေး . . . အေး . . . နင် မကြာခင် ကလေးရတော့မယ်''

ဟု ဒေါ်ကဥ္စဏာဝတီက အားရဝမ်းသာပြောလေ၏။

''ရှင် . . . ကျွန်မ ကလေးရတော့မယ် . . . အောင်မယ်လေးလေး ဝမ်းသာလိုက်တာတော်''

''ဆရာလေး . . . ကျွန်မကို ပြန်ခွင့်ပြုဦး၊ ဒီဝမ်းသာရမယ့်စကားကို ကျွန်မယောကျ်ား အလုပ်မသွားခင် သွားပြောရဦးမယ်''

ဟု ပြောကာ ဝမ်းသာလွန်းသဖြင့် အရူးတစ်ပိုင်းဖြစ်ကာ အော်ဟစ်၍ ရိပ်သာဝိုင်းအတွင်းမှ ပြေးထွက်သွားလေ၏။

''လင်တရူးမ . . . အဖြစ်သည်းနေလိုက်တာ''

ဟု မငြိမ်းအေးက ပြေးသွားသော မယ်မြ၏နောက်ကျောကို ကြည့်ကာ ပြောလိုက်၏။

''ဟဲ့ . . . မိငြိမ်းအေး၊ နင် ဘာဖြစ်နေတာတုံး။ သူများပျော်တာကို မနာလိုဖြစ်ပြီး မစ္ဆရိယစိတ်တွေ များနေလိုက်တာ''





''အဲဒါ လင်တရူးတာမဟုတ်ဘူး။ ခလေးရူး ရူးနေတာဟဲ့''

ဟု ဒေါ်ကဥ္စဏာဝတီက ရှင်းပြ၏။

''မနာလိုတာ မဟုတ်ပါဘူး။ အကဲပိုလွန်းလို့ သောက်မြင်ကပ်လို့ ပြောမိတာပါ''

ဟု မကျေမချမ်းပြောကာ မီးဖိုထဲသို့ ထ၍ ထွက်သွားလေတော့သတည်း။

✿ ✿ ✿

[၃]

## ကျေပါတော့ မောင်ဝဏ္ဏ

❑

မောင်ဝဏ္ဏတို့အဖြစ်အပျက်က တစ်နှစ်ကြာသွားခဲ့ပြီ။ မယ်မြတစ်ယောက် မိန်းကလေးမွေးသည်။ မယ်မြသည် ကလေးကိုနို့တိုက်ရုံသာ တိုက်ရ၏။ သူ့တွင် အဖော်တစ်ယောက် ရနေသည်။

အဖော်မှာ လူမဟုတ်၊ မြွေဟောက်တစ်ကောင်ဖြစ်၏။

မောင်ဝဏ္ဏသည် ဒေါသဖြင့် သေရ၏။ ဂလဲ့စားချေလိုစိတ်တွေ ပြင်းပြသောဆန္ဒဖြင့် သေဆုံးခဲ့ရသဖြင့် မြွေဟောက်ဘဝသို့ ရောက်ပြီး မယ်မြ၏ အိမ်ရှေ့တွင်ရှိသော ညောင်ပင်ခေါင်းထဲတွင် နေပြီး နှမဖြစ်သူကို စိတ်မချသဖြင့် လာရောက်စောင့်ကြည့်နေခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယုသိဂီ မွေးစကာပင် ပုခက်အတွင်းသို့ မောင်ဝဏ္ဏ လာ၍အိပ်ပေး၏။

မယ်မြတို့လင်မယားကို အိပ်မက်ပေးပြီးမှ လာနေခြင်းဖြစ်ရာ မယ်မြတို့လင်မယားကလည်း မြွေဟောက်ကြီးကို မကြောက်ကြ။

ကြက်ဥပြုတ်ကျွေး၍ နွားနို့တိုက်ပေး၏။ တစ်ခါတစ်ရံတွင် မြွေဟောက်ကြီးသည် မယ်မြတို့လင်မယားနှင့်ပင် ကလေးနှင့်ရော၍ ကစားကြ၏။

ယုသိဂီကလေးမွေးမှ စီးပွားက ချောင်လည်လာသည်။ အစက သူများဆိုက္ကားကို အငှားနင်းစားနေရသည်မှ ယခုအခါ ကိုယ်ပိုင်ဆိုက္ကားနှင့် ဖြစ်နေ၏။

ကိုယ်ပိုင်ဆိုက္ကားမို့ ပိုင်ရှင်ခ (အုံနာခ) အခကြေးငွေမပေးရသဖြင့် အေးအေးလူလူ ဆိုက္ကားနင်း၍ ရ၏။ ထွက်ချင်ထွက်၊ မထွက်ချင်နေ၊ နေ့တွက်ကိုက်လျှင် တော်ပြီဟု နေနိုင်၏။

အပေါင်းအသင်းမိတ်ဆွေများက မြွေကြီးကို ကြည့်ချင်သဖြင့် လာကြ ၏။

မြွေဟောက်ပင်ဖြစ်နေပါသော်လည်း အဆိပ်မရှိသောမြွေကဲ့သို့ နေသဖြင့် လာရောက်ကြည့်သူများက စပါးကြီးမြွေဟုပင် ထင်နေကြ၏။

မြွေကြီးစားဖို့ အလှူငွေများလည်း ထည့်ဝင်ကြ၏။ ထိုအလှူငွေများကြောင့် မယ်မြတစ်ယောက် သူတစ်ပါးအိမ်သွားရောက်ပြီး အဝတ်ဖွတ်ရသည့်လုပ်ငန်း မလုပ်ရတော့ဘဲ အေးချမ်းစွာ ဤမောင်နှမနှစ်ယောက်နှင့် အတူ အချိန်ပြည့် နေနိုင်ခဲ့၏။

“နင်တို့ မြွေလမ္ပာယ်ဆရာ လုပ်စားရင်တောင် စီးပွားဖြစ်မှာ”

ဟု နောက်ကြပြောင်ကြ၏။

ဤသတင်းကို ဒေါ်ကဥ္စနာဝတီနှင့် မယ်တော်ကြီးတို့ ကြားလေရာ လာရောက်ကြည့်ရှုရာတွင် မြွေဟောက်ကြီးသည် ၎င်းတို့အား ခရီးဦးကြိုပြုပြီး ဆရာလေးတို့ခြေရင်းတွင် ငြိမ်ဝပ်ပိပြားစွာ နေ၏။





ဆရာလေးတို့ မျက်ရည်မဆည်နိုင်ခဲ့ကြပေ။

“မောင်ဝဏ္ဏအတွက် မေတ္တာပို့ အမျှဝေပြီး ကျောင်းကိုလည်း လာနိုင်ကြောင်းပြောရာ နှမကလေး လမ်းလျှောက်နိုင်သောအချိန်တွင် ဒေါ်ကဥ္စနာဝတီ၏ ကျောင်းခန်းသို့ လာရောက်ကစားကြ၏။

မောင်ဝဏ္ဏတို့အား ကားဖြင့် တိုက်သတ်သွားသူမှာ မောင်ရွှေဘဆိုသူဖြစ်၏။ မျက်မြင်သက်သေမရှိသဖြင့် အပြစ်ဒဏ်တစ်စုံတရာ မခံလိုက်ရဘဲ ယခုအခါတွင် ကားဂိတ်မှ ရွာသို့လည်းကောင်း၊ ရွာမှ ကားဂိတ်သို့ပစ္စည်းများ ပို့ပေးရသော (၂) တန်ကုန် တင်ကားလေးကို မောင်းနေ၏။

တစ်နေ့တစ်နေ့ ရွာနှင့်ကားဂိတ်သို့ သွားရသည့်အကြိမ်ပေါင်း မနည်း။ ရွာသို့သွားလျှင် မောင်ဝဏ္ဏမြွေဘဝဖြင့် နေထိုင်သော ညောင်ပင်အောက်မှ ဖြတ်၍မောင်းရ၏။

ထူးခြားချက်တစ်ခုမှာ မိမိ၏ကား ညောင်ပင်အောက်သို့ ရောက်တိုင်း ကားပျက်၏။

ဘီးပေါက်၍လည်းကောင်း၊ ဆီပိုက်ပိတ်၍လည်းကောင်း၊ တစ်ခုခုဖြင့် အကြောင်းပြကာ ပျက်၏။

ထိုသောအခါ အနီးအနားမှ လူတချို့ကို အကူအညီတောင်းပြီး ကားကို တွန်းကြရာ ညောင်ပင်အရိပ် လွတ်သွားသောအခါ ကားကို စက်နှိုးကြည့်ပါက ပြန်၍ကောင်းပြန်၏။

ထို့ကြောင့် မောင်ရွှေဘသည် ညောင်စောင့်ရုက္ခစိုးကို ဒေါပွကာ ဆဲရေးတိုင်းထွာမှု လုပ်တော့၏။

တစ်နေ့တွင် မန္တလေးမှစစ်ကိုင်းသို့ လာသောကုန်ကား လမ်းတွင် ပျက်၍ စစ်ကိုင်းကို အဝင်နောက်ကျသွား၏။ ထိုကားနောက်ကျသဖြင့် ရွှေဘ၏ကားလည်း ရွာထဲဝင်ရာတွင် ညဥ့်နက်သွား၏။

ည လူအများအိပ်ချိန်တွင် အထက်ကပြောခဲ့သော ညောင်ပင်အောက်သို့ရောက်သော် ကားက ပျက်ပြန်၏။ ယခုအခါတွင် ညဥ့်နက်နေ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကားတွန်းရန် လူအကူအညီခေါ်၍ မရတော့ရာ ဘာများဖြစ်သလဲသိချင်၍ ကားရှေ့အဖုံးကိုဖွင့်ပြီး ကြည့်၏။

ဤအခွက်၊ ဤအခွင့်အရေးကို စောင့်နေသော မောင်ဝဏ္ဏတစ်ဖြစ်လဲ မြွေဟောက်ကြီးသည် ကားသမားရွှေဘ၏ ခြေမျက်စိအထက်ကို အဆိပ်များ များစွာထုတ်ပြီး ပေါက်ချလိုက်တော့၏။

"အောင်မယ်လေးဗျ . . ."

"သေပါပြီ"

"ဝုန်း"

"ဂျိုင်း"

နာလွန်းသဖြင့် ခုန်လိုက်ရာ ဖွင့်ထားသော ကား၏စက်အဖုံးကို ခေါင်းဖြင့်တိုက်မိပြီး ဖင်ထိုင်လျက် လဲကျလေ၏။

"အောင်မယ်လေး . . . ငါ့ကိုပေါက်တာ မြွေဟောက်ကြီးပါလားဟ"

ဟု အော်မိ၏။

ဖင်ထိုင်လျက် လဲကျနေသော ရွှေဘ၏ရှေ့တွင် မြွေဟောက်ကြီးက ပါးပျဉ်းထောင်နေ၏။

လူသာဆိုလျှင် . . .

"မင်း ရာဇဝတ်ဘေးက ပြေးလို့လွတ်ပေမယ့် ငါ့လက်ကတော့ မလွတ်ဘူးကွ . . . ဟား ဟား ဟား"

ဟု ပြောကာ အားရဝမ်းသာ ရယ်နေလိမ့်မည်ထင်၏။

မြွေဟောက်ကြီးသည် မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ရွှေဘကိုကြည့်လျက် ရွှေဘ၏ မျက်လုံးနှစ်လုံးကြား နှာခေါင်းအစနားသို့ ပြင်းထန်စွာဖြင့် တစ်ချက် ပေါက်ချလိုက်ပြန်၏။

အဆိပ်သည် ဦးနှောက်သို့ ချက်ချင်းရောက်သွားပြီး လူမသိ သူမသိ ရွှေဘသေဆုံးသွား၏။





နံနက်မိုးလင်းမှ ရွှေဘသေနေကြောင်း ရွာသူရွာသားတို့ သိရှိကြပြီး လာကြည့်ကြ၏။

ရွှေဘကိုကြည့်ပြီးနောက် ကလေးနှင့် ကစားနေသော ထူးဆန်းလှသည့် မြွေကြီးရှိသည့် မယ်မြတို့အိမ်ကို ဝင်ကြ၏။

မောင်ဝဏ္ဏနှင့် မသီဂီတို့ မောင်နှမနှစ်ယောက်ကတော့ လာကြည့်ကြသော ညွှ်ပရိသတ်ရှေ့တွင် ပျော်ပျော်ပါးပါး ကစားလျက်ပင် ရှိနေပါတော့ လေသတည်း။

ဤဇာတ်လမ်းကို ပြန်ပြောပြသော ကြည့်မြင်တိုင်ဈေးကလေး (၁) လမ်းထိပ်မှ (တာဝိုလ်) ကွမ်းယာဆိုင်ပိုင်ရှင် ဒေါ်ကဥ္စဏဝတီ (ခေါ်) ဒေါ်ကြည်ကြည်ချိုအား ကျေးဇူးအနန္တပါဟု မှတ်ခွန်းဆက်ရင်း . . . . .။

သပွေ၊ အနိစ္စ၊ သခါရ

**မကျေးညိုစိမ့်**

www.burmeseclassic.com

www.burmeseclassic.com



[၁]

❑

၁၁-၂-၂၀၁၄ နံနက် (၇) နာရီမထိုးမီ ရန်ကုန်ဘူတာကြီးသို့ ခရီးဆောင်အိတ်တစ်လုံး ဆွဲ၍ ရောက်ရှိနေသည်။ မကြာမီအချိန်မှာပင် စိတ်ကူးသစ်စာပေမှ ထုတ်ဝေသူကိုတင်ထွန်းနှင့် စိတ်ကူးသစ်ဝိုင်းတော်သား စာရေးဆရာများ တစ်ဦးပြီးတစ်ဦး ရောက်ရှိလာကြသည်။ ဆောင်း၏ အအေးဓာတ် ရှိနေဆဲဖြစ်၍ အနွေးထည်အင်္ကျီများကို ကိုယ်စီဖြင့်လည်းကောင်း၊ နံနက်စောစောအချိန်ဖြစ်၍ ဘာမှ မလုပ်ရသေး၍လည်းကောင်း မျက်နှာများ ကြည်လင်၍လည်းကောင်း၊ ခရီးထွက်ရန် စိတ်အားထက်သန် နေကြသည်။

သွားမည့်ခရီးကား ပဲခူးတိုင်း၊ ကညွတ်ကွင်းမြို့၊ ရဟန်းခံအလှူပွဲ အလှူရှင်မှာ စိတ်ကူးသစ်စာပေမှ တပည့်ကျော်မလေး၏ မိဘများဖြစ်သော ဦးဝင်းညွန့် + ဒေါ်စိုးစိုးတို့ အလှူဖြစ်သဖြင့် စိတ်ကူးသစ်ဝိုင်းတော်သားများ သွားရောက်ကြခြင်းဖြစ်ပါသည်။ လိုက်ပါကြသူများကတော့ ကျွန်တော်တို့ထဲတွင် အငယ်ဆုံးဖြစ်သော စာရေးဆရာ မုဆိုးကြီးဦးလေးမောင်၊



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးကြီးသိန်းဝင်း၊ မောင်ညိုမှိုင်း (သန်လျင်)၊ ဝင်းနိုင် (ရွှေပြည်သာ)၊ ပန်းချီမြတ်မင်းဟန်၊ ဦးတင်ထွန်း၊ ကိုသူရိန်နှင့် မမော်မော်တို့ ဖြစ်ကြသည်။


အားလုံး ခရီးဆောင်အိတ်ကိုယ်စီနှင့် ဖြစ်သော်လည်း ထောင်မှူးကြီးသိန်းဝင်းနှင့် မြတ်မင်းဟန်တို့က ကြွပ်ကြွပ်အိတ်အမည်းနှင့် အထုပ်တစ်ထုပ်စီကို ကိုယ်စီ ဆွဲလာကြသည်။ ကျွန်တော်က သိလို၍ . . .

''ထောင်မှူးကြီး . . . ဘာတွေလဲဗျ''

''နင်တို့အားလုံးအတွက် ရိက္ခာတွေပေါ့ဟ''

''ထောင်မှူးကြီးကလည်း လမ်းမှာ ဝယ်စားလို့ရတာပဲ အလေးခံလို့''

''နေရာတကာ ဝယ်လို့မရလို့ပေါ့ကွာ''



စာရေးဆရာများကို ဂရုတစိုက် ဖိတ်ကြားသော
အလှူရှင်ဦးဝင်းညွန့် + ဒေါ်စိုးစိုး





နေရာတကာဝယ်မရဆိုသော စကားကြောင့် ကျွန်တော် ထောင်မှူးထံမှအိတ်ကို ယူ၍ ဖွင့်ကြည့်လိုက်သောအခါ ဘီယာ (၆)ဘူး၊ ဝီစကီ (၁) လုံးနှင့် အမြည်းအဖြစ် အားလူးကြော်၊ ငှက်ပျော်ကြော် စသော အထုပ်များ။ မြတ်မင်းဟန်၏ မျက်နှာကို မော့ကြည့်လိုက်သောအခါ မြတ်မင်းဟန်က ပြုံးစိစိဖြင့် သူ့အိတ်ကိုလည်း ပုတ်ပြလိုက်သည်။ သူ့မှာလည်း ပါသည်ပေါ့လေ။

အင်း . . . စာရေးဆရာ ရင့်မကြီးတွေ၊ လူကြီးလူကောင်းတွေ။ သွားမှာက ရဟန်းခံအလှူပွဲ၊ လုပ်လိုက်ကြပေါ့လေ . . .။

''ဟေ့လူ . . . ကြည့်မနေနဲ့။ ပြီးရင် နင်ပဲ မလောက်ဘူး ပြောဦးမယ်။ သွား . . . ရေဘူးသွားဝယ်။ ပြီးတော့ ဒီအထဲမှာ နင်က အငယ်ဆုံး။ အထုပ်ကို နင်ပဲသယ်ခဲ့။ ပြီးရင် ရထားပေါ်ကျ နင် ဒိုင်လုပ်ရမယ် . . . ကြားလား''



စာရေးဆရာများ ရထားပေါ် တွင် စကားတပြောပြောဖြင့်

www.burmeseclassic.com

www.burmeseclassic.com





စာရေးဆရာများ ရထားပေါ်တွင် ပျော်ပျော်ရွှင်ရွှင်

ကျွန်တော် အမျိုးကောင်းသားလေး မောင်ဝင်းနိုင်လည်း သူတို့စေခိုင်းသည့်အတိုင်း ရေဘူးကိုဝယ်၊ အထုပ်အပိုးများကို ဆွဲ၍ ရထားပေါ်တက်ခဲ့ရပါတော့သည်။ ရထားပေါ်တွင် နေရာယူပြီး နံနက် (၈) နာရီတွင် ရန်ကုန်–နေပြည်တော်ရထား ထွက်ခွာလာခဲ့ပါတော့သည်။ ကျွန်တော်လည်း ရထားထွက်လျှင်ထွက်ခြင်း ပြုလုပ်နေကျ ထုံးစံအတိုင်း ဂုဏ်တော်များ၊ ပဋ္ဌာန်းဒေသနာတော်ကြီး၊ ပရိတ်များကို ရွတ်ဖတ်လာခဲ့တော့သည်။

"ဟော့လူ ... ဟော့လူ ... ထ ... ထ"

"ပါးစပ်ကလည်း ပွစိပွစိနဲ့ ဘာတွေ ရွတ်နေတာလဲ"

ဘေးမှ အတူထိုင်နေသူ မြတ်မင်းဟန်က ပခုံးကို လှုပ်ပြီး ခေါ်သဖြင့် ပရိတ်ရွတ်နေရာမှ ရပ်ပြီး မျက်လုံးကို ဖွင့်ကြည့်လိုက်ရာ ...

"ဘာလဲဗျ ... ဒီမှာ အခုမှ ပရိတ်စရွတ်နေတုန်း"

"ခင်ဗျား အဲဒါတွေက ဘယ်အချိန်ရွတ်ရွတ် ရတယ်။ နောက်မှရွတ်။ အခု ကျုပ်တို့ လုပ်ငန်းစလိုက်ရအောင်"





"ဘာလုပ်ငန်းကို စမှာလဲဗျ"

"ခင်ဗျားဆွဲလာတဲ့ အထုပ်လေဗျာ။ အဲဒီဟာတွေ ထုတ်တော့"

"ဟာ ... ခင်ဗျားတို့ကလည်း အခုမှ မနက်အစောကြီး ရှိသေးတာ။ ပြီးတော့လည်း ရထားပေါ်မှာ ခရီးသည်တွေနဲ့။ ကိုယ်က လူကြီးလူကောင်းတွေဥစ္စာ လူမြင်လို့ မကောင်းပါဘူး"

"ဟော့လူ ..."

"ခင်ဗျား မလုပ်ချင်နေ၊ ကျုပ်တို့ဘာသာ သောက်မယ်။ ဟိုပြောဒီပြော ပြောမနေနဲ့"

ဘေးက ထောင်မှူးကြီး သိန်းဝင်းက ဝင်ဟောက်သဖြင့် ကျွန်တော်ခေါင်းပုသွားရသည်။ သူ့ဘေးမှ မုဆိုးကြီးလေးမောင်ကပါ မျက်ထောင့်နီကြီးနှင့် ကြည့်နေသဖြင့် ကျွန်တော် မပြောသာတော့ပါ။ အကူအညီ ရလိုရငြား ဦးညိုမှိုင်း(သန်လျင်)ကို လှမ်းကြည့်လိုက်တော့လည်း သူ့မျက်လုံးများက အထုပ်ထဲမှ ဆွဲထုတ်လိုက်သော ဘီယာဘူးများက မခွာ။ အင်း .. လုပ်ကြဦးစို့ရဲ့။

ဤသို့ဖြင့် ကညွတ်ကွင်းခရီးစဉ်ကို ရထားပေါ်တွင် ယမကာဝိုင်းဖြင့် စတင်လိုက်ကြသည်။ လူကြီးလူကောင်း စာရေးဆရာများဖြစ်၍လည်းကောင်း၊ ခရီးသည်များအကြား ဖြစ်၍လည်းကောင်း ဝိုင်းကို ပြောင်မလုပ်ကြဘဲ မသိမသာ ခိုးကြောင်ခိုးဝှက် လုပ်ခဲ့ကြသည်။ ခိုးကြောင်ခိုးဝှက်သောက်ရ၍လားမသိ ဝီစကီတစ်လုံးမှာ မကြာခင် ကုန်သွားခဲ့သည်။ ဦးညိုမှိုင်းနှင့် ဦးတင်ထွန်းတို့က ဘီယာဘူးကို အချိုရေဘူးပုံစံနှင့် ခပ်တည်တည်သောက်နေကြသည်။

သို့သော် မကြာပါချေ။ ဦးတင်ထွန်း ဘီယာတစ်ဘူးကုန်သောအခါ မျက်နှာနီရဲလာပြီး အလတ်ဂျစ်ကဲ့သို့ ဖြစ်လာသည်။ ယခင်က မသောက်သော ဦးညိုမှိုင်းကတော့ ဘီယာနှစ်ဘူးအထိ သောက်ပြီး စကားတွေဖောင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိုးဆုံးကတော့ မုဆိုးကြီးလေးမောင်ဖြစ်သည်။ သူက မူးလာတော့ ရထားပေါ်မှ ဈေးရောင်းသော ဈေးသည်များကို ပြဿနာရှာတော့သည်။ ဈေးသည်လေးတွေ လာတိုင်း ဈေးမေးပြီး မဝယ်ဘဲနေသောကြောင့် ဈေးသည်တွေက မကျေနပ်ကြ။ သို့သော် ကျွန်တော်တို့က အုပ်စုကောင်းသောကြောင့် မပြောရဲ။ ပြောင်းဖူးပြုတ်ရောင်းသော ဈေးသည်တစ်ယောက်ကို ...

''တစ်ဖူး ဘယ်လောက်လဲ''

''နှစ်ရာပါ ... အစ်ကိုကြီး''

''တစ်ရာထားကွာ''

''မရလို့ပါ၊ ရရင် ကျွန်တော်တောင် ဝယ်ချင်တယ်''

''ဟေ့ကောင် ... ရမလားလို့ စစ်ကြည့်တာ၊ ရရင် ရတယ်၊ မရရင် မရဘူးပြော။ မင်းက ဘာကောင်မို့လို့ အပိုတွေ ပြောနေတာလဲ''

''ဒီလောက်လေးပြောတာကို ဆရာကြီးက ဘာလို့ ဒေါကန်နေတာလဲ''

''မင်းလိုကောင်မပြောနဲ့ ခပေါင်းချောင်းဖျားက တိုင်ကီလောက်ရှိတဲ့ ဝါးပိုးဝါးကို လက်သီးနဲ့ ထိုးခွဲလာတာ။ ဘာအောက်မေ့လဲ ကန်ချလိုက်လို့ ကားခနဲ ဖြစ်နေမယ်''

''ကဲ ... ကဲ ... တော်ပါတော့ မုဆိုးကြီးရယ်။ ဟေ့ကောင် ... မင်းလည်း သွားတော့''

ကျွန်တော်တို့ ဝင်ထိန်းတော့မှ ဈေးသည်က မကျေမနပ်နှင့် ပြန်သွားသည်။ ဒါတောင် မုဆိုးကြီးက ငုံးဥလောက်ရှိသော သူ့လက်သီးကို ဆုပ်ပြီး တောက်တခေါက်ခေါက်နှင့် ...

''ထောင်မှူးကြီး ... ဆရာမှိုင်းက အရင်က အရက်ရော၊ ဘီယာရော မသောက်ပါဘူး။ အခု ဘာဖြစ်လို့ သောက်နေတာလဲ''

''မောင်ရင် ခေတ်နောက်ကျသွားပြီ။ ဟိုအရင် ပြည်ခရီးစဉ်ထဲက ခရီးပန်းတာကို အကြောင်းပြုပြီး ဆော်နေတာ။ အခုတော့ တို့အဖွဲ့ဝင်ဖြစ်သွားပြီ''





''ဒါဆို ဆရာမှိုင်း၊ ကျွန်တော်တို့အသင်းထဲကို ဝင်လို့ရပြီ''

''ဘာအသင်းလဲ ... ကိုဝင်းနိုင်ရဲ့ လုပ်ပါဦး''

''မြန်မာနိုင်ငံလုံးဆိုင်ရာ အရက်သောက်သုံးသူများအသင်းလေ''

''ဟာ ... ခင်ဗျားကလည်း အဲဒီအသင်း ရှိလို့လား''

''ရှိတာပေါ့ဗျာ ... အဲဒီအသင်းမှာ ကျွန်တော်ရယ်၊ မြတ်မင်းဟန်ရယ်က ဂုဏ်ထူးဆောင်အသင်းသားတွေ မုဆိုးကြီးလေးမောင်နဲ့ ထောင်မှူးကြီးတို့က ရိုးရိုးအသင်းသားတွေ''




ခရီးစဉ်အစ ရထားပေါ်၌ ဦးလေးမောင် (ဦးထုပ်အစင်း) နှင့် ဦးဝင်းနိုင်

''ဟေ့ ... ဟေ့ ... ကိုဝင်းနိုင်၊ အဲဒီလူနှစ်ယောက် (မုဆိုးကြီး ထောင်မှူးကြီး)က ခင်ဗျားတို့ထက်လည်း အသက်ကြီးတယ်၊ အရက်သောက်တဲ့ သက်တမ်းလဲ ပိုကြာတယ်။ ဒါပေမဲ့ ခင်ဗျားလို ဂုဏ်ထူးဆောင်အသင်းသား မဖြစ်ဘဲ ဘာကြောင့် ရိုးရိုးအသင်းသား ဖြစ်နေရတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှ ကိုတင်ထွန်းက ဝင်ပြောလိုက်သဖြင့် ကျွန်တော်က ...

"ဒီလိုရှိတယ် ... ကိုတင်ထွန်းရ၊ ဒီအသင်းမှာ ရိုးရိုးအသင်းသား အဖြစ်ကတော့ အဖွဲ့ဝင်နှစ်ယောက် ထောက်ခံရင် ဝင်လို့ရတယ်။ ဂုဏ်ထူးဆောင်အသင်း ဖြစ်ဖို့ကျတော့ အရက်မူးပြီးရင် ရန်မဖြစ်ရဘူး။ ရဲစခန်းတို့၊ ရပ်ကွက်ရုံးတို့ မရောက်ရဘူး။ အချုပ်ထဲတို့၊ ထိတ်တုံးခတ်တို့ မခံရဘူး။ အဲဒီ စည်းကမ်းချက်တွေ ရှိတယ်။ မုဆိုးကြီးကတော့ ခင်ဗျားသိတဲ့အတိုင်းပဲလေ။ မူးလာရင် သူများကို ပြဿနာရှာတယ်။ ကလေးတွေနဲ့ ရန်ဖြစ်တယ်။ အဆိုးဆုံးကတော့ မနှစ်က သင်္ကြန်မှာ အရက်မူးပြီး ပုဆိုးကွင်းသိုင်းပြီး ရပ်ကွက်ထဲ လျှောက်ဆဲတယ်။ အထူးသဖြင့် သူ့ကို ပြန်မကြိုက်တဲ့ လမ်းထိပ်က သုံးလင်ကွာ မမကြီးအိမ်ရှေ့သွားပြီး ငါ့ကို ပြန်မကြိုက်တဲ့ဟာတွေ ဒါပဲထင်တယ်ဆိုပြီး ဆဲလို့ အချုပ်ထဲမှာ သုံးရက်လောက် နေလိုက်ရတယ်။ ဒါကြောင့် ရိုးရိုးအရက်သမားအဆင့်က မတက်တာပေါ့"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... ကဲ ... ထောင်မှူးကြီးကရော"

"ဒီလို ... ကိုတင်ထွန်းရဲ့၊ ထောင်မှူးကြီးက ကချင်ပြည်နယ် ရောက်တုန်း အမဲပစ်ရအောင်ဆိုပြီး မုဆိုးကြီးဆီက နှစ်လုံးပြူးသေနတ်ငှားပြီး တောပစ်ထွက်တယ်"

"ဒီရေရောက်တော ပေါက်တယ်ဆိုတဲ့ ဒရုချောင်းဖျားမှာလား"

"ခင်ဗျားကလည်း ကြံကြံဖန်ဖန်။ ကချင်ပြည်နယ်မှာ ဒီရေရောက်တော ပေါက်မလားဗျ"

"သူကိုယ်တိုင် ရေးထားတာပဲ မယုံရင် မေးကြည့်ပေါ့"

ထုတ်ဝေသူ ကိုတင်ထွန်းက ထောင်မှူးကြီးအား မေးရန် ကြည့်လိုက်သောအခါ မူးမူးနှင့် မျက်ထောင့်ကြီးနီပြီး မိုက်ကြည့်ကြည့်နေသောကြောင့် မမေးရဲတော့ဘဲ ...





"ကဲ ... ဆက်ပြောပါဦး ဆရာမှိုင်း"

"တောစပ်ရောက်တော့ ဝက်တစ်ကောင် တွေ့တာနဲ့ တောဝက် ဆိုပြီး ပစ်ထည့်လိုက်တယ်။ တကယ်တော့ သူပစ်တဲ့ ကျည်ဆန်က ဝက်ကို မထိဘဲ မိုးပေါ်ထောင်သွားတာ။ ဝက်က လန့်ပြီး အပြေးဝါးချွန်နဲ့ တိုးမိပြီး သေသွားတာ။ ဒါပေမဲ့ သူပစ်တယ်လို့ ထင်အောင် ဝက်သေကို ထပ်ပစ်ပြီး ခပ်တည်တည်နဲ့ ထမ်းပြီး ပြန်လာတယ်"

"ဟာ ... တယ်ဟုတ်ပါလား"

"အဲဒါနဲ့ ဝက်သေကိုထမ်း၊ သေနတ်ကို လက်ကကိုင်ပြီး မုဆိုးစတိုင်အပြည့်နဲ့ လာနေတုန်း ...

"ဗျို့ ... ဆရာကြီး"

"ဗျို့ ... ဆရာကြီး"

နောက်မှ ခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ ရွာသားလေး ယောက်ခန့်ကို တွေ့လိုက်သည်။ ထောင်မှူးကြီးက ...

"ဘာလဲကွ ... ဘာကိစ္စရှိလို့လဲ"

"ဒီလိုပါခင်ဗျ ... အဲဒီဝက်က ဆရာကြီး ပစ်ခဲ့တာလား"

"ဟုတ်တယ်လေကွာ ... ဒီတောဝက်ကို ငါကိုယ်တိုင် ပစ်ခဲ့တာပဲ"

"ဒါ တောဝက်မဟုတ်ပါဘူး၊ ကျွန်တော်မွေးထားတဲ့ အိမ်ဝက်ပါ"

"တောဝက်ပါကွ"

"အိမ်ဝက်ပါ ... ဆရာကြီး။ ကျွန်တော့်ခြံက တောစပ်မှာ အဲဒီ ဝက်ကို လွှတ်ကျောင်းထားတုန်း ဆရာကြီးက ပစ်သွားတာပါ။ ဒီမှာ ကျွန်တော်တို့ရွာက သူကြီးလည်း ပါပါတယ်"

"ဟေ ..."



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါနဲ့ပဲ ကိုတင်ထွန်းရေ ... သူကြီးက ခေါ်သွားပြီး ထိတ်တုံးထဲမှ ထည့်ခတ်ထားလိုက်တယ်။ သူပစ်ခဲ့တဲ့ ဝက်အတွက်လည်း (၅၅ဝိ/) လျော်ခိုင်းတယ်။ သူ့မှာ ပိုက်ဆံပါမသွားဘူး။ သူ့မိန်းမက နောက်က လိုက်လျော်မှ ပြန်လွှတ်လိုက်တာ။ ထိတ်တုံးထဲမှာ နှစ်ရက်လောက် ကြာသွားတယ်။ နှစ်လုံးပြူးသေနတ်တောင် သူကြီးက ပြန်မပေးဘူးလုပ်လို့ သူနဲ့သိတဲ့ စစ်တပ်က ဗိုလ်ကြီးက လိုက်တောင်းပေးလို့ ...''

''ဖြစ်မှဖြစ်ရလေ ... ထောင်မှူးကြီးရယ်၊ တောဝက်နဲ့ အိမ်ဝက် မှားရတယ်လို့''

''ဟား ဟား ဟား ဟား''

''ဟီး ဟီး ဟီး''

''ဟေ့လူတွေ ... တော်ကြတော့ဗျာ၊ အရက်တွေ သီးကုန်ပြီ''

''အဲဒီကိစ္စကြောင့်ပဲ မုဆိုးကြီးနဲ့ ထောင်မှူးကြီးတို့က ဂုဏ်ထူးဆောင်အသင်းသားတွေ မဖြစ်ကြတော့တာပေါ့''

''ဟုတ်ပါပြီ ... ဟုတ်ပါပြီ''

''ဟား ဟား ဟား ဟား''

''ဟာ ... ဆရာမှိုင်း၊ ခင်ဗျားခေါင်းပေါ်က ရထားနံရံမှာကပ်ထားတဲ့ စာကိုလည်း ကြည့်ပါဦး''

''အရက်မသောက်ရ'' တဲ့။

''ကျုပ်က ဘီယာသောက်တာလေဗျာ ကျုပ်နဲ့ အကျုံးမဝင်ဘူး။ ခင်ဗျားတို့လို အရက်သမားတွေနဲ့သာ အကျုံးဝင်တာ''

''ဟုတ်ပါပြီ ... သောက်ပါ ... သောက်။ ပန်းမြိုင်လယ်က ဥယျာဉ်မှူးဇာတ်ကားထဲက ကျော်ဟိန်းပြောသလို 'သောက် သောက် ... အဘရေ ... သေအောင် သောက်''

''ဟား ဟား ဟား''





ထောင်မှူးကြီးနှင့် မြတ်မင်းဟန် ယူလာသော ရီကွာများမှာ ပဲခူးဘူတာတွင် ကုန်သွားသဖြင့် ဘူတာတွင် ဆင်း၍ ရီကွာဝယ်ရသည်။ နောက်ပိုင်းတွင် ရထားပေါ်တွင်ရောင်းသော ဈေးသည်များထံမှ သူရာအပြင် ထမင်းဟင်း၊ အမြည်းပေါင်းစုံရသဖြင့် ကျွန်တော်တို့လူစုမှာ ဆက်ရက်မင်းစည်းစိမ်အပြင် နဂါးမင်းစည်းစိမ်ပါခံ၍ တပျော်တပါး ထွက်ခွာခဲ့ကြပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

နေ့လယ် (၁)နာရီခန့်တွင် ကညွတ်ကွင်းဘူတာသို့ ရောက်ရှိကြသည်။ ကျွန်တော်တို့အုပ်စု ဆင်းသွားကြသည်ကို ရထားပေါ်မှ ခရီးသည်အပေါင်းကလည်း ဝမ်းသာအားရ ရှိနေကြသည်။ ယခုမှပင် သူတို့လည်း တစ်လမ်းလုံး နားမတရားကျင့်သည့် ဒုက္ခဘေးမှ ဝေးရသည်ကိုး။

ကျွန်တော်တို့ စာရေးဆရာများကလည်း ကိုယ့်ကိုယ်ကိုယ် စာရေးဆရာမှန်း အရပ်ကသိအောင် တစ်လမ်းလုံး အာပေါင်အာရင်းသန်သန်ဖြင့် ဟုတ်တာရော၊ မဟုတ်တာရော ကြွားလုံးထုတ်လာကြသည်ကိုး။

တည်းခိုမည့်အိမ်သို့ ရောက်သောအခါ ထမင်းစား၍ ခေတ္တ အနားယူ အိပ်စက်ကြသည်။ ညနေပိုင်းတွင် ရေမိုးချိုးပြီးနောက် ပုသိမ်ကျောင်းတွင် သိမ်ဆင်းလောင်းလှူကြသည်။ ကျွန်တော်တို့တည်းခိုသော မော်မော်တို့အိမ်နီးတစ်ဝိုက်မှာ ဘုန်းတော်ကြီးကျောင်း (၆)ကျောင်းခန့် ရှိသည်။ လူနေအိမ်များမှာလည်း သစ်ပေါသောဒေသဖြစ်၍ အိမ်ကြီးအိမ်ကောင်းများ ဖြစ်





ကြသည်။ အလှူရှင်မိသားစုနှင့် ဆွေမျိုးများမှာလည်း စေတနာသဒ္ဓါ ထက်သန်ကြသူများဖြစ်၍ အလျှံပယ် ကျွေးမွေးဧည့်ခံကြသည်။

ညအိပ်ခါနီးတွင် ကျွန်တော်တို့အုပ်စုကို ဧည့်ခန်းတွင် နေရာချထားသဖြင့် တန်းစီအိပ်ကြသည်။ မအိပ်မီ မော်မော်က ...

"ဦးဝင်းနိုင်တို့၊ ဆရာမှိုင်းတို့ ညဘက် အပေါ့အပါးသွားရင် သတိထားသွား"

"ဟေ့ ... ဘာဖြစ်လို့လဲ ... မော်မော်ရဲ့"

"ဒီခြံထဲက သရဲခြောက်တယ်"

"နင်ကလည်း မဟုတ်တာ မပြောစမ်းပါနဲ့"

"တကယ်ပြောတာ။ ကျွန်တော်တို့အဒေါ်အပျိုကြီး ဆံပင်အရှည်နဲ့ ကျွန်မတို့မိသားစုကို စောင့်ရှောက်နေတာ။ မတော်တဆတွေ့ရင် ကြောက်နေမှာစိုးလို့"



ရဟန်းခံပွဲ



www.burmeseclassic.com

www.burmeseclassic.com



သရဲရှိသည်ဆို၍ ဦးညိုမှိုင်း ကျွန်တော့်အနား ကပ်လာသည်။ ကိုယ်တိုင်က ဂမ္ဘီရစာရေးဆရာကြီးဖြစ်သော်လည်း တစ္ဆေသရဲဆိုလျှင် အလွန်ကြောက်တတ်သည်။ ညဘက်ဆိုလျှင် သုံးလေးခါ အပေါ့သွားတတ်သည်။ အိမ်သာကလည်း နောက်ဖေးခြံထောင့်မှာဆိုတော့ သူ ဒုက္ခရောက်တော့သည်။ ညဘက် အိမ်သာသွားလျှင် ကျွန်တော့်ကိုအဖော်အဖြစ် လိုက်ပေးရန် မျက်နှာငယ်ငယ်နှင့် အကူအညီ တောင်းတော့သည်။ ကျွန်တော်ကလည်း အချင်းချင်းဖြစ်နေ၍ ကူညီပါမည်၊ နိုးပါဟု ပြောလိုက်ရသည်။ မော်မော်ပြောသည်ကို အဟုတ်ထင်၍ ကြောက်နေတော့သည်။



သိမ်တက်နေကြစဉ်

ညအိပ်သောအခါ ကျွန်တော့်ဘေးတွင် လာအိပ်သည်။ ည (၁၂) နာရီခန့်တွင် အိမ်သာတက်ချင်၍ ကျွန်တော့်ကို နိုးသဖြင့် လိုက်ပို့ရသည်။ ကျွန်တော်က အိမ်သာရှေ့ မလှမ်းမကမ်းမှ ရပ်စောင့်ရသည်။ သူက အိမ်သာအတွင်းမှ ...







သိမ်ဆင်းလောင်းရန်စောင့်နေကြသော စာရေးဆရာများ



သိမ်ဆင်းလောင်းရန်စောင့်နေကြသော စာရေးဆရာများ



www.burmeseclassic.com

www.burmeseclassic.com





သိမ်ဆင်းလောင်းနေကြပုံ



အလှူပွဲတွင် အတူပါဝင်ကြသော ကညွတ်ကွင်း မြို့သူမြို့သားများ







သိမ်ဆင်းလာသော ရဟန်းများ




သိမ်ဆင်းလာသော ရဟန်းများနှင့် လှူရန် စောင့်နေကြသူများ



www.burmeseclassic.com

www.burmeseclassic.com





အလှူပွဲတွင် စာရေးဆရာများ ပျော်ရွှင်စွာဖြင့်



အလှူပွဲမှ တည်းခိုအိမ်သို့ ပြန်လာကြသော စာရေးဆရာများ





"ကိုဝင်းနိုင် ... ကိုဝင်းနိုင် ..."

"ဘာလဲ ... ဆရာမှိုင်းရဲ့၊ ကျွန်တော် ရှိပါတယ်"

"ဘာမှ မဟုတ်ပါဘူးဗျာ"

ထိုကဲ့သို့ နှစ်ခါခန့် ခေါ်ပြီးနောက် ...

"ကိုဝင်းနိုင် ... ကျွန်တော် ကြောက်လို့ဗျာ၊ ခင်ဗျားအသံကြားနေရရင် တော်သေးတယ်"

"ကျုပ် ရှိပါတယ်၊ မကြောက်ပါနဲ့"

"တကယ်ပြောတာပါ။ ခင်ဗျား အဲဒီနားကနေ သီချင်းဆိုနေစမ်းပါ"

"ဒီအချိန်ကြီး ပတ်ဝန်းကျင်ကလူတွေ နိုးကုန်မှာပေါ့ဗျာ။

"သူတို့မနိုးအောင် ဆိုပေါ့ဗျာ။ သိပ်မကျယ်နဲ့ပေါ့"

"ဒုက္ခပါပဲ။ ကဲ ... ကဲ ... ဆိုပေးမယ်ဗျာ"

"နေဦးဗျ ... ဒီပြင်သီချင်းတွေ မဆိုနဲ့။ 'ပန်းနွယ်ကစိမ်း' ကို ဆိုဗျာ"

ကြုံကြိုက်ဖန်ဖန်။ သရဲကြောက်သည့်လူက ပန်းနွယ်ကစိမ်းသီချင်းကိုမှ နားထောင်ချင်သည်တဲ့။ ကျွန်တော်ကလည်း သူစိတ်ချမ်းသာအောင် ဆိုပေးလိုက်ရသည်။ သို့နှင့် ကျွန်တော်တို့နှစ်ဦး အိမ်ပေါ်ပြန်ရောက်သောအခါ ထောင်မှူးကြီးနှင့် မုဆိုးကြီးတို့ ထိုင်လျက် စကားများနေကြသည်ကို တွေ့လိုက်ရသည်။

"ဟေ့လူကြီးတွေ ... ညအချိန်မတော်၊ ဘာတွေ စကားများနေကြတာလဲ"

"ဒီမှာကွာ ... ဟောဒီမုဆိုးကြီးပေါ့"

"မုဆိုးကြီးက ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ညလုံးလည်း ကောင်းကောင်း မအိပ်ဘူးကွာ။ ပြီးတော့လည်း ငါ့ကိုလာခွပြီး ဖက်အိပ်တယ်"

"အဲဒါ ဘာဖြစ်လို့လဲ … ထောင်မှူးကြီးရဲ့"

"ငါက သူများခွတာ မခံနိုင်ဘူး။ ခွချင်းခွ ငါကခွရမှ ကျေနပ်တာ"

"မှဆိုးကြီးကရော ကိုယ့်ဘာသာကို မအိပ်ဘဲ ဘာဖြစ်လို့ သူများကို သွားခွပြီး ဖက်အိပ်ရတာလဲ"

"တကတည်းကွာ … အဖြစ်သည်းနေလိုက်တာ။ အနှစ်သုံးဆယ်လောက် ဖက်ခွပြီးအိပ်လာတဲ့ ဖက်လုံးကတောင် ဘာမှမပြောဘဲ သူက ဒီတစ်ညလေးခွတာကို နားလည်မပေးနိုင်ဘူး"

"တော်ကြပါတော့ဗျာ … အိမ်ရှင်တွေလည်း အားနာပါဦး။ ကဲကဲ … ပြန်အိပ်ကြပါတော့"

ပြန်အိပ်ကြသည် ဆိုသော်လည်း တစ်ညလုံး ကောင်းကောင်းအိပ်မရပါ။ မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွားသည်။ နံနက် (၅) နာရီခွဲခန့်တွင် ဘုန်းကြီးများ အရုဏ်ဆွမ်းကပ်ရန် ပြင်ဆင်နေကြသဖြင့် အိပ်ရာမှထကြတော့သည်။ ကျွန်တော်တို့ အိပ်ရာမှ ထချိန်တွင် မုဆိုးကြီးနှင့် မောင်ညိုမှိုင်းကို မတွေ့ရပါ။ မျက်နှာသစ်၊ သွားတိုက်ပြီးချိန်တွင် နှစ်ယောက်သား သုတ်သုတ်ပျာပျာဖြင့် ခြံထဲဝင်လာသည်ကို တွေ့ရလိုက်သည်။ ဆောင်းတွင်း နံနက်ဖြစ်သော်လည်း နှစ်ဦးလုံး ချွေးတွေ ပြန်နေကြသည်။

"ဆရာမှိုင်းတို့နှစ်ယောက်က ဘယ်က ပြန်လာကြတာလဲ"

"မပြောချင်ပါဘူး … မောင်ဝင်းနိုင်ရယ်"

"ဟောဒီ မုဆိုးကြီးပေါ့။ သူ ဆတ်ဆော့တာ"

"ဘယ်လို … ဆရာမှိုင်း …"





"ဒီလိုဗျာ … မနက် (၃)နာရီလောက်မှာ ကိုညိုမှိုင်း အိပ်လို့ရမရဘူး။ ရင်တွေလည်း ပူနေတယ်။ ဗိုက်ကလည်း ဆာလာတယ်။ လာဗျာ … မြို့ထဲမှာ ဘာဆိုင်ဖွင့်ဦးမလဲ မသိဘူး လျှောက်ကြည့်ရအောင်"

"အေးလေ … သွားကြတာပေါ့"

"ကျုပ်လည်း စောစောစီးစီး လက်ဖက်ရည်သောက်ချင်စိတ် ပေါ်လာတာနဲ့ နှစ်ယောက်သား ထွက်ခဲ့ကြသည်။ မနက် (၃)နာရီခွဲလောက်ဆိုတော့ တစ်မြို့လုံး တိတ်ဆိတ်နေတယ်။ ဘယ်ဆိုင်မှလည်း မဖွင့်သေးဘူး။ ဒါနဲ့ ကျုပ်တို့ လမ်းမီးရောင်အတိုင်း လျှောက်လာကြတယ်။ တစ်နေရာရောက်တော့ မီးတွေ ထိန်လင်းနေတဲ့နေရာတစ်ခုကို တွေ့တယ်။ ကျုပ်နဲ့ မုဆိုးကြီးကလည်း လက်ဖက်ရည်ဆိုင်နဲ့ စားသောက်ဆိုင်တစ်ခုခု ဖြစ်မှာပဲဆိုပြီး ဝင်သွားကြတယ်။ အဆောက်အအုံက မီးတွေ ထိန်နေတယ်။ လူကိုတော့ တစ်ယောက်မှ မတွေ့ရဘူး။ ဒါနဲ့ပဲ ကျုပ်က …

'ဆိုင်ရှင်တို့ … ဆိုင်ရှင်တို့ …' လို့ အော်ခေါ်လိုက်တယ်။

ခဏကြာတော့ အထဲက အသားမည်းမည်းနဲ့ လူတစ်ယောက် ထွက်လာပြီး အသံသြသြနဲ့ …

"ဘာကိစ္စရှိလို့လဲ"

"ဒါ လက်ဖက်ရည်ဆိုင်လားဗျ။ အစားအသောက်တွေ၊ ဘာတွေ မရနိုင်ဘူးလား။ စောစောစီးစီး ဗိုက်ဆာလို့ပါ"

"လက်ဖက်ရည်တော့ မရနိုင်ဘူး၊ အသားဟင်းတော့ ရှိတယ်"

"ဘယ်လိုဟင်းမျိုးတွေလဲ ခင်ဗျ"

"ဟင်းဆိုတာတောင် ချက်တာ၊ ပြုတ်တာ၊ ကြော်တာတွေ မရှိဘူး။ မီးဖုတ်ထားတဲ့ အသားပဲရှိတယ်"

အဲဒီလိုပြောလိုက်တော့မှ အသားကို မီးရှို့တဲ့အနံ့ကြီးက နှာခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲ စူးခနဲ ဝင်လာတယ်။ ဒါနဲ့ ကျုပ်က မသင်္ကာဖြစ်ပြီး အဲဒီလူကို ကြည့်လိုက်တော့ အနံ့က သူ့ကိုယ်က ထွက်နေတာကိုး။ ဒါနဲ့ ကျုပ်က . . .

"ဟင် . . . ခင်ဗျားက . . . ခင်ဗျားက . . ."

"ဟုတ်တယ်လေ . . . ကျုပ်က ညနေကမှ မီးရှို့သင်္ဂြိုဟ်ထားတဲ့ သူလေ။ ခင်ဗျားတို့ မိုက်ဆာရင် ကျုပ်အသားကို ဖဲ့ရောင်းမှာပေါ့"

"သ . . . သ . . . သရဲ . . . သရဲ . . ."

"အပေါ်က ဆိုင်နာမည်ကိုလည်း မှတ်သွားဦး။ ဟား ဟား ဟား"

ကျုပ်တို့နှစ်ယောက်လည်း ကြောက်ကြောက်နဲ့ မော့ကြည့်လိုက်တော့ ဆိုင်းဘုတ်တစ်ခုကို တွေ့လိုက်ရတယ်။

"နာရေးကူညီမှုအသင်း"

ဘာပြောကောင်းမလဲ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ဆိုပြီး ပြေးလိုက်ကြတာ ဒီကို ဘယ်လိုရောက်လာမှန်းတောင် မသိတော့ဘူးဗျာ"

"ကိုမိုင်းက တော်တော်အပြေးသန်တဲ့လူပဲဗျ"

"မုဆိုးကြီးက အသက် (၇၀)နဲ့ မလိုက်အောင် ပြေးတာ ကျုပ်မနည်းမီအောင် လိုက်ရတယ်"

"တော်သေးတယ် ဆရာမိုင်းတို့ကို သံယောင်းမဦးပိန်ရဲ့ ငါးတန်ဝမ်းတွင်းသား မကျွေးလိုက်လို့"

"တော်ပါတော့ကွာ"

"ဟား ဟား ဟား"

ဟုတ်လည်း ဟုတ်တဲ့လူတွေ . . . စောစောစီးစီး လျှောက်သွားနေကြသည်။ တော်သေးသည် လုံခြုံရေးအဖွဲ့နှင့်တွေ့ပြီး အချိန်မတော် မသင်္ကာဟုဆိုကာ အချုပ်ထဲထည့်ထားမှုဖြင့် လူကြားမကောင်း ဖြစ်ရဦးမည်။

**စိတ်ကူးသစ်စာပေ**



နံနက်ပိုင်း ဆွမ်းကပ်တရားနာသောအခါ မုဆိုးကြီးနှင့် မြတ်မင်းဟန်တို့ကို မတွေ့ရပါ။ တရားနာပြီးချိန်တွင် နှစ်ယောက်သား မချိမချဉ်မျက်နှာပေးများဖြင့် ပြန်ရောက်လာကြသည်။ မေးကြည့်တော့ ခေါင်းတွေကိုက်နေ၍ မောနင်းပက် သွားချကြသည်တဲ့။ ထိုကိစ္စကို ထောင်မှူးကြီးက သိသောအခါ သူ့ကို မခေါ်ရကောင်းလားဆိုပြီး ပြဿနာရှာတော့သည်။ ဆရာမိုင်းက . . .

"မြတ်မင်းဟန်တို့၊ မုဆိုးကြီးတို့ . . . ဘာဖြစ်လို့ တရားမနာကြတာလဲ"

"ဆရာမိုင်းရယ် . . . တရားနာတယ်ဆိုတာ ရင်ထဲမှာ တရားမရှိလို့ နာနေကြတာ။ ကျွန်တော်တို့က ရင်ထဲမှာ တရားအပြည့်ရှိတယ်။ ဒါကြောင့် မနာတာပါ။ ထောင်မှူးကိုကြည့် တရားပွဲတိုင်း သူ ရှေ့ဆုံးက နာတယ်။ သူ့ရင်ထဲမှာ တရားမှမရှိဘဲ"

"ဟော့ကောင် . . . ဘုရားမှန်း တရားမှန်း မသိတဲ့ကောင်၊ မစော်ကားနဲ့"

"ဟား ဟား ဟား"

"ကျွန်တော် အခုမှ သတိထားမိတာ တစ်ခုရှိတယ်ဗျ"

"ဘာကိုလဲ . . . ကိုဝင်းနိုင်"

"အခု ကျုပ်တို့တည်းတဲ့ ခေါင်းရင်းမှာ ဝက်တွေ အများကြီးမွေးထားတာ တွေ့လား"

"အေး . . . တွေ့တယ်လေ၊ ဘာဖြစ်လဲ"

"အဲဒီလောက် ဝက်တွေများတာတောင် တစ်ညလုံး အသံတစ်ချက်မှ မထွက်ဘူး"

"အေး . . . ဟုတ်တယ်၊ ဘာကြောင့်လဲကွ"

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမှိုင်း ရထားပေါ်မှာ ပြောတယ်လေ။ ထောင်မှူးကြီးက ကချင်ပြည်နယ်မှာ အိမ်ဝက်ကို တောဝက်ဆိုပြီး မှားပစ်လို့ ထိတ်တုံးခတ်ခံရတယ်ဆို"

"ဟုတ်တယ်လေ"

"အဲဒါကို ဝက်တွေက သိလို့ ငါတို့ကိုလည်း တောဝက်ဆိုပြီး မှားပစ်ရင် ဒုက္ခပဲဆိုပြီး အသံမပေးဘဲ နေကြတာ"

"ဟုတ်မယ် ... ဟုတ်မယ် ... ဒါကြောင့် ဘာသံမှမထွက်ဘဲ တိတ်နေတာပေါ့"

ထောင်မှူးမျက်နှာကို ကြည့်လိုက်တော့ မိုက်ကြည့်ကြည့်ပြီး အသံတိတ်ဆိတ်နေသည်။

✿ ✿ ✿

# [၃]

❑

ထိုနေ့နံနက် အလုပ်ကိစ္စ ပြီးသောအခါ ဦးတင်ထွန်းက ကျွန်တော်တို့အားလုံးကို တောင်ငူမြို့ရှိ မြတ်စောညီနောင်နှင့် ရွှေဆံတော်ဘုရားသို့ ဘုရားဖူး ပို့ဆောင်ပေးသည်။ လိုက်ပို့သည့်ကားက ပရိုဘောက်ကားလေး။ စီးသူများက မောင်းသူအပါအဝင် အားလုံး (၁၀)ယောက်။ သို့သော် ဂျပန်တိုယိုတာကားပီပီ လိုရာခရီးကို မညည်းမညူ ပို့ပေးသည်။

ကညွတ်တွင်းမှ တောင်ငူသို့ (၂)နာရီခန့် မောင်းရသည်။ အသွားတွင် မြတ်စောညီနောင်ဘုရားကို ထန်းတပင်မြို့ဘက်မှ ဖြတ်ပြီး သွားကြသည်။ အပြန်တွင် တောင်ငူသို့ တိုက်ရိုက်ပြန်လာပြီး နေ့လယ်စာကို တောင်ငူမြို့တွင် စားကြသည်။ တောင်ငူ ရွှေဆံတော်ဘုရားပေါ်တွင် ဦးညိုမှိုင်းက ရွှေသင်္ကန်း ကပ်သောအခါ စာရေးဆရာ မောင်ညိုမှိုင်း(သန့်လျင်)ဟူသော အမည်ဖြင့် ဂေါပကလူကြီးကို အသံချဲ့စက်ဖြင့် အော်ခိုင်းသည်။ တောင်ငူမြို့သည် စာဖတ်ပရိသတ်ပေါသော၊ စာပေကို တန်ဖိုးထားသော မြို့ဖြစ်သောကြောင့် မောင်ညိုမှိုင်း(သန့်လျင်)ဟူသော အသံကြားသည်နှင့် ပိုင်အုံ၍ မိတ်ဆက်ကြသည်။


---




www.burmeseclassic.com

www.burmeseclassic.com







မြတ်စောညီနောင်ဘုရားအဝင် မုခ်ဦးရှေ့၌ အမှတ်တရ







မြတ်စောညီနောင်ဘုရားပေါ်၌ လှည့်လည်ဖူးမြော်နေကြသော စာရေးဆရာများ



ထူးထူးခြားခြား ခြင်္သေ့လည်ပြန်ရှေ့မှာ


www.burmeseclassic.com

www.burmeseclassic.com





တောင်ငူသို့ ကားနှင့်လိုက်ပို့သည့် **New Day Offset Printing** ပိုင်ရှင် ကိုလှမျိုးပိုင်



တောင်ငူရွှေဆံတော်ဘုရား





ကျွန်ုပ်တို့၏ ဓာတ်လိုက်ဆရာမှိုင်းခမျာ တပြုံးပြုံးနှင့် ဖြစ်နေတော့သည်။ တစ်ခု ထူးခြားသည်က ဆရာမှိုင်းကို မိတ်ဆက်ကြသည့်အထဲတွင် အသက် (၆၀) အရွယ် မိန်းမကြီးများနှင့် အလှဖန်တီးရှင်များ အများအပြားပါဝင်ကြသည်။ အော်တိုရေးပေးရ၊ ဓာတ်ပုံတွဲရိုက်ရဖြင့် ဆရာမှိုင်းခမျာ လက်မလည်နိုင်အောင် ဖြစ်နေရသည်။

ဤသည်ကို ကြည့်ပြီး ထောင်မှူးကြီးခမျာ မနာလိုဓါသထွက်ပြီး စိတ်တိုတိုနှင့် ဘုရားစောင်းတန်းကို တက်လိုက်ရာ ချော်လဲပြီး ဒူးကွဲသွားတော့သည်။ မြတ်မင်းဟန်က ပြေးပြီး ပလာစတာဝယ်၍ ကပ်ပေးရသည်။ ကျွန်တော်နှင့် မြတ်မင်းဟန်တို့ စောင်းတန်းတွင် ရပ်နေစဉ် အသက် (၂၅) နှစ်ခန့် ဖြူဖြူချောချော မိန်းကလေးနှစ်ယောက် ဘုရားပေါ်က ဆင်းလာပြီး . . .

"မောင်ညိုမှိုင်း သန့်လျင်ဆိုလို့ ထောင်ထောင်မောင်းမောင်း၊ ခန့်ခန့်ချောချောထင်လို့ သွားကြည့်ပါတယ် တစ်ဆုပ်လောက်ပဲရှိတယ်"



မောင်ညိုမှိုင်းကို လက်မှတ်ထိုးခိုင်းနေသည့် မျဉ်ပုံကြီးမှ စာဖတ်သူပရိသတ်များ



www.burmeseclassic.com

www.burmeseclassic.com




''ဟဲ့ကောင်မ ... တစ်ဆုပ်လောက်ဆိုတာ ဘာကိုပြောတာလဲ။ ရှင်းရှင်းလုပ်စမ်း''

''လူကောင်က သေးသေးလေးလို့ ပြောတာပါဟယ်''

''ဟိုနားက ရပ်နေတဲ့ အစ်ကိုကြီးနှစ်ယောက်လို ဝဝခန့်ခန့် အောက်မေ့ပါတယ်။ ရှဉ့်ငပေါ်ဖီးလျှော့တဲ့ရုပ်မျိုးနဲ့''

''အေးဟယ် ... ငါ့ကို ဓာတ်ပုံတွဲရိုက်မယ်လုပ်လို့ မနည်းငြင်းလာခဲ့ရတယ်''

မိန်းကလေးနှစ်ယောက်မှာ ပြောပြောဆိုဆို ဘုရားပေါ်မှ ဆင်းသွားကြတော့သည်။ ကျွန်တော်နှင့် မြတ်မင်းဟန်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်၍ ခေါင်းကိုခါယမ်းလိုက်သည်။ ထိုမိန်းကလေးများ ပြောသွားသောစကားများကို ဆရာမှိုင်းကို ပြန်မပြောရန် ဆုံးဖြတ်လိုက်ကြသည်။ (စာဖတ်သူများမှလည်း ထိုအကြောင်းကို ပြန်မပြောရန် မေတ္တာရပ်ခံပါသည်။)



မောင်ညိုမှိုင်း၊ ထောင်မှူးကြီး၊ လေးမောင်တို့၏ စာဖတ်ပရိသတ်များနှင့်အတူ





ထောင်မှူးကြီးကလည်း ထိုကိစ္စကို တော်တော်နှင့် အစာမကြေ။ ဟုတ်တော့ဟုတ်သည် သူ့လိုလူမျိုးကျ စာဖတ်ပရိသတ် မိန်းကလေးများက သိပ်အရေးမလုပ်ဘဲ ဦးညိုမှိုင်း ... ဦးညိုမှိုင်းနှင့် ဖြစ်နေကြသည်။ အပြန်ကားပေါ်တွင် ဦးညိုမှိုင်းက စီးကရက်သောက်လာသည်ကို ထောင်မှူးကြီးက ...

''ကိုညိုမှိုင်း ... ခင်ဗျား ဆေးလိပ်မသောက်နဲ့ဗျာ''

''ဘာဖြစ်လို့လဲ ... ထောင်မှူးကြီးရ''

''ကြည့်ရဆိုးလို့''

''ဘာကို ကြည့်ရဆိုးတာလဲ ပြောပါဦး''

''ကိုမှိုင်း ဆေးလိပ်သောက်နေပုံက မျောက် ပုလွေမှုတ်နေတဲ့ အတိုင်းပဲ''

ကြုံကြုံဖန်ဖန် ဦးညိုမှိုင်း စီးကရက်သောက်တာကိုပဲ မျောက် ပုလွေမှုတ်နေသည့်အတိုင်းပဲတဲ့။ အတော် ပြောလည်း ပြောတတ်တဲ့လူတွေ။

ကညွတ်ကွင်းသို့ ပြန်ရောက်သောအခါ ရေမိုးချိုး၊ ညစာစား၍ အိပ်ရာ ဝင်ခဲ့ကြသည်။ နံနက် (၃) နာရီရထားကို စီးကြမည်ဖြစ်သောကြောင့် စောစောအိပ်ရာဝင်ခဲ့ကြသည်။ နံနက် (၂)နာရီခန့်တွင် အိပ်ရာမှ ထ၍ မျက်နှာသစ်၊ သွားတိုက်ပြီး ပြန်ရန် ပြင်ဆင်ကြသည်။ အားလုံးပြန်ရန် ပြင်ဆင်နေသော်လည်း မြတ်မင်းဟန်တစ်ယောက်မှာ မထသေး။ ရထားမမီမှာစိုး၍ ဦးညိုမှိုင်းက အတင်းနှိုးနေသည်။

''မြတ်မင်းဟန် ... ထတော့ကွ။ ရထားမမီဘဲ နေမယ်''

''အင်း ... အဲ ...''

ကျွန်တော်က ...

''ဆရာမှိုင်း ... နေ ... နေ ... ကျွန်တော် နှိုးမယ်။ ဘယ်လို နှိုးရမယ်ဆိုတာ ကျွန်တော်သိတယ်''

ကျွန်တော်က ညကကျန်နေသော ဝီစကီပုလင်းကို ဖွင့်၍ မြတ်မင်းဟန်၏နှာခေါင်းထိပ်သို့ တေ့ပေးလိုက်သည်။ ထိုအခါ မြတ်မင်းဟန်က



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းကို ရှုံ့ချီပွချီဖြင့် ဖြစ်လာပြီး ငုတ်တုတ်ထထိုင်တော့သည်။ ကိုတင်ထွန်းက ...


"ဟာ ... ကိုဝင်းနိုင်၊ တယ်ဟုတ်ပါလားဗျာ၊ ဘယ်အချိန်မှာ ဘယ်လိုလုပ်ရမယ်ဆိုတာ တန်းသိတာပဲ"

"ဒါက လွယ်ပါတယ်ဗျာ။ တစ်ယောက်အကြောင်း တစ်ယောက်သိနေကြတဲ့ဟာ။ အဲဒီအပြင် တောင်ငူမှာကတည်းက မြတ်မင်းဟန်ကြီးက စိတ်တိုလာတာ။ စိတ်တိုပြီး အိပ်နေတာ"

"စိတ်တိုတာ ထောင်မှူးကြီးမဟုတ်လား"

"သူလည်း ပါတယ်။ ထောင်မှူးက ဦးညိုမှိုင်းကို မနာလိုပြီး စိတ်တိုတာ။ သူက သူ့ကိုစလိုက်တဲ့ ကလေးတွေကို စိတ်တိုတာ"

"လုပ်စမ်းပါဦးဗျ ... အကျိုးအကြောင်းလေး"



ကလေးများက ကုလားကြီး ပါးစပ်လည်းအပါဘူးဟု ပြောခံရသည့် ပန်းချီမြတ်မင်းဟန်





"ခင်ဗျားတို့ ဘုရားပေါ်တက်နေပြီး ထောင်မှူးကြီးမူးလဲတော့ သူက ဆေးဆိုင်မှာ ဆေးသွားဝယ်တယ်။ လမ်းမှာ ကလေးနှစ်ယောက်က သူ့ကိုတွေ့တော့ ... 'ဟာ ... ဒီအရာကြီးက ပါးဂျပ်လဲ မပါဘူး' လို့ အော်ပြောတယ်။ ဟုတ်တယ်လေ ... သေသေချာချာကြည့် ... မြတ်မင်းဟန်မှာက နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေက မျက်နှာတစ်ခုလုံးကို ဖုံးနေတာ။ လူက အသားဖြူဖြူ၊ ပေါက်တဲ့အမွေးတွေကလည်း အဖြူဆိုတော့ ပြွန်းခနဲဆို ပါးစပ်ကို မမြင်ရဘူး။ အဲဒီတော့ ကလေးတွေက လူမျိုးခြားထင်ပြီး 'ပါးဂျပ်' မပါဘူးလို့ စကားမပီတပီနဲ့ ပြောလိုက်တာ။ အဲဒီတော့ မြတ်မင်းဟန်က သူ့ကို ပါးစပ်မပါဘူးလို့ ပြောရမလားဆိုပြီး စိတ်ဆိုးဆိုးနဲ့ သူ့ပါးစပ်ကိုသူ လက်ညှိုးထိုးပြီး ...

'ဟောဒီမှာ ... တွေ့လား၊ နင့်မေဂျတ်ပတ် ပါးစပ်ကြီး ... နင့်မေဂျတ်ပတ် ပါးဂျပ်ကြီး' လို့ ကုလားသံနဲ့ ပြန်ပြောလိုက်တယ်။ အဲဒီတော့ ကလေးတွေလည်း အိမ်ထဲ ပြန်ဝင်ပြေးပြီး ...

"အမေရေ ... ဟိုအရာကြီးပါးဂျပ်က အမေ့ဂျာပတ်ပါးဂျပ်ကြီးလို့' အော်ကြတယ်။ အဲဒီတော့ မြတ်မင်းဟန်လည်း သူ့စကားနဲ့သူ ပြန်ထိပြီး စိတ်တိုတိုနဲ့ ပြန်လာတာ။ ဘယ်သူ့မှလည်း ပြန်ပြောလို့မဖြစ်ဘဲ စိတ်တိုတိုနဲ့ အိပ်နေတာ"

"ဟား ဟား ဟား ..."

"ဟား ဟား ဟား ..."

"ပါးစပ်က ပါတော့ပါတယ် တစ်မျိုးကြီး ဖြစ်နေတာပေါ့"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၄]

❑

ကျွန်တော်တို့အုပ်စုလည်း ရယ်ရယ်မောမောဖြင့် ရထားဘူတာသို့ ဆင်းခဲ့ကြတော့သည်။ တည်းခိုသောအိမ်နှင့် ဘူတာမှာ (၁၅)မိနစ်ခန့် လမ်းလျှောက်သွားရသည်။ ရှေ့ဆုံးမှ ဦးညိုမှိုင်းနှင့် မုဆိုးကြီးတို့က စိုက်စိုက်စိုက်စိုက်နှင့် သွားလိုက်ကြသည်မှာ ဘူတာကိုကျော်သွား၍ မနည်းလိုက်ခေါ်ရသည်။ လိုက်၍သာ မခေါ်လျှင် ရန်ကုန်အထိ လမ်းလျှောက်ပြန်သွားကြမည်လားမသိ။

ရထားလက်မှတ်က အထက်တန်း (၂) စောင်နှင့် ရိုးရိုးတန်း (၅) စောင်ရသဖြင့် အထက်တန်းတွဲတွင် မုဆိုးကြီးနှင့် မြတ်မင်းဟန်ကို စီးစေ၍ ကျွန်တော်တို့အဖွဲ့က ရိုးရိုးတန်းမှ စီးလာခဲ့ကြသည်။ ညရထားဖြစ်၍ အေးချမ်းစွာ စီးလာကြရသည်။ ညောင်လေးပင်တွင် ဟိန္ဒူခရီးသွားတစ်သိုက် တက်လာခဲ့သည်။





နံနက် ဝေလီဝေလင်း ပဲခူးသို့ ရောက်လာခဲ့ကြသည်။ မိုးစင်စင်လင်းသောအခါ ဦးညိုမှိုင်းထိုင်သော ရှေ့ထိုင်ခုံတွင် ဟိန္ဒူမိသားစု (၃)ဦး ထိုင်နေသည်ကို တွေ့ရသည်။ ထွေရာလေးပါး မိတ်ဆက်စကားပြောနေစဉ် ကျွန်တော်က ထုံးစံအတိုင်း ဦးညိုမှိုင်းကို ဂမ္ဘီရစာရေးဆရာဖြစ်ကြောင်း မိတ်ဆက်ရန် စကားစတော့သည်။

''ဒီ အစ်ကိုကြီးက ဘာအလုပ်လုပ်လဲ''

''ချွန်ဒေါ် နွားမွေးတယ် . . . အစ်ကိုဂျီး''

''ခင်ဗျား စာတွေဖတ်တဲ့အခါ ဂမ္ဘီရစာအုပ်တွေ၊ ဘာတွေ ဖတ်ဖူးမှာပေါ့။ အဲဒီ ဂမ္ဘီရဝတ္ထုတွေရေးတဲ့ စာရေးဆရာ မောင်ညိုမှိုင်းဆိုတာ ဒီကဆရာကြီးပေါ့''

''ချိတ်မချိပါနဲ့ . . . အစ်ကိုဂျီး၊ ဂျွန်တော်က စာမှတတ်လို့ စာလည်း မဖတ်ဖူးပါဘူး''

''ဒါဆို စာရေးဆရာ မောင်ညိုမှိုင်းကို မသိဘူးပေါ့''

''ချာရေးချရာ ညိုမှိုင်းတော့ မသိဘူး၊ ချွန်ဒေါ့ခြံမှာ နွားချေးကျုံးတဲ့ ကုလားလေးညိုမှိုင်းပဲ တိဒယ် . . . အစ်ကိုဂျီး''

ဦးညိုမှိုင်းခမျာ ငိုရမလို၊ ရယ်ရမလို မျက်နှာထားဖြင့် ဘာပြောရမှန်းမသိ ဖြစ်နေတော့သည်။ ဘေးမှ နားထောင်နေသော ကျွန်တော်ကတော့ ရယ်ချင်စိတ်ကို ကျိတ်မှိတ်ရင်းက တခွိခွိ အသံထွက်နေတော့သည်။ ဦးညိုမှိုင်းကတော့ ကျွန်တော့်ကို မျက်စောင်းထိုး၍ မကြည်ကြည့်ကြည့်နေသည်။ နံနက် (၈)နာရီခန့်တွင် ရန်ကုန်ဘူတာကြီးကို ရထားဆိုက်၍ ကျွန်တော်တို့ခရီးစဉ် ပြီးဆုံးခြင်း ရောက်ရှိခဲ့သည်။

ဤခရီးစဉ် ဖြစ်မြောက်ရန်အတွက် လိုအပ်သော ကုန်ကျစရိတ်ငွေကို ဖြည့်ဆည်းပေးသော စိတ်ကူးသစ်စာပေမှ ထုတ်ဝေသူဦးဝင်းထွန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုသူရိန်တို့ကိုလည်းကောင်း၊ ရဟန်းခံအလှူပွဲသို့ မဖြစ်မနေ ကြွရောက်ပါရန် ဖိတ်ကြားခဲ့သော ဦးဝင်းညွန့် + ဒေါ်စိုးစိုး၊ သမီးငယ် မသိမ့်သန္တာစိုးတို့ အလှူ့ရှင်မိသားစုအားလည်းကောင်း အထူးကျေးဇူးတင်ပါသည်။

အထူးသဖြင့် မည်သို့ပင် စစ,နောက်နောက် စိတ်မဆိုးကြသော စိတ်ကူးသစ်စာပေ ဝိုင်းတော်သားများအား အထူးတလည် ကျေးဇူးတင်ရှိပါသည်။

ဝင်းနိုင် (ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

ကျွန်တော်သည် ဘာသာတရား ကိုင်းရှိုင်းသူတစ်ဦးပီပီ ရတနာမြတ်သုံးပါးနှင့် အနန္တော အနန္တ ငါးပါးတို့ကို အစဉ်ဦးညွတ်ပြီးလျှင် နှုတ်တိုက်ရသည့် ဂါထာမန္တန်တော်တို့ကို မပြတ်ရွတ်ဖတ်သရဇ္ဈာယ်လေ့ ရှိသည်သာ ဖြစ်ပေသည်။

ကျိုက္ခမီတိ သုပါကဋ္ဌံ ဝိသေသဉ္စုရိယံ၊

မဟာဂေ အဏ္ဏာဝေ၊ သန္တိံ၊ စန္ဒာမိ၊ ဗုဒ္ဓရူပကံ။

ဉာဏ်တော်မြင့်ခေါင်၊ တစ်ထောင်ဆယ့်နှစ်၊ လက်သစ်ခန့်မျှ၊ ပမာဏဟု တစ်ဆူပါဝင်၊ ကျိုက္ခမီ ရုပ်ပွားရှင်ကို နတ်နဂါးပါးပျဉ်းကာလျက်၊ တင်းမာသော ကျောက်ဆောင်ပေါ်တွင် ခြောက်ရောင်တော် ကွန့်မြူးသည့်၊ ဖူးအညွန့်မြတ်ဘုရားကို အပ်ံ ကျွန်ုပ်သည် ဝန္ဒာမိဦးတင်ရိုကျိုး လက်စုံမိုးကာ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

ကျွန်တော့်မှာ စီးပွားရေးအရ ရေလမ်းခရီး နှင်နေရသူတစ်ဦး ဖြစ်ရကား ရတနာမြတ်သုံးပါး၊ အနန္တော အနန္တ ငါးပါးတို့ကို ဦးထိပ်တင်ပြီးသည်နှင့် ရှင်သီဝလိရဟန္တာမြတ်ကြီးအား လည်းကောင်း၊ ရှင်ဥပဂုတ္တရဟန္တာအရှင်





မြတ်ကြီးအားလည်းကောင်း၊ မမေ့မလျော့ ဦးခိုက်ပူဇော်လေ့ရှိသည်သာ ဖြစ်သည်။

ထို့ပြင် မင်္ဂလသုတ်၊ ရတနာ့သုတ်၊ မောရသုတ်၊ မေတ္တသုတ် စသည့် ပရိတ်တော်တို့ကိုလည်း ရသမျှ ရွတ်ဖတ်သရဇ္ဈာယ်လေ့ ရှိရုံမျှမက အထက်တွင် ရေးသားဖော်ပြခဲ့သည့် ကျိုက္ခမီရေလယ်ဘုရားဆုတောင်းပြည့် ဘုရားရှိခိုးအားလည်း ထာဝစဉ် ရွတ်ဖတ်ပူဇော်လေ့ရှိပါသည်။

ကျွန်တော့်မိသားစု ဝမ်းစာရှာဖွေရေးအဖြစ် ရေလမ်းအနှံ့အခေါက်ခေါက်အခါခါ ကုန်ကူးသန်းရောင်းဝယ်ခြင်းဖြင့် စီးပွားရှာဖွေမှုပြုခဲ့ရာ မမျှော်လင့်သော ဘေးဥပါဒ်နှင့် ရန်အန္တရာယ်အချို့ကျရောက်ခြင်းကို ရင်ဆိုင်ရသော်လည်း ပြောပလောက်ဖွယ်ဟူ၍ မရှိပါပေ။

သရဏဂုံသုံးပါး တန်ခိုးတော်ကြောင့် ထင်၏။ ရန်အသေးအမွှားများမှာ သူ့အလိုလို ငြိမ်းအေးသွားသည် ချည်းသာဖြစ်ရာ ကျွန်တော့်မှာ ဘာသာတရားအပေါ် ယုံကြည်သက်ဝင်မှု ပိုမိုလာလျက် စိုးရိမ်သောကဟူသမျှ ပြေပျောက်ခဲ့ရပေ၏။

အကျိုးစီးပွားတို့သည်လည်း အစဇ် အဆင်ပြေ တိုးတက်လာခဲ့ရာ ရန်ကုန်မြို့လယ်၊ လမ်းမတော်ရပ်၌ အတန်အသင့် ကျယ်ဝန်းသော တိုက်ခန်းတစ်ခန်းကို အပိုင်ဝယ်ယူနိုင်ခဲ့ပြီးလျှင် မိသားစုများအား မပူမပင် မတောင့်မတ ထားနိုင်သည့် အခြေအနေရောက်ရှိခဲ့သည်ဟု ဆိုရပေမည်။

ဤသို့ဖြင့် ရေလမ်းခရီးနှင့် ကျွမ်းကျင်စီးပွားဖြစ်ခဲ့သည့် ကျွန်တော်မှာ ရေလမ်းခရီးသွားလာရေးကိုပင် ခုံမင်ခဲ့လေရာ တစ်နေ့သောကာလတွင် ကျွန်တော့်ဘဝအတွက် မယုံနိုင်ဖွယ် အမှတ်ရ (သို့မဟုတ်) တစ်သက်တာ အမှတ်ထင်ထင် ကိစ္စတစ်ရပ် ပေါ်ပေါက်လာခဲ့သည်ဟု ဆိုရချေမည်။

ထိုအဖြစ်မှာ ဆန်းကြယ်လှသည်နှင့်အမျှ ယုံနိုင်ဖွယ် အလျှဉ်းမရှိရကား ...ဗဟုသုတ အလို့ငှာ ကျွန်တော့်အနေနှင့် ဝေငှပေးလိုက်ရပါပေတော့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

ဖြစ်စဉ်အစမှာ ၁၉၉၄၊ ၁၉၉၅ ခုနှစ်ခန့်ဟု ဆိုရမည်ဖြစ်သည်။

"ဟေ့လူ ... ကိုအောင်တို့၊ ကျွန်တော်ပြောတဲ့ခွင်ကို ရအောင်လုပ်၊ အချောင်ဈေးနဲ့ရမှာ၊ ဒါဆို ခင်ဗျား ကြီးပွားပြီ မှတ်ပေတော့"

"အေးပါဗျာ ... အေးပါ ..."

စီးပွားဖက်မိတ်ဆွေတစ်ဦးက ခင်မင်ရင်းနှီးသည့်အလျောက် သတင်းတစ်ခုကိုလာရောက် ပြောကြားသည်။

ယင်းသတင်းကာ ...

ဒုတိယကမ္ဘာစစ်အတွင်းက ပခုက္ကူမြို့နယ်၊ ဧရာဝတီမြစ်အတွင်း နစ်မြုပ်ခဲ့သည့် စက်မဲ့ဆီတင် စီဘီတွဲကြီး တစ်တွဲအား သက်ဆိုင်ရာဌာနနှင့် လေလံဆွဲ ဆယ်ယူရေးပင် ဖြစ်ပါလေ၏။

ကျွန်တော်ကိုယ်၌ကလည်း အထူးစိတ်ပါဝင်စားလေရာ ငွေကုန်ကြေးကျခံ၊ အခက်အခဲပေါင်း မြောက်မြားစွာ ရင်းနှီးလျက် နောက်ဆုံးတွင် ထိုရေအောက် စီဘီတွဲကြီးအား ရေပေါ်သို့ ဆယ်တင်နိုင်ခဲ့ပေတော့သည်။





စီးပွားတူ မလိုသူများက ကျွန်တော့်ကို သရော်ကြသည်။

"အေးပေါ့ဗျာ ... ရေအောက်မှာ ကြာမြင့်နေတဲ့ စီဘီတွဲ အစုတ်ကြီးကိုများ ဒုက္ခရှာလို့"

"ဟား ... ဟား ... ဟား ... ဘော်တယ်ကုလားကို ပိဿာချိန်ဈေးနဲ့ ရောင်းမလို့ ထင်ပါရဲ့ဗျာ"

ကျွန်တော့်မှာ လွယ်လွယ်နှင့် ဖွဲမလျှော့တတ်သူဖြစ်လေရာ မလိုမုန်းထားပြောသည်များကို ဘေးချိတ်ထားနိုင်ခဲ့၏။

သို့အတွက် ရေအောက်မြုပ်နေသည့် စီဘီတွဲကြီးအား မရ,ရသည့်နည်းနှင့် ဆယ်တင်သမှုပြု၏။ ပြီးလျှင် ပုသိမ်မြို့ရှိ ပုဂ္ဂလိက သင်္ဘောကျင်းတစ်ကျင်းတွင် အစစ ပြင်ဆင်မွမ်းမံရန် ဒေါက်တင်လိုက်တော့သည်။

ကျွန်တော့်စိတ်ကူးမှာ နှစ်ပေါင်းများစွာ ရေအောက်၌ မြုပ်နေခဲ့သည့် စီဘီတွဲကြီးအား သံဈေးများစွာရှိသော အတွင်းဖက်ရှိ အကန့်များအားဖြတ်ထုတ်၍ လိုအပ်သည်များထည့်သိုကာ ကုန်တင်မော်တော်တစ်စီး ဖြစ်စေရမည်ဟူသည့် စိတ်ကူးပေတည်း။

"ဝုန်း ... ဒိုင်း"

"ကလောက် ... ကလောက်"

"ဒုန်း ... ဝုန်း"

"ဂျစ် ... ဂျလစ်"

အဖိုးအခကို လိုအပ်သည်ထက် ပိုပေးကာ ကျွန်တော့်လောဆော်မှုကြောင့် သင်္ဘောကျင်းလုပ်သားများက နေ့မနား ညမနား အင်တိုက်အားတိုက် လုပ်ဆောင်ကြသည်မှာ အထူးအားရစရာကောင်းသည်ဟု ဆိုရမည်ပင်။

ကျွန်တော်နှင့် ကျွန်တော့်လုပ်သား နှစ်ယောက်တို့က လိုအပ်သောပစ္စည်းများကို အနီးအပါးမြို့များသာမက ရန်ကုန်မြို့အထိပင် သွားရောက်လျက် အခေါက်ခေါက် အခါခါ ဝယ်ယူပေးကြ၏။ ထိုမျှသာမက အလုပ်သမား



www.burmeseclassic.com

www.burmeseclassic.com



အားလုံး စားသောက်ရန်အတွက် ရိက္ခာပစ္စည်းများဝယ်ယူကာ ချက်ပြုတ်ကျွေးမွေးသည်အထိ လုပ်ဆောင်ပေးသည်။

ကျွန်တော်က အတန်အသင့် ကြည့်ပျော်ရှုပျော်ဖြစ်နေသော စီဘီတွဲကြီးအား လိုက်လံ၍ လှည့်ပတ်ကြည့်ရှုရာ စီဘီ၏ နံရံအချို့တွင် အပေါက်ဝိုင်းကြီးအချို့ကို တွေ့မြင်ရသဖြင့် သင်္ဘောကျင်းတာဝန်ခံဖြစ်သူအား ခေါ်ယူမေးမြန်းကြည့်မိသည်။

"ကိုသောင်းဒန် ... ဒီအပေါက်ကြီးတွေဟာ ဘာတွေလဲဗျာ။ အဲဒီအဝိုင်းပေါက်မျိုး တော်တော်များ တွေ့ရတယ်လေ"

ထိုအခါ သင်္ဘောကျင်းတာဝန်ခံဖြစ်သူ ကိုသောင်းဒန်က ...

"အေးဗျ ... ကြည့်ရတာကတော့ မော်တာကျည်ဆန်မှန်ထားတဲ့ အရာတွေလို့ ထင်ရတာပဲ။ စစ်အတွင်းမှာ ဂျပန်တပ်တွေ ဒီစီဘီတွဲကြီးကို အသုံးပြုခဲ့ပုံရတယ်"

ဟု ၎င်း၏ ထင်မြင်ချက်ကို ပြောပြလေသည်။

"ခင်ဗျားပြောတာ ဖြစ်နိုင်တယ်ဗျ"

ကျွန်တော်ကိုယ်တိုင်လည်း အဝိုင်းပေါက်ကြီးများကို စေ့စေ့စပ်စပ်ကြည့်ကာ ထောက်ခံသမှု ပြုလိုက်မိသည်။

ထို့နောက် ကျွန်တော်က ဆန္ဒရှိသည်ကို ကိုသောင်းဒန်အား ပြောကြားလိုက်သည်။

"ဒီမှာ ... ကိုသောင်းဒန်"

"ဗျာ ..."

"ဒီအပေါက်ကြီးတွေကို လုံအောင် ခင်ဗျားအနေနဲ့ ဂဟေတစိုက် ဖာပေးစေချင်တယ်ဗျာ နော်"

"အိုး ... စိတ်ချ၊ စိတ်ချ၊ ကျွန်တော့်လူတွေကို ကျွန်တော်ကိုယ်တိုင် သံပြားထူထူနဲ့ ပိတ်လို့ ဂဟေအထပ်ထပ် ဆော်ခိုင်းပါ့မယ်။ မပူပါနဲ့ ကိုအောင်တိုးရဲ့"





"အေးဗျာ ... ကျေးဇူးပါပဲ"

"ဒီမှာ ... ကိုအောင်တိုး၊ ခင်ဗျားမှာလည်း အလုပ်အပ်ကတည်းက ဒီစီဘီတွဲကြီးကကို မခွာဘူး။ သွားစရာရှိသွား၊ လုပ်စရာရှိလည်း သက်သက်သာသာနေစမ်းပါဗျာ၊ ခင်ဗျားအစား ကျွန်တော်ဖြင့် စိတ်မောလူမော ဖြစ်နေတာ"

"ဟဲ ... ဟဲ ... ဟဲ ... ဥစ္စာရှင်လို ဥစ္စာရှင်ခဲ ဆိုတာလို၊ ကျုပ်က အမြန်ပြီးစေချင်တဲ့ ဇောကပ်နေတာကိုးဗျ"

ညဘက်များတွင်လည်း ကျွန်တော်နှင့် အလုပ်သမားလေးတစ်ဦးတို့က စီဘီတွဲအတွင်း၌ပင် အိပ်စက်ရာ သုံးရက်မြောက်ညတွင် အလုပ်သမားလေးတစ်ဦးဖြစ်သူ မောင်ထူးက ကျွန်တော့်ကို တစ်စုံတစ်ရာ ပြောလာခဲ့သည်။

"ဆ ... ဆရာ ... ဆရာ"

"ဟေ ... ဘာလဲကွ ... မောင်ထူးရဲ့"

"ဒီ ... ဒီလို ... ဆရာ"

"ဘယ်လိုလဲကွာ ... ရှင်းရှင်းလင်းလင်း ပြောစမ်းပါ။ မင်းကြည့်ရတာ တစ်စုံတစ်ရာကို ကြောက်နေသလိုမျိုး၊ ရဲရဲသာ ပြောစမ်းပါကွ"

ထိုအခါ မောင်ထူးက ထိတ်ထိတ်လန့်လန့်ဖြင့် ...

"ဒီ ... ဒီလိုဆရာ ... ညက ကျွန်တော် စောစောအိပ်တယ် မဟုတ်လား။ သန်းခေါင်ကျော်ကျော်လောက်မှာ စီဘီတွဲဟောင်းကြီးထဲက စစ်ဖိနပ်သံတွေ အတိုင်းသား ကြားရတယ်ဆရာ"

ဟုဆို၏။

"မဖြစ်နိုင်တာကွာ ... မင်းစိတ်ထင်လို့ ဖြစ်မှာပါ"

"မဟုတ်ဘူး ဆရာ၊ ကျွန်တော့်စိတ်ထင်လို့ မဟုတ်ဘူး၊ သေသေချာချာ ကြားရတာမို့ နားထောင်နေတာ။ စကားသံတွေက မြန်မာလိုမဟုတ်ဘူး။ ကွိကွိကွကွနဲ့ ဘာမှန်းကိုမသိဘူး။ ကျွန်တော်လည်း နားထောင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေဖွင့်မရအောင် မှေးစင်းရာက ပြန်ပြီး အိပ်ပျော်သွားခဲ့တယ် ခင်ဗျ''

''မဟုတ်တာ ... မောင်ထူးရာ၊ မင်းရဲ့စိတ်တွေ ချောက်ခြားလို့ ထင်မိထင်ရာ ဖြစ်နေတာ။ ဒီတော့ ညညကျရင် ဘုရားရှိခိုးပြီး ... အိပ်ကွ သိလား''

''ဟုတ်ကဲ့ ... ရှိခိုးပါ့မယ်။ ဒါပေမဲ့ ဒီညအိပ်ရမှာကို တွေးပြီး ကြောက်နေမိတာအမှန်ပဲ ... ဆရာ''

''ငါရှိသားပဲ ... မောင်ထူးရာ''

✿ ✿ ✿

|၃|

❑

ဤသို့ဖြင့် ညတစ်ညကို လွန်မြောက်ပြီးနောက် ပဉ္စမညတွင် နောက်တစ်ယောက်ဖြစ်သော လုပ်သားလေး မောင်ချစ်ဆွေက ပြောလာပြန်သည်။

''ဆရာရေ ... မောင်ထူးပြောတာ မှန်နေပြီဗျ''

''ဟေ ... ဘာကိုလဲကွ''

''ညက ... ဆရာ ... ညက''

''ညက ဘာဖြစ်သလဲ ... မောင်ချစ်ဆွေ၊ ပြောပါဦး''

''ဒီလိုဆရာ ... ညက တစ်ရေးနိုးတော့ စီဘီပွဲပိုင်းဆီ အပေါ့သွားဖို့ ကျွန်တော်အသွားမှာ ...''

''ဘာတွေ့ရလို့လဲ''

''မောင်ထူးပြောသလို စစ်ဖိနပ်သံတွေအပြင် ဂျပန်လိုလို၊ တရုတ်လိုလိုစကားတွေ မပီမသဟာ တိုးလိုက်ကျယ်လိုက်၊ နောက် ပျောက်သွား



www.burmeseclassic.com

www.burmeseclassic.com



လိုက် ပြန်ပေါ်လာလိုက်နဲ့ ကျွန်တော်လည်း ကြောက်လန့်ပြီး အမြန်ဆုံး အိပ်ရာကို ပြန်ပြေးရတော့တာပဲ။ ပြောရင်းဆိုရင်း အခုတောင် ကြောက်နေမိသေးတယ်ခင်ဗျ''

''ဟုတ်လားကွ ...''

ကျွန်တော်က ဤသို့ အစချီကာ ရယ်စရာပြောမည် စိတ်ကူးလိုက်သည်။ သို့ပါသော် ယမန်နေ့ညက မောင်ထူးပြောသောစကားနှင့် ယခု မောင်ချစ်ဆွေပြောသော စကားများမှာ ကိုက်ညီနေသည်ဖြစ်ကြောင်း တွေးလိုက်မိသည်ကြောင့် လူငယ်လေးများ မကြောက်ကြစေရန် ...

''အေးကွာ ... ဘာပဲဖြစ်ဖြစ် အိပ်ရာဝင်ရင် ဘုရားရှိခိုးကြ ... ဟုတ်လား။ ဒါဆို ဘုရားတန်ခိုးနဲ့ မင်းတို့ ဘယ်လို ဘေးရန်အန္တရာယ် အနှောင့်အယှက်ကိုမှ ကြောက်စရာမလိုတော့ဘူး။ သရဲတစ္ဆေဆိုရင် အပျော့ ပေါ့ကွာ''

ကျွန်တော်က ယခုညတွင် ဆုံးဖြတ်ချက်နှင့် ဦးစွာ ဘုရား၊ တရား၊ သံဃာ၊ အမိအဖ၊ ဆရာသမားတို့ကို ရှိခိုးဦးချသည်။ ပြီး ... မေတ္တာသုတ်၊ ရတနာသုတ်၊ မောရသုတ်တို့ကို ရွတ်သည်။ တစ်ဖန် ကျိုက္ကမီရေလယ် ဘုရားကြီးရှိခိုးဂါထာကို ရွတ်ပြီးလျှင် အနန္တသတ္တဝါအပေါင်းတို့အား ကုသိုလ်ကောင်းမှု အဖို့ဘာဂများကို လေးလေးနက်နက် အမျှပေးဝေသမှု ပြုလိုက်သည်။

ပြီးလျှင် ... စီဘီဟောင်းကြီးအတွင်းရှိ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ရင်း လေညှင်းတသုန်သုန် တိုက်ခတ်မှုအရသာကို ခံစားနေမိသည်။

ထိုသို့ ထိုင်နေရင်းမှ မောင်ထူးနှင့် မောင်ချစ်ဆွေတို့ ပြောပြခဲ့သော အကြောင်းအရာကိစ္စတို့ကို ပြန်တွေးမိသည်တွင် တစ်ကိုယ်လုံး ကြက်သီးထကာ ခေါင်းနားပန်းများပင် အလိုလို ကြီးလာခဲ့ရပေသည်။





''အို ... ဘာများ ကြောက်စရာရှိလို့လဲ၊ ငါဟာ ရတနာမြတ်သုံးပါးနဲ့ အနန္တော အနန္တငါးပါးကို အမြဲ ဦးထိပ်ထားတဲ့သူတစ်ယောက်မဟုတ်လား''

ဟု မိမိကိုယ်ကို ရဲဆေးတင်လိုက်ရသည်။

''ရှီး ... ရှီး ... ရှီး ...''

''ရှီး ... ရှီး ...''

ယင်းအခိုက်မှာပင် ကျွန်တော့်နားအတွင်းသို့ လေညှင်းသံနှင့် အလားသဏ္ဌာန်တူသော တရှီရှီအသံများ ရုတ်တရက် ဝင်ရောက်လာခဲ့၏။ ကနဦးတွင် လေတိုးသော အသံများဖြစ်မည်ဟု မှတ်ထင်မိသော်လည်း အသေအချာ နားစွင့်မိသည့်အခါ အသံက ပိုမိုပြင်းထန်လာသည်ကို သတိပြုမိသည်။

''အင်း ... ကေန္တ ... မော်တာကျည်ဆန်ပေါက်တွေကို လေပြင်းတိုးလို့ ထွက်လာတဲ့အသံ ထင်ပါရဲ့''

ကျွန်တော် တွေးဆနေခိုက်မှာပင် တရှီရှီမြည်သံများ ရပ်ဆိုင်းသွားသဖြင့် နံဘေးအနားရှိ ခြင်ထောင်တစ်လုံးဖြင့် နှစ်နှစ်ခြိုက်ခြိုက် ဖျော်နေကြသော မောင်ထူးနှင့်မောင်ချစ်ဆွေတို့ကို လှမ်းကြည့်မိလိုက်သည်။

''ခေါ် ... ခလော ...''

''ခွး ခရှး''

အလုပ်သမားလေးနှစ်ယောက် အပူအပင်ကင်းမဲ့စွာ အိပ်နေသည်ကို ကြည့်ပြီး ပြုံးမိလိုက်သေး၏။ ပြီးမှ ကောင်းကင်သို့ မော်ကြည့်မိရာ ထိန်ထိန်သာသာ နေသော လမင်းကြီးကို တွေ့ရသဖြင့် 'သြော် ... ဒီနေ့ လပြည့်ညပါလား' ဟု တီးတိုးရေရွတ်ရင်း ကောင်းကင်မှ လမင်းကြီးကို မမှိတ်မသုန် ကြည့်နေလိုက်မိသည်။

''ရှီး ... ရှီး ... ရှီး ...''

''ရှီး ... ရှီး ...''

''အလို ...''



www.burmeseclassic.com

www.burmeseclassic.com



ယင်းအခိုက်မှာပင် စီဘီ၏ ဦးခန်းဘက်ဆီမှ မြွေအကောင်ပေါင်းများစွာ တွန်လိုက်သကဲ့သို့သော ရှူးရှူးရှရှအသံများ ထပ်မံထွက်ပေါ်လာသဖြင့် အံ့ဩစိတ်နှင့်အတူ ကုလားထိုင်မှ ထပြီး ဖြစ်နေတော့သည်။

ထို့နောက် ရှူးစမ်းလိုသည့် သဘောနှင့် မကြောက်မရွံ့ပင် စီဘီဦးခန်းဖက်သို့ ခြေလှမ်းမှန်မှန်နှင့် ထွက်လာခဲ့တော့သည်။ ထိုသို့ လျှောက်လာရင်း ဦးခန်းဆီသို့ လှမ်းကြည့်လိုက်သည်တွင် မယုံနိုင်ဖွယ် ထူးခြားမှုကြောင့် ကျွန်တော့် ခြေလှမ်းများ အလိုလို ရပ်တန့်သွားကာ နှုတ်မှလည်း အာမေဋိတ်သံ ထွက်ပေါ်သွားခဲ့ပေ၏။

"အလို ... အလို ... မြွေ ... မြွေတွေပါလား၊ အလိုလေး ... များလှချည်လား"

ဟုတ်ပါသည်။ ကျွန်တော်တွေ့ရသည့် မြင်ကွင်းမှာ ... စီဘီတွဲအတွင်း လရောင်အောက်တွင် အဖြူစင်းနှင့် အနက်စင်းကြား လက်ကောက်ဝတ်ခန့် ငန်းတော်ကြား မြွေကြီးတစ်ကောင် ခွေလျက် ထိုငန်းတော်ကြားမြွေကြီးအနီးအနား တစ်ဝိုက်တွင် ငန်းမြွေ၊ မြွေပွေး၊ မြွေဟောက်၊ မြွေစိမ်း၊ ရေမြွေ၊ ကနဂုတ်မှစကာ ကျွန်တော့်အနေနှင့် အမျိုးအမည်မှည့်ခေါ်ခြင်းငှာမစွမ်းနိုင်သော မြွေပေါင်းစုံတို့သည် ငြိမ်သက်လျက် တရှုံရှုံ တွန်ကျူးနေကြခြင်းပင်တည်း။

အမှန်စင်စစ် ... မြွေဘုရင်နှင့်အလားသဏ္ဌာန်တူသည့် ငန်းတော်ကြားမြွေကြီးအား မြွေပေါင်းစုံက ဝန်းရံခစားနေသည့်အလား ပမာမျိုးဟု ကျွန်တော် ထင်မှတ်လိုက်မိသည်။

ခန့်မှန်းခြေအားဖြင့် ရှုပ်ထွေးယှက်လိမ်နေသော မြွေအကောင်အရေအတွက်မှာ ငါးဆယ်နီးပါး ရှိပေလိမ့်မည်။

ကျွန်တော့်ခြေသံကြောင့်ပင်လော၊ ၎င်းတို့၏ သဘာဝအသိကြောင့်ပေလောမသိ၊ မြွေပေါင်းစုံတို့သည် ကျွန်တော်ရှိရာဘက်သို့ မျက်နှာမူကြ





တာ ပါးပျဉ်းရှိသူက ပါးပျဉ်းထောင်လျက် ရန်ပြုမည့်အနေအထား ရှိနေလေ၏။

ထိုအချိန်သည် ကျွန်တော့်အနေနှင့် ထိုနေရာမှ အလျင်အမြန်ဆုံး ထွက်ပြေးရန် ဖြစ်ပါလျက် ကျွန်တော့်မှာ ကြောက်စိတ်များပင် ကွယ်ပျောက်နေကာ မြွေပေါင်းစုံကိုသာ ရပ်တန့်လျက် မမှိတ်မသုန် လှမ်းကြည့်နေမိပေသည်။

ကြည့်နေစဉ်အခိုက် အထပ်လိုက် ခွေနေသော ငန်းတော်ကြားမြွေကြီး၏အရစ်များ တစ်ရစ်စီ ပြေလျော့သွားကာ မည်သို့ဖြစ်သည်မသိအောင် ထိုအခါကျမှ မြွေအားလုံးက ပါးပျဉ်းထောင်ခြင်းအမှုကို မပြုကြတော့ပေ။ ထူးခြားလှပေစွ။

ပြီးလျှင် အရစ်များကို ဖြေနေသော ငန်းတော်ကြား မြွေကြီးဆီမှ လေမှုတ်သံကဲ့သို့ ရှူးခနဲအသံတစ်သံ ထွက်ပေါ်လာသည့်တွင် မြွေပေါင်းစုံမှာ အမိန့်တစ်ခုကို လက်ခံရရှိသည့်အလား စီဘီ၏ မော်တာကျည်ဆန်ပေါက်၊ စက်သေနတ် ကျည်ဆံပေါက်များဆီသို့ အလျှိုလျှို ထွက်ခွာသွားကြကာ မိနစ်ပိုင်းအတွင်း မြင်ကွင်းမှ ထူးဆန်းစွာ ပျောက်ကွယ်သွားပေတော့၏။

ထီးတည်းတစ်ကောင်တည်း ကျန်ရစ်သော ရောမငန်းတော်ကြားမြွေကြီးသည် ခန္ဓာကိုယ်ဖြေလျက်မှ ကျွန်တော့်ကို အကဲခတ်သလိုမျိုး ကြည့်နေကြောင်း သတိပြုမိသည်နှင့် ကျွန်တော်လည်း ဤသို့ ရေရွတ်လိုက်၏။

"သင်သည် ဤစီဘီတွဲအား စောင့်ရှောက်သော ပုဂ္ဂိုလ်ဖြစ်မည်ဟု ကျွန်ုပ်ယူဆပါသည်။ ကျွန်ုပ်သည် ကောင်းမှုကုသိုလ်ကိုသာ လိုလားသူဖြစ်သည့်အလျောက် ကျွန်ုပ်ပြုသမျှ ကုသိုလ်ကောင်းမှု အဖို့ဘာဂတို့ကို အမျှပေးဝေပါသည်။ ကုသိုလ်အမျှရရှိ၍ ကျန်းမာချမ်းသာခြင်းအပေါင်း သင့်၌ ပြည့်စုံပါစေသော် ..."

ဤတွင် ခန္ဓာကိုယ် ဖြေဆန့်ပြီးဖြစ်သည့် ရောမငန်းတော်ကြားမြွေကြီးသည် ကျွန်တော့်ကို တစ်ချက်မျှ ခေါင်းထောင်ကြည့်ကာ စီဘီတွဲ၏



www.burmeseclassic.com

www.burmeseclassic.com



မော်တာကျည်ဆန်ပေါက်ကြီးဆီသို့ အလျှင်အမြန်ဆုံး တွားသွားကာ ချက်ချင်း လိုပင် ပျောက်ကွယ်သွားပေတော့သည်။

မြွေများ ထူးဆန်းစွာ ပျောက်ကွယ်သွားလျှင် သွားခြင်းပင် စီဘီတွဲ အတွင်း လရောင်လင်းထိန်လျက်မှ ချက်ချင်းလိုလို မြူများ ဆိုင်းသကဲ့သို့ လည်းကောင်း၊ မီးခိုးလုံးများ တိုးဝင်လာသကဲ့သို့လည်းကောင်း၊ ခပ်မှိုင်းမှိုင်း ဝေဝါးသွားပြီလျှင် ကျွန်ုပ်မှာ ကြောက်စိတ်မရှိဘဲ တစ်စုံတစ်ရာ ပေါ်ပေါက် လာမည်ကို ငံ့လင့်သည့်အနေအထား ဖြစ်သွားလေ၏။

သို့သော် ... ယခင်ထိုင်ခဲ့သော ကုလားထိုင်ဆီသို့ ပြန်သွားချင် စိတ်များ ပေါ်လာပြန်သဖြင့် ခြေလှမ်းများကို စတင်လှမ်းလိုက်၏။

''ခွပ် ... ခွပ် ... ဒေါက်''

''ဒေါက် ... ခလောက်''

ယင်းအချိန်မှာပင် ခပ်မှိုင်းမှိုင်း အခိုးအငွေ့များကြားမှ အရိပ်သဏ္ဌာန် အချို့နှင့်အတူ စစ်ဖိနပ်သံများ ဆူဆူညံညံအတိုင်းသား ထွက်ပေါ်လာသည်ကို ကြားသိမြင်တွေ့လိုက်ရသဖြင့် ခေါင်းနပန်းများပင် ကြီးသွားကာ ပိုးတဝါး မြင်ကွင်းအား မမိုတ်မသုန် ကြည့်နေမိသည်။

''ခွပ် ... ဒေါက် ... ဝုန်း''

''ဒေါက် ... ဒေါက် ...''

ထပ်မံ၍ စိတ်ဆိုးမာန်ဆိုး အော်ဟစ်ကာ ဆောင့်၍ ဆောင့်၍ နင်း လိုက်သည့် စစ်ဖိနပ်ခွာသံကြောင့် ကျွန်ုပ်တော့်ခန္ဓာကိုယ်အနှံ့ ကြက်သီး မွေးညှင်းများ ထောင်ထသွားရလေသည်။

သို့သော် ၎င်းခြေသံများက ကျွန်တော်ရှိရာသို့ ရှေးရှုခြင်းမရှိဘဲ စီဘီတွဲအတွင်း မြူမှုန်များကြား၌သာ ရှိနေခြင်းဖြစ်ကြောင်း ကြောက်သည့် ကြားမှ သတိထားမိနေပေသည်။





မကြာမီ ... စစ်သားလိုလို အရိပ်သဏ္ဌာန်များ မီးခိုးလုံးအတွင်း ဟိုသည် ရွေ့လျားနေပြီးလျှင် အသံဗလံများ အတိုင်းသား ထွက်ပေါ်လာလေ သည်။

''ဟေ့ ... ယာမတ်စု၊ ဒါဟာ ကောင်းတဲ့အလုပ် မဟုတ်ဖူးကွ။ တို့နေတဲ့ စီဘီအဆောက်အအုံကြီးကို ဒီလူတွေ ဖျက်ဆီးနေတာ။ သူတို့ကို တစ်ခုခုလုပ်မှ ဖြစ်မယ်''

''မင်းကလည်းကွာ ... ဖျက်ဆီးတာ မဖြစ်နိုင်ဘူး။ သူတို့က ပို ကောင်းအောင်လုပ်တာ ဖြစ်မယ်။ ရေအောက်မှာ တို့နေရတာထက်စာရင် ကုန်းပေါ်မှာ ပိုတောင် ကောင်းသေး''

ထွက်ပေါ်လာသည်မှာ ဂျပန်ဘာသာဖြင့် ပြောနေသော စကားသံ များဖြစ်သည်။ သို့ရာတွင် မည်သို့ဖြစ်သည်မသိအောင်ပင် ထိုခဏ၌ ကျွန် တော်သည် ဂျပန်ဘာသာစကားကို လုံးဝ၊ တစ်စိုးတစ်စိမျှ သင်ကြားဖူးခြင်း မရှိခဲ့ပါဘဲလျက် ထိုအရိပ်သဏ္ဌာန် ဂျပန်ရဲဘော်များ ပြောဆိုနေကြသည့် စကားသံများကို အလိုအလျောက် နားလည်နေခြင်းပင် ဖြစ်သည်။ အံ့ဖွယ် ဘနန်း ထူးခြားလှပေစွ။

ကျွန်တော် နားစွင့်နေစဉ် အသံများက ဆက်လက်ထွက်ပေါ်လာ ပြန်သည်။

''ဒီလူတွေကို တစ်ခုခုလုပ်မှ ဖြစ်မယ်ကွ''

''ဒေါသလျှော့စမ်းပါ ... အီချိဖုရား၊ တခြားသူဆိုရင်တော့ သေ အောင် လုပ်ရမှာပေါ့။ အခုဟာက တို့ပိုင်တဲ့ စီဘီပိုင်ရှင်ဟာ မင်းတို့ ငါတို့ သူငယ်ချင်း ရဲဘော် မီချီကိုလေကွာ။ တခြားလူမှ မဟုတ်တာ''

''ဟေ ... မီချီကို ... ဟုတ်လား၊ ဒါဆို သူ့ကို ဒုက္ခပေးလို့ ဘယ် ဖြစ်မလဲ။ ဒါထက် မီချီကိုက အခု ရုပ်တစ်မျိုးဖြစ်နေပါလားကွ။ ဘာကြောင့် ငါမမှတ်မိတာလဲ ... ယာမတ်စု''



www.burmeseclassic.com

www.burmeseclassic.com



''အေးပါ ... ငါပြောလို့ မင်းသိရင် ပြီးတာပဲ။ မီချိုကို စိတ်ပျက်အောင် တို့တွေ မနှောင့်ယှက်သင့်ဘူးလို့ ထင်တယ်''

''ဒီလိုဆို မီချိုကို,ကို နှုတ်ဆက်ချင်တယ်ကွာ''

''မဖြစ်ဖူး ... သူက တို့ကို ဘယ်နည်းနဲ့မှ မှတ်မိမှာမဟုတ်ဖူး ... အီချိုရ''

''ဒါဆို စိတ်မကောင်းစရာပေါ့ကွာ''

ဂျပန်စစ်သားနှစ်ယောက် အချီအချပြောနေသော စကားများကို ကျွန်တော် ပီပီသသ ကြားနေရသကဲ့သို့ အခြားသော စစ်သားအရိပ်သဏ္ဍာန်များကလည်း ဟိုမှသည်မှ ကင်းစောင့်သည့်ပမာ လှည့်ပတ်သွားလာနေသည်ကို မြင်နေရသည်။

''ဒါပေမဲ့ မပူပါနဲ့ ... အီချိုရ''

''ဘာကြောင့်လဲကွ''

''သူက တို့ကို သတိရရင်တော့ တို့အတွက် ကောင်းမှုတစ်ခုခုပြုမှာ သေချာပါတယ်''

''အဲဒီလိုဆိုရင် ကောင်းတာပေါ့''

''သူဟာ တပ်ထဲက တို့သူငယ်ချင်းတွေကို မေ့မှာမဟုတ်ပါဘူးကွာ''

''မင်းပြောတာ ဖြစ်နိုင်ပါတယ်။ အခုပိုင်ရှင်ဟာ တို့သူငယ်ချင်း မီချိုကိုအစစ် ဖြစ်မှာပါ။ ဒါကြောင့်သာ သူ့ကို တို့ရဲ့အစောင့် မြွေနဂါးကြီးကိုယ်တိုင်က ရန်မပြုဘဲ သူ့အစေအပါးမြွေတွေကို ရှောင်ခိုင်းလိုက်တာမျက်မြင်ပဲလေ''

''အဲဒါပြောတာပေါ့ကွာ''

အသံများက တိခနဲ တိတ်ဆိတ်သွားကာ မြူနှင်းလိုလို မီးခိုးလိုလို အသွင်သဏ္ဍာန်များသည်လည်း လေနှင့်အတူ လွင့်ပါးသွားသည့်အလား





သုံးဝမရှိတော့ဘဲ လရောင်အောက်၌ စီဘီတွဲကြီးအတွင်း မည်သည့်အရာမျှ တွေ့မရှိ ပကတိရှင်းလင်းလျက် ရှိပေတော့သည်။

''အင်း ... ဒီအဖြစ်အပျက်ကို သူများတွေပြောပြရင် ဘယ်နည်းနဲ့မှ ယုံနိုင်ကြမှာ မဟုတ်ဘူး။ သူတို့ပြောစကားအရဆိုရင် ငါဟာ တစ်ချိန်က သူတို့သူငယ်ချင်း မီချိုကိုဆိုတဲ့ ဂျပန်ရဲဘော်လေးတစ်ယောက်ပေပေါ့''

ယင်းသို့ ရေရွတ်ရင်း နေ့ကွေးလေးလံသည့် ခြေလှမ်းများနှင့် မူလတုလားထိုင်ဆီသို့ ပြန်လျှောက်ခဲ့ကာ ထိုင်မိသည်တွင် မျက်ခွံများ လေးလံကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ပေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ငါ့စိတ်က စွဲလမ်းလို့များလား"

ဤသို့ဖြင့် စိတ်ကူးတစ်ခု ပေါ်လာသည့်အလျှောက် မွမ်းမံပြီးစီးသည့် စီဘီဟောင်းမော်တော်ကြီး ရေချသည့်နေ့တွင် သံဃာတော် အရှင်သူမြတ်တို့အား ပင့်ဖိတ်ကာ လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို ရိုသေစွာ လှူဒါန်းပူဇော်ပြီးလျှင် သီလယူခြင်း၊ ပရိတ်တရားတော်များ နာယူခြင်းအပြင် ကျွန်တော် လျှောက်ထားချက်အရ သံဃာတော်အရှင်သူမြတ်များက မေတ္တသုတ် ပရိတ်တော်နှင့် ကမ္မဝါတို့ကို ဖတ်ကြားပေးပြီးလျှင် လေးနက်စွာ အမျှပေးဝေမှုကို ပြုလိုက်ပါသည်။

ထို့ကြောင့်ပင်လောမသိ၊ လပေါင်းများစွာ နှစ်ပေါင်းများစွာ မော်တော်ကြီး ရေဝတီမြစ်ရိုးတစ်လျှောက် အစုန်အဆန် သွားလာခုတ်မောင်းလျက်ရှိသော်လည်း မည်သည့်အန္တရာယ်၊ အနှောင့်အယှက်မျှ တွေ့မြင်ရခြင်း မရှိခဲ့ပါပေ။

သို့အတွက် ကျွန်တော် ယုံကြည်မိပါသည်။

"ကျွန်တော်၏ ထူးဆန်းသော အတိတ်ဘဝဟောင်းမှ ဂျပန်စစ်သည် သူငယ်ချင်းများသည် ကျွန်တော်ပြုသော ကုသိုလ်ကောင်းမှုနှင့် ဆေးဝေသော မေတ္တာအမျှကြောင့် ချမ်းသာရ ကြွေလျက် လွတ်ရာကျွတ်ရာ ဘုံဌာနများဆီ ရွှေ့လျားရောက်ရှိသွားကြပေပြီ" ဟူ၍။ ။

**မိုးသူတော်ကြာပေါ်**

မှတ်ချက်။ ။ ဒကာရင်းဖြစ်သော ရေလမ်းကုန်သည် ဦးကျင်ထိုက်၏ အဖြစ်အပျက်မှန်အား အမည်ပြောင်း၍ ရေးသားထားခြင်းဖြစ်သည်။

## [၄]

BURMESE CLASSIC

အထက်ပါ ထူးဆန်းသော အဖြစ်အပျက်ဖြစ်ပွားပြီးနောက် ညစဉ်ညတိုင်း သတိနှင့် ကျွန်တော် စောင့်မျှော်သော်လည်း ခြောက်လခန့် သင်္ဘော ပြင်ဆင်ပြီးသည်အထိ ထိုအဖြစ်အပျက်မျိုး ထပ်မံ၍ မဖြစ်ပေါ်တော့ပါချေ။

"အင်း . . . တန်တော့ သူတို့ဟာ ချောက်ချင်လှန့်ချင်လို့မဟုတ်ဘဲ ငါ့ကို ခင်မင်တဲ့အလျှောက် သတိလာပေးတဲ့ အနေအထားမျိုးပါလား"

ထူးဆန်းသည်ဟု ဆိုရန်ရှိသည်မှာ ထိုလပြည့်ညဉ့် တွေ့ကြုံခဲ့သည့် မြူခိုးသဏ္ဍာန်နှင့် ဂျပန်စစ်သားအရိပ်များ၊ စစ်ဖိနပ်သံများ၊ စကားပြောသံများ၊ ငန်းတော်ကြားမြွေကြီးနှင့် မြွေပေါင်းစုံ စသည်တို့အား ထပ်မံမတွေ့ရတော့သော်လည်း ကျွန်တော် အိပ်ပျော်စဉ်အခိုက် အိပ်မက်ထဲတွင် ဂျပန်ရဲဘော်တစ်စုနှင့်အတူ တိုက်ပွဲဆင်နွှဲနေပုံ၊ တပ်ကြပ်ကြီးများ ဖြစ်ကြသော ယာမတ်စုနှင့် အိချိဖုတို့က ကျွန်တော့်အား ရင်းနှီးခင်မင်စွာ ဖက်လှဲတကင်းရှိကြပုံတို့ မကြာခဏ မြင်မက်ရသည်ဟု ဆိုရပေမည်။

တစ်ခါတစ်ရံ ယာမတ်စု၊ အိချိဖုတို့နှစ်ယောက် အကြားတွင် မြွေနဂါးဟု ၎င်းတို့ဆိုသော ရောမငန်းတော်ကြား မြွေကြီးနှင့်တကွ မြွေမျိုးစုံကိုလည်း အိပ်မက်အဖြစ် မြင်မက်ရပေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



[၁]

❏

မိုးထိတောင်ကို လှမ်းမြင်ရပြီ။

သည်အခါ ကျွန်တော့်စိတ်ထဲမှာ တောင်နိုးနှင့်တိမ် ရောယှက်လိမ်း တိမ်နှင့်တောင်နိုး ရောယှက်မိုး ဆိုသည့်စကားကလေးကို ပြေးသတိရ သည်။

မြင်ရသည့်မြင်ကွင်းက လွမ်းမောဖွယ်အတိပင်။ သိသိသာသာ အေးလာပြီဟုလည်း အသိဝင်၏။ ကျွန်တော် ဂျာကင်စေ့ကို ဆွဲစေ့လိုက် သည်။

"နည်းနည်းအေးလာပြီနော် ... ဆရာ၊ ရောက်တော့မှာပါ"

ကိုထိန်လင်းဖြစ်သည်။ သူက ပုံတောင်ပုံညာဇာတိဖြစ်ပြီး သည်မှာ လာအခြေချနေသူဖြစ်သည်။

သူက အရပ်ရှည်သော်လည်း ခန္ဓာကိုယ် တုတ်ခိုင်သူဖြစ်၏။ ပြုံးပြုံး ရွှင်ရွှင်နေတတ်ပြီး စကားနည်းသူပင်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကျွန်တော်တို့ တောင်ကုန်းမြင့်တစ်ခုပေါ်သို့ ရောက်နေပြီဖြစ်သည်။

ထိုတောင်ကုန်းမြင့်ပေါ်မှ ကြည့်လျှင် ရွာဟောင်းတစ်ခုနှင့်အတူ အိမ်ခြေများပြားသည့် ရွာကြီးတစ်ရွာအား အပေါ်စီးမှ လှမ်းမြင်ရ၏။

သူက ...

"ဟိုးဝေးဝေးက မြင်ရတဲ့ရွာဟာ ကျွန်တော်တို့ရွာပဲ။ ရွာပျက်ကိုတော့ ဖြတ်ရမယ်။ ရွာပျက်ကို ဖြတ်ပြီးရင် ရောက်ပြီလေ။ နေမညိုးခင် ရွာကိုဖြတ်မှ ဖြစ်မယ်ဆရာ"

ဟု ပြောရာ ကျွန်တော်က ...

"နေဝင်တော့ကော ဘာဖြစ်လဲ ... ကိုထိန်လင်း။ ဒီရက်က လမိုက်ရက်မှမဟုတ်တာ၊ လပြည့်ရက်ပဲ"

ဟု ပြောတော့ ...

"မဖြစ်ဘူး ... ဆရာ"

"ဘာဖြစ်လို့လဲ"

"ရွာရောက်တော့ ကျွန်တော် ပြောပြပါ့မယ်"

ဟု ပြောသည်။ သူ့စကား၌ လျှို့ဝှက်မှုပါနေသဖြင့် ကျွန်တော်လည်း ဆက်မပြောချင်ပြီ။ ထို့ကြောင့် ရေငုံနှုတ်ပိတ်ကာ ခပ်သွက်သွက် လျှောက်သွားသည်။ သူ့နောက်မှ လိုက်ခဲ့သည်။

✿ ✿ ✿

❑

တောင်ကုန်းအဆင်း၌ ချောင်းငယ်ကလေးတစ်ခုရှိ၏။ ချောင်းသည် မကျယ်လှ။ ချောင်းကား ဝါးတံတားကလေးနှင့် ဖြတ်ကူးရ၏။ ချောင်းရေသည် ကြည်လင်ပြာလဲ့ပြီး ရေစီးသန်၏။

ချောင်းကိုဖြတ်လျှင် ရွာဟောင်းတစ်ခုကို တွေ့ရ၏။ ထိုရွာသည် တစ်ချိန်က ရွာကြီးတစ်ရွာဖြစ်မည်။ အိမ်ကြီးရခိုင်များလည်း ရှိပုံပေါ်၏။

ကျွန်းလုံးတိုင်ကြီးများနှင့် အိမ်ကြီးများလည်း တွေ့ရ၏။ အိမ်သေးတို့က ပျက်စီးနေပြီဖြစ်သော်လည်း အိမ်ကြီးများက အမိုးအကာများ ယိုယွင်းပျက်စီးနေ၏။

တိုင်လုံးကြီးများက ပကတိအတိုင်း ရှိနေ၏။

ကျွန်တော်က ရွာဟောင်းအား ဖြတ်စဉ် စာရေးဆရာပီပီ စပ်စုချင်သည့်ညာဉ်ဖြင့် ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်မိ၏။ ကိုထိန်လင်းကမူ ဘာမှမကြည့်။

ခပ်သွက်သွက်သာ လျှောက်လှမ်းနေ၏။

"လာ ... ဆရာ၊ မြန်မြန်လာ။ မိုးမချုပ်ခင် ဒီရွာလွန်မှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြော၏။

သူက သွက်သဖြင့် ကျွန်တော်လည်း မသွက်လို့မရပြီ။ သူ့နောက်မှ ခပ်သွက်သွက် လှမ်းလျှောက်ခဲ့ရ၏။

သို့ဖြင့် ကျွန်တော်တို့ ထိုရွာဟောင်းအား နေမဝင်၊ မိုးမချုပ်မီ ဖြတ်သန်းနိုင်ခဲ့သည်။

လွင်ပြင်တစ်ခုအား ဖြတ်အပြီး ကြီးမားကျယ်ပြန့်သည့် ရွာကြီးတစ်ရွာအား ကျွန်တော် ဘွားခနဲ မြင်ရသည်။

"ဟိုးရှေ့ကရွာဟာ ကျွန်တော်တို့ရွာပဲ ဆရာ။ ခုမှ စိတ်အေးရတော့တယ်"

ကျွန်တော် ဘာမှမပြောဘဲ ပြုံးနေလိုက်သည်။ သို့သော် ကျွန်တော့်စိတ်ထဲ၌မူ ထိုရွာဟောင်းနှင့် ပတ်သက်၍ လျှို့ဝှက်မှုတစ်စုံတစ်ရာ ရှိရမည်ဟု နားလည်လိုက်သည်။

သည်အကြောင်းအား တဖြည်းဖြည်းနှင့် ဖော်ထုတ်ရမည်ဟု စဉ်းစားမိသည်။

✿ ✿ ✿

[ ၂ ]

❑

ကျွန်တော် 'မိုးထိတိမ်တောင်' ရွာသို့ ရောက်ပြီ။ မကြာခင်မှာပင် ရွာပျက်ရွာဟောင်း၏ အမည်သည် 'မိုးအောက်လွင်ပြင်' ရွာဟု သိရသည်။

ထိုရွာနှစ်ရွာက ယခင်ကဆိုလျှင် နှစ်ရွာတစ်ရွာ အဆင်ပြေသော၊ ကူးလူးဆက်ဆံမှုရှိသော ရွာနှစ်ရွာဖြစ်သည်။ သို့သော် တစ်ခါသော် 'မိုးအောက်လွင်ပြင်ရွာ' ၌ ကြေကွဲဝမ်းနည်းဖွယ် အဖြစ်မျိုးနှင့် ကြုံတွေ့ရပြီး ရင်နင့်ဖွယ်အဖြစ်တစ်ခုနှင့် ကြုံတွေ့ခဲ့ရသည်။

ထို့အတူ ထိုရွာနှစ်ရွာတွင် မည်သည့်အခါမှ မမေ့နိုင်သည့် အဖြစ်တစ်ခု ဖြစ်ပျက်ခဲ့ကြောင်းလည်း ကြားသိရ၏။ မောင်ထိန်လင်းက . . .

"ဒီအကြောင်းကို မပြောချင်ဘူး . . . ဆရာ။ ဒီအကြောင်းဟာ ရင်နင့်ဖွယ် အကြောင်းပဲ။ မကောင်းဆိုးဝါးရွာသူ မိုးဒေဝါကြောင့် မောင်တက်ခါး သေရတယ်ဆိုပြီး ဒီရွာကို မုန်းခဲ့တယ်"

"မောင်တက်ခါးနဲ့ မိုးဒေဝါက ဘယ်လိုပတ်သက်ခဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုထိန်လင်းက သက်ပြင်းချပြီး ...

"ဒီအကြောင်း မပြောချင်ဘူး ... ဆရာရယ်။ ဒီအကြောင်းက လည်း ရင်နင့်စရာ အကြောင်းပဲ။ ဘာဖြစ်လို့လဲဆိုရင် 'မောင်တက်ခါးနဲ့ မိုးဒေဝါ'ဟာ သိပ်ချစ်တဲ့သူတွေလေ"

"ဘာ ... ဘယ်လို ..."

"ခုမှတော့ မထူးတော့ပါဘူး ... ဆရာရယ်။ ကျွန်တော် ပြောပြပါတော့မယ်"

ဟု ဆိုပြီး မောင်တက်ခါးနှင့် မိုးဒေဝါတို့အကြောင်းအား ပြောပြသည်။ အဖြစ်က ကြေကွဲဖွယ်အဖြစ်။

✿ ✿ ✿

❑

မောင်တက်ခါးသည် 'မိုးထိတိမ်တောင်ရွာသား' ဖြစ်သော်လည်း သူက ရွာတွင် အနေနည်းပြီး ရန်ကုန်တက္ကသိုလ်၌ ပညာသင်သူ၊ ဦးကြီး၊ ဒေါ်ကြီးတို့နှင့် ရန်ကုန်၌ အနေများသူဖြစ်သည်။

သို့သော် မောင်တက်ခါးသည် ရွာကိုချစ်သူဖြစ်သည်။ ထို့ကြောင့် ကျောင်းပိတ်တိုင်း မိုးထိတိမ်တောင်ရွာသို့ ပြန်လာစမြဲဖြစ်သည်။ ယင်းသို့ ကျောင်းပိတ်တိုင်း မောင်တက်ခါး ရွာသို့ပြန်လာခြင်း ဒုတိယအချက်မှာ မောင်တက်ခါးတွင် 'မိုးဒေဝါ' ဟူသည့် ချစ်သူတစ်ဦး ရှိနေသောကြောင့် တည်း။

မိုးဒေဝါသည် မိန်းမလှကလေးတစ်ဦးဖြစ်ပြီး 'မိုးအောက်လွင်ပြင်' ရွာသူဖြစ်၏။

သူတို့နှစ်ဦးသည် ချစ်သက်တမ်း ရှည်လာပြီဖြစ်သည်နှင့်အမျှ ဘဝနှစ်ခုအား အချစ်အားပြု၍ တည်ထောင်လိုစိတ် ပြင်းပြနေခဲ့ပြီ။

ဒီတစ်ခါ မောင်တက်ခါး ရွာပြန်ရောက်တော့ ...

"အစ်ကိုတက်ခါးရယ် ... ကိုတက်ခါးကို အမြဲတမ်း မျှော်နေမိသလို၊ လွမ်းရတဲ့စိတ်ကလည်း ရှည်လွန်းပါတယ်။ ပြီးတော့ ကိုတက်ခါးနဲ့ ဝေးရမှာလည်း မိုးဒေဝါ အရမ်းစိုးရိမ်နေမိတယ်"

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟု မိုးဒေဝါက ပြောတော့ မောင်တက်ခါးသည် မိုးဒေဝါ၏ သေးသွယ်ကျစ်လစ်သော ခန္ဓာကိုယ်ကလေးအား သိုင်းဖက်ကာ နဖူးအား ခပ်ဖွဖွ နမ်းပြီး ...

"မစိုးရိမ်ပါနဲ့ ... မိုးဒေဝါရယ်၊ တက်ခါးရဲ့ရင်ထဲမှာ မိုးဒေဝါက လွဲလို့ ဘယ်သူမှ မရှိပါဘူး။ ကိုတက်ခါးကိုယ်တိုင်လည်း မိုးဒေဝါကို မခွဲချင်တော့ပါဘူး"

"မိုးဒေဝါတို့ အတူနေဖို့ ကြိုးစားရအောင်နော်"

"စိတ်ချပါ ... မိုးဒေဝါ။ အခုဆို ကိုတက်ခါးလည်း ကျောင်းပြီးလို့ အလုပ်ခွင်ဝင်ဖို့ စီစဉ်နေပါပြီ။ ကိုတက်ခါး အလုပ်ရတာနဲ့ မိုးဒေဝါကို လာခေါ်မှာပါ"

"မိုးဒေဝါ မျှော်နေမယ်နော်"

"စိတ်ချပါ ... မိုးဒေဝါရယ်"

ခုတော့ မောင်တက်ခါးကိုယ်တိုင်လည်း မိုးဒေဝါကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ။ တစ်ခုထူးခြားသည်က မိုးဒေဝါနှင့် လက်ထပ်မည့်ကိစ္စအား မိဘများကို ပြောပြတိုင်ပင်သည့်အခါ ပြဿနာမရှိ၊ ပိတ်ပင်တားဆီးခြင်းမရှိ။

"မိုးဒေဝါဆိုတာ အမေတို့ရွာသူမဟုတ်ပေမဲ့ သူ့သတင်းက နှစ်သက်မြတ်နိုးချင်စရာချည်းပဲလေ။ မိန်းမပီသသူလည်း ဖြစ်တယ်လေ။ အမေတို့ တားစရာ မရှိပါဘူး။ သဘောမတူစရာလည်း မရှိပါဘူး"

"ဒါဖြင့် အမေတို့ လိုက်တောင်းပေးမယ်ပေါ့"

"စိတ်ချပါ ... သား"

မောင်တက်ခါး ပျော်ရသည်။ ဒီအပျော်တွေက တိုင်းတာနှိုင်းဆစရာလို့ မရပြီ။

သည်အထိ မောင်တက်ခါးနှင့် မိုးဒေဝါ၏ချစ်ခရီးသည် ပကတိငြိမ်းချမ်းလျက်။

✿ ✿ ✿

[၃]

❑

အပျော်တို့သည် မောင်တက်ခါးရင်ထဲ၌ အပြည့်။

မောင်တက်ခါး ရန်ကုန်ရောက်လျှင် အလုပ်ကိစ္စ၏ အဆင်ပြေမှုက ကြိုဆိုနေသည်။ အလုပ်ခွင်သို့ ဝင်ရပြီ။

သို့သော် တစ်နှစ်တာကာလ နယ်စပ်ဒေသသို့သွားကာ အလုပ်လုပ်ဦးမည်။ ဒီရက်အတွင်း ရွာသို့ ပြန်ခွင့်မရ။ ဒီအကြောင်းအား မိဘများကိုလည်းကောင်း၊ မိုးဒေဝါကိုလည်းကောင်း အကြောင်းကြားရ၏။

"နောင်များမှာ တစ်သက်လုံး မခွဲတမ်းနေရမှာမို့ ဒီလောက်တော့ သည်းခံရမှာပေါ့ ... ကိုတက်ခါးရယ်။ မိုးဒေဝါ ကိုတက်ခါးအလာကို မျှော်နေမယ်။ အဲဒီတော့မှ အတိုးချ ပျော်ကြမယ်နော်"

ကိုတက်ခါးက ရွာပြန်ရမည့်ရက်အား တွက်ဆနေသလို၊ မိုးဒေဝါသည်လည်း လက်ရေချိုး၍ တွက်နေမည်ပင်။

ဒီရက်များက အပျော်တစ်ဝက်၊ လွမ်းရတစ်ဝက် ရက်များတည်း။ ပြီးတော့ တစ်ရက်တစ်ရက် ကုန်ဆုံးမှု ကြာလှသည်ဟု ထင်ရသည်။

ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ သတ်မှတ်ရက်က ရောက်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မောင်တက်ခါးသည် နယ်စပ်မှ ရန်ကုန်ရှိ မိခင်ကုမ္ပဏီသို့ ပြန်ရော ပြီး ကုမ္ပဏီမှ ခွင့်ရက်ရှည်ရခဲ့သည်။

ထို့ကြောင့် မောင်တက်ခါး၏ အပြန်ခရီးသည် ပျော်ရွှင်ချမ်းမြေ့ သည့် အပျော်ခရီးဖြစ်ခဲ့သည်။ မောင်တက်ခါး၏စိတ်တွင် ရွာကို အမြန်ပြန် ရောက်ချင်စိတ်သာ စောနေ၏။

ထို့ကြောင့် လမ်းတွင် ကားပျက်သဖြင့် အချိန်မှဲ့သည်ကို သိသော် လည်း အချိန်မဖြုန်းခဲ့။ မနက်မှ ထသွားလျှင် ရသော်လည်း မနက်အထိ မစောင့်တော့။

ဒီလမ်းခရီးသည် ကျွမ်းကျင်ပြီးသား ခရီးဖြစ်သဖြင့် ညတွင်းချင်း ပင် ပြန်ခဲ့၏။ မောင်တက်ခါးစိတ်တွင်လည်း မိုးဒေဝါအား တွေ့ချင်စိတ် ပြင်းထန်နေသဖြင့် ညတွင်းချင်း ပြန်ခဲ့သလို၊ မောင်တက်ခါးမိုးအောက် လွင်ပြင်ရွာကို ဖြတ်တော့ ခုနစ်စင်ကြယ်တောင် အမြီးထောင်နေပြီ။ ရွာအခြေ အနေက ပကတိ တိတ်ဆိတ်နေ၏။

"ဝူး ... ဝူး ..."

ခွေးဟောင်သံတွေ ကြားရ၏။

မောင်တက်ခါးသည် မိုးဒေဝါ၏အိမ်သို့ ဝင်ခဲ့၏။ အိမ်ဝသို့ ရောက် လျှင် ...

"မိုးဒေဝါ ... မိုးဒေဝါ ..."

ဟု ခေါ်လိုက်၏။ အသံသည် တိတ်ဆိတ်သည့် ညဖြစ်သဖြင့် ကျယ်သွားသလား။ သို့သော် မောင်တက်ခါးခေါ်သံအဆုံး တံခါးပွင့်လာ သည်ကို တွေ့ရ၏။ ပြီးတော့ ... မီးရောင်။ မီးရောင်နှင့်အပြိုင် ရှိနေသည်က မိုးဒေဝါ၏ ရွှင်ချိုသည့်မျက်နှာ။

"ကို ... ကိုတက်ခါး ..."

"မိုးဒေဝါ"

တစ်ဦးကိုတစ်ဦး ကြင်နာစွာ ထွေးဖက်လိုက်သည်။

"မိုးဒေဝါဆီကို ပြန်လာပြီလေ။ မိုးဒေဝါနှင့်ကိုယ် အတူနေဖို့ ပြန်လာပြီ"





"မိုးဒေဝါ ပျော်လိုက်တာ"

မောင်တက်ခါး မိုးဒေဝါမျက်နှာကို ကြည့်လိုက်သည်။ မိုးဒေဝါ မျက်ဝန်းမှာ မျက်ရည်စတွေနှင့်။

"အို ... ဘာလို့ငိုရတာလဲ။ ဒါ ငိုရမယ့်အချိန် မဟုတ်ဘူးလေ။ ပျော်ရမယ့်အချိန်။ မငိုနဲ့နော်။ အငိုတိတ်တော့နော်"

မိုးဒေဝါက ခေါင်းညိတ်သည်။

ထိုညက မောင်တက်ခါးနှင့်မိုးဒေဝါ တစ်ညလုံး အချိန်ဖြုန်းခဲ့ သည်။ မနက် အရုဏ်ကျင်းလုတွင် ပြန်ခဲ့သည်။

သည်ညက အပျော်ဆုံးည၊ အချစ်ည။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၄]

❑

မောင်တက်ခါး နံနက်ဝေလီဝေလင်း မိုးထိတိမ်တောင်ရွာသို့ ရောက်လာတော့ အားလုံး အံ့သြနေကြသည်။

"သား . . . မင်း ညက မိုးအောက်လွင်ပြင်ကို ဖြတ်ခဲ့လား"

ဟု မေးသည်။

"အမေကလည်း မိုးထိတိမ်တောင်ကိုရောက်ဖို့ မိုးအောက်လွင်ပြင်ကို ဖြတ်ရတယ်လေ။ ဖြတ်ခဲ့လို့ မိုးဒေဝါနဲ့တောင် တွေ့ခဲ့သေးတယ်။ မိုးဒေဝါနဲ့ စကားတွေ မမောတမ်းပြောပြီးမှ သားပြန်လာတာ။ အမေတို့ သားကို မိုးဒေဝါနဲ့ လက်ထပ်နိုင်ဖို့ စီစဉ်ပေးတော့နော်"

အမေက ထိတ်လန့်စွာ တအံ့တသြ ကြည့်သည်။ ပြီးမှ . . .

"မဖြစ်နိုင်တာ . . . သားရယ်၊ မင်း မိုးဒေဝါနဲ့ ဘယ်လိုလက်ထပ်နိုင်တော့မလဲ။ မဖြစ်နိုင်တာ . . . သားရယ်"

"ဘာလို့မဖြစ်နိုင်ရမလဲ . . . အမေ။ သားကိုယ်တိုင် မိုးဒေဝါနဲ့ တွေ့ပြီး အနာဂတ်ရေး စီစဉ်ခဲ့ပြီးပြီ။ သားကို လိုက်တောင်းပေးဖို့သာ စီစဉ်ပါအမေ။ သားတို့ချစ်ခြင်းကို မခွဲပါနဲ့"





အမေက မျက်ရည်လည်ရွဲနှင့် ကြည့်သည်။ ထိုစဉ် အဖေက . .

"အဖေတို့က မင်းတို့ချစ်ခြင်းကို ခွင်းတာမဟုတ်ဘူး . . . သား။ ကံကြမ္မာက ခွင်းခဲ့တာ။ ပြောရရင် မင်းနဲ့မိုးဒေဝါက ဘဝမတူတော့ဘူး"

ဟု ပြောသည်။

"ဘာတွေလဲ . . . အဖေရယ်၊ သား နားမလည်တော့ဘူး"

"သား မကြာခင် နားလည်လာမှာပါ။ ရှင်းရှင်းပြောရရင် မိုးအောက်လွင်ပြင်ရွာဟာ ကာလဝမ်းဆိုတဲ့ ကပ်ဆိုးကြီးကြုံပြီး တစ်ရွာလုံးနီးပါး သေဆုံးခဲ့ပြီး ရွာပျက်ခဲ့တယ်။ ဒီထဲမှာ မိုးဒေဝါလည်း ပါသွားတယ်လေ"

"မဖြစ်နိုင်ဘူး . . . လုံးဝ မဖြစ်နိုင်ဘူး။ သားကိုယ်တိုင် မိုးဒေဝါကို တွေ့ခဲ့တာ။ မိုးဒေဝါကို ကျွန်တော် ချစ်တယ်။ ဖြစ်တဲ့နည်းနဲ့ မိုးဒေဝါကို ကျွန်တော် လက်ထပ်မယ်"

ထို့နောက် မည်သူကမျှ ဘာစကားမျှ မပြောကြတော့။ သို့သော် ထိုနောက်ပိုင်း မောင်တက်ခါးအား မျက်စိအောက်မှ အပျောက်မခံသလို ဘယ်ကိုမှလည်း သွားခွင့်မပြုကြ။

ယင်းသို့ မောင်တက်ခါးသည် မိုးအောက်လွင်ပြင်ရွာ အခြေအနေအား အကဲခတ်ရန် မသွားနိုင်ခဲ့။

သို့သော် မောင်တက်ခါး ထူးခြားမှုတစ်ခုကိုကား သိမြင်ခဲ့၏။ ၎င်းကား အခြားမဟုတ်။ မိုးထိတိမ်တောင်နှင့် မိုးအောက်လွင်ပြင်အား ဆက်သွယ်ထားသည့်တံတားသည် သွားမရလောက်အောင် ပျက်စီးနေခြင်းဖြစ်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

ညက မိုးရွာသည်။

မိုးက အငြိုးကြီးသည်။ မိုးဟုပြောရလောက်အောင် သဲသဲမဲမဲ နိုင်ခဲ့သည်။ မိုးသည်းညဟု ပြောရမည်။

ထိုမိုးသည်းညတွင် မောင်တက်ခါးသည် အိမ်မှ တိတ်တဆိတ် ထွက်ခဲ့သည်။ သူ့စိတ်ထဲ၌ မိုးဒေဝါအား တွေ့လိုစိတ်တို့ ပြင်းထန်နေ၏။

မောင်တက်ခါး တံတားမှ ဖြတ်ခဲ့သည်။ ယိုယွင်းပျက်စီးနေသည့် တံတား ဘယ်လိုကောင်းသွားသနည်း။ ဒါက အချိန်အခါမဟုတ်၊ တံတား က ဖြတ်နိုင်သဖြင့် သူပျော်သွားသည်။

သူ သွက်လက်သည့်ခြေလှမ်းနှင့် မိုးဒေဝါထံသို့ အပြေးလာခဲ့ သည်။ မကြာမီ မိုးဒေဝါအိမ်နားသို့ ရောက်ခဲ့၏။

"မိုးဒေဝါ ... မိုးဒေဝါ ..."

သူ့ခေါ်သံ။

"မိုးဒေဝါ စောင့်နေပါတယ် ... ကိုတက်ခါးရယ်"

မိုးဒေဝါ တံခါးဖွင့်ပေးသည်။ သူ အိမ်ပေါ်သို့ တက်ခဲ့သည်။ အိမ်က ခြေတံရှည်အိမ်ဖြစ်၏။ အပေါ်သို့ ရောက်လျှင် ...





"မိုးဒေဝါလည်း မျှော်နေတာ ကိုတက်ခါး၊ မိုးဒေဝါနဲ့ ကိုတက်ခါး ကို ဘယ်သူမှ မခွဲနိုင်တော့ဘူး"

ဟု ပြောသည်။

"ကိုယ်လည်း မခွဲချင်ပါဘူး ... မိုးဒေဝါရယ်"

ကိုတက်ခါးသည် မိုးဒေဝါအား အကဲခတ်ကြည့်၏။ အမြင်တို့သည် ပြောင်းလဲနေသလို၊ လူတွေပြောသည်ကို ဟုတ်မဟုတ် ဆန်းစစ်ရန် ဆုံးဖြတ် လိုက်သည်။

ထို့ကြောင့် သူ့တွင်ပါလာသည့် ဓားမြှောင်အား ထုတ်သလိုလိုနှင့် အောက်သို့ ချလိုက်သည်။

"ဟယ် ... ဓားကျသွားပြီ။ ကိုတက်ခါး ဆင်းကောက်လိုက်ဦး မယ်"

သူက ပြော၏။

မိုးဒေဝါက သူ့အား ကြည့်ပြီး ...

"နေ ... နေ ... ကိုတက်ခါး၊ မိုးဒေဝါ ကောက်လိုက်မယ်"

ဟု ပြောပြီး အိမ်အောက်သို့မဆင်းဘဲ အိမ်ပေါ်မှ လက်နှင့် လှမ်း ကောက်လိုက်သည့် မြင်ကွင်းကြောင့် ကိုတက်ခါး ကြက်သီးမွေးညင်း ထသွား၏။

သူ ... သူ ... မိုးဒေဝါသည် ...

"ဟုတ် ... ဟုတ်တယ် ... မိုးဒေဝါဟာ လူသားစစ်စစ် မဟုတ် တော့ဘူး"

ဟု သိလိုက်သည်။ ထို့အတူ ဒီမှာ သူ ရှိမနေသင့်ဟုလည်း သိ လိုက်သဖြင့် မိုးဒေဝါ ဓားပြန်မပေးမီ ဆတ်ခနဲထပြီး အိမ်ပေါ်မှ ခုန်ဆင်း လိုက်သည်။

"ကိုတက်ခါး ... မိုးဒေဝါကို ခွဲမသွားပါနဲ့၊ မိုးဒေဝါ ကိုတက်ခါး ကို မခွဲနိုင်ဘူး"

နောက်က အော်ဟစ်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"မိုးဒေဝါ . . . မလိုက်နဲ့၊ လိုက်မလာနဲ့။ မင်းနဲ့ငါဟာ ဘဝမတူတော့ဘူး။ တို့ အတူနေလို့ မဖြစ်တော့ဘူး။ မလိုက်နဲ့ . . . မိုးဒေဝါ။ ကိုတက်ခါးနောက် မလိုက်ခဲ့နဲ့"

ဟု ပြောပြီး ပြေးသည်။

မိုးဒေဝါ နောက်မှ လိုက်လာသည်ကို သိသည်။

"မိုးဒေဝါ ကိုတက်ခါးကို မခွဲနိုင်ဘူး။ မိုးဒေဝါကို ထားမသွားပါနဲ့။ ကိုတက်ခါးကို မိုးဒေဝါ ချစ်တယ်"

"မလိုက်နဲ့ . . . မိုးဒေဝါ . . . မလိုက်နဲ့"

"ကိုတက်ခါး . . . ကိုတက်ခါး . . . မိုးဒေဝါကို မထားခဲ့ပါနဲ့ . . . မိုးဒေဝါတို့ အတူနေကြမယ်လေ"

မိုးဒေဝါက အပြေးလိုက်၏။

အဟုန်ပြင်းစွာ ပြေးလာသည်။ ကိုတက်ခါးသည် ရွာထိပ်သို့ ရောက်ချေပြီ။

တံတားကိုဖြတ်ပြီးလျှင် မိုးထိတိမ်တောင်ရွာသို့ ရောက်ပြီ။

ထိုစဉ် မောင်တက်ခါး၏ မိဘများသည်လည်း မောင်တက်ခါးအား ကယ်ရန် ပြေးလိုက်လာ၏။ မိုးထိတိမ်တောင်ရွာသားများက တံတားပျက် အနီးသို့ ရောက်ပြီ။

ထို့ကြောင့် မိုးအောက်လွင်ပြင်ရွာဘက်မှ မြင်ကွင်းကို အတိုင်းသား မြင်နေရ၏။ ယင်းသမို့ မောင်တက်ခါး အဟုန်ပြင်းစွာ ပြေးလာနေသည်ကိုလည်းကောင်း၊ မိုးဒေဝါ ခေါင်းတလားထမ်းကာ နောက်မှ လိုက်လာသည်ကိုလည်းကောင်း မြင်တွေ့ရ၏။

"သား . . . ချောင်းကို အမြန်ကူး . . . ကူး"

ဟု မောင်တက်ခါးမိခင်က အော်ပြော၏။

မောင်တက်ခါး၊ တံတားအနီးသို့အရောက် တံတားအစပ်ကို အနင်းတွင် ရုတ်တရက် လဲကျသွားသည်ကို တွေ့ရသည်။ မောင်တက်ခါး လဲကျသွားပြီ။





"သား . . . သား . . ."

မောင်တက်ခါးမိခင်က ခေါ်သည်။

"ကိုတက်ခါး . . . ဘယ်မှ မသွားရဘူး။ မိုးဒေဝါကို မခွဲရဘူး။ မိုးဒေဝါ ကိုတက်ခါးကို မခွဲနိုင်ဘူး"

ဟု မိုးဒေဝါက ပြောပြီး လဲကျသွားသည့် ကိုတက်ခါးအား ခေါင်းနှင့် ဖုံးအုပ်လိုက်သည်။

"အား . . ."

မောင်တက်ခါးအော်သံက ပတ်ဝန်းကျင်အား လွှမ်းမိုးသွားသည်။

နောက်တစ်နေ့ မိုးသောက်လျှင် အသက်ဝိညာဉ် ကင်းမဲ့နေသည့် မောင်တက်ခါးအလောင်းအား တံတားအစပ်၌ တွေ့ရသည်။ အားလုံးက အချစ်ကြီးသည့် မောင်တက်ခါးနှင့် မိုးဒေဝါတို့သည် ဝိညာဉ်လောက၌ ပျော်ရွှင်စွာ ပေါင်းဆုံနိုင်ခဲ့ပြီဟု ဆိုကြ၏။

"အဖြစ်က ရင်နင့်စရာပဲ"

ဟု ကျွန်တော်က ပြောရာ . . .

"ဟုတ်တယ် . . . ဆရာ၊ ကျွန်တော်တို့ရွာအတွက်လည်း မမေ့နိုင်စရာ အဖြစ်တစ်ခုရယ်ပါ"

ဟု ပြော၏။

ကျွန်တော် ဝတ္ထုရေးမယ်ဆိုရင် . . .

"ရေးသင့်ပါတယ် . . . ဆရာ။ သူတို့ရဲ့အချစ်ဟာ မှတ်တမ်းတင်သင့်တဲ့ အချစ်ပါ"

ဟု ပြော၏။ ကျွန်တော်ကလည်း စာတစ်ပုဒ်ရေးရန် ဆုံးဖြတ်လိုက်ပြီ။

အောင်မြတ်ဦး

www.burmeseclassic.com

www.burmeseclassic.com



❑

မိတ်ဆွေရင်းဖြစ်သူ ခမ္ပတီး ရှမ်းလူမျိုးဖော်ကျန်းပြည့်မှ အရေးတကြီး ဖုန်းဆက်လာသဖြင့် မြစ်ကြီးနားမှ ပူတာအိုသို့ လိုက်ပါခဲ့ရ၏။ ပူတာအိုလေယာဉ်ကွင်းတွင်လာကြိုနေသော ဖော်ကျန်းပြည့်ကို တွေ့ရပါသည်။

"အခုလို လိုက်လာတာ သိပ်ဝမ်းသာတယ်ဗျာ"

ဖော်ကျန်းပြည့်က ကျွန်တော့်လက်ကို ညှစ်ကိုင်လျက် ပြောလာ၏။

"ခုကိစ္စက ကျွန်တော်နဲ့ဆိုင်နေလို့လား . . . ဖော်ကျန်းပြည့်"

ကျွန်တော်က မေးမြန်းရင်း လက်ဆွဲအိတ်ကို ဖော်ကျန်းပြည့်၏ ဝီလီဂျစ်ကားနောက်ပိုင်းသို့ တင်လိုက်၏။ လေယာဉ်ကွင်းမှ နောင်ခိုင်ကူးတို့ဆိပ်သို့ ထွက်လာခဲ့ကြ၏။ လမ်းတွင်သူက ကားကို ကျင်လည်စွာမောင်းရင်း ရုတ်တရက် ပြောသည်။

"ကိစ္စတစ်ခုလုံးက နားလည်ဖို့ ခက်နေတယ်။ အသက်နှစ်ဆယ့်ငါးနှစ်ပဲရှိသေးတဲ့ လူငယ်တစ်ယောက်ပဲဗျာ။ ဘယ်လိုကြည့်ကြည့် လုံးဝ ပုံမှန်ပါ ဖော်ဖော်ရွေရွေ နေတတ်တယ်။ ခေတ်ပညာတတ်တစ်ယောက် မဟုတ်ပေမဲ့ လူကောင်းတစ်ယောက်ပါ။ တစ်ညမှာ ခါတိုင်းလိုပဲ အိပ်ရာဝင်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး နောက်နေ့မနက်ကစပြီး ဘာမှမသိတဲ့ လူတစ်ယောက်လို ရှာထဲလျှောက်သွားနေတာ တွေ့ရတယ်။ သူနဲ့ အနီးစပ်ဆုံးဆွေမျိုး အခင်ဆုံး သူငယ်ချင်းတွေကိုတောင် မမှတ်မိ၊ မသိတော့ဘူးဗျာ''

''ဟောဗျာ ... ဘယ်လိုပါလိမ့်''

ကျွန်တော် စိတ်လှုပ်ရှားစွာ ပြောလိုက်မိသည်။ အဖြစ်အပျက်မှာ စိတ်ဝင်စားစရာတော့ ကောင်းနေလေသည်။

''မှတ်ဉာဏ် လုံးဝပျောက်သွားတဲ့ သဘောလား။ ဖြစ်တဲ့နေ့ကကော''

''တစ်နေ့မနက်က စဖြစ်တာ''

''ဖြစ်ရတဲ့အကြောင်းရင်း တစ်ခုခုရော သိရတာ ဘာမှမရှိဘူးလား''

''မသိရဘူးဗျ''

''မဟုတ်သေးပါဘူး ... ဇော်ကျန်းပြည့်၊ ခင်ဗျားမပြောဘဲ ချန်ထားတာများ ရှိနေသလား''

''မ ... မရှိပါဘူး''

သူ့အဖြေမှာ နှေးကွေးရန် ဆိုင်းနေသဖြင့် ကျွန်တော် သံသယဝင်လာမိ၏။

''ကျွန်တော် အားလုံး သိရမှဖြစ်မယ်ဗျ ... ဇော်ကျန်းပြည့်''

''အဲဒါက ဇော်ဆိုင်းနဲ့ မပတ်သက်ပါဘူး။ဗျာ။ ဟို ... အိမ်နဲ့ပဲဆိုင်တာပါ''

''ဘာ ... အိမ်နဲ့ပဲဆိုင်တာ ... ဟုတ်လား''

ကျွန်တော် အံ့အားသင့်စွာ ပြောလိုက်မိ၏။

''ဒီလိုလေ ... ကိုတင်ထွန်းရဲ့ ခင်ဗျားက ဒီလိုကိစ္စမျိုးတွေ အများကြီး တွေ့ကြုံခဲ့ဖူးပြီးသားပါ။ တစ္ဆေ၊ သရဲ၊ ပုဏ္ဏက ခြောက်လှန့်တယ်လို့ ဆိုကြတဲ့ အိမ်မျိုးတွေ။ ကျောင်းတွေ ခင်ဗျား စစ်ဆေးစမ်းသပ်ခဲ့ပြီးပြီပဲ။ အဲဒါမျိုးတွေ အပေါ်ခင်ဗျား ဘယ်လိုမြင်သလဲ''





''တစ်ရာမှာ ကိုးဆယ်လောက်က အလိမ်တွေပဲဗျ။ ဒါပေမဲ့ ကျန်တဲ့ ဆယ်ခုလောက်ကတော့ သိပ္ပံပညာအမြင်မျိုးနဲ့ ဘယ်လိုမှဖြေရှင်းလို့ မရတဲ့ ဆန်းကြယ်တဲ့ ကိစ္စမျိုးတွေ ဖြစ်နေတတ်တယ်။ ဂမ္ဘီရပညာရပ်ကိုလည်း ကျွန်တော် ယုံကြည်တယ်''

ဇော်ကျန်းပြည့်က ခေါင်းညိတ်၏။ နောင်ခိုင် ကူးတို့ဆိပ်သို့ရောက်သောအခါ ဖောင်ပေါ်သို့ ကားကို အသာမောင်းတင်လိုက်၏။

မလိခမြစ်၏ တစ်ဖက်ကမ်းသို့ ရောက်သောအခါ ဖောင်ပေါ်မှ ကားကို ကမ်းထက်သို့ မောင်းတင်ပြီး ကားကို နောင်ခိုင်ရွာပြင်ဘက်သို့ မောင်းလာခဲ့၏။ လမ်းကွေ့တောင်စောင်းတစ်ခုသို့ ရောက်သောအခါ ခပ်လှမ်းလှမ်းရှိ ခြေတံရှည်အိမ်တစ်လုံးကို ညွှန်ပြလျက် ...

''အဲဒီအိမ်ပဲဗျ ... အဲဒီအိမ်မှာပဲ တစ်ခုခုဖြစ်နေတာတော့ အမှန်ပဲ ... ကိုတင်ထွန်း။ ထူးဆန်းပြီး ကြောက်စရာကောင်းတာတစ်ခုခု ဖြစ်နေတယ်လို့ အကုန်လုံးက သိနေကြတယ်လေ''

''ဘယ်လိုထူးဆန်းပြီး ကြောက်စရာ ကောင်းနေတာလဲ''

''ခင်ဗျား ဘာမှသိမထားတာ ကောင်းမယ်ထင်တယ်။ သိမထားမှလည်း ကြိုတင်စဉ်းစားစရာမလိုဘဲ တွေ့တာကို တွေ့တဲ့အတိုင်း အဖြေရှာတာ ပိုမကောင်းဘူးလား ... ကိုတင်ထွန်း''

''အင် ... ကောင်းပါတယ်။ ဒါပေမဲ့ အဲဒီမိသားစုအကြောင်းတော့ သိထားချင်တယ် ... ဇော်ကျန်းပြည့်''

''တောအုပ်ကြီးထောင်ဇာက အိမ်ထောင်နှစ်ဆက် ရှိတယ်ဗျ။ ဇော်ဆိုင်းက ပထမဇနီးနဲ့ မွေးတာ၊ လွန်ခဲ့တဲ့ ၁၀ နှစ်က သူ ဒုတိယအိမ်ထောင်ထူခဲ့တာ။ လက်ရှိမိန်းမက နည်းနည်း နားလည်ရခက်တယ်ဗျ။ သူက မွန်းတရုတ်ကပြားမလို့ ကျွန်တော်ထင်တယ်''

သူ့စကားပြတ်သွား၏။ ကျွန်တော်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဇော်ကျန်းပြည့် ... ခင်ပျားကြည့်ရတာ သူ့ကို သဘောမတွေ့ဘူး ထင်တယ်"

သူကလည်း ခပ်ရှင်းရှင်းပင် ပြောလာ၏။

"ဟုတ်တယ် . . . ကျွန်တော် သူ့ကို မကြိုက်ဘူး။ သူနဲ့တွေ့တိုင်း နိမိတ်မကောင်းဘူးဗျ။ အဲဒီ ဒုတိယအိမ်ထောင်နန်းလွေ့နဲ့ ထောင်အုပ်ကြီး ထောင်ဇာမှာ သားတစ်ယောက်ရတယ်။ ခုဆိုရင် ခုနစ်နှစ်သားရှိပြီ။ လွန်ခဲ့တဲ့ နှစ်နှစ်က ထောင်အုပ်ကြီးထောင်ဇာ သေသွားတော့ ဇော်ဆိုင်းက ထောင်အုပ်ကြီးအရာကော၊ အိမ်နဲ့ လိမ္မော်ခြံ၊ မက်မုံခြံ၊ လက်ဖက်ခြံတွေ လယ်တွေပါရခဲ့တယ်။ သူ့မိထွေးနဲ့ အဖေ တူညီကိုလည်း သူနဲ့အတူ နေစေပါတယ်။ ဒီလို အေးအေးချမ်းချမ်း ရှိနေကြရင်းက အခုတော့ ..."

"ပြောပါ ... အခုတော့ ဘာဖြစ်လဲ"

"ပြီးခဲ့တဲ့ သုံးလလောက်က ဇော်ဆိုင်းက အယ်လ်ဂျာတောင်ဆိုတဲ့ ကလေးမလေးတစ်ယောက်နဲ့ စေ့စပ်လိုက်တယ်။ နောက်လဆိုရင် သူတို့ နိုးရာစလေ့အတိုင်း လက်ထပ်ကြဖို့ပဲ။ ခုတော့ ကလေးမလေးမှာ ဘယ်လောက် စိတ်ညစ်နေမလဲဆိုတာ ခင်ဗျား စဉ်းစားသာ ကြည့်တော့ဗျာ"

ကျွန်တော်တို့ တောင်ခြေအိမ်နားသို့ ရောက်သောအခါ တောင်ယာစိုက်ခင်းစိမ်းစိမ်းကို တွေ့ရ၏။ ထို့နောက် ရုတ်တရက် အလွန်ဆွဲဆောင်မှုရှိသော ပန်းချီကားတစ်ချပ်သဖွယ် မိန်းကလေးငယ်တစ်ဦး တောင်ယာစိုက်ခင်းကို ဖြတ်လျက် အိမ်ဆီသို့ လာနေသည်ကို မြင်ရ၏။ နေရောင်ခြည် အောက်တွင် နှင်းဆီပန်းများ ပွင့်လာပြီး မီးခိုးရောင်လှပသည့် ကြောင်ကြီး တစ်ကောင်က သူမခြေထောက်များကို ပွတ်သပ်ရင်း ပူးကပ်လိုက်ပါလာ လေသည်။ ကျွန်တော်က ဇော်ကျန်းပြည့်ကို ကြည့်ရင်း မေးဆတ်ပြလိုက် ၏။

"အဲဒါ အယ်လ်ဂျာတောင်ပဲ"





"သနားစရာကောင်းတဲ့ မိန်းကလေးပဲ။ လက်ထဲက နှင်းဆီပန်း တွေနဲ့ မီးခိုးရောင်ကြောင်ကြီးနဲ့ ကြည့်ရတာ ပန်းချီသိပ်ဆန်တယ်ဗျာ"

တစ်ခုခု အသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ ဇော်ကျန်းပြည့် ကို မျက်နှာဖြူဖတ်ဖြူရော်နှင့် ကားလက်ကိုင်ဘီးကို တုန်တုန်ယင်ယင်နှင့် ကိုင်ထားသည်ကိုတော့ သိလိုက်ရ၏။

"ဘယ်လိုဖြစ်လို့လဲ"

"ဘာမှမဟုတ်ပါဘူးဗျာ"

သူက ကြိုးစား၍ မျက်နှာပြင်လိုက်ပြီးမှ ပြောသည်။

ကားကို တောင်ယာစိုက်ခင်းအဆုံးတွင် ရပ်ပြီး ကားပေါ်မှဆင်းကာ အိမ်ပေါ်သို့ လှေကားအတိုင်း တက်သွားကြ၏။ အိမ်ပေါ်တံခါးဝတွင် အရွယ် လတ်ပိုင်းရှိပြီး ချောမောလှပနေဆဲဖြစ်သော အမျိုးသမီးတစ်ဦးက ခရီးဦးကြို ပြုပါသည်။

"ဒါ ... ကျွန်တော့်မိတ်ဆွေ ဒေါက်တာတင်ထွန်းပါ။ ဒါက မနန်း လွေ့"

ခန့်ငြားတည်ကြည်ဟန်ရှိသည့် ထိုအမျိုးသမီးကို ကျွန်တော်သည် မည်သည့်အကြောင်းကြောင့်ဟု မသိ စက်ဆုပ်ရွံကြောက်သည့် ခံစားချက် အလိုလို ပေါ်လာ၏။

"ကျွန်မတို့အကြီးအကျယ် ဒုက္ခတွေ့နေတာကို ကူညီဖို့လာတာ အများကြီးဝမ်းသာပါတယ် ... ဆရာကြီး"

သူမက အသံကြည်ကြည်အေးအေးဖြင့် ပြော၏။

ကျွန်တော်က ခေါင်းညိတ်ပြလိုက်ပြီး ကြိမ်ကုလားထိုင်တွင် ဝင် ထိုင်လိုက်၏။ မိနစ်အနည်းငယ် ကြာသောအခါ တောင်ယာစိုက်ခင်းတွင် တွေ့ ခဲ့ရသော မိန်းမငယ် အခန်းထဲဝင်လာ၏။ ကြောင်က သူနှင့်အတူ ပါမလာ တော့သော်လည်း နှင်းဆီပန်းများ ပွေ့လာသည်။ ဇော်ကျန်းပြည့်က မိတ် ဆက်ပေးသောအခါ မိန်းမငယ်က စိတ်ရောကိုယ်ပါ အားကိုးတကြီးဖြင့်−



www.burmeseclassic.com

www.burmeseclassic.com



"အို . . . ဆရာကြီး ဇော်ကျန်းပြည့်က ဆရာ့အကြောင်း အများကြီး ပြောထားပါတယ်။ ဇော်ဆိုင်းရဲ့ ဒုက္ခကို ဆရာဖြေရှင်းပေးနိုင်လိမ့်မယ်လို့ သမီးစိတ်ထဲက သိနေပါတယ်ဆရာ"

အယ်လ်ဂျာတောင်မှာ ပွင့်လင်းရိုးသားသော မျက်လုံးများနှင့် အနည်းငယ် မျက်တွင်းကျနေသည့်တိုင် သူ့အလှမှာ ပေါ်လွင်နေဆဲဖြစ်ပါ၏။

"သိပ်လည်း စိတ်မပျက်ပါနဲ့ . . . သမီးရယ်၊ မှတ်ဉာဏ်ချို့ယွင်းတာတို့၊ အမူအကျင့်ပြောင်းလဲသွားတာတို့ဆိုတာ ယာယီအခိုက်အတန့်ဖြစ်တတ်တာမျိုးပါ။ အချိန်မရွေး ပြန်ကောင်းနိုင်ပါတယ်ကွယ်"

ကျွန်တော်က အားပေးစကား ပြောလိုက်၏။

သူက ခေါင်းခါပြီး . . .

"ခုဖြစ်တာက အမူအကျင့်ပြောင်းတာမျိုးလို့ သမီးတော့ မယုံနိုင်ပါဘူး။ သူဟာ ဇော်ဆိုင်းလို မဟုတ်တော့တာမွဲ့။ သူ့ကိုယ်ပိုင်ဟန်ကို မဟုတ်တော့ဘူး။ သူမဟုတ်တော့ဘူးလို့ သမီး"

"အယ်လယ်ဂျာ . . . သမီး . . . ဆရာတို့ ဖခါးသောက်ပါစေဦးကွယ်။ သမီးအတွက် နွားနို့တစ်ခွက် ချန်ထားတယ်။ သွားသောက်လိုက်လေ"

နန်းမွေ့က လေသံပျော့နှင့် ပြောနေသော်လည်း မိန်းမငယ်လေးကို ကြည့်နေသော သူမ မျက်လုံးများတွင် ချွေးမလောင်းကို မေတ္တာမရှိလှကြောင်းကို တွေ့နေရသည်။

အယ်လ်ဂျာတောင်က နွားနို့သောက်ရန် ငြင်းဆန်၏။ ထို့ကြောင့် ကျွန်တော်က စကားလမ်းကြောင်း ပြောင်းသည့်အနေဖြင့် . . .

"သမီး . . . ပူစီလေးကို နွားနို့တိုက်ပါလားကွယ်"

ပြောလိုက်၏။

"ဘာ . . . ဘယ်က ပူစီကိုလဲ"





သူက ကျွန်တော့်ကို ထူးဆန်းသလိုကြည့်ရင်းမေးလေသည်။

"ဟုတ်တယ်လေ . . . စောစောက တောင်ယာခိုက်ခင်းပေါ်မှာ သမီးနဲ့ အတူတူရှိနေတဲ့ . . ."

တစ်ခုခုကျကွဲသံကြောင့် ကျွန်တော့်စကား ပြတ်သွားရ၏။ နန်းမွေ့ ဖခါးရည်အိုးကို တိုက်ချမိပြီး လက်ဖက်ရည်ကြွေမ်းများ ကြမ်းပေါ် စီးကျကုန်၏။ အယ်လ်ဂျာတောင်က ဇော်ကျန်းပြည့်ကို မေးခွန်းထုတ်ဟန်ဖြင့် ကြည့်နေရာ ဇော်ကျန်းပြည့်က ထရပ်ပြီး . . .

"လူနာကိုကြည့်တော့မလား . . . ကိုတင်ထွန်း"

ကျွန်တော် ချက်ချင်းပင် သူ့နောက်သို့ လိုက်သွားသည်။ အယ်လ်ဂျာတောင်လည်း လိုက်ပါလာ၏။ ကျွန်တော်တို့နောက်ဘက်ရှိ အဆောင်ဘက်သို့ သွားကြပြီး ဇော်ကျန်းပြည့်က အိတ်ထဲမှသော့ကို ထုတ်ယူလိုက်၏။

"တစ်ခါတစ်ခါ အပြင်ထွက်သွားတတ်လို့ဗျာ။ ဒါကြောင့် ကျွန်တော် အိမ်ကနေ ထွက်တိုင်း သော့ခတ်ထားခဲ့ရတယ်"

သူက ရှင်းပြရင်း တံခါးဖွင့်၏။ နောက် ကျွန်တော်တို့ အခန်းထဲ ဝင်လိုက်ကြ၏။

အနောက်ဘက်မှ နေရောင်ခြည်များ ကျရောက်နေသည့် ပြတင်းပေါက်၏ ပေါင်ပေါ်တွင် လူငယ်တစ်ယောက်ထိုင်နေ၏။ အလွန်ငြိမ်သက်စွာ ထိုင်နေခြင်းဖြစ်သည်။ ရှေ့သို့ကုန်းကာ ကြွက်သားအားလုံးကို လျှော့ချထားပုံပေါ်သည်။ သူသည် ကျွန်တော်တို့ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေ၏။ ကျွန်တော်နှင့် မျက်လုံးချင်းဆုံသောအခါ သူမျက်လွှာချလိုက်ပြီး မျက်တောင်ပုတ်ခတ် ပုတ်ခတ်လုပ်သည်။ သို့သော် လှုပ်ရှားခြင်းတော့ မပြုပါ။

"ဇော်ဆိုင်းရေ . . . အယ်လ်ဂျာတောင်နဲ့ ငါ့ရဲ့မိတ်ဆွေတစ်ယောက်မင်းကို လာကြည့်တာပဲကွ"

လူငယ်ကား လုံးဝ မလှုပ်ရှားပေ။ ခဏကြာတွင် သူ ကျွန်တော်တို့ကို တိတ်တခိုးကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နို့သောက်တော့မလား ... ဇော်ဆိုင်း"

ဇော်ကျန်းပြည့်က ကလေးလေးတစ်ယောက်ကို ပြောသည့်အသံဖြင့်မေးရင်း စားပွဲပေါ်သို့ နို့တစ်ခွက် ချပေးလိုက်၏။

စက္ကန့်အနည်းငယ် အကြာတွင် ဇော်ဆိုင်းသည် ကုန်းနေရာမှ ဖြည်းဖြည်းချင်း ထ၏။ ထို့နောက်စားပွဲရှိရာသို့ ညင်သာစွာ လျှောက်ထားသည်။ ခြေသံမှုမကြားရအောင် အလွန်တိတ်ဆိတ်စွာ လှုပ်ရှားသည်ကို ကျွန်တော်သတိပြုမိ၏။ သူစားပွဲသို့ ရောက်သောအခါ ရှေ့ဘက်သို့ ခြေတစ်ချောင်းဆန့်ထုတ်၍ နောက်ဘက်တွင် ခြေတစ်ချောင်းထားကာ အစွမ်းကုန်ဆန့်ထုတ်လိုက်ပြန်၏။ ထို့နောက် သမ်းဝေလိုက်သည်။ ထိုသို့ သမ်းဝေပုံမျိုးကို ကျွန်တော် တစ်ခါမှ မတွေ့ဖူးပါ။ မျက်နှာတစ်ခုလုံး ပျောက်သွားသလားဟု ထင်ရ၏။

သူ နို့ခွက်ရှိရာသို့ လှည့်လိုက်သည်။ ခွက်ပေါ်သို့ နှုတ်ခမ်းများ ထိသည့်တိုင် ငုံ့ပြီး သောက်ပါတော့သည်။ ကျွန်တော် နားမလည်နိုင် ဖြစ်နေသည်ကို ဇော်ကျန်းပြည့်က ...

"လက်တွေကို လုံးဝ အသုံးမပြုတော့ဘူးဗျ၊ အမြင်ရ မဆန်ဘူးလားဗျာ"

အယ်လ်ဂျာတောင်မှာ နောက်သို့ဆုတ်သွားသဖြင့် ကျွန်တော်က သူ့လက်မောင်းကို ကိုင်လျက် အားပေးနှစ်သိမ့်ရ၏။ နို့သောက်ပြီးသောအခါ ဇော်ဆိုင်းသည် ယခင်အတိုင်း အညောင်းဆန့်လိုက်ပြီး ပြတင်းပေါက်ရှိရာသို့ တိတ်ဆိတ်စွာ လျှောက်သွားပြီးနောက် ပြတင်းပေါက်ပေါင်ပေါ်တွင် ယခင်အတိုင်း ပြန်လည်နေရာယူကာ ကျွန်တော်တို့ကို မျက်တောင်ပုတ်ခတ်၊ ပုတ်ခတ်လျက်က ကြည့်နေလေသည်။

အယ်လ်ရှာတောင်က ကျွန်တော်တို့ကို အခန်းပြင်ရှိရာသို့ ခေါ်သွား၏။ သူမတစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားလျက် ရှိနေသည်။ သူက ငိုလျက် ...





"အို ... ဆရာကြီးရယ်၊ အဲဒါ သူမဟုတ်ဘူး။ အခန်းထဲမှာ ရှိနေသူဟာ ဇော်ဆိုင်းမဟုတ်ဘူး။ သမီးသိတယ်"

"ဦးနှောက်ဆိုတာ ထူးထူးဆန်းဆန်းဖြစ်အောင်လည်း လှည့်စားတတ်ပါတယ် ... မိန်းကလေးရယ်"

ကျွန်တော် စိတ်မကောင်းစွာ ပြောလိုက်ရ၏။

ထိုပြဿနာနှင့် ပတ်သက်၍ ကျွန်တော်ကိုယ်တိုင်လည်း စိတ်ရှုပ်ထွေးနေမိကြောင်း ဝန်ခံရပါမည်။ ဖြစ်ရိုးဖြစ်စဉ် မဟုတ်သော ထူးခြားချက်များဖြစ်ပေါ်နေသောကြောင့် နားမလည်နိုင်ခြင်းဖြစ်ပါသည်။ ဇော်ဆိုင်းကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးခဲ့စေကာမူ သူလမ်းလျှောက်ပုံ၊ ကြည့်ပုံတို့မှာ ကျွန်တော်သိခဲ့ဖူးပြီး ပြန်စဉ်းစားလို့မရသည့် တစ်စုံတစ်ရာကို သတိပေးသလိုဖြစ်နေပါသည်။

ထိုနေ့ညက ထမင်းဝိုင်းမှာ တိတ်ဆိတ်စွာ ပြီးဆုံးသွား၏။ ကျွန်တော်တို့နှစ်ယောက်တည်း မီးဖိုဘေးတွင် ထိုင်ရင်း ဇော်ကျန်းပြည့်က ကျွန်တော့်အား နန်းလွှေ့ကို ဘယ်လိုမြင်သလဲဟု မေးလာသည်။

"အင်း ... ဆန်းတော့ ဆန်းသားဗျ။ ဘာအကြောင်းမှ မရှိဘဲ ကျွန်တော် သဘောမကျတာတော့ အမှန်ပဲ ... ဇော်ကျန်းပြည့်။ ဂမ္ဘီရမှော်၊ စုန်းပညာတွေ တတ်ကျွမ်းမယ့်ပုံစံမျိုးပါပဲ။ ရှမ်းတရုတ်သွေးဆိုတာ မှန်ပါတယ်။ ထူးထူးခြားခြား ဆွဲငင်အားကောင်းတဲ့ အမျိုးသမီးပဲဗျ"

"ဒါပေမဲ့ သူက သူ့သားလေးကိုတော့ အတော့်ကို ချစ်တာဗျ"

မီးဖိုဘေးတွင် ထိုင်ရင်း စကားရှာကြံပြောနေစဉ် ပိတ်ထားသော တံခါးအပြင်ဘက်မှ အထဲဝင်လို၍ အော်မြည်နေသော ကြောင်အော်သံကို ကြားရ၏။ ကျွန်တော်ကား တိရစ္ဆာန်ချစ်တတ်သူဖြစ်သည့် အားလျော်စွာ ခဏအကြာတွင် ...

"တံခါးဖွင့်ပေးလိုက်ရမလား ... ဇော်ကျန်းပြည့်"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာမှာ ဖြူဖွေးတုန်လှုပ်နေသည်ဟု ကျွန်တော် ထင်မိသည်။ သူ ခေါင်းညိတ်လိုက်သဖြင့် ကျွန်တော် တံခါးကို သွားဖွင့်လိုက်ရာ အပြင်ဘက်တွင် ဘာကိုမှမတွေ့ရပါ။

''ထူးဆန်းလှချည်လား ... ကြောင်အော်သံကိုသေသေချာချာ ကြားနေရတာပဲ''

ကျွန်တော် မီးဖိုဘေးသို့ ပြန်ထိုင်သောအခါ ဖော်ကျွန်းပြည့်က ကျွန်တော့်အား အကြည့်ဆန်းဖြင့် စူးစိုက်ကြည့်နေသည်ကို သတိထားမိသည်။ ကျွန်တော် အနည်းငယ် စိတ်မသက်သာ ဖြစ်ရ၏။

ကျွန်တော် ခပ်စောစောပင် အိပ်ရာဝင်ရာ ဖော်ကျွန်းပြည့်က ကျွန်တော့်အခန်းသို့ လိုက်လာပြီး သူက အိပ်ခန်းတွင်း စေ့စေ့စပ်စပ်ကြည့်ပြီး သူက ပြန်မသွားသေးဘဲ တစ်ခုခုပြောချင်သော်လည်း ပြောမထွက်သကဲ့သို့ ငြိမ်နေ၏။ ထို့ကြောင့် ကျွန်တော်ကပင် သူ့အား ...

''ဒါနဲ့ ဒီအိမ်နဲ့ ပတ်သက်ပြီး ထူးဆန်းနေတာရှိတယ်လို့ ခင်ဗျားပြောခဲ့တယ်မဟုတ်လား။ ခုချိန်ထိတော့ မထူးခြားသေးပါလား ... ဖော်ကျွန်းပြည့်''

''ဒါဖြင့် ဒီအိမ်ကို ပျော်ရွှင်စရာကောင်းတယ်လို့ ခင်ဗျား ဆိုချင်တာလား''

''အကဲခတ်မိသလောက်တော့ ပုံမှန်မဟုတ်တဲ့ ကိစ္စတွေ လွှမ်းမိုးမှုကလွဲရင် မဆိုးဘူးလို့တော့ ပြောရင်ရနိုင်မယ် ထင်တယ်''

''ကဲ ... ဒီည အအေးပိုတယ်ဗျ၊ အိပ်တော့ဗျာ။ အိပ်မက်ကောင်းကောင်းမက်ပါစေလို့ ဘုရားသခင်ထံမှာ ဆုတောင်းပေးပါတယ် ... ကိုတင်ထွန်း''

ရုတ်တရက် နှုတ်ဆက်လျက်ထွက်သွားသည်။

အမှန်တကယ်လည်း အိပ်မက်မက်ပါသည်။ မီးခိုးရောင်ကြောင်ကြီးကို တစ်ညလုံးလိုလို အိပ်မက်မက်နေမိ၏။ ကျွန်တော် လန့်နိုးလာသော





အခါ အိပ်မက်ထဲတွင် ကြောင် မြင်မက်နေရခြင်းအကြောင်းကို နားလည်လိုက်ရ၏။ ကျွန်တော့်အိပ်ခန်းတံခါး အပြင်ဘက်မှ ကြောင်က အဆက်မပြတ်အော်နေသောကြောင့် ဖြစ်ပါသည်။

နားညည်းလှသည့်ကြောင်အော်သံကြောင့် ဆက်အိပ်ရန် မဖြစ်နိုင်တော့သဖြင့် ကျွန်တော် မီးထွန်းပြီး တံခါးဆီသို့ သွားလိုက်၏။ အခန်းအပြင်ဘက်တွင် ဘာမှမရှိပေ။ ကြောင်အော်သံကိုမူ ကြားနေရဆဲ ဖြစ်ပါသည်။ ထိုကြောင်သည် ကံမကောင်းသဖြင့် တစ်နေရာရာတွင် ပိတ်မိနေပြီး ပြန်မထွက်နိုင်သောကြောင့် အော်နေခြင်းဖြစ်ပေလိမ့်မည်။ အနောက်ဘက်ဆောင်တွင် အိမ်ရှင်အမျိုးသမီး နန်းလွှေ့အခန်းရှိ၏။

သို့နှင့် ကျွန်တော့်အိမ်ရှေ့ ဧည့်ခန်းဘက်သို့ ထွက်လာရာ ခြေလှမ်းအနည်းငယ် လှမ်းမိပြီး နောက်ကျောဘက်မှ ကြောင်အော်သံထွက်လာသဖြင့် ရုတ်တရက် နောက်ကြောင်းပြန်လှည့်လိုက်၏။

ထိုအခါ ကြောင်အော်သံမှာ အိမ်ရှေ့ဧည့်ခန်းဘက်မှ ပေါ်လာပြန်သည်။ ကျွန်တော်ခေါင်းနားပန်းကြီး၍ ဆံပင်မွေးများ ထောင်ထသွားမိရ၏။ ယခုအခါ အားလုံး တိတ်ဆိတ်ငြိမ်သက်သွားပြန်ပါသည်။ ခဏအကြာတွင် ကိုယ့်အခန်းကိုယ် ပြန်ခဲ့ပြီး ခုတင်ပေါ် အိပ်လိုက်၏။ နောက်နေ့မနက်တွင် ကြည်လင်စွာ နိုးလာခဲ့၏။

ကျွန်တော်အိပ်ရာမှ ထစဉ်တွင် မနေ့ညက ကျွန်တော့်အား အိပ်မရအောင် အနှောင့်အယှက်ပေးသူကို ပြတင်းပေါက်မှ လှမ်းမြင်လိုက်ပါသည်။ မီးခိုးရောင်ကြောင်ကြီးသည် တိတ်ဆိတ်စွာဝပ်လျက်က မြက်ခင်းကို ဖြည်းညင်းစွာ ဖြတ်နေ၏။ သူ၏ ဦးတည်ချက်များ ခပ်လှမ်းလှမ်းတွင် အမွေးအတောင်များ သလျက် တကျိုကျိုမြည်ကာ စုစည်းနေကြသည့် ငှက်ငယ်တစ်အုပ်ဆီသို့ဖြစ်သည်။ ထို့နောက်တွင်ကား အလွန်ထူးခြားသည့်အဖြစ်ကို တွေ့ရတော့၏။ ကြောင်ကြီးသည် သူသွားနေသည့်တိုင် ငှက်များက



www.burmeseclassic.com

www:burmeseclassic.com



ပုံထွက်သွားကြခြင်း မရှိပေ။ ကျွန်တော် နားမလည်နိုင်အောင် ဖြစ်ရပါ၏။ တွေ့မြင်နေသည့် မြင်ကွင်းများမှာ ယုံနိုင်စရာမရှိအောင် အသိခက်နေရပါသည်။

ထိုကိစ္စမှာ ကျွန်တော့်စိတ်တွင် ထင်ရှားစွာ နေရာယူလျက်ရှိနေသဖြင့် နံနက်တို့ဟူးကြော်နှင့် ကောက်ညှင်းပေါင်းစားကြစဉ်တွင် ကျွန်တော် မပြောဘဲ မနေနိုင်ပေ။

"ခင်ဗျားမှာ အတော်ထူးဆန်းတဲ့ ကြောင်တစ်ကောင် ရှိနေတာကိုး ... ဒေါ်နန်းလွေ့"

ပန်းကန်ပြားလှုပ်ခတ်သံ ကြားရပြီး အယ်လ်ဂျာတောင်သည် ပါးစပ်အဟောင်းသားနှင့် ကျွန်တော့်ကို ငေးစိုက်ကြည့်နေကြောင်း တွေ့ရ၏။ ခေတ္တမျှ ငြိမ်သက်နေပြီး ဒေါ်နန်းလွေ့က မနှစ်သက်သော အမူအရာကို ထင်ရှားစွာ ပြပါလေတော့၏။

"ဒီအိမ်မှာ ဘယ်တုန်းကမှ ကြောင်မရှိပါဘူးဆရာ။ ဘယ်တုန်းကမှလည်း ကျွန်မ ကြောင်မမွေးဘူး။ ဆရာ တစ်ခုခုမှားနေတာ ဖြစ်ပါလိမ့်မယ်"

အနေအထားမှာ ကိုယ်နှင့်မဆိုင်သော အိမ်တွင်းကိစ္စတွင် ပါဝင်မိသလိုဖြစ်နေသောကြောင့် ကျွန်တော် စကားလမ်းကြောင်းပြောင်း၍ ပြောလိုက်ရပါတော့၏။

သို့သော် ထိုအကြောင်းအရာမှာ ကျွန်တော့်အတွက် စိတ်ရှုပ်ထွေးစရာ ဖြစ်နေရသည့် နန်းလွေ့သည် အိမ်တွင် ကြောင်မရှိပါ၊ မမွေးပါဟု မည်သည့်အတွက်ကြောင့် အခိုင်အမာ ပြောဘိသနည်း။ ထိုကြောင်မှာ အယ်လ်ဂျာတောင်၏ ကြောင်ဖြစ်ပြီး နန်းလွေ့မသိအောင် ဖုက်ထားခြင်းပေလား။ နန်းလွေ့သည် အချို့လူများဖြစ်တတ်သလို ကြောင်နှင့် မတည့်သူအချို့ လူများဖြစ်တတ်သလိုကြောင်နှင့် မတည့်သူဖြစ်နေသောကြောင့်ပေလား။ ဝေခွဲပိုင်းခြား၍ မရနိုင်အောင် ဖြစ်နေမိသည်။





ကျွန်တော့်လူနာဖော်ဆိုင်းမှာ ယခင်အခြေအနေအတိုင်း မပြောင်းလဲပါ။ ယခုတစ်ကြိမ်တွင် ပို၍ စေ့စပ်စွာ စစ်ဆေးစမ်းသပ်ပါ၏။ ကုသရန် အချိန်ကိုလည်း ပေးရပါဦးမည်။ သို့မှသာ သူ့အသိဉာဏ်ကို မူလအတိုင်း ပြန်ဖြစ်သွားစေရန် ဖြစ်၏။ သို့သော် သူ့ဟန်ပန်မှာ ပြောင်းလဲလာခြင်း မရှိပေ။ သူသည် အေးဆေးငြိမ်သက်မှုရှိသည်။ ငေးငေးငူငူနှင့် ဘာကိုမှ အာရုံထားပုံ မပေါ်ပေ။ တစ်ခါတစ်ရံတွင်မူ တိတ်တိတ်ခိုး၍ စောင့်ကြည့်နေတတ်၏။

အံ့ဩစရာကောင်းသည့်အချက်မှာ သူသည် မိထွေးဖြစ်သူ နန်းလွေ့ကို ခင်တွယ်ဟန် ပြခြင်းပင်ဖြစ်ပါသည်။ အယ်လ်ဂျာတောင်ကိုမူ လုံးဝဂရုထားဟန်မပြပေ။ နန်းလွေ့နှင့် နီးနိုင်သမျှ နီးနီးတွင် ထိုင်လေ့ရှိပြီး တစ်ခါတွင်မူ သူ့မိထွေးနန်းလွေ့၏ ပခုံးကို သူ့ခေါင်းဖြင့် ချစ်ခင်စွာ ပွတ်သပ်တိုက်နေသည်ကိုပင် တွေ့ရ၏။

ထိုဖြစ်ရပ်အတွက် ကျွန်တော် စိုးရိမ်ပူပန်မှု ဖြစ်နေရသည်။ ဖြစ်ရပ်ကြီးတစ်ခုလုံးအတွက် သဲလွန်စရှိနေသော်လည်း ထိုသဲလွန်စကို ဖမ်းမရနိုင်သလို ခံစားနေရ၏။

"တော်တော်ဆန်းကြယ်တဲ့ ကိစ္စပဲဗျာ"

ကျွန်တော် ဖော်ကျွန်းပြည့်ကို ပြောလိုက်၏။

"ဟုတ်တယ် ... သိပ်ဆန်းတယ်ဗျ။ ဒါနဲ့ ပြောစမ်းပါဦး ... ကိုတင်ထွန်း၊ သူဟာ ခင်ဗျားအတွက် တစ်ခုခုသတိရစရာ မဖြစ်ဘူးလား"

သူ့စကားမှာ ကျွန်တော် ယခင်ရက်များက တွေ့ကြုံရသည်တို့ကို ပြန်၍ အစဖော်ပေးသလို ဖြစ်နေ၏။

"ဘာကို သတိရရမှာလဲဗျ"

ကျွန်တော့်အမေးကို သူက ခေါင်းခါပြပြီး ဆက်မပြောတော့ပေ။

ဖြစ်ရပ်တစ်ခုလုံးသည် ပဟေဠိဖြစ်နေရသည်ကို ရှင်းသော်ငြား သဲလွန်စကို ဖမ်းဆုပ်မရသည့်အတွက် လှုပ်ခတ်နေသော ခံစားမှုကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်မရနိုင် ဖြစ်နေရသည်။ ထိုဖြစ်ရပ်လောက် အရေးမကြီးသော ပဟေဠိ တစ်ခုကလည်း ရှိနေပါသေး၏။ မီးခိုးရောင်ကြောင်ကြီးပင် ဖြစ်ပါသည်။

အကြောင်းကြောင်းကြောင့် ထိုကိစ္စကလည်း ကျွန်တော့်အာရုံထဲတွင် ရှိနေ၏။ ကျွန်တော့်အိပ်မက်ထဲတွင် ကြောင်ကို တွေ့ရ၏။ ကြောင်အော်သံကိုလည်း ကြားနေရသည်ဟု ကျွန်တော် ထင်နေခဲ့ဖြစ်ပါ၏။ ခပ်လှမ်းလှမ်းမှ ကြောင်ကို မြင်ခဲ့ရသည်မှာလည်း အမှန်ဖြစ်၏။ ထိုကြောင်နှင့် ပတ်သက်၍လည်း စိတ်မရှင်း ဖြစ်ရပြန်ပါသည်။

တစ်ညနေတွင် နန်းလွေ့၏ တောင်ယာအလုပ်သမားတစ်ဦးကို စကားတောက်ကြည့်လိုက်၏။

''ငါတွေ့ခဲ့တဲ့ကြောင်ကို မင်းပြောနိုင်မလား''

''ခင်ဗျာ ... ကြောင် ... ဟုတ်လား ... ဆရာကြီး''

''မင်းတို့ အလုပ်ရှင်ဆီမှာ ကြောင်တစ်ကောင် မရှိဘူးလား''

''ကြောင်တစ်ကောင်တော့ ရှိဖူးပါတယ်ဆရာ။ သိပ်ချစ်ဖို့ကောင်းတယ်ဗျ။ ဒါပေမဲ့ သတ်ပစ်လိုက်ပြီ ဆရာကြီး။ ကြောင်ကြီးက လှကလှနဲ့။ သိပ်နမြောဖို့ ကောင်းပါတယ်''

''မီးခိုးရောင် ကြောင်ကြီးလားကွ''

''ဟုတ်ပါတယ် ... ဆရာကြီး''

''အဲဒီကြောင်ကြီး သေသွားတယ်ဆိုတာက သေချာရဲ့လားကွ''

''သေချာပါတယ် ... ဆရာကြီး။ ဒေါ်နန်းလွေ့ကိုယ်တိုင် သတ်လိုက်တာပါ။ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကပါ။ သူ့ကို တောင်ယာခင်းအစပ်က ဟိုးထင်းရှူးပင်ကြီးအောက်မှာ မြှုပ်တာပါဆရာ''

အတွေးလွန်နေသော ကျွန်တော့်ကို ထားခဲ့ပြီး သူတောင်ယာဘက် ထွက်သွားပါသည်။ နန်းလွေ့သည် သူ့တွင် ကြောင်တစ်ကောင် ဘယ်တုန်းကမှ မရှိခဲ့ပါဟု အဘယ်ကြောင့် အပြတ်ပြောခဲ့ရသနည်း။ အသေးအဖွဲ့ကိစ္စဟု မှတ်ယူခဲ့သော ကြောင်ကြီး ကိစ္စသည် အရေးကြီးလာပြီဟု ကျွန်တော့်





စိတ်တွင် ခံစားလာရ၏။ ကျွန်တော် ဖော်ကျန်းပြည့်ကို တွေ့သောအခါ သူ့လက်ကိုဆွဲ၍ ခေါ်လာပြီး ...

''ဒီမှာ ဖော်ကျန်းပြည့် ခင်ဗျားကို မေးစရာရှိတယ်။ ဒီအိမ်မှာ ကြောင်တစ်ကောင်ကို မြင်ဖူးသလား။ ကြောင်အော်သံကိုကော ကြားဖူးသလား''

ကျွန်တော်၏အမေးကို သူ အံ့ဩပုံမရပါ။ ထိုသို့ မေးလာလိမ့်မည်ဟု မျှော်လင့်ထားပုံရ၏။

''အသံကို ကြားဖူးတယ်ဗျ။ မြင်တာတော့ မမြင်ဖူးဘူး''

ဒါနဲ့ ကျွန်တော်တို့ လာတဲ့နေက အယ်လ်ဂျာတောင်နဲ့အတူ တောင်ယာခင်းမှာ တွေ့တာလေ''

သူက ကျွန်တော့်ကို တည်ငြိမ်လေးနက်စွာ ကြည့်နေ၏။

''အယ်လ်ဂျာတောင်ယာခင်းထဲ လျှောက်လာတာ တွေ့ပါတယ်။ တခြားတော့ ဘာမှမတွေ့ဘူး''

ကျွန်တော် နားလည်စ ပြုလာ၏။

''ဒါဖြင့် ... ကြောင်ကြီးက ...''

သူ ခေါင်းညိတ်၏။

''ကျွန်တော်တို့ ကြားနေတာကို ခင်ဗျားကြားသလားဆိုတာ သိချင်လို့ ဘာမှ မပြောခဲ့တာပါ''

''ဒါဖြင့် ခင်ဗျားတို့အားလုံးလည်း ကြားကြတာပေါ့ ဟုတ်လား''

သူခေါင်းညိတ်ပြ၏။

''ထူးတယ်ဗျာ ... ကြောင်တစ္ဆေခြောက်တာမျိုး တစ်ခါမှ မကြုံဖူးဘူး''

တောင်ယာခင်းအလုပ်သမားထံမှ သိရသမျှကို ပြောပြလိုက်သောအခါ သူ အလွန်အံ့ဩသွား၏။

''အဲဒါကို ကျွန်တော်မသိခဲ့ဘူးဗျ။ ခုမှ သိရတာ''

''ဒါက ဘာအဓိပ္ပာယ်လဲဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားသခင်ကပဲ သိတော့မှာပါဗျာ။ ကျွန်တော်တော့ ကြောက်လာပြီ။ အဲဒီကြောင်အော်သံ ခြောက်လှန့်နေတဲ့ပုံပဲဗျ"

"ဘာ ... ခြောက်လှန့်နေတယ် ဟုတ်လား။ ဘယ်သူ့ကို ခြောက်တာလဲ"

"ကျွန်တော် မပြောတတ်ဘူး"

သူ့စကား၏ အဓိပ္ပာယ်ကို ထိုနေ့ညတိုင်အောင် ကျွန်တော် သဘောမပေါက်ခဲ့ပါ။

ကျွန်တော်တို့ ညဘက် ဧည့်ခန်းမီးဖိုဘေးတွင် ဝိုင်းထိုင်နေကြစဉ် ကြောင်အော်သံကို ကျယ်လောင်စွာ ကြားရ၏။ ယခုတစ်ကြိမ် အော်သံမှာ ဒေါသသံပါပြီး ကြမ်းတမ်းစွာနှင့် ကြောက်ဖွယ်ရာ ခြောက်လှန့်နေသကဲ့သို့ ဖြစ်၏။ ထို့နောက် အော်သံရပ်သွားပြီး တံခါးအပြင်ဘက်ရှိ ကြေးလက်ကိုင်ကွင်း ကြောင်လက်ဖြင့် ပြင်းစွာရိုက်ပုတ်သံကို ကြားနေရ၏။

ဖော်ကျွန်းပြည့်က ထိတ်လန့်တုန်လှုပ်စွာဖြင့် တံခါးဆီသွားပြီး ဆွဲဖွင့်လိုက်၏။ အပြင်တွင် ဘာမှမတွေ့ရပါ။ သူ့နဖူးမှ ချွေးကို သုတ်ရင်း ပြန်လာ၏။ အယ်လ်ဂျာတောင်မှာ သွေးပျက်ပြီး တုန်လှုပ်ခြောက်ချားနေ၏။ ဒေါ်နန်းလွှေ့မှာ သွေးမရှိသလို ဖြူဖွေးနေလေသည်။ ဖော်ဆိုင်းတစ်ယောက်သာလျှင် သူ့ဦးခေါင်းကို မိထွေး၏ ဒူးတွင်မှီလျက် ကလေးတစ်ယောက်လို အေးချမ်းငြိမ်သက်စွာ ထိုင်နေ၏။

မိန်းကလေးအယ်လ်ဂျာတောင်က ကျွန်တော့်လက်မောင်းကို ဆွဲခေါ်လျက် နောက်ဘက်ဆောင်သို့ လာခဲ့ကြ၏။ ငိုရှိုက်သံဖြင့် ...

"အို ... ဆရာ ... ဆရာကြီး အဲဒါ ဘာလဲ။ ဘာအဓိပ္ပာယ်လဲဟင် ..."

"အခုထိတော့ ဘာဆိုတာ မသိရသေးဘူး ... ကလေးရယ်။ ဒါပေမဲ့ ဒီကိစ္စကို မဖြစ်မနေ အဖြေရှာပေးမှာပါ။ မငိုပါနဲ့ကွယ် ... သမီးအတွက် အန္တရာယ်မရှိဘူးဆိုတာ ဦး သေသေချာချာသိပါတယ်"





"ဦးက အဲဒီလို ထင်နေလို့လား"

သူက သံသယဖြင့် မေးလာသည်။

"သေချာ သိနေလို့ပေါ့ကွယ်"

ကျွန်တော် အခိုင်အမာ ပြောလိုက်၏။ မီးခိုးရောင်ကြောင်ကြီးသည် သူ့ခြေထောက်များကို ချစ်ခင်စွာ ပူးကပ်တိုးဝှေ့နေသည်ကို ကျွန်တော် မှတ်မိနေပါ၏။ သံသယရှိရန် မလိုပါ။ ခြောက်လှန့်မှုများသည်သူ့ကို ရည်ရွယ်ခြင်း မဖြစ်နိုင်ပေ။

ထိုညတွင် ကျွန်တော် အိပ်ပျော်ရန် အတော်ကြာကြာ ကြိုးစားရ၏။ နှစ်ခြိုက်စွာ အိပ်ပျော်၍မှ မကြာ။ လန့်နိုးရပြန်ပါသည်။ တစ်စုံတစ်ခုကို ပြင်းပြင်းထန်ထန် ကုတ်ခြစ်ဆုတ်ဖြဲနေသည့် အသံကို ကြားရသဖြင့် ကျွန်တော်အိပ်ရာမှ ခုန်ထပြီး တံခါးပြေးဖွင့်လိုက်၏။ တစ်ချိန်တည်းမှာပင် မျက်စောင်းထိုးအခန်းမှ ဖော်ကျွန်းပြည့်လည်း ပြေးထွက်လာ၏။ အသံမှာ ကျွန်တော်တို့ အနောက်ဆောင်ဘက်မှ လာခြင်းဖြစ်၏။

"ခင်ဗျား ကြားတယ် ... မဟုတ်လား"

ကျွန်တော်တို့ ဒေါ်နန်းလွှေ့၏ အခန်းရှိရာ အနောက်ဆောင်ဘက်သို့ ခပ်မြန်မြန် သွားကြ၏။ လမ်းတွင် ဘာမှမတွေ့ရပါ။ အသံလည်း ရပ်သွား၏။ ကျွန်တော်တို့ ဖယောင်းတိုင်၏ အလင်းရောင်သည် ဒေါ်နန်းလွှေ့၏ အခန်းတံခါးပေါ်တွင် လင်းလျက်ရှိသည်။ ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက်ကြည့်မိကြ၏။

"ဘာဆိုတာ ခင်ဗျား သိတယ်မဟုတ်လား"

သူက လေသံကလေးဖြင့် ပြော၏။

"ကြောင်ရဲ့ လက်သည်းနဲ့ တစ်ခုခုကို ကုတ်ခြစ်ဆုတ်ဖြဲတဲ့ အသံပဲဗျ။ ဟာ ... ဒီမှာ ကြည့်စမ်း ... ဖော်ကျွန်းပြည့်"

အခန်းနံရံကို မှီလျက် ကုလားထိုင်တစ်လုံး ရှိနေ၏။ သူ့အပေါ်၌ ကူရှင်ပိုင်းရှည်များ တစ်စစီ ဆုတ်ဖြဲခံထားရ၏။ ထိုခုံကို ကျွန်တော်တို့ အသေအချာ စစ်ဆေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမှားစရာမရှိတဲ့ ကြောင်လက်သည်းရာတွေပဲ။ တကယ်တမ်း အခြောက်လှန့်ခံနေရတာက ဒေါ်နန်းလွှေ့ပဲဗျ ... ကိုတင်ထွန်း"

ထိုညတွင် ကျွန်တော် ဆက်မအိပ်နိုင်တော့ပါ။ အခြေအနေက တစ်စုံတစ်ခု လုပ်ရတော့မည်ဖြစ်ပါ၏။ ကျွန်တော် ဆက်စပ်တွေးမိသမျှမှာ ဖြစ်နေသော အခြေအနေတို့ အဓိကသော့ချက်သည် တစ်ဦးတစ်ယောက် တည်းသာ ဖြစ်နေပါသည်။ သူပြောခဲ့သမျှထက် ပိုသိ၏။ ဒေါ်နန်းလွှေ့ကို ကျွန်တော် သံသယဖြစ်နေပါသည်။

နောက်နေ့နံနက် သူမကို တွေ့သောအခါ မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်နေ၏။ အစားအစာကိုလည်း ထိတို့ရုံမျှသာ စားသည်။ သူ့စိတ်နှင့် ကိုယ် ပြိုကွဲပျက်စီးမသွားသည်မှာ ခိုင်မာပြတ်သားသော ဆုံးဖြတ်ချက်တစ်ခု ရှိထား၍ ဖြစ်ပေလိမ့်မည်။ ကျွန်တော်က သူနှင့် လွတ်လပ်စွာ စကားပြောလို ကြောင်း ပြောလိုက်၏။

အဓိက အချက်ကို ကျွန်တော် သွယ်ဝိုက်မနေဘဲ တိုက်ရိုက်ပြော ချလိုက်၏။

"ဒေါ်နန်းလွှေ့ ... ခင်ဗျားအတွက် အန္တရာယ်ရှိနေပြီလို့ ကျွန်တော် သိနေပါတယ်"

"ဟုတ်ရဲ့လားရှင့်"

သူမက ကျွန်တော့်စကားကို တည်ငြိမ်စွာဖြင့် တုံ့ပြန်လေသည်။

"ဟောဒီ ခင်ဗျားအိမ်ထဲမှာပဲဗျ"

"အဓိပ္ပာယ်မရှိလိုက်တာရှင်။ ဒီလို ယုတ္တိမရှိတာမျိုး ကျွန်မက ယုံမှာကျနေတာပဲ ... ဆရာရယ်"

"ခင်ဗျား အခန်းအပြင်ဘက်က ကုလားထိုင်ကူရှင်ဟာ မနေ့ညက အပိုင်းပိုင်း ကုတ်ခြစ်ဆုတ်ဖြဲထားတာ တွေ့ရတယ်"

"တကယ်ပဲလား ... ဆရာရယ်"





မျက်ခုံးများပင့်၍ သူမက အံ့သြဟန်ဆောင်နေပါသည်။ သို့သော် ကျွန်တော်ပြောသည့် ကိစ္စကို သူမသိပြီးဖြစ်ကြောင်း ကျွန်တော် သိလိုက် ၏။

"ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောစေချင်တယ်ဗျာ။ ဒေါ်နန်းလွှေ့အတွက်ပါ"

"ဘာကို ဖွင့်ပြောရမှာလဲဆရာ"

"ဖြစ်နေတဲ့ကိစ္စအပေါ် ဒေါ်နန်းလွှေ့ သိထားတာ တစ်ခုခုပေါ့ဗျာ"

သူမက ရယ်မောလျက် ပြောသည်။

"ကျွန်မ မသိဘူးဆရာ။ ဘာဆိုဘာမှ မသိတာပါ"

အန္တရာယ်ရှိကြောင်း သတိပေးခြင်းဖြင့်လည်း သူမ ထုတ်ပြောလာ အောင် လုပ်မရပါ။ သို့စေကာမူ သူမသည် ကျွန်တော်တို့အားလုံးထက် များစွာ ပိုသိနေပြီး ကျွန်တော်တို့အားလုံး မမြင်နိုင်သည့် သဲလွန်စကို သူမ ဆုပ်ကိုင်ထားကြောင်းကိုကား ကျွန်တော် ကောင်းစွာသိနေပါ၏။ ခက်နေ သည်မှာ သူမ ဖွင့်ပြောလာအောင် လုပ်၍မဖြစ်နိုင်မှန်လည်း နားလည်နေ ရပါသည်။

သူ့အတွက် ဘေးအန္တရာယ်သည် အမှန်တကယ်ရှိနေပြီး အမြန်ဆုံး လည်း ရောက်လာနိုင်၏။ ကျွန်တော်တတ်နိုင်သရွေ့ ကြိုတင်ကာကွယ်မှု များကို မဖြစ်မနေ လုပ်ရပါတော့မည်။ ထိုညတွင် သူ့အခန်းသို့ သူမသွားမီ ဖော်ကျွန်းပြည့်နှင့် ကျွန်တော်တို့ ဝင်ရောက်စစ်ဆေးကြသည်။ သူနှင့် ကျွန် တော်တို့ ဝင်ရောက်စစ်ဆေးကြသည်။ သူနှင့် ကျွန်တော်တစ်လှည့်စီ စောင့် ကြည့်ကြရန် တိုင်ပင်လိုက်ကြ၏။

ထိုညက ညဦးပိုင်းတွင် ကျွန်တော် စောင့်ကြည့်၏။ ထူးခြားချက် တစ်စုံတစ်ရာမရှိပါ။ သန်းခေါင်ကျော်သုံးနာရီတွင် ဖော်ကျွန်းပြည့်စောင့်၍



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အနားယူ၏။ ယခင်ရက်များက အိပ်ရေးပျက်ခဲ့ရသည့်အတွက် ချက်ချင်းပင် အိပ်ပျော်သွားပြီး ထူဆန်းသော အိပ်မက်ကို မက်ရပြန်သည်။

အိပ်မက်ထဲတွင် မီးခိုးရောင်ကြောင်ကြီးသည် ကျွန်တော့်ခုတင်ခြေရင်း၌ ထိုင်နေသည်။ သူ့မျက်လုံးများက ကျွန်တော့်ကို ကြည့်နေပြီး တောင်းပန်တိုးလျှိုးနေဟန် ရှိသည်။ ထိုကြောင်ကြီးက ကျွန်တော့်ကို သူ့နောက်လိုက်ခဲ့စေလိုကြောင်း ကျွန်တော် အလိုလို သိနေမိသည်။

သူက ကျွန်တော့်ကို အိမ်ရှေ့လသာဆောင်အခန်းရှိရာထိ ခေါ်သွားပြီး မျက်နှာချင်းဆိုင်၏ ညာဘက်ခြမ်းရှိ အခန်းတစ်ခုဆီသို့ ရောက်၏။ ထိုအခန်းမှာ တောင်အုပ်ကြီး၏ စာကြည့်ခန်းဖြစ်နေ၏။ နံရံတစ်ဖက်ရှိ စာအုပ်စင်သို့ ရောက်သောအခါ အောက်ဆုံးအဆင့်တစ်နေရာတွင် သူ့လက်ကို တင်၍ ကျွန်တော့်ကို တောင်းပန်တိုးလျှိုးသော မျက်လုံးများဖြင့် ပြန်ကြည့်နေသည်။

ထို့နောက် ကျွန်တော်အိပ်ရာမှ နိုးသောအခါ နံနက်မိုးစင်စင်လင်းနေပြီဖြစ်ကြောင်း တွေ့ရ၏။

ဖော်ကျွန်းပြည့် စောင့်ကြည့်နေသော အချိန်တွင်လည်း ထူးခြားချက် မဖြစ်ပေါ်ခဲ့ပါ။ ကျွန်တော်၏ အိပ်မက်အကြောင်းကို ပြောပြသောအခါ အလွန် စိတ်ဝင်စားနေလေသည်။ ကျွန်တော်က စာကြည့်တိုက်အခန်းကို ကြည့်လိုကြောင်းပြောရာ သူ လိုက်ပို့ပေး၏။ ထိုအခန်းသည် ကျွန်တော့်အိပ်မက်ထဲက အတိုင်းဖြစ်နေကြောင်း အံ့သြစွာ တွေ့ရ၏။ တောင်းပန်သည့်အကြည့်ဖြင့် ကြောင်ကြီးက ညွှန်ပြခဲ့သောနေရာ အတိအကျကိုပင် ကျွန်တော် ပြနိုင်ခဲ့သည်။

ကျွန်တော်တို့နှစ်ယောက်စလုံး တိတ်ဆိတ်စွာ ရပ်နေမိကြ၏။ ရုတ်တရက်ပေါ်လာသော စိတ်ကူးတစ်ခုကြောင့် ကြောင်ကြီး ညွှန်ပြခဲ့သည့် နေရာအတိအကျတွင်ရှိသည့် စာအုပ်အမည်များကို ကျွန်တော် ငုံ့၍ဖတ်ကြည့်လိုက်၏။ တစ်နေရာတွင် လပ်နေသည်ကို တွေ့ရသည်။





"စာအုပ်တစ်အုပ် ဒီနေရာက ထုတ်ယူထားတယ်ဗျ"

ကျွန်တော် ပြောသဖြင့် ဖော်ကျွန်းပြည့်က လစ်လပ်နေရာကို ငုံ့ကြည့်၏။

"နေဦးဗျ ... ဟောဒီမှာ သံတစ်ချောင်းတွေ့တယ်။ စာရွက်အပိုင်းအစလေးလည်း ကပ်နေတယ်။ ထုတ်ယူထားတဲ့ စာအုပ်ကစုတ်ပြီး ကျန်ခဲ့ပုံပဲဗျ"

သူက ဂရုတစိုက်နှင့် စာရွက်ပိုင်းစလေးကို ဖြုတ်ယူလိုက်၏။ ထိုအပိုင်းအစလေးမှာ တစ်လက်မသာသာထက် ပိုမကြီးပါ။ သို့သော် ထိုအပိုင်းအစလေးပေါ်၌ စာတစ်လုံးကို ထင်ရှားစွာ တွေ့ရပါသည်။

"ကြောင်"

ကျွန်တော်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။

"ထူးဆန်းလိုက်တာဗျာ ... ကျွန်တော်တော့ ကြောက်တောင်ကြောက်လာပြီ ... ကိုတင်ထွန်း"

"တစ်ခုခု သိနိုင်စရာတော့ ရှိတယ်ဗျ။ ဟောဒီလပ်နေတဲ့ နေရာက ထုတ်ယူထားတဲ့ စာအုပ်ဟာ ဘာစာအုပ်ဖြစ်မလဲ။ အဲဒီစာအုပ် ရှာတွေ့နိုင်မဲ့ နည်းလမ်း ရှိမယ်ထင်သလားဗျ"

"တစ်နေရာမှာ ရှိနိုင်ပါတယ်။ မနန်းလွှေ့ဆီမှာများ"

ကျွန်တော် ခေါင်းခါလျက် ပြောလိုက်၏။

"မနန်းလွှေ့ကို ဘာမှမေးလို့ရမှာမဟုတ်ဘူး"

"ခင်ဗျား အဲဒီလို ထင်သလား"

"အသေအချာသိလို့ ပြောတာဗျ။ ကျွန်တော်တို့က စမ်းတဝါးဝါးနဲ့ တိုတွေး ဒီတွေးနေတုန်းမှာ မနန်းလွှေ့က အားလုံးကို သိနေတယ်။ ဒါပေမဲ့ သူ့အကြောင်းနဲ့သူမို့ ဘာမှ ထုတ်ပြောမှ မဟုတ်ဘူး။ အဲဒီလို ထုတ်ပြောရမှာထက် ကြောက်စရာကောင်းတဲ့ စွန့်စားမှုမျိုးကိုပဲ သူကြိုက်နေတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမှာ မှန်တိုင်းမလာမီ ငြိမ်သက်နေခြင်းကဲ့သို့ ထင်မှတ်ပေ၏။ ကျွန်တော်၏ စိတ်တွင်လည်း ပြဿနာ၏ အဖြေကို တွေ့လုနီးပြီဟု ခံစားနေပါသည်။ အချက်အလက်တို့မှာ တစ်ခုချင်း ထွက်လာနေပြီး သူတို့ချင်းချိတ်ဆက်မိသောအခါ ဖြစ်ရပ်၏ အဖြေတစ်ခုလုံး ပေါ်ထွက်လာမည့် အခြေအနေဖြစ်ပါသည်။

ညစာစားပြီးနောက် ခါတိုင်းလိုပင် ညနေခန်းမီးဖိုဘေးတွင် ထိုင်နေကြဖြစ်ပါ၏။ ကျွန်တော်တို့ အားလုံးစကားမပြောကြဘဲ ဖန်ခါးရည်သောက်ရင်း တိတ်ဆိတ်စွာ ရှိနေကြသည်။ ဘာသံမှ မကြားရသဖြင့် ကြွက်ကလေးတစ်ကောင် ကြမ်းပြင်ကို ဖြတ်လျက် ပြေးသွား၏။ ထိုခဏ၌ပင် မထင်မှတ်သော အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာတော့သည်။

ဖော်ဆိုင်းသည် ထိုင်နေရာမှ ရုတ်တရက် လွှားခနဲ ခုန်ထွက်လိုက်၏။ သူ၏တုန်ခါနေသော ကိုယ်ခန္ဓာသည် မြားတစ်စင်း ပစ်လိုက်သလို လျှင်မြန်စွာဖြင့် ကြွက်သွားရာနောက်သို့ လိုက်နေပါသည်။ ကြွက်ငယ်မှာ နံရံအခြေရှိပျဉ်ကြားထဲသို့ ဝင်သွားရာ ထိုနေရာကို စောင့်ကြည့်ရင်း ကြမ်းပြင်တွင် သူဝပ်၍နေ၏။ သူ့ခန္ဓာကိုယ်မှာ စိတ်ထက်သန်မှုကြောင့် တုန်လျက်ရှိနေသည်။

အလွန်ထိတ်လန့် အံ့သြဖွယ်ရာကောင်းသော မြင်ကွင်းဖြစ်၏။ ထိုမျှကြက်သေ သေသွားရသော အဖြစ်မျိုး ကျွန်တော် မကြုံဖူးပါ။ ဖော်ဆိုင်း၏ နီးကြောင်နီးဝှက် စောင့်ကြည့်တတ်သော မျက်လုံးများနှင့် တိတ်တဆိတ်လှုပ်တတ်သော ခြေလှမ်းများက ကျွန်တော့်အား တစ်စုံတစ်ခုကို သတိရစေရန် တွန်းအားပေးနေသော အချက်မှာ ရှင်းလင်းသွားပြီးဖြစ်ပါသည်။

မယုံကြည်နိုင်စရာ အဖြေတစ်ခုက ကျွန်တော့်စိတ်ထဲ ဝင်ရောက်လာပြီနို၏။ ထိုအဖြေကို မစဉ်းစားသင့်သော မဖြစ်နိုင်သော ကိစ္စအဖြစ် ကျွန်တော် စွန့်ပယ်လိုလှပါသည်။ သို့သော် ကျွန်တော့်အတွေး စိတ်ကူးထဲမှ ထိုရှင်းလင်းချက်အဖြေကို ထုတ်ပယ်၍ မရနိုင်ခဲ့ပါ။





နောက် မည်သို့ဆက်ဖြစ်မည်ကို ကျွန်တော် သတိမရတော့ပါ။ အဖြစ်အပျက်တစ်ခုလုံးက မှုန်ဝါးရီဝေလျက် အစစ်အမှန်မဟုတ်သလို ဖြစ်နေ၏။ ကျွန်တော်တို့ ကိုယ့်အခန်းကိုယ် ပြန်ခဲ့ကြပြီး တစ်ယောက်ကိုတစ်ယောက်ရဲရဲ မကြည့်ဝံ့တော့ပါ။ တစ်ယောက်မျက်လုံးတစ်ယောက် ကြည့်မိကြပါက ထိတ်လန့်စရာ အဖြစ်အပျက်ကို လက်ခံအတည်ပြုကြမည့် ကြောက်ရွံ့မှုတို့ကိုသာမြင်ကြရမည် ဖြစ်ပါသည်။

ကျွန်တော်၏ စိတ်ထဲတွင်မူ ထူးဆန်း၍ မဖြစ်နိုင်သော သီဝရီတစ်ခုက စိုးမိုးနေ၏။ မဖြစ်နိုင်ပေ။ ကိုယ့်ကိုယ်ကိုယ် ပြောနေသော်လည်း ကျွန်တော့်စိတ်မှာက ထိုသီဝရီကိုသာ ထပ်တလဲလဲ လက်ခံယုံကြည်နေမိ၏။

ထိုည၏ တိတ်ဆိတ်ငြိမ်သက်မှုကို ဖော်ကျန်းပြည့်၏ အော်သံက လွှမ်းမိုးသွားသည်။ ကျွန်တော် အခန်းထဲမှ ကမန်းကတန်း ပြေးထွက်လာ၏။

သူက နန်းလွေ့၏ အခန်းတံခါးကို တဝုန်းဝုန်း ထုနေ၏။

"မကောင်းဆိုးဝါးတောင် ဒုက္ခပေးနေပြီဗျ။ အခန်းထဲက ပိတ်ထားတယ်"

"ဒါပေမဲ့ ..."

"အထဲရောက်နေတာဗျ။ ခင်ဗျား မကြားဘူးလား"

အခန်းအတွင်းဘက်မှ ရှည်လျား၍ မာန်ဖီနေသော ကြောင်အော်သံကို ကြားနေရ၏။ ထို့နောက် ဒေါ်နန်းလွေ့၏ ကြောက်ရွံ့စွာ အသံကုန်အော်ဟစ်သံကို အဆက်မပြတ်ကြားနေရသည်။

"ကဲ ... ဖော်ကျန်းပြည့် တံခါးကို ရအောင်ဖွင့်ကြရအောင်။ နောက်တစ်မိနစ်ဆိုရင် ကျွန်တော်တို့ နောက်ကျသွားလိမ့်မယ်"

ကျွန်တော်တို့နှစ်ယောက် တံခါးကို ပခုံးဖြင့် အားကုန်ဆောင့်တိုက်ရာ ခဏအတွင်း တံခါးကျိုးပျက်ပြီး ပွင့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်းလွေ့မှာ ခုတင်ပေါ်တွင် သွေးအိုင်ထွန်းလျက် လဲနေသည်။ မြင်ကွင်းမှာ အလွန်ထိတ်လန့်စရာ ဖြစ်၏။ နှလုံးခုန်နေဆဲ ဖြစ်သော်လည်း လည်ပင်းသွေးကြောနှင့် အသားထစ်များ စုတ်ပြတ်နေအောင် ကိုက်ဖောက်ကုတ်ခြစ်ထားခြင်းကြောင့် ရထားသော ဒဏ်ရာမှာ အလွန်ပြင်းထန်ကြောင်း စစ်ဆေးတွေ့ရှိရ၏။

''ကြောင်လက်သည်းရာတွေနဲ့ ကိုက်ရာတွေ''

ကျွန်တော် ထိတ်လန့်စွာ ပြောလိုက်၏။ အယူသီးသူတို့၏ စိတ်ချောက်ချားမှုမျိုးက ကျွန်တော့်အပေါ် ကျရောက်နေပါသည်။

ကျွန်တော့်အခန်းမှ ဆေးအိတ်ကို ပြန်ယူပြီး ဒဏ်ရာများကို ဂရုတစိုက် ဆေးကြောပြီး ဆေးထည့်ကာ ပတ်တီး စည်းပေးလိုက်၏။ ထို့နောက် သွေးတိတ်ဆေးတစ်လုံးကို ထိုးပေးလိုက်၏။ ဒဏ်ရာများရရှိပုံကို အယ်လ်ဂျာတောင်အား အမှန်အတိုင်း မပြောသေးရန် ဖော်ကျွန်းပြည့်ကို မှာကြားထား၏။

အရုဏ်တက်ချိန်အလင်းရောင် အနည်းငယ်ရောက်သည်နှင့် ကျွန်တော်က ဖော်ကျွန်းပြည့်အား . . .

''ကဲ . . . သွားကြရအောင်''

''ခင်ဗျား ဘာဆက်လုပ်မှာလဲ . . . ကိုတင်ထွန်း''

''မီးခိုးရောင် ကြောင်ကြီး မြှုပ်ထားတာ ဖော်ရမယ်ဗျ။ အစစ အရာရာ သေချာလုပ်မှ ဖြစ်မယ်''

ကျွန်တော်တို့ တောင်ယာခင်းအစပ်ရှိ ထင်းရှူးပင်ကြီးအောက်တွင် ပေါက်ပြားတစ်လက်ဖြင့် တူးဆွကြ၏။ နောက်ဆုံးတွင် ကျွန်တော်တို့ တွေ့ချင်တာကို တွေ့ကြရသည်။ ကြောင်ကြီး မြှုပ်ထားသည်မှာ ဆယ်ရက်ခန့် ရှိနေလေပြီ။

''ဒီကြောင်ပဲဗျ . . . ကိုဖော်ကျွန်းပြည့်၊ ကျွန်တော် ဒီကိုရောက်တဲ့ ပထမဆုံးနေ့မှာ မြင်ခဲ့ရတာ''





ဖော်ကျွန်းပြည့်က အနံ့တစ်ခုခု ရှူရှိုက်နေသည်။

''ပရုတ်စစ်အက်စစ်ပဲဗျ . . . အလွန်ပြင်းထန်တဲ့ အဆိပ်ပါတဲ့ အက်စစ်ပဲ။ ခင်ဗျား ဘယ်လိုထင်သလဲ''

''ခင်ဗျားထင်တာ မှန်ပါတယ်''

''မဖြစ်နိုင်တဲ့ ကိစ္စပဲ၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ သဘာဝ မကျဘူး။ ဆေးသိပ္ပံပညာအရ မဖြစ်နိုင်ဘူး''

သူ့အသံမှာ ကြောက်ရွံ့မှုဖြင့် တိမ်ဝင်သွား၏။

''ဒေါ်နန်းလွေ့ဟာ သိပ်ထူးဆန်းတဲ့ အမျိုးသမီးပဲ . . . ဖော်ကျွန်းပြည့်''

''သူ့မှာ ဂမ္ဘီရပညာအစွမ်းတွေ ရှိတယ်။ မှော်၊ စုန်း ပညာတွေပေါ့။ ဖော်ဆိုင်းလို အားနည်းပြီး စိတ်ပျော့ပြောင်းတဲ့သူကို ဒီပညာတွေနဲ့ သူ ဘယ်လို အသုံးချမှာတဲ့လဲ။ ဖော်ကျွန်းပြည့် . . . ခင်ဗျားမြင်လား၊ သူ့ကို ခင်တွယ်နေပြီး ဘာမှ မျှော်လင့်ချက်မရှိတော့တဲ့ အရူးတစ်ယောက်ရဲ့ ပိုင်ဆိုင်သမျှဟာ သူနဲ့ သူ့သားလေးအတွက်ပဲ ဖြစ်ရတော့မှာပေါ့။ ဒါပေမဲ့ ဖော်ဆိုင်းက လက်ထပ်ဖို့ ဖြစ်လာတယ်''

''ဒီတော့ ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ . . ကိုတင်ထွန်း''

''ဘာမှလုပ်လို့ မရဘူးဗျ။ ဒေါ်နန်းလွေ့နဲ့ သူ့အပေါ် ရန်ကြွေးဆပ်မဲ့ ကိစ္စကိုပဲ ကျွန်တော်တို့ တတ်နိုင်သလောက် ကာကွယ်ပေးဖို့ပဲ ရှိတော့တယ်''

ဒေါ်နန်းလွေ့မှာ တဖြည်းဖြည်း သက်သာလာ၏။ လည်ပင်းရှိ အမာရွတ်ကြီးများမှာ သူ့ဘဝတစ်လျှောက်လုံး သေရာပါတော့မည်ဖြစ်သည်။ ကျွန်တော်တို့သည်လည်း ယခုအခါ ကယ်မဲ့သူ ဝေးဖြစ်နေကြရ၏။ ကျွန်တော်တို့ ရင်ဆိုင်နေရသည့် အန္တရာယ်သည် အလွန် စွမ်းအားကြီးနေပါ၏။ လောလောဆယ်ငြိမ်သက်နေသော်လည်း အခွင့်ကောင်းကြုံသည်နှင့် ထိုမကောင်းဆိုးဝါး အန္တရာယ်က ထပ်ရောက်လာဦးမည် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် ဖော်ကျန်းပြည့်တို့ အတွေးကိုယ်စီနှင့် ထိုင်နေကြစဉ် ရဝမ်အမျိုးသမီးငယ်တစ်ယောက် ရေးကြီးသုတ်ပျာနှင့် ရောက်လာ၏။

"အိုး ... ဆရာကြီး၊ မြန်မြန်၊ မြန်မြန်လုပ်ပါ။ ဖော်ဆိုင်း ရေကန်ထဲ လိမ့်ကျသွားလို့။ သူ လှေပေါ်လှမ်းတက်လိုက်တော့ လှေက နေရာရွေ့သွားပြီး ရေထဲကျသွားတာ ကျွန်တော်မ တောင်ယာထဲက လှမ်းမြင်လိုက်တာပါ"

ကျွန်တော် ချက်ချင်းပင် အိမ်ပြင်သို့ ပြေးထွက်လာကြသည်။ အယ်လ်ဂျာတောင်သည်လည်း ရဝမ်မကလေးစကားကို ကြားပြီးဖြစ်သည့်အတွက် သူလည်း ပြေးထွက်လာ၏။

"သိပ်လည်း မစိုးရိမ်ကြပါနဲ့ ... ဆရာ။ ဖော်ဆိုင်းက ရေကူးသိပ်ကျွမ်းကျင်ပါတယ်"

အယ်လ်ဂျာတောင်က ပြေးရင်းပြော၏။

သို့သော် ကျွန်တော့်စိတ်ထဲတွင် အန္တရာယ် နီးကပ်လာနေပြီဟူသော ခံစားချက်ကြောင့် ပို၍ မြန်မြန်ပြေးသွားမိ၏။ ကန်ထဲတွင် ရေသည် လှုပ်ရှားခြင်းမရှိ။ လှေအခွံမှာ ရေပေါ်တွင် တရွေ့ရွေ့လည်လျက်။ ဖော်ဆိုင်း၏ အရိပ်အရောင်ကိုမူ မတွေ့ရပေ။ ဖော်ကျန်းပြည့်က အင်္ကျီနှင့် ဖိနပ်ကို ချွတ်ပြီး ...

"ကျွန်တော် ဆင်းငုပ်မယ် ... ကိုတင်ထွန်း။ ခင်ဗျားက လှေပေါ်က နေ ထိုးဝါးနဲ့စမ်းပြီး ရှာဗျာ"

ကျွန်တော်တို့ အတော်ကြာရှာပြီး လက်လျှော့ရမလို ဖြစ်လာချိန်တွင် သူ့ကို တွေ့ရတော့၏။ ကျွန်တော်တို့ ဖော်ဆိုင်း၏ အသိမဲ့ခန္ဓာကိုယ်ကို ကုန်းပေါ်သို့ ဆွဲတင်ကြရသည်။ အယ်လ်ဂျာတောင်မှာ မျှော်လင့်ချက်ကုန်ဆုံးခြင်းကြောင့် ပြင်းထန်သည့် စိတ်ဝေဒနာ ခံစားရပုံကို မြင်ရသဖြင့် မေ့နိုင်စရာမရှိတော့ပါ။





"မဟုတ်ဘူး ... မဟုတ်နိုင်ဘူး"

သူ့နှုတ်ခမ်းများက ထိတ်လန့်စရာ စကားတို့ မပြောဝံ့သလို ဖြစ်နေ၏။

"မစိုးရိမ်ပါနဲ့ သမီး။ သူ သတိရလာအောင် ဆရာတို့ လုပ်ပါ့မယ်"

ထိုသို့ အားပေးလိုက်ရသော်လည်း ဆရာဝန်တစ်ယောက်ဖြစ်သော ကျွန်တော့်စိတ်ထဲမှာမူ မျှော်လင့်ချက် မထားတော့ပါ။ သူသည် ရေအောက်တွင် နာရီဝက်ခန့် နစ်နေခဲ့ပါသည်။ ဖော်ကျန်းပြည့်အား စောင်ထူထူနှင့် ကျွန်တော့်ဆေးအိတ်အား အိမ်ထဲသို့ အယူခိုင်းလိုက်ပြီး ကျွန်တော်က အကူအသက်ရှူနည်းသုံးလျက် အရေးပေါ် ပြုစုပေးနေ၏။ တစ်နာရီခန့်မျှ ကျွန်တော်တို့ အားစိုက်၍ ကြိုးစားကြသော်လည်း အသက်ဝင်လာသည့် လက္ခဏာ မတွေ့ရပါ။ ထို့ကြောင့် အယ်လ်ဂျာတောင်အနီးသို့ သွားလိုက်ပြီး ...

"ဘာမှမထူးခြားဘူး ... သမီးရယ်။ ဖော်ဆိုင်းကို ဆရာတို့ မကယ်နိုင်တော့ဘူးထင်တယ်"

ဝမ်းနည်းစွာ ပြောလိုက်ရ၏။

သူ ခေတ္တမျှ သတိလက်လွတ်နှင့် ငြိမ်နေပြီးနောက် ရုတ်တရက် ဖော်ဆိုင်း၏ ကိုယ်ပေါ်သို့ လှဲချလိုက်ကာ ကြေကွဲဆို့နစ်စွာ အော်လိုက်တော့၏။

"ဖော်ဆိုင်း ... ဖော်ဆိုင်း ... ပြန်လာခဲ့ပါ၊ ပြန်လာပါ။ ကျွန်မဆီကို ပြန်လာပါတော့နော် ... ဖော်ဆိုင်း"

သူ့အသံမှာ တိမ်ဝင်ပြီး ရပ်သွားတော့၏။ ချက်ချင်းဆိုသလိုပင် ဖော်ဆိုင်း၏ မျက်နှာမှာ အနည်းငယ် သွေးရောင်လွှမ်းလာ၏။ သူ့နှလုံးကို ကျွန်တော် စမ်းကြည့်လျက်က ...

"ဖော်ကျန်းပြည့် ... အကူအသက်ရှူတာကို ဆက်လုပ်ပေး။ သူ သတိရလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ပူပန်ရသော အခိုက်အတန့်များ ကုန်ဆုံးသွားပြီဖြစ်ပါသည်။ သူ့မျက်လုံးများ ပွင့်လာ၏။

ထူးခြားချက်ကို ကျွန်တော် ရုတ်တရက် သတိပြုမိလိုက်၏။ သူ့မျက်လုံးများသည် အသိဉာဏ်ထက်မြက်သော မျက်လုံးများ။ ပကတိလူပီသသော မျက်လုံးများ ဖြစ်နေပါသည်။ ထိုမျက်လုံးများက အယ်လ်ဂျာတောင်အား ကြည့်နေ၏။

"အယ်လ်ဂျာ . . . ကိုယ်က မနက်ဖြန်မှ မင်းရောက်လာမယ်လို့ ထင်ထားတာ"

သူက အားနည်းသောလေသံဖြင့် ပြော၏။

အယ်လ်ဂျာတောင်က စကားပြန်ပြောရန် သူ့ကိုယ်သူ မယုံသလို ဖြစ်နေသော်လည်း ပြုံးပြလိုက်၏။ ဖော်ဆိုင်းက သောဘီကို အံ့ဩစွာ ကြည့်ရင်း . . .

"ကိုယ် . . . ဘယ်ရောက်နေတာလဲ . . . အယ်လ်ဂျာ။ ဘာတွေဖြစ်နေတာလဲ . . . ဟင် . . . ဟော . . . ဦးကြီးဖော်ကျွန်းပြည့်"

"မင်း ရေနစ်တော့မလို ဖြစ်သွားလို့ပါကွာ"

ဖော်ကျွန်းပြည့်က အလေးအနက် ပြောလိုက်၏။

ကျွန်တော် ရှေ့တိုးလိုက်ပြီး . . .

"အိမ်ထဲကို ရွှေ့ကြရအောင်"

ပြောလိုက်သဖြင့် ဖော်ဆိုင်းက ကျွန်တော့်ကို ငေးကြည့်နေသဖြင့် အယ်လ်ဂျာတောင်က . . .

"ဆရာဝန်ကြီး ဦးတင်ထွန်းပါ။ အိမ်ကို အလည်ရောက်နေတာ"

မိတ်ဆက်ပေးပါသည်။

ကျွန်တော်တို့ သူ့ကိုတွဲလျက် အိမ်ဆီသို့ခေါ်လာစဉ် သူက သတိရသွားဟန်ဖြင့် . . .





"ကျွန်တော်တို့ အစီအစဉ်တော့ နောက်မကျဘူးထင်တယ် . . . ဦးကြီးဖော်ကျွန်းပြည့်။ ဒီနေ့က . . ."

"ဒီနေ့က အောက်တိုဘာ ဆယ့်နှစ်ရက်ဖြစ်နေပြီပဲ ဖော်ဆိုင်း"

ဖော်ဆိုင်း စိတ်ရှုပ်ထွေးသွားပုံရ၏။

"ကျွန်တော်က ဒီနေ့ စက်တင်ဘာ ၁၀ ရက် ထင်နေတာ။ ကျွန်တော် နေမကောင်းဖြစ်နေတာ အတော်ကြာသွားတာပေါ့"

"ဟုတ်တယ်လေ ကို . . . အရမ်းနေမကောင်း ဖြစ်နေတာလေ"

အယ်လ်ဂျာတောင်က ဖြတ်လျက် ညင်သာစွာ ဝင်ပြောလိုက်၏။

သူက မျက်မှောင်ကုတ်လိုက်ပြီး . . .

"နားမလည်နိုင်အောင် ဖြစ်နေပြီ။ ကိုယ် မနေ့ညက အိပ်ရာဝင်တော့ နေကောင်းနေတာပဲ။ အိပ်မက်တွေ မက်တာတော့ မှတ်မိတယ်။ ကြောက်စရာ ကိစ္စတစ်ခုခုကို တစ်ယောက်ယောက်က လုပ်လိုက်သလိုပဲ။ နောက်ပြီး ကြံကြံဖန်ဖန်ဖြစ်ပုံက ကိုယ်က ကြောင်တစ်ကောင် ဖြစ်သွားတယ်။ ရယ်စရာကောင်းနေပေမဲ့ အိပ်မက်ထဲမှာ ကြောက်စရာကြီး။ ရေရေရာရာလည်း မမှတ်မိတော့ပါဘူး"

"ဘာကိုမှ မစဉ်းစားပါနဲ့တော့ . . . ဖော်ဆိုင်း။ မေ့ပစ်လိုက်ပြီး စိတ်အေးအေးသာ နေပါသား"

သူက ကျွန်တော့်ကို နားမလည်ဟန်ဖြင့် ကြည့်ပြီး ခေါင်းညိတ်ပြ၏။ အယ်လ်ဂျာတောင်၏ စိတ်သက်သာရာရဟန်ဖြင့် သက်ပြင်းချသံ ကြားရသည်။

ကျွန်တော်တို့အိမ်ဆီသို့ ရောက်လာကြ၏။

"ဒါနဲ့ အမေကော ဘယ်မှာလဲ"

ဖော်ဆိုင်းက မေးလာ၏။

"သူ နေမကောင်းဖြစ်နေတယ် . . . ကို"



www.burmeseclassic.com

www.burmeseclassic.com



အယ်လ်ဂျာတောင်က ခေတ္တတုံ့ဆိုင်းပြီးမှ ဖြေလိုက်သည်။

''ဟုတ်လား ... မေမေ အခု ဘယ်မှာလဲ။ အခန်းထဲမှာလား''

''ဟုတ်တယ် ... လောလောဆယ်တော့ သူ့ကို အနှောင့်အယှက် မပေး ...''

ပြောလက်စ ကျွန်တော့်စကားများ ရပ်သွားရပါ၏။ အိပ်ရာမှ နိုးလာဟန်ရှိသော ဒေါ်နန်းလွေ့သည် အခန်းတွင်းမှ ထွက်လာလေသည်။ သူ့မျက်လုံးများက ဇော်ဆိုင်းအပေါ်တွင် စူးစိုက်ကြည့်နေ၏။ ကျူးလွန်ထားသော အပြစ်ကြောင့် ထိတ်လန့်တုန်လှုပ်နေသော မျက်လုံးများပင် ဖြစ်ပါ၏။ သွေးရူးသွေးတန်းဖြစ်နေသော မျက်နှာမှာလည်း ဆောက်တည်ရာမရအောင် ပျက်နေလေသည်။ သူမ လက်က အလိုလိုလည်ပင်းဆီသို့ ရောက်သွား၏။ ဇော်ဆိုင်းက သူ့ထံသို့ ကလေးတစ်ယောက်၏ ခင်မင်နှစ်လိုမှုဖြင့် ချဉ်းကပ်သွား၏။

''မေမေ ... နေမကောင်းဖြစ်နေတယ်ဆို၊ စိတ်မကောင်းလိုက်တာ ... အမေရယ်''

ဒေါ်နန်းလွေ့ နောက်ဆုတ်သွားသည်။ မျက်လုံးများ ပြူးကျယ်လျက်။ ထို့နောက် ရုတ်တရက် ရှူးရှူးဝါးဝါး အော်သံနှင့်အတူ လဲကျသွားတော့၏။

ကျွန်တော် သူ့ထံပြေးသွားပြီး ကြည့်လိုက်၏။ ဇော်ကျန်းပြည့်ကို လက်ပြခေါ်လိုက်ပြီး အသံတိုးတိုးဖြင့် ပြောလိုက်၏။

''ဇော်ဆိုင်းကို သူ့အခန်းထဲ ခေါ်သွားလိုက်ပါ။ ပြီးတော့ ချက်ချင်း ပြန်လာခဲ့။ ဒေါ်နန်းလွေ့ အသက်မရှိတော့ဘူး''

ဇော်ကျန်းပြည့် မိနစ်အနည်းငယ်အတွင်း ပြန်ရောက်လာသည်။

''ဘယ်လိုကြောင့်ဖြစ်သွားရတာလဲ ... ကိုတင်ထွန်း''

''ရှော့ခ် ဖြစ်သွားတာပေါ့ဗျာ။ ဇော်ဆိုင်းကို တွေ့လိုက်တော့ ဇော်ဆိုင်းအစစ်ဟာ သူ့ဘဝမှန်ကို ပြန်ရောက်လာပြီဆိုတာ သိသွားပြီး နှလုံး





သွေး ရပ်သွားတာပေါ့။ ကံကြမ္မာ အဆုံးအဖြတ်ပေးလိုက်တယ်လို့ပဲ သဘောထားလိုက်တာပေါ့ဗျာ''

''ခင်ဗျားဆိုလိုတာက ...''

''ဒီလိုဗျ ... ထူးဆန်းပြီး မသိနိုင်တဲ့ စွမ်းအားတစ်ခုက ဇော်ဆိုင်းရဲ့ ဝိညာဉ်ကို သူ့ခန္ဓာကိုယ်ထဲ ပြန်ခွင့်ပြုလိုက်တာပါ။ အမှန်ကတော့ ဇော်ဆိုင်းဟာ အသတ်ခံခဲ့ရတာပဲ ... ဇော်ကျန်းပြည့်''

''ပရုတ်စစ်အက်ဆစ်နဲ့လား ... ကိုတင်ထွန်း''

သူက မယုံကြည်နိုင်မှုနှင့် ထိတ်လန့်မှု ရောလျက် မေး၏။

''ပရုတ်စစ်အက်ဆစ်နဲ့ပဲ''

ကျွန်တော် ဖော်ထုတ်တွေ့ရှိခဲ့သည့် ယင်းအဖြစ်မှန်ကို မည်သည့်အခါမှ ဖွင့်ဟခြင်း မပြုခဲ့ပါ။ ထိုတွေ့ရှိမှုမှာ ဆေးသိပ္ပံပညာအရ ဂုဏ်ယူ၍ရနိုင်သောကြောင့် ဖြစ်ပါသည်။ အများလက်ခံသည့် ယုံကြည်မှုအရ ဇော်ဆိုင်းသည် ဦးခေါင်းမတော်တဆ ထိခိုက်မိ၍ မှတ်ဉာဏ်ချို့တဲ့သည့်ရောဂါရခဲ့သလို ဒေါ်နန်းလွေ့သည်လည်း ကျန်းမာရေးမကောင်းစဉ် စိတ်ဝေဒနာကြောင့် မိမိလည်ပင်းကို မိမိကုတ်ခြစ်မိပြီး ကြောင်တစ်ကောင်ကို တွေ့ရသည်ဆိုခြင်းမှာ အမြင်လွဲမှားမှုသာဖြစ်ကြောင်း ဖြစ်ပါသည်။

ကျွန်တော်၏ စိတ်ထဲတွင်မူ မလွဲနိုင်သောအချက်ကို လက်ခံထားပါသည်။ ပထမအချက်မှာ ဒေါ်နန်းလွေ့ အခန်းအပြင်ဘက် တံခါးဘေးတွင်ရှိသည့် စုတ်ပြဲနေသော ကုလားထိုင်ဖြစ်ပြီး နောက်တစ်ချက်မှာ ပို၍ပင် သိသာထင်ရှားပါသည်။ စာအုပ်စင်တွင် ပျောက်ဆုံးနေသော စာအုပ်အား ဆက်လက်ရှာဖွေတွေ့ရှိချက်အရ ပျောက်ဆုံးနေသော စာအုပ်မှာ ရှေးဟောင်းဂန္ဓာရီမှော်ရုပညာရပ်ဆိုင်ရာများ အစီအရင်စာအုပ်ပင် ဖြစ်နေပါသည်။

လူသားတို့အား တိရစ္ဆာန်အဖြစ် ဘဝပြောင်းစေခြင်း၏ ဖြစ်နိုင်ခြေမှာ အလားအလာ မှော်ပညာအစီအရင်များဟု အမည်ပါရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဆိုင်းသည် ထိုအဖြစ်အပျက်အမှန်ကို လုံးဝမသိရှိကြောင်းကို ဝမ်းမြောက်ဖွယ် တွေ့ရ၏။

အယ်လ်ဂျာတောင်သည် သူ လွန်စွာချစ်မြတ်နိုးသော ချစ်လင်ဖြစ်သူအား ထိုထိတ်လန့်ဖွယ်ရာ ဆန်းကြယ်မှု လျှို့ဝှက်ချက်များကို မည်သည့်အခါမှ အသိပေးလိမ့်မည်မဟုတ်ပါ။

ဇော်ဆိုင်း၏ ဝိညာဉ်ခန္ဓာကိုယ်သို့ ပြန်လည်ဝင်ရောက်လာခြင်းမှာလည်း သူမ၏ ပြင်းပြသောဆန္ဒကြီးမားလှသည့် မေတ္တာဖြင့် ခေါ်ယူခဲ့ခြင်းကြောင့် မရဏနယ်မြေကို ဖြတ်သန်းဝင်ရောက်လုဆဲဆဲတွင် သူ့ထံ ပြန်လာခဲ့ခြင်းပင် မဟုတ်ပါလား။

**အောင်ခင်မိုး**



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

## ညှို့အမောင်ထဲက ဖြူဖြူအရိပ်

❑

အချိန်မှာ ည (၉) နာရီခန့်ရှိပြီ ဖြစ်လေသည်။ တစ်ရွာလုံးမှာ အိမ်တံခါးများပိတ်၍ အိပ်ရာသို့ ဝင်ကုန်ကြပြီဖြစ်၏။ အဆိုပါ ရွာကလေးမှာကား ထားဝယ်မြို့၏ အနောက်ဘက် ကမ်းလောင်းလုံးမြို့နယ်အပိုင် နာခံတောရွာကလေးဖြစ်၏။ ရွာကလေး၏ အလယ်ပိုင်းတွင် သပ်ရပ်သော (၂) ထပ်အိမ်ကြီးတစ်လုံးမှာ အမှောင်ထု ဖုံးလွှမ်းလျက်ရှိသော ည၏အောက်ဝယ် မားမားမတ်မတ် ရပ်တည်လျက် ရှိနေလေ၏။

အိမ်သားအားလုံးမှာ အိပ်ရာသို့ ဝင်ကြပြီဖြစ်သော်လည်း အိမ်ကြီး၏ အရှေ့ဘက် ထောင့်စွန်းတနေရာတွင် လူလိုလို ဖြူဖြူအရိပ်တစ်ခုကို သတိထားမိသူတိုင်း တွေ့မြင်ကြရမည်။ အဆိုပါ ဖြူဖြူအရိပ်မှာ အိမ်ကြီး၏ အရှေ့ဘက်မှ နောက်ဖေးဘက်သို့ တလူပ်လူပ်နှင့် လျှောက်သွားပြီး မကြာမီ အိမ်ကြီး၏ အရှေ့ဘက်သို့ ပြန်လှည့်လာခဲ့လေသည်။





ထိုအခိုက်ဝယ် အိမ်ကြီး၏ပိုင်ရှင်ဖြစ်သော ဦးဖိုးထွန်း–ဒေါ်သိန်းမြတို့၏မောင်ဖြစ်သူ ကိုဖိုးတုတ် အိမ်လည်ရာမှ ပြန်လာခဲ့သည်နှင့် ကြုံကြိုက်နေသဖြင့် ကိုဖိုးတုတ်မှာ အဆိုပါ တလူပ်လူပ်နှင့် ဖြူဖြူအရိပ်ကို ခြံဝမှ မျက်ခြည် မပြတ်ကြည့်နေမိ၏။ တစ်နေရာမှ ဆွဲဆွဲငင်ငင်နှင့် အူလိုက်သော ခွေးအူသံကြီးကြောင့် ကိုဖိုးတုတ်မှာ ကြက်သီးများဖြန်းကနဲ ထပြီး ခေါင်းနားပန်း ကြီးသွားရလေ၏။

ဖြူဖြူအရိပ်မှာမူ ကိုဖိုးတုတ်ကစောင့်၍ ကြည့်နေသည်ကို သတိမပြုမိဘဲ အိမ်ကြီး၏ အပေါ်ထပ်သို့ တက်သောလှေခါးပေါ်သို့ လှမ်းတက်စပြုနေသဖြင့် ကိုဖိုးတုတ်မှာ ခြံဝတွင် ရပ်နေရာမှ အိမ်လှေကားရင်းဆီသို့ အပြေးသွားရင်း ...

''ဘယ်သူလဲဟေ့ ... ရပ်လိုက်စမ်း''

ဟူ၍ ခပ်ဝေါက်ဝေါက် ပြောလိုက်လေ၏။

ဖြူဖြူအရိပ်မှာ လှေကားရင်းတွင် ရပ်တန့်သွားပြီး ...

''ကျွန်မပါ ... ဦးလေးတုတ်''

ဟူသော မတိုးမကျယ်နှင့် မိန်းမသံတစ်သံ ထွက်လာလေ၏။

''ဟဲ့ကောင်မလေး ... အချိန်မတော်ကြီး နင်ဘာလုပ်နေတာလဲ ပြောစမ်း''

ကိုဖိုးတုတ်မှာ လှေကားရင်းတွင် ရပ်နေသော မိန်းကလေးအား ဒေါပါပါနှင့် မေးလိုက်လေ၏။ မိန်းကလေးမှာ ကိုဖိုးတုတ်၏အမေးကို ရုတ်တရက် ပြန်မပြောသဖြင့် ကိုဖိုးတုတ်မှာ ဒေါသထွက်လာဟန်နှင့် ...

''မိတင်ရီ ... ငါမေးနေတာ မပြောဘူးလား ဟင်။ အချိန်မတော် ဘာလုပ် အိမ်ကို ဆင်းလာတာလဲ''

ဟူ၍ မေးလိုက်ပြန်လေ၏။ ကိုဖိုးတုတ်၏ အသံကြောင့် အိမ်ပေါ်မှ မီးရောင်ထွက်လာသည်နှင့်အတူ မိန်းမကြီးတစ်ဦးနှင့် ယောက်ျားကြီးမှာ အိမ်ကြီး၏ ပိုင်ရှင်ဖြစ်သော ဦးဖိုးထွန်းနှင့် ဒေါ်သိန်းမြတို့ပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေကြသလဲ"

လေှကားရင်းသို့ ရောက်သည်နှင့် ဦးဖိုးထွန်က မေးလိုက်၏။

"ဘာဖြစ်သလဲတော့ မပြောတတ်ဘူး အစ်ကို့သမီးကိုသာ မေးကြည့်ပေတော့ဗျာ။ ကျွန်တော်တော့ စိတ်မရှည်တော့ဘူး"

ကိုဖိုးတုတ်က ပြန်ပြောရင်း အိမ်ပေါ်သို့ တက်သွားလေ၏။ ဦးဖိုးထွန်းမှာ အနီးတွင်ရှိနေသော ဇနီးဖြစ်သူအား လှမ်း၍ . . .

"မယ်မြ . . . မင်းသမီးကို မေးစမ်းပါဦး။ ဘယ်လိုဖြစ်တာလဲ"

ဟူ၍တစ်ဆင့်ပြောလိုက်သဖြင့် ဒေါ်သိန်းမြမှာ သမီးဖြစ်သူမတင်ရီကို မသင်္ကာသလိုနှင့် အကဲခတ်၍ ကြည့်လိုက်ပြီး . . .

"ကဲ . . . ပြောစမ်းပါဦး . . . မိတင်ရီ အချိန်မတော်ကြီး ညည်း ဘာလုပ်နေသလဲ"

"ကျွန်မ . . . ကျွန်မ အခင်းသွားတာပါ"

မမတင်ရီက မရဲတရဲနှင့် ဖြေလိုက်လေ၏။

"အမယ် . . . ဒီကောင်မ၊ တော်ရိရော်ရိ ပြောတော့မယ်၊ မှန်မှန် ပြောစမ်း . . . ငါ့ကို မလိမ်နဲ့"

"ကျွန်မ . . . မှန်မှန်ပြောပါတယ် မေမေ၊ အခင်းသွားချင်လို့ အိမ် အောက်ဆင်းလာရင်း ဦးလေးနဲ့ တွေ့တာပါ"

"တော် . . . တော် . . . မတင်ရီ၊ ငါလည်း ငယ်ရာက ကြီးလာတဲ့ မိန်းမပဲ၊ ညည်း ဘယ်သူနဲ့ ချိန်းတွေ့သလည်း မှန်မှန်ပြောစမ်း"

ဒေါ်သိန်းမြအသံမှာ ဒေါသသံပါနေ၍ တုန်တုန်ယင်ယင် ဖြစ်နေ လေ၏။

"တိုးတိုးသက်သာ ပြောစမ်းပါ . . . မယ်မြရယ်၊ သမီးက မမှန်တာ မပြောပါဘူး . . . မဟုတ်တရုတ်တွေ ပြောမနေစမ်းပါနဲ့"

တချိန်လုံးတွင် ဘာမှဝင်မပြောသော ဦးဖိုးထွန်းက ဝင်၍ ပြောလိုက် လေ၏။





"တော် . . . အသာနေစမ်းပါ၊ ဘာနားလည်လို့လဲ။ ညနေကတည်းက ရွာဖျားကကောင်ကလေးတွေ အိမ်ရှေ့ရစ်ဝဲရစ်ဝဲ လုပ်နေကထဲက ကျုပ် မသင်္ကာနေတာ"

ဟု စွပ်စွဲပြောလိုက်၏။

"ဒါကတော့ကွာ အညှီရှိ ယင်အုံ ဆိုသလိုပေါ့။ အပျိုရှိတဲ့အိမ်ရှေ့ လူပျိုတွေ လမ်းသလားတာ မဆန်းပါဘူး။ တို့ငယ်ငယ်တုန်းကလည်း ဒီလို ပဲဆိုတာ မင်းအသိသားပဲ"

"ခေါင်းဖြူစွယ်ကျိုးဖြစ်နေမှ ကလေးကလားစကားတွေ ပြောမနေ စမ်းပါနဲ့။ တက်ပါ အိမ်ပေါ်ကို"

ဒေါ်သိန်းမြမှာ ဒေါ်ပွပွနှင့် ဦးဖိုးထွန်းကို ပြန်ပြောလိုက်ပြီး . . .

"ဟဲ့ကောင်မ . . . လာခဲ့ အိမ်ပေါ်ကို။ ငါ့ကို မှန်မှန်ဖွင့်ပြော၊ မပြော ရင်တော့ သေမဲ့သာ ပြင်ပေတော့"

ဟုပြောပြောဆိုဆိုနှင့် မတင်ရီ၏လက်ကိုဆွဲ၍ အိမ်ပေါ်သို့ ခေါ်သွား သဖြင့် မတင်ရီမှာမျက်ရည်လေး တလည်လည် ကြောက်ကြောက်ရွံ့ရွံ့နှင့် ဒေါ်သိန်းမြ ဆွဲခေါ်သွားရာသို့ လိုက်ပါသွားရလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

၂

# အရှက်ကို အသက်နဲ့ လဲရာပြီ

❏

''သမီး ဘယ်တုန်းကမှ လိမ်မပြောခဲ့ပါဘူး . . . မေမေရယ်၊ ဟိုနေ့ညက အခင်းသွားချင်လို့ အိမ်အောက်ကို ဆင်းမိတာပါ၊ ထွေထွေထူးထူးကိစ္စ မဟုတ်ရပါဘူး။ အမှန်ပါ''

မတင်ရီလေးမှာ မိခင်ဖြစ်သူအား အမှန်အတိုင်းပင် ဖွင့်ဟဝန်ခံခဲ့၏။ သို့ပါသော်လည်း ဒေါ်သိန်းမြမှာ မယုံကြည်နိုင်ဘဲ နေ့စဉ်နှင့်အမျှ ရိုက်နှက်ပြီး ကြိမ်းမောင်းဆူပူနေ၏။ ထိုမျှမက အခန်းထဲ လှောင်ထားသည့်အထိ ဖြစ်နေသဖြင့် မတင်ရီမှာ အထင်လွဲခံရရုံမျှသာမဟုတ်၊ မိခင်ဖြစ်သူ၏ အညှဉ်းဆဲခံနေရသဖြင့် ယူကြုံးမရဖြစ်ကာ ဝမ်းအနည်းကြီး နည်းမိလေ၏။





ထိုမျှမကသေး ဖခင်ဖြစ်သူနှင့် မောင်ဘွားများ၊ ဦးလေးသားချင်းများကိုလည်း မကြည့်ဝံ့နိုင်ရဲလောက်အောင်ပင် အရှက်ကြီးရှက်လျက် ရှိနေလေ၏။

ဒေါ်သိန်းမြအဖို့မှာလည်း သမီးတစ်ယောက်တည်းမို့ မတင်ရီကို အချစ်ကြီးချစ်နေသဖြင့် မတင်ရီ အိမ်ထောင်ပြုသွားမှာကို အစိုးရိမ်ကြီးစိုးရိမ်လှသူဖြစ်၏။ ထို့ကြောင့်လည်း မျက်ခြည်မပြတ်စေဘဲ ထိန်းသိမ်းနေရ၏။

ယခုကဲ့သို့ မသင်္ကာဖွယ်ရာအခင်းကို တွေ့ရှိရ၍ မယုံကြည်နိုင်အောင်ဖြစ်ပြီး မတင်ရီအား ကရုဏာဒေါသနှင့် ပြောဆိုဆူပူကြိမ်းမောင်းပြီး ရွာထဲသို့ ထွက်သွားလေ၏။ ဦးဖိုးထွန်းမှာလည်း အိမ်ရှေ့ခန်းတွင် အေးအေးဆေးဆေးစွာနှင့် လက်ဖက်ရည်ကြမ်းသောက်လျက် ရှိနေသဖြင့် မတင်ရီအဖို့ ခါတိုင်းထက် အနည်းငယ် လွတ်လပ်လျက်ရှိနေ၏။ ဤကဲ့သို့ ရရှိသောအချိန်ကို မဖြုန်းဘဲ အိမ်ခန်းတွင်းမှ အသံမကြားအောင် ခြေဖော့၍ ထွက်လာပြီးနောက် အိမ်နောက်ဖေးလှေကားမှ အိမ်အောက်သို့ အသာလေး ဆင်းလာခဲ့လေသည်။

အမှတ်မထင် ခြေဦးတည့်ရာသို့ နေအိမ်မှ တိတ်တဆိတ် ထွက်လာခဲ့သော မတင်ရီသည် နာခံတောချောင်းကမ်းနဖူးသို့ ရောက်ရှိလာခဲ့လေ၏။ ချောင်းရေမှာ တဖြတ်ဖြတ်နှင့် လှိုင်းကလေးများထကာ ဂနာမငြိမ်အောင်ဖြစ်လျက်ရှိနေလေ၏။ နောက်ဆုံးတွင်မူ မိမိက ရိုးသားစွာ နေထိုင်ပါလျက်နဲ့ မိခင်ဖြစ်သူ သင်္ကာမကင်းဖြစ်ကာ မဖွယ်မရာ စွပ်စွဲနေသည့်အချက်ကို အရှက်ကြီးရှက်နေသူ ဖြစ်သည့်အတိုင်း အသက်နှင့်လူမလုပ်၊ အရှက်နှင့်လူလုပ်ဆိုသည့်အတိုင်းပင် အရှက်ကို အသက်နှင့်လဲတော့မည်ဟု ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် မတင်ရီလေးသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့်တကွ ဆရာသမားမိဘများကို ကန်တော့ပြီးနောက် တသွင်သွင်



www.burmeseclassic.com

www.burmeseclassic.com



စီးဆင်းနေသော နာခံတောချောင်းအတွင်းသို့ မျက်စိမှိတ်ကာ ခုန်ချလိုက်လေသည်။ ရင်တွင်းဝယ် အေးကာနဲ့ နွေးကာနဲ့ ဖြစ်သွားပြီးနောက် မတင်ရီမှာ ရေအောက်သို့ ရောက်သွားမှန်း သိရပြီး ရေမွန်းကာ အသက်ရှူ၍မရသော ဝေဒနာကို ခဏမျှ ခံစားလိုက်ရပြီး လုံးဝ သတိမေ့သွားလေတော့သည်။

မတင်ရီလေးမှာ အရှက်ကို အသက်နှင့်လဲကာ လူ့လောကကြီးမှ ထွက်ခွာသွားသည့်အဖြစ်ကို ဦးဖိုးထွန်းနှင့် ဒေါ်သိန်းမြတို့မှာ တတ်အပ်မသိရှိကြသေးချေ။ သို့သော် မတင်ရီနေအိမ်မှ ပျောက်ဆုံးသွားကြောင်းကို ရွာထဲမှ ဒေါ်သိန်းမြ ပြန်လာသောအချိန်တွင် သိရှိရလာသဖြင့် တအိမ်လုံးမှာ ဆူပွက်၍ သွားလေတော့၏။

"တော်က အိမ်မှာရှိနေပြီး ဘာမှမသိဘူးဆိုတာ ကျုပ်ဖြင့် အံ့သြလို့မဆုံးတော့ဘူး"

ဒေါ်သိန်းမြမှာ သမီးဖြစ်သူပျောက်နေသဖြင့် ခင်ပွန်းသည် ဖြစ်သူ ဦးဖိုးထွန်းအား ကြိမ်းမောင်းကာ အပြစ်တင်စကား ပြောလိုက်လေ၏။

"မင်းပြောရင်လည်း ခံရမှာပဲ ... မယ်မြ။ ဒီလိုတော့ အိမ်ကထွက်မပြေးဘူးအောက်မေ့လို့ အိမ်ရှေ့မှာ စိတ်ချလက်ချနဲ့ လက်ဖက်ရည်ကြမ်း ထိုင်သောက်နေမိတာကွ ..."

"တော်စမ်းပါ ... ရှင်ဟာ ဘယ်နေရာမှ စိုးရိမ်ကြောင့်ကြမရှိဘူး။ ကျုပ်သမီးလေးတော့ ဒုက္ခတွေ့တော့မှာပဲ။ ယောကျ်ားနောက်ပဲ လိုက်သွားသလား၊ စိတ်ညစ်ညစ်နဲ့ ထင်ရာမြင်ရာပဲ လျှောက်သွားတာလား ... လုပ်ကြစမ်းပါဦး ... ကျုပ်သမီးလေးကို ရှာစမ်းပါဦး။ ငါ့သမီးကို မေမေက မုန်းလို့မဟုတ်ပါဘူး ... သမီးရယ်၊ ချစ်လွန်းလို့ ခုလို ဆူပူကြိမ်းမောင်းပြီး ရိုက်မိတာပါ"

ဒေါ်သိန်းမြမှာ ပြောရင်းပြောရင်း ငိုနေသဖြင့် ဦးဖိုးထွန်းမှာ အနည်းငယ် အမြင်ကပ်လာဟန်နှင့် ...





"တော်စမ်းပါကွာ ... အခုမှ ငိုမနေစမ်းပါနဲ့၊ အစတုန်းကတော့ မိထွေးကျနေတာပဲ။ သားသမီးဆိုတာ ဆူနေပူနေလို့ချည်း ဖြစ်တာမဟုတ်ဘူး၊ ချော့ရမော့ရသေးတယ်။ မင်းဥစ္စာက တစ်ဆူတည်း ဆူ၊ တစ်ကြိမ်းတည်း ကြိမ်းနေတော့ သူလည်း စိတ်ညစ်ပြီး အိမ်ကထွက်သွားတာပေါ့"

"ကိုဖိုးထွန်းရယ် ... ရှင်ပြောလည်း ခံရမှာပါပဲ။ ကျုပ်သမီးလေးကိုသာ အမြန်ဆုံးတွေ့အောင် ပြန်ရှာပေးပါ"

ဒေါ်သိန်းမြမှာ ပြောပြောဆိုဆိုနှင့် ငိုနေသဖြင့် ဦးဖိုးထွန်းမှာ ညီဖြစ်သူကို ဖိုးတုတ်ကိုခေါ်၍ မတင်ရီကို ရှာဖွေရအောင် နေအိမ်မှ ထွက်ခဲ့လေ၏။ ဤကဲ့သို့ မတင်ရီတစ်ယောက် နေအိမ်မှ ပျောက်သွားကြောင်းကိုလည်း တစ်ရွာလုံးလိုလို သိရှိကြသဖြင့် ဝိုင်းဝန်းရှာသူကရှာကြ၊ သတင်းမေးသူကမေးကြနှင့် တစ်ရွာလုံး 'ဗျာ' များသွားကြလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

## မေ့မြောနေသော မိန်းမပျို

❑

မိနစ်မှနာရီ၊ နာရီမှရက်သို့ ကူးပြောင်းခဲ့ရာ၊ မတင်ရီ ပျောက်ဆုံးသွားသည်မှာ နှစ်ရက်မျှ ကြာရှိသွားပြီဖြစ်၍ လိုက်ရှာကြသူများမှာ လက်လျှော့ကုန်ကြရလေ၏။ အချို့ကလည်း ပြန်ပေးဆွဲသွားတာလား၊ အချို့ကလည်း လင်နောက်လိုက်သွားတာလားဟူ၍ အမျိုးမျိုးတွေးတော နေကြလေ၏။ မတင်ရီ၏ မိဘနှစ်ပါးမှာမူ မည်သို့မျှ မတွေးရဲတော့ပြီ။ ဒေါ်သိန်းမြ အဖို့မှာမူ မိမိ၏မလိမ္မာမှုကြောင့် ချစ်သမီးလေး သေသည်၊ ရှင်သည်ဟု မသိရဘဲ ပျောက်ဆုံးနေသည့်အတွက် ယူကျုံးမရဖြစ်ကာ အပူလုံးကြွလျက် ရှိနေလေသည်။

"ကြီးဒေါ်မြ ... ကြီးဒေါ်မြ ..."

ဟူ၍ တစာစာနှင့် ခေါ်လိုက်သော အသံနှင့်အတူ လူတစ်စု ခြံတွင်းသို့ ဝင်လာကြသည်နှင့် ဒေါ်သိန်းမြမှာ ကပျာကယာ အိမ်ဝသို့ ထွက်





ကြည့်လိုက်သည်။ မိမိတို့၏ စာရင်းငှားဖြစ်သူ မောင်အေးက မတင်ရီလေးကို ပွေ့ပိုက်ပြီး အဖော် နှစ်ဦး၊ သုံးဦးနှင့် အိမ်ထဲသို့ ဝင်လာကြသည်ကို တွေ့လိုက်ရသဖြင့် ဒေါ်သိန်းမြမှာ အားရဝမ်းသာနှင့် ...

"ကိုဖိုးထွန်းရေ ... သမီးကို တွေ့လာကြပြီ၊ သမီးကို တွေ့လာကြပြီ"

ဟု ပြောရင်း မောင်အေး၏ရင်ခွင်ဝယ် သတိမေ့မြောပြီး လူသေကောင်ပမာ ဖြစ်နေသော မတင်ရီအနီးသို့ ချဉ်းကပ်သွားလေ၏။ ဦးဖိုးထွန်းမှာလည်း ဒေါ်သိန်းမြအသံကြောင့် ဝမ်းသာအားရနှင့် အိမ်ရှေ့သို့ ထွက်လာပြီး မောင်အေးလက်တွင်းမှ မတင်ရီကို တစ်ဆင့်ပွေ့ယူကာ မတင်ရီ၏ အခန်းတွင်းရှိ မွေ့ရာပေါ်သို့ အသာအယာ သွားရောက်ချထားလေသည်။

"ဘယ်လိုတွေ့လာကြတာလဲ ... မောင်အေးရယ်၊ ကြီးဒေါ်တို့ကို ပြောစမ်းပါဦး"

ဒေါ်သိန်းမြမှာ မတင်ရီအား ပွေ့ချီလာရသဖြင့် မောပန်းနေသော မောင်အေးကို အလောသုံးဆယ် မေးလိုက်လေ၏။

မောင်အေးဆိုသူမှာ နဖူးမှချွေးများကို တဘက်တစ်ထည်နှင့် သုတ်လိုက်ပြီးမှ ...

"ကျွန်တော်နဲ့ လူဝတို့ လယ်ထဲက ပြန်လာရင်း ရွာထိပ်ကုက္ကိုပင်ကြီးအောက်မှာ လူတစ်ယောက် လဲနေတာတွေ့တာနဲ့ ဘယ်သူများလဲလို့ သွားကြည့်တော့ မတင်ရီဖြစ်နေတာ တွေ့ရတာပဲ။ ကျွန်တော်နဲ့ လူဝလည်း ပထမတော့ ကြောက်သွားသေးတယ်။ မတင်ရီကပဲ သေရွာကနေပြီး သရဲဘဝနဲ့ ခြောက်နေတယ် အောက်မေ့လို့ ကျွန်တော်ရော၊ လူဝရော အနားမကပ်ဝံ့ဘူး။ နောက်ဆုံးမှ အရဲစွန့်ပြီး ယူလာခဲ့တာပဲ ကြီးဒေါ်"

ဟု တွေ့ခဲ့ရပုံများကို ပြန်ပြောပြလိုက်လေသည်။

မတင်ရီတစ်ယောက် ရွာထိပ်က ကုက္ကိုပင်ကြီးအောက်မှာ သတိမေ့ပြီး လဲနေတာကို မောင်အေးနှင့်လူဝတို့ မတင်ရီကို ပွေ့ခေါ်လာကြသည်



www.burmeseclassic.com

www.burmeseclassic.com



ဟူသော သတင်းကို နာခံတောရွာကလေးတွင် တစ်ခဏချင်း ပျံ့နှံ့သွား၏။ ထို့ကြောင့် ဒေါ်သိန်းမြတို့အိမ်သို့ နီးစပ်ရာ ခင်မင်ရာ ပုဂ္ဂိုလ်များ သတင်းမေးလာရောက်ကြသည်မှာ အတော်ပင် စည်ကားလျက်ရှိနေလေ၏။

ဦးဖိုးထွန်းနှင့် ဒေါ်သိန်းမြတို့မှာ သမီးဖြစ်သူ မတင်ရီလေး ပြန်လည်သတိရရှိအောင် တတ်ကျွမ်းနားလည်သူများကို ခေါ်ယူ၍ ကုသသော်လည်း မတင်ရီမှာ အသေကောင်ကြီးပမာ မတုန်မလှုပ်နှင့် သတိမေ့မြဲပင်ရှိနေသဖြင့် စိတ်မချမ်းမသာ ဖြစ်နေကြပြန်လေ၏။ လာရောက်သတင်းမေးကြသူများမှာလည်း မိမိတို့ ထင်ရာမြင်ရာကို ပြောဆိုနေကြသဖြင့် ထိုနေ့အဖို့ နတ်မေးသူကမေး၊ ဗေဒင်မေးသူက မေးနှင့် ကောင်းနိုးရာရာ လုပ်နေကြသော်လည်း မတင်ရီမှာ ပြန်လည်သတိမရဘဲ ဖြစ်နေ၍ အားလုံးလိုလိုပင် လက်လျှော့ကာ စိတ်ပျက်ကုန်ကြလေသည်။

"ကြံကြစမ်းပါဦးရှင် . . . ကျွန်မသမီးလေး ပြန်လည်သတိရဖို့ ဘယ်ဆရာနဲ့ ဘယ်လိုကုရပါ့မလဲ"

ဟူ၍ မျက်ရည်တစ်စက်စက်နှင့် ဒေါ်သိန်းမြမှာ တစာစာ ဖြစ်နေပြန်သဖြင့် တွေ့မြင်ရသူများမှာ မသနားဘဲ မနေနိုင်အောင် ဖြစ်နေကြရပြန်လေ၏။ ထိုအခိုက်ဝယ် လာရောက်သတင်းမေးသူများထဲမှ ကိုရေချမ်းဆိုသူက . . .

"ဒေါ်သိန်းမြ သဘောတူမယ်ဆိုရင်တော့ ဘုရားထောင့်က ဗုဒ္ဓဝိဇ္ဇာဂိုဏ်းဝင် ဆရာကြီးမြစကြာကို သွားပင့်ပေးမယ်။ ကလေးမနဲ့ ကံစပ်ရင်တော့ ပျောက်ကင်းပါလိမ့်မယ်"

ဟု ပြောလာသဖြင့် ဒေါ်သိန်းမြနှင့်ဦးဖိုးထွန်းတို့မှာ ဝမ်းသာအားရနှင့် ကျေနပ်စွာပင် ကိုရေချမ်းအား ဆရာပင့်ပေးရန် သဘောတူပါကြောင်းနှင့် ပြောလိုက်သဖြင့် ကိုရေချမ်းမှာလည်း ချက်ချင်းပင် ဆရာပင့်ရန် ထွက်သွားလေသည်။

❁ ❁ ❁

[၄]

## သိုက်နန်းရှင်ညီနောင်

❑

အုန်းသီး၊ ငှက်ပျော၊ ကွမ်း၊ လက်ဖက်တို့ဖြင့် ပြင်ဆင်ထားသော ဘုရားအတွက် ရည်စူးပြီးထားရှိသည့် ကန်တော့ပွဲရှေ့တွင် ဖယောင်းတိုင်များ ထွန်းညှိထားသည်မှာ ဦးဖိုးထွန်း၊ ဒေါ်သိန်းမြတို့ အိမ်ဦးခန်းဝယ် အလင်းရောင်များထိန်လင်းလျက်ရှိနေ၏။ ကန်တော့ပွဲ၏ ရှေ့ဘက်တွင်မူ ဝတ်ဖြူစင်ကြယ်ဝတ်ထားသော အသက် (၅၀) ခန့်ရှိ ဆရာကြီးမြစကြာမှာ ခန့်ညားစွာထိုင်လျက် ရှိနေလေ၏။ ထိုသူမှာကား ကိုရေချမ်းသွားရောက် ပင့်ခေါ်လာခဲ့သော ဘုရားထောင့်မှ ဗုဒ္ဓဝိဇ္ဇာဂိုဏ်းဝင် ဆရာကြီးပင် ဖြစ်လေသည်။

ဆရာကြီးမြစကြာ၏ ရှေ့တွင်မူ သတိမေ့မြောနေသော မတင်ရီကို ပက်လက်ကလေး တွေ့မြင်ရလေ၏။ ဆရာကြီးမှာ လူနာကို အလေးအတ်ကြည့်ရှုပြီး ကန်တော့ပွဲ ပြင်ထားသော စားပွဲပေါ်မှ အမွှေးနံ့သာများ ထည့်



www.burmeseclassic.com

www.burmeseclassic.com



ထားသော နို့သာခွက်ကိုယူ၍ မတင်ရီကို အမွှေးနံ့သာရေများနှင့် အနည်းငယ် တောက်လိုက်ပြီး တစ်စုံတစ်ခုကို ပါးစပ်မှ ရေရွတ်လျက်ရှိနေလေ၏။

ဦးဖိုးထွန်း၊ ဒေါ်သိန်းမြနှင့်တကွ လူနာမတင်ရီကို အာရုံစူးစိုက်ရှိနေကြလေ၏။ ဆရာကြီးမြစကြာ မန်းမှုတ်ပြီး ခဏအကြာမှပင် မတင်ရီမှာ အနည်းငယ် လှုပ်လှုပ်လာသည်။ မတင်ရီ၏ မိဘများနှင့် လာရောက်ကြည့်ရှုသူများမှာ အားတက်သွားကြပြီး လှုပ်လှုပ်ရွရွ ဖြစ်သွားကြလေသည်။

"ကဲ . . . ကဲ . . . ဆရာမေတ္တာရပ်ခံပါတယ် စွဲရင်းတိုင်း ပုဂ္ဂိုလ်များ ဝင်ရောက်လာပြီး သူငယ်မကလေးရဲ့အဖြစ်ကို ရှင်းလင်းစေလိုပါတယ်"

ဆရာကြီးမြစကြာက မေတ္တာရပ်ခံလိုက်သည်နှင့် မတင်ရီမှာ လဲလျောင်းနေရာမှ ပုဆစ်တုတ်ထ၍ ထိုင်လိုက်ပြီး ကန်တော့ပွဲနှင့်တကွ ဆရာကြီးမြစကြာကို ဦးခိုက်လိုက်လေ၏။ ထို့နောက်တွင်မှ မတင်ရီ၏ ပြောနေဆိုနေသော အသံမျိုးမဟုတ်ဘဲ ယောကျ်ားသံနှင့် အောက်ပါအတိုင်း ပြောပြလေ၏။

"ကျွန်တော့်နာမည်က မောင်ကြီးလို့ ခေါ်ပါတယ်။ ကျွန်တော်တို့ဟာ ရေးချောင်းအနီး ဝေဠုသိုက်နန်းမှ သိုက်စောင့်များ ဖြစ်ပါတယ်။ ယခု ညီမလေးမတင်ရီကို တမင်သက်သက် နှောင့်ယှက်ခြင်းမဟုတ်ပါ။ ညီမလေး ရေထဲခုန်ဆင်းတာကို တွေ့မြင်ရတာနဲ့ ဖြစ်ခဲ့လုတဲ့ လူ့အသက်တစ်ချောင်းကို မသေစေလိုတဲ့ သဘောနဲ့ ကျွန်တော့်ညီမောင်လေးနဲ့ ရေထဲမှ ဆယ်ယူပြီး သိုက်နန်းမှာ ပြုစုစောင့်ရှောက်ထားပါတယ်။ ဒါပေမဲ့ ညီမလေးမတင်ရီဟာ သိုက်နန်းအတွင်းမှာ မပျော်ပိုက်ဘဲ သူ့နေရပ်ကို ပြန်ပို့ပါလို့ အတန်တန် ပြောဆိုတာနဲ့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ဦးစလုံး မတင်ရီတို့ရွာထိပ်က ကုက္ကိုပင်ကြီးအောက် အရောက်လိုက်ပို့ပါတယ်။ မောင်အေးနဲ့ လူဝတို့ကိုလည်း မတင်ရီနဲ့တွေ့အောင် ကျွန်တော်တို့ပဲ ဆွဲဆောင်လိုက်ခြင်း ဖြစ်ပါတယ်။





အခု ညီမလေး သတိမေ့နေရတာလည်း ကျွန်တော်တို့ တမင်သက်သက် လုပ်ထားခြင်းမဟုတ်ပါ။ ကျွန်တော်တို့နဲ့ တွေ့ခဲ့ရတဲ့ အဖြစ်တွေ မေ့ပျောက်သွားအောင် ခဏမျှသာ ပြုလုပ်ထားခြင်း ဖြစ်ပါတယ်။ မတင်ရီ၏ မိဘများက ဆရာကို မပင့်နိုင်းဘဲ ဒီအတိုင်းထားရှိရင်လည်း မတင်ရီဟာ မနက်ဖြန် (၃) ရက်မြောက်သောနေ့မှာ အလိုလိုပဲ ပြန်လည်ပြီး သတိရလာပါလိမ့်မယ်။

ကျွန်တော်တို့အနေဖြင့် မတင်ရီကို ညီမလေးအရင်းလို ချစ်ခင်ပါတယ်။ မည်သို့မျှ ဒုက္ခရောက်ရှိအောင် နှောင့်ယှက်မည်မဟုတ်ပါ။ ကျွန်တော်တို့အဖို့မှာလည်း သီလဆောက်တည်ပြီး နောင်ပွင့်မည့် အရိမေတ္တေယျဘုရားရှင်အား လှူဒါန်းမည့် ရွှေ၊ ငွေပစ္စည်း၊ ကျောက်သံပတ္တမြားများကို စောင့်ကြပ်နေရသူများ ဖြစ်ပါတယ်"

ဟု ပြောဆိုပြီး ဘုရားနှင့်တကွ ဆရာအား ဦးခိုက်ကာ ဝတ်ပြုလိုက်လေသည်။

ဆရာကြီးမြစကြာမှာ ခေါင်းတညိတ်ညိတ်နှင့် နားထောင်လျက် ရှိနေရာမှ မိမိအား ဦးတိုက်နေသောမတင်ရီကို ဝင်ပူးပြီးပြောနေသည့် သိုက်နန်းရှင်မောင်ကြီးအား ဆုံးမစကားပြောကာ မိမိတို့သိုက်နန်းကို ပြန်နိုင်ပြီဖြစ်ကြောင်း ပြောလိုက်သဖြင့် မတင်ရီမှာ ငြိမ်ကျသွားလေသည်။

လူနာရှင် ဦးဖိုးထွန်း၊ ဒေါ်သိန်းမြတို့နှင့်တကွ လာရောက်ကြည့်ရှုနေကြသူ အားလုံးမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရုံမျှမက ထူးဆန်းလှသော အဖြစ်ကိုလည်း တအံ့တသြနှင့်ပင် ရှိနေကြလေ၏။ ဆရာကြီးသည် မတင်ရီအား ရေမန်းနှင့် အနည်းငယ် တောက်လိုက်သည်နှင့် မတင်ရီမှာ အိပ်ရာမှ နိုးလာသည့်ပမာ သူ့မှာ ပတ်ဝန်းကျင်ဝဲယာသို့ ဟိုဟိုဒီဒီ လှည့်၍ ကြည့်နေလျက် ရှိသည်။

ဒေါ်သိန်းမြမှာ မတင်ရီ၏အနီးသို့ ချဉ်းကပ်သွားပြီး . . .

"သမီး . . . သမီး . . . သတိရပြီနော် အမေတို့ဖြင့် စိတ်ပူလိုက်ရတာကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မတင်ရီမှာ ဘာမှ သတိမရဟန်နှင့် ...

''ကျွန်မ ဘာဖြစ်လို့လဲ ... မေမေ။ ကျွန်မဖြင့် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေရာက နိုးလာသလိုပဲ''

ဆရာကြီးမြစကြာမှာ သားအမိနှစ်ယောက်တို့ ရွှင်ရွှင်လန်းလန်း ပြောဆိုနေကြသည်ကို ဝမ်းမြောက်စွာနှင့် ကြည့်နေသလို လာရောက်သတင်းမေးကြသူများ အားလုံးမှာလည်း ဝမ်းသာအားရ ဖြစ်နေကြလေတော့သတည်း။

ကျွန်တော်=လိုရာဆန္ဒ ပြည့်ဝကြပါစေ။

အောင်ကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

တိတ်ဆိတ်ငြိမ်သက်နေသော ညဥ့်ယံကို ဆွဲဆွဲငင်ငင် ခွေးအူသံကြီးက ဖောက်ထွက်လာခဲ့ပြီ။

"ဝု ... အူ ... အူး ... အူး ..."

"ဝူး ... အု ... အု ... ဝူး ..."

တစ်ကောင်က စပြီး အူလိုက်သဖြင့် နောက်မှများစွာသော အကောင်တွေကပါ လိုက်၍အူကြသည်။

"ဝု ... အူ ... အူ ... အူး"

ကျေးရွာအုပ်စု ရပ်ကွက်အသီးသီး လာရောက်မြှုပ်နှံသဂြိုဟ်ရာ မြို့ကြီးတစ်မြို့လုံး အားထားရာ သင်္ချိုင်းမို့ သင်္ချိုင်းကုန်းကြီးက ကျယ်ပြန့်နေသည့်အပြင် သင်္ချိုင်းကုန်းတစ်ဖက်အစပ်မှာ ဘုန်းကြီးကျောင်းကလည်း ရှိနေ၍ သုသာန်ကျောင်းမှ ခွေးမွေးထားသဖြင့် ခွေးပေါင်းစုံအူသံ ပေါ်ထွက်လာကာ ဆူညံသွားလေပြီ။





သုဘရာဇာကြီး ဦးချစ်မင်း သင်္ချိုင်းဇရပ်အနီးတွင် တဲတစ်လုံးနှင့် နေထိုင်သူဖြစ်၍ ဆူညံလှသော ခွေးအူသံများကြောင့် အိပ်ရာက လန့်နိုးသွား၏။

သို့သော် ...

အိပ်ရာက မထသေးဘဲ သူ၏ ဝါးကွပ်ပျစ်ပေါ်တွင် ဘယ်လှည့် ညာစောင်း လူးလိမ့်ရင်း ပြန်အိပ်ပျော်နိုင်အောင် ကြိုးစားနေရသည်။

မြို့ကြီးတစ်မြို့၏ သင်္ချိုင်းဖြစ်၍ သင်္ချိုင်းပတ်လည်ကိုအုတ်စည်းရိုးကာရံထားသော်လည်း အချို့နေရာမှာ အုတ်စည်းရိုးများ ပြိုပျက်နေသောကြောင့် သင်္ချိုင်းကုန်းမှာ လုံလုံခြုံခြုံမရှိလှ။

သို့သော် အနောက်ဘက်သုသာန်ကျောင်းခြံစည်းရိုးမှာမူ ကြခတ်ဝါးရုံများ သိပ်သိပ်သည်းသည်းရှိသည်။ မလုံခြုံတာက သင်္ချိုင်းမျက်နှာစာ သုံးဘက်စလုံး။

သင်္ချိုင်းကုန်းပဲ။ လူသေစွန့်ပစ်မြှုပ်နှံသည့် အလုပ်ပဲ မလုံခြုံလျှင်လည်း ကိစ္စမရှိဟု သဘောထားကြလေသလားမပြောတတ်ကြ။ သင်္ချိုင်းကုန်းအုတ်တံတိုင်းတွေကို ဟိုတစ်စ၊ ဒီတစ်စ ပြိုကျပျက်စီးနေမှုကို မည်သူကမျှ အလေးတယူထားပြီး ပြင်ဆင်ကာရံဖို့ မတွေးကြ။ သင်္ချိုင်းအဝင်ဝ စိတ်တံခါးတစ်ချပ်ပင်မရှိတော့။

သင်္ချိုင်းစွန်ကောက်နေသော သူတွေပင် နေသာသလို နေနေကြသည်။ လူသေခွန်ကောက်ပြီး လူသေတွေကို ပစ်ထားကြသည့်ပုံမျိုး။

သည်တော့ သုဘရာဇာ ဦးချစ်မင်းကလည်း အနေသာကြီး။

သူသေကောင်မြှုပ်နှံ ဖုတ်ကျည်းသဂြိုဟ်ရာ သင်္ချိုင်းကိုတော့ လူသွားလူလာမှာ အသုဘရှိမှ မသာပို့သူများ နေ့လယ်နေ့ခင်းဘက်တွင်သာ ရှိတတ်ပြီး ညနေစောင်းနှင့် ညပိုင်းမျိုးမှာ မရှိတတ်။ လူသူ ပြတ်လပ်နေတတ်သည်။

ခုလို ညဥ့်နက်ပိုင်းဆို ပိုဆိုးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညတွင်းချင်းချရမည့် မသာရှိပါမှ ဦးချစ်မင်းတို့လို သုဘရာဇာထံမှာ အကူအညီ ရယူရသည်။ စာရွက်စာတမ်း ခွင့်ပြုချက်ကို သက်ဆိုင်ရာက လက်မှတ်ကို စစ်ဆေးကြည့်ရှုပြီးမှ ဦးချစ်မင်းက လက်ခံသဂြိုဟ် မြှုပ်နှံပေးရသည်။

ညနက်ပိုင်း သင်္ချိုင်းထဲကို ရောက်လာတတ်ကြတာက မရိုးသားသူ ဒုစရိုက်နွယ်သူတွေ များသည်။

ဒါတွေကို ဦးချစ်မင်းက ကိုယ့်အသက်အန္တရာယ်အတွက် ငဲ့ကွက်ပြီး ပါဝင်စွက်ဖက်မနေအား။ ကိုယ့်ဘာသာကိုယ်ပဲ နေလိုက်သည်။

'ခွေးဟောင်တိုင်း ထ မကြည့်နှင့်' ဆိုသော စကားအတိုင်း ဦးချစ်မင်း နေတတ်သည်။

ခုလည်း ခွေးအူသံကြီးတွေ ကြားရပြီး နောက်ခွေးဟောင်သံတွေ ဆူဆူညံညံ ကြားရသော်လည်း ထကြည့်ဖို့ စိတ်မကူး။ ဆက်အိပ်ရန်သာ ဆုံးဖြတ်ပြီး အိပ်ရာထဲ လူးလိမ့်နေလိုက်သည်။

"ဝုတ် ... ဝုတ် ..."

"ဝူး ... ဝူး ... ဝုတ် ... ဝုတ် ..."

"ဖျောင်း ... ခွပ် ..."

"အိုင် ... အိုင် ... ဝုတ် ..."

ဟောင်နေသည့်ခွေးကို ရိုက်နှက်သံနှင့် အရိုက်ခံရ၍ နာကျင်စွာ အော်ဟစ်လိုက်သော ခွေးအော်သံတွေ ကြားလိုက်ရပြန်သည်။

ဒါဆို သင်္ချိုင်းကုန်းအတွင်းသို့ လူစိမ်းသူစိမ်းများ ရောက်နေတာ သေချာသည်။

ထိုအသံများမှ သင်္ချိုင်းဇရပ်ဘက်မှ ကြားလိုက်ရခြင်းပင်။

သုဘရာဇာချစ်မင်း ထွက်မကြည့်လိုပေမည့် သူ၏တဲကလေးအတွင်း ပေါက်ပြဲနေသော အပေါက်မှ အသာချောင်းကြည့်လိုက်မိသည်။

လူနှစ်ယောက် ...





လရောင်အောက်မှာ တစ်စုံတစ်ခုအား ပွေ့ပိုက်လာသည်။

သူတို့ပွေ့ပိုက်လာသော အရာကို ဇရပ်ပေါ် လှမ်းတင်လိုက်ချေ။

သူတို့နှစ်ယောက်နောက်မှာ ခွေးတချို့ လိုက်ပါလာသည်။

ခွေးတွေကို သူတို့လက်ထဲမှာ ပါသောတုတ်ဖြင့် လှမ်း၍တစ်ယောက်က ရိုက်သည်။

"ဒုတ် ... ခွပ် ..."

"အွတ် ... အူး ..."

ခွေးတွေ အနားမကပ်ရဲသော်လည်း ခပ်လှမ်းလှမ်းမှနေ၍ ဟောင်ကြသည်။

သုဘရာဇာ ဦးချစ်မင်း စိတ်ဝင်စားသွားသည်။

တဲတံခါးကို အသံမကြားအောင် ဖွင့်ပြီး မှောင်ရိပ်ခိုကာ အပြင်ထွက်လိုက်သည်။

သူ့လက်ထဲမှာ အရေးကြုံက အသုံးပြုရန် လုံရှည်တစ်ချောင်း ဆွဲကိုင်ထားသည်။ တစ်ဖက်မှာမူ လက်နှိပ်ဓာတ်မီး ပါသည်။

သို့သော် လက်နှိပ်ဓာတ်မီးကို မထိုးရဲ။

မှောင်ရိပ်ခိုပြီး အုတ်ဂူတွေကြား တိုးဝင်ကာ သင်္ချိုင်းဇရပ်နှင့် နီးနိုင်သမျှ နီးအောင် တိုးကပ်သွားသည်။

ခွေးတွေက သူ့ကို ဂူတွေကြားထဲမှာ တွေ့ပေမည့် မဟောင်ကြ။ ဘုန်းကြီးကျောင်းမှ ခွေးများသည် သူ့ကို ရင်းနှီးနေလေပြီ။

သူက လူစိမ်းနှစ်ယောက် မမြင်အောင် တိုးကပ်သွားစဉ် အသံကြားလောက်သော နေရာအနေအထားသို့ ရောက်လာပြီ။

"တူးပြီးမြှုပ်ဖို့ကိစ္စ ဘယ်လိုလုပ်မလဲ"

"သူ့ကို သတ်မှ မသတ်ရသေးဘဲ"

"ဒီလောက်အထိတော့ ငါမလုပ်ရဲဘူး"

"ဟုတ်တယ် ... လူသတ်တဲ့အလုပ်ကို မလုပ်ရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒီကလေးကို ဒီအတိုင်း ဇရပ်ပေါ် ပစ်ထားခဲ့ကွာ"

"ခွေးတွေစားရင် ဘယ်လိုလုပ်မလဲ။ ခွေးတွေက တော်တော်သောင်းကျန်းတယ်"

"ဒါတော့ သူ့ကုသိုလ်နဲ့ သူပေါ့ကွာ"

သူတို့ပြောသော စကားအရ သူတို့ပိုက်ထားသောအထုပ်မှာ ကလေးတစ်ယောက်ဖြစ်ကြောင်း သိလိုက်ရသည်။

သူတို့နှစ်ယောက် ပြောဆိုသည့်အတိုင်း အထုပ်ကို ဇရပ်ပေါ်တင်ပြီး ဒီအတိုင်းထားခဲ့သည်။

ပြီးတော့ ခပ်သုတ်သုတ် လျှောက်လှမ်းပြီး ဇရပ်ပေါ်မှ ပြန်ဆင်းသွားကြသည်။

သူတို့ သချိုင်းအပြင်ရောက်သွားသည့်အထိ ဂူတွေကြားထဲမှာ သုဘရာဇာချစ်မင်း ငြိမ်နေလိုက်သည်။

သချိုင်းအပြင်မှာ ကားတစ်စီး အသင့်ရပ်ထားတာကို တွေ့ရသည်။ ကားမှာ ကိုယ်ပိုင်ကားဖြစ်သည်။

သူတို့နှစ်ယောက် ကားပေါ်ရောက်မှ ကားမောင်းထွက်သွားသည်။

သူတို့ထွက်သွားမှ ချစ်မင်း ဇရပ်ပေါ် ပြေးတက်သွား၏။

ပြေးမတက်လို့ကလည်း မဖြစ်။

ခွေးတွေက ဇရပ်ပေါ် တက်နေကြပြီ။ မကြာခင် ကလေးကို ဝိုင်းကိုက်စားပစ်လိုက်ကြလျှင် အခက်။

ချစ်မင်းတို့က အသက်မရှိတဲ့ လူသေကောင်တွေကိုသာ မြေမြှုပ်ရဲပေမည့် အသက်ရှင်သူကိုတော့ တန်ဖိုးထားသည်။

သူ ဇရပ်ပေါ်ရောက်သွားပြီး လက်နှိပ်ဓာတ်မီး ထိုးကြည့်တော့ တစ်နှစ်သားအရွယ် ကလေးလေးတစ်ယောက်။ မလှုပ်မယှက် ငြိမ်သက်လျက်။





ကလေးကို အိပ်ဆေးတိုက်ထားပြီး တမင်ငြိမ်သက်အောင် ဖန်တီးထားပုံရသည်။ ကလေးက အသက်ရှူနေလျက်။

"တောက် ... တော်တော်ရက်စက်တဲ့ လူတွေ၊ လူစိတ် မရှိကြဘူး"

"ပြီးတော့ ကိုယ်ပိုင်ကားနဲ့ လာကြပုံထောက်ရင် လူကုံထံထဲက ဖြစ်ပုံရတယ်"

"ဝုတ် ... ဝုတ် ... ဝုတ် ..."

ဦးချစ်မင်းခွေးတွေကို လှမ်းဟန့်ရှင်းထုတ်ပြီး ကလေးအား ပွေ့ချီလိုက်သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

''ကျုပ် စိတ်ညစ်တယ်ဗျာ။ ကျောင်းမှာ ကျုပ်ကို တချို့ကောင်လေးတွေက မတူမတန်သလို ဆက်ဆံကြတယ်။ ကျုပ်ကွယ်ရာမှာ သုဘရာဇာရဲ့မြေးလို့ ပြောနေကြတယ် . . . အဘရာ။ အဲဒါ ဘာဖြစ်လို့လဲဟင်။ သုဘရာဇာဆိုတာ ဘာကိုခေါ်တာလဲ''

ဦးချစ်မင်း ထိုကောင်လေးကို ဘယ်လိုပြန်၍ အဖြေပေးရမည်မှန်းမသိ။

အမှန်အတိုင်း ပြောပြဖို့ကလည်း အခက်။

သင်္ချိုင်းကုန်းမှာ လူမသမာတွေလာပြီး စွန့်ပစ်စဉ်က တစ်နှစ်သာသာ ကလေးငယ်လေး။

သူ့ကို ဟိုလူတွေ စွန့်ပစ်ထားသည့်အတိုင်း ထားလိုက်ပါက ဒင်းကလေး ဒီဘဝ ဒီအရွယ် ရောက်လာနိုင်လိမ့်မည်မဟုတ်။ ခွေးတွေစားလို့ တစ်စစီဖြစ်ပြီး ပျက်စီးလောက်ပြီ။

သူက သနားပြီး ကောက်ယူမွေးစားခဲ့သည်။





ကိုချစ်မင်းသည် ဓာတ်ခဲရေဒီယိုလေးတစ်လုံး ရှိသလို မယ်ဒလင်ဟောင်းတစ်လုံးရှိသည်။ မြန်မာ့အသံသီချင်းများ နားထောင်သလို မြန်မာသီချင်းများကိုလည်း လက်သံကောင်းကောင်းနှင့် ကျွမ်းကျင်စွာ တီးတတ်ယူဖြစ်၏။ မွေးစားကလေးကို ထိုအရာများနှင့် ဖြေဖျော်တတ်၏။

သူ့အရွယ်က ထိုစဉ်အခါက အသက်ငါးဆယ်ဝန်းကျင်ဆိုတော့ သားမယားရှိသူမဟုတ်၍ မွေးစားသားပါလို့ မပြောရက်။ သားသမီးအဖြစ်ထက် 'မြေးကလေး'အဖြစ် မွေးစားခဲ့ခြင်းပင်။

ထိုကလေးသည် သူနှင့် နှိုင်းယှဉ်လျှင် အဆင့်အတန်းအားဖြင့်များစွာ ကွာခြားနိုင်သည်။

ကလေးလေးက အသားဖြူဖြူ။ လူရည်သန့်သန့် အထက်တန်းလွှာမိသားစုက ပေါက်ဖွားလာပုံမျိုး။

လူကတော့ သင်္ချိုင်းကုန်းမှာ မသာသင်္ဂြိုဟ်ရင်း တွင်းတူးမြေမြှုပ်အောက်တန်းကျသော အလုပ်လုပ်စားနေရသူ၊ ရုပ်ရည်အားဖြင့် ထိုချောချောသန့်သန့်ကလေးကို သူ့သားဟု ပြောရမှာကို ပြောမထွက်ရက်။

သူ့မျက်နှာမှာ ကျောက်ပေါက်မာတွေနှင့်။ မျက်စိတစ်ဖက်မှာ ကျောက်ကြီးဝင်ပြီး ဟောက်ပက်ဖြစ်လျက် ကွယ်ခဲ့သည်။ အသားအရေအားဖြင့် နေပူစပ်ခါး သင်္ချိုင်းမြေကြမ်းမှာ အလုပ်ကြမ်း လုပ်နေရသူမို့ မဲမဲကျုတ်ကျုတ်။

ညအချိန်မတော် သူ့ကို မြင်သူများ ရုတ်တရက် လန့်ဖျားပြီး သေနိုင်လောက်သည်။

တစ္ဆေသရဲက အဘခေါ်ယူရမည့် ရုပ်ရည်မျိုး။

သည်တော့ ကောက်ရသည့် (သို့မဟုတ်) စွန့်ပစ်ခံရ၍ ရယူမွေးစားခဲ့သည့် ထိုလူကောင်ကလေးကို သင်္ချိုင်းမှာ အလုပ်လုပ်စားသည့် အယ်ခံလူကြီးက အကြင်နာဖက်၍ မွေးခဲ့သော်လည်း သားအဖြစ်တောင် မပြောရက်၍ မြေးလေးအဖြစ် ခေါ်ဝေါ်သတ်မှတ်ခဲ့သည်။ အမှန်တော့ သူက အဖေပဲ



www.burmeseclassic.com

www.burmeseclassic.com



မင်းအဖေဟာ ငါပဲကွလို့ ပြောမည်ဆိုက ပြောနိုင်သည်။

ဒါပေမဲ့ လူမမယ်ကလေးလေးအပေါ် အနိုင်ကျင့်သည့်အဖြစ်မျိုး တော့ သူ အဖြစ်မခံနိုင်။ သူ့စေတနာက အဲဒါမျိုး။

နို့ပြတ်ဟန်မတူသေးသော အဲဒီကောင်လေးကို သူသည် သချိုင်း အစပ်တဲစုမှာ နွားမွေးထားသော 'ချင်းနယားဘဲလူး' ဆိုသော ကုလားဆီမှ နွားနို့ဝယ်တိုက်ခဲ့သည်။

ထမင်းကျတော့ ... အဲ ... အဲ ...။

မသာရှိလျှင် ကောင်းကောင်းစား။

ကြက်သား၊ ဝက်သား၊ ဘဲသား၊ ငါးကြော်၊ အကောင်းစားတွေ။

ဘာကြောင့်ဆို မသာချလာလျှင် စားမြိန်စာထုပ် မသာစားဖို့ ပါလာ တတ်သည်။ အဲဒီမှာ အကောင်းစား အစားအစာတွေ။ သူ့ဒွေးလို သူတို့မြေး အဘိုးနှစ်ယောက် စားကြရသည်။

ဒီကောင်လေးက ငယ်ငယ်ကတည်း မသာရှိလျှင် ဟင်းကောင်းစား ရမှန်းသိနေ၍ ထိုစဉ်က အင်မတန် ပျော်ရွှင်နေတတ်၏။

"အဘရယ် ... မသာက မလာတော့ဘူးလား"

"ဘာဖြစ်လို့လဲ ... မြေးရယ်"

"သား ... ဟင်းကောင်းကောင်းနဲ့ ထမင်းမစားရတာ ကြာပြီ လေ"

"အေး ... အေး ... လာမှာပေါ့ ... မြေးရယ်"

"မသာရယ် ... မြန်မြန်လာပါတော့ ... သားသား ဟင်းကောင်း စားချင်လှပြီ။ မသာရယ် မြန်မြန်လာပါတော့"

"ဟဲ့ ... သားလေး ... အဲဒီလို ဆုမတောင်းကောင်းဘူး။ ကိုယ့် ကြောင့် သူတစ်ပါး ဒုက္ခရောက်တတ်တယ်"

"သားက ဟင်းကောင်းစားချင်တာကိုး"

"သား ဟင်းကောင်းစားချင်ရင် အဘ ရှာဖွေပေးပါ့မယ်။ အဲလို ဆုမတောင်းရဘူးနော် သား"





ဦးချစ်မင်း ထိုကလေးငယ် အမိုက်အမဲကလေးကို မမိုက်အောင် သင်ကြားပြီး သူကိုယ်တိုင် လူမိုက်လုပ်ရသည်။

လေးခွယူပြီး သချိုင်းကုန်းသစ်ပင်ကြီးတွေပေါ်မှာ နေနေကြသော ကျီးကန်းတွေ ငှက်တွေကိုပစ်၊ ကြော်ကျွေးရတော့သည်။

"အဘ ... ဒီငှက်တွေက သေးတယ်ဗျာ။ စားရတာ မဝဘူး ဟို ... ဟိုလေ .. သချိုင်းကုန်းထဲ ဝင်ဝင်လာတဲ့ ကြက်တွေကို ပစ်ပြီး ကျွေးပါ အဘရယ်။ ကြက်တွေက ကြီးတယ်ဗျာ"

"ဟဲ့မြေး ... အဲဒါ အကုသိုလ်ပိုများတယ်ကွယ့်။ အဲဒီလို မပြော ရဘူး"

"ဟာဗျာ ... ကျီးကန်းလည်း အသက်၊ ငှက်လည်း အသက်၊ ကြက်တွေလည်း အသက်နဲ့ဟာ"

"အသက်ချင်းတူပေမယ့် အကုသိုလ်ဖြစ်ပုံချင်း မတူဘူး သားလေး ရဲ့"

"ဘယ်လို မတူတာလဲ"

"သချိုင်းထဲဝင်လာတဲ့ ကြက်တွေက ဘုန်းကြီးကျောင်းက ကြက် တွေ။ ခုနစ်ရက် သားသမီးတွေ ဇီဝိတဒါနအတွက် သူတို့ အသက်ရှင် အထောက်အပံ့ဖြစ်စေဖို့ ဘေးမဲ့ လာလှူထားရတာ။ အဲဒီလို သူများလှူထား တာကို ခိုးယူပစ်သတ်ပြီး မစားကောင်းဘူး။ ငရဲပိုကြီးတယ်ကွယ့်"

"ဒါဖြင့် စားမြိန်စာထုပ်တွေက သူများလှူရတာ မဟုတ်ဘူးလား အဘရယ်"

"ဒါက အပြီးလှူဒါန်းတာကွယ့်။ အန္တရာယ်ကင်းတယ် ငရဲမကြီးပါ ဘူး"

အဲဒီမွေးစားသားကလေးကို ငယ်စဉ်ကတည်းက လိမ္မာ[illegible] အောင် ဦးချစ်မင်း ပြောဆိုဆုံးမ သွန်သင်အနစ်နာခံခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်လေးကို ဦးချစ်မင်းသည် အနာဂတ်ကောင်းစေရန် ကလေးအတွက် မျှော်လင့်ချက်ထားကာ 'မောင်ချမ်းသာ'ဟု နာမည်ပင် ပေးခဲ့သည်။ ဒီကလေး ချမ်းသာအောင် သူ ကြိုးစားရသည်။

ခု မောင်ချမ်းသာ ဆယ့်ငါးနှစ်သား ရောက်နေပြီ။

ပညာတတ်ကြီးတစ်ယောက် လူတစ်လုံးသူတစ်လုံး ဖြစ်စေရန် ကြိုးစားပြီး ကျောင်းထားပေးခဲ့သည်။

အတန်းကြီးလာတော့ အပေါင်းအသင်း စုံလာသည်။ ထိုအပေါင်းအသင်းတွေထဲမှာ လူမျိုးစုံ ပါလာသည်။ အဆင့်အတန်း ခွဲခြားချင်သူတွေ ပါလာသည်။

ထို့ကြောင့် သုဘရာဇာကိစ္စ မောင်ချမ်းသာက ဦးချစ်မင်းကို ပြန်၍ မေးခြင်းဖြစ်၏။

''ကျုပ် စိတ်ညစ်တယ်ဗျာ ... ကျောင်းမှာ ကျုပ်ကို တချို့ကောင်လေးတွေက မတူမတန်သလို ဆက်ဆံကြတယ်။ ကျုပ် ကွယ်ရာမှာ သုဘရာဇာရဲ့ မြေးလို့ ပြောနေကြတယ် ... အဘရာ။ အဲဒါ ဘာဖြစ်လို့လဲဟင်။ သုဘရာဇာဆိုတာ ဘာကိုခေါ်တာလဲ''

ဒီအဖြေကို ပေးဖို့လာတော့ သုဘရာဇာအလုပ် လုပ်နေသူတိုင်းမှာ ရှိပြီးသား။

''အသုဘ မသာတွေရဲ့ ရာဇာဘုရင်ကြီးပေါ့ဆိုတာမျိုး အရွဲ့တိုက် အပေါ်စီးက ဖြေတာမျိုး။ ဒါမှမဟုတ် သူတို့အဘရဲ့ ဘုရင်ကွဆိုတာမျိုး''

အသုဘ သေဆုံးသည့်မသာများရဲ့ရာဇာ လုပ်ချင်သလို လုပ်လို့ရတဲ့ ဘုရင်ကြီး စသည်ဖြင့်ပေါ့။

ဒါပေမဲ့ သူက ထိုသို့ တုံ့ပြန်အဖြေမျိုးကို မဖြေ။

သူချစ်သော မောင်ချမ်းသာကလေးကို လောကကြီးအား အရွဲ့တိုက်သူ မဖြစ်စေချင်။ လူကောင်းသူကောင်းကလေး လူလိမ္မာတစ်ယောက်သာ ဖြစ်စေချင်သည်။





''မတင့်တယ် မဖွယ်ရာတာတွေကို အနစ်နာခံပြီး ကောင်းမွန်တင့်တယ်အောင် ပြင်ဆင်ပြုလုပ်ပေးတဲ့ သူပေါ့ကွယ်။ အဘ ခြုံငုံပြီး ပြောရရင် သူများတွေ မလုပ်ချင်တဲ့အလုပ်ကို အနစ်နာခံပြီး လုပ်ကိုင်ဆောင်ရွက်သူလို့ပြောရင် လုံလောက်ပါပေရဲ့ကွယ်''

''ဒါဆို ကောင်းတဲ့အလုပ်ပဲ။ ဒါကို လူတွေက ဘာဖြစ်လို့ နှိမ်ချင်ကြတာလဲ မသိဘူးနော် အဘ''

''အဲဒါ လူတွေမို့လို့ပေါ့ကွယ် ...။ လူတွေဟာ သတ္တဝါတွေထဲမှာ အမိုက်ဆုံး သတ္တဝါတွေပဲ။ ကိုယ်မလုပ်ချင် မလုပ်နိုင်တဲ့အလုပ်ကို သူများလုပ်ရင် အကောင်းမြင်မပေးနိုင်တတ်ကြဘူး။ အဲဒါကို ငါ့မြေးနားလည်ထားရင် အဲဒီလူတွေ ပြောသမျှကို ဘယ်လိုမှ သဘောထားစရာမလိုတော့ဘူး''

ဘယ်သူ ဘာပြောပြော ဂရုစိုက်စရာမလိုဘူးဟူသော ဖယားကိုပင် ဦးချစ်မင်း လူတွေနားထဲဝင်အောင် သူ့မြေး မောင်ချမ်းသာကို သင်ပေးခဲ့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

မောင်ချမ်းသာ အရွယ်ရောက်လာသည့်အချိန်မှာ ဦးချစ်မင်းအတွက် ဦးနှောက်ခြောက်စရာတွေ ပေါ်လာ၏။

မောင်ချမ်းသာ ဆယ်တန်းအောင်သွား၏။ ဖိုးဒီဟု ခေါ်သော ဂုဏ်ထူးလေးဘာသာ ရသည်။

ထိုသို့ ဂုဏ်ထူးလေးဘာသာ ရပြီးနောက် မောင်ချမ်းသာ အပြင် ဝေးဝေးလံလံသို့ မသွားတော့ဘဲ သင်္ချိုင်းအတွင်းမှာပဲ နေတော့သည်။

နေ့ပိုင်းမှာ အများအားဖြင့် တဲအတွင်းမှာ နေသည်။ သင်္ချိုင်းမှာ မသာချစရာရှိ၍ လူစည်ကားသည့်အချိန်မျိုးဆိုလျှင် လုံးဝ တဲအပြင်သို့ မထွက်တော့။

သို့သော် ထူးခြားသည်က ညပိုင်းတွင်းမှ တဲအပြင်ထွက်ပြီး သင်္ချိုင်းကုန်းတစ်ဝိုက် ဂူတွေကြား လျှောက်၍သွားနေခြင်းပင်။

သင်္ချိုင်းအုတ်ဂူတွေအပေါ် အကျအနထိုင်ပြီး အစားအသောက်တွေ ပန်းကန်နှင့်ဖြစ်စေ၊ ဖက်ပေါ်တင်၍ဖြစ်စေ အပေါင်းအသင်းများနှင့် ဝိုင်းဖွဲ့စားသလို စားသောက်ရင်း စကားပြောသည့်အခါ ပြောနေတတ်သည်။





"ဟော့ကောင်တွေ . . . တစ်ယောက်နဲ့တစ်ယောက် လုမစားကြနဲ့လေ။ လုစားတာဟာ လူတွေရဲ့ အကျင့်တွေ၊ တစ်ယောက်ကိုတစ်ယောက် ဗိုလ်ကျပြီး နိုင်ရာစားလောကဟာ လူတွေမှာပဲရှိတယ်"

ထိုသို့စကားမျိုးကို မွေးစားသားသို့မဟုတ် မြေးကလေးချမ်းသာဆီမှ ဦးချစ်မင်း တိတ်တိတ်ကလေး နားထောင်စဉ် ကြားနေရ၍ ဦးချစ်မင်း လန့်ဖျပ်သွား၏။

သူလန့်ဖျပ်သည်မှာ တစ္ဆေသရဲတွေကို ကြောက်လန့်၍မဟုတ်။

တစ္ဆေသရဲတို့၊ ပြိတ္တာတို့ မလွတ်မကျွတ်နိုင်သေးသော ပရလောကသားတွေ ဒီသင်္ချိုင်းကုန်းမှာ မရှိဘူးမဟုတ်။ ရှိနိုင်သည်။

သူနှင့် တွေ့တွေ့ဆိုင်ဆိုင် မကြုံရပေမည့် အရိပ်အယောင်လောက်တော့ ကြုံရတတ်သည်။

သို့သော် သူလည်း သူ့လမ်းသူသွား။

ကိုယ်လည်း ကိုယ့်အလုပ်ကိုယ်လုပ်။

ငြိမ်းချမ်းရေး ဒီပလိုမေစီနှင့် ရန်သူတွေဖြစ်မနေဘဲ အတူတကွ ညှိတွဲနေထိုင်ရေးမူဖြင့် ဗုဒ္ဓဘာသာနည်းလမ်းအရ မေတ္တာပို့ အမျှအတမ်းဝေတာ နေထိုင်ခဲ့ခြင်းကြောင့် ဆိုးဆိုးရွားရွားအဖြစ်မျိုးတွေနှင့် ဘယ်သောအခါမှ မကြုံခဲ့ရ။

ခုတော့ သူ့မြေးချမ်းသာကမှ သူ့ထက် သာနေလေပြီ။

တစ်ခါတစ်ရံ စကားပြောဆိုရုံနှင့် မဟုတ်။

"ကဲ . . . ဟော့ကောင် ထိပ်နီကြီး၊ မင်းအရက်သောက်ပြီး မသေခင် တက်ဆက်ခွေတွေ ထွက်ခဲ့တာပဲ။ မင်းက သီချင်းဆို၊ ဟိုတလောက သေခဲ့တဲ့ မသာမ မနှင်းဆီက အငြိမ့်ကခဲ့တော့ ဟိုရှေ့က ဂူကြီးပေါ်မှာ ဆင်လုပ်ပြီးက ငါက အတီးပေါ့"

အဲဒီလိုပြောပြီး မယ်ဒလင်နှင့် အငြိမ့်သီချင်းတွေ တီးသည်။

ဘုရား . . . ဘုရား . . . သူ့မွေးစားမြေးကို ဦးချစ်မင်း မယ်ဒလင်တီး သင်ပေးခဲ့တာ မှားများ မှားသွားခဲ့ပြီလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ တခြားလောကသားတွေနဲ့ပဲ အပေါင်းအသင်းလုပ်ချင်စိတ်တွေ ဝင်ပြီး ခုလိုဖြစ်သွားတာပဲ''

''ဒါဆို အရှင်ဘုရား . . . တပည့်တော် မြေးလေးမှာ သူ့အပေါင်းအသင်း တစ္ဆေသရဲတွေ တကယ်ရှိနေမှာပဲနော် . . . ဒုက္ခပါပဲဘုရား''

''အဲဒါတော့ ကျုပ်လည်း တပ်အပ်မပြောနိုင်ဘူး။ ကာယကံရှင်ကိုယ်တိုင်ဖြစ်တဲ့ မောင်ချမ်းသာတစ်ယောက်ပဲ သိနိုင်ပါလိမ့်မယ်။ သူ့ကို ဒီအကြောင်းသွားမေးရင် သူကလည်း ဘယ်တော့မှ ဟုတ်တယ်မဟုတ်ဘူးဆိုတာ အဖြေမှန်ကို ပြန်ပေးမှာ မဟုတ်ဘူး။ ကျုပ်လည်း အမျိုးမျိုး စမ်းသပ်ကြည့်ပြီးပြီ။ အဲဒါတစ်ခုကိုတော့ သူမဖြေဘူး။ ကျုပ်ကို မဖြေသလို တခြား ဘယ်သူမေးမေး ဖြေမှာတော့ မဟုတ်ဘူး'''

''ဒါဆို ဒုက္ခပါပဲဘုရား။ ဆယ်တန်းစာမေးပွဲလည်း ဂုဏ်ထူးလေး ဘာသာနဲ့တောင် အောင်ထားတာ။ သူ ကျောင်းဆက်တက်ပြီး ပညာသင်ဖို့ ဘယ်လိုလုပ်ရမှာလဲ။ မကြာခင် ကျောင်းတွေ ပြန်ဖွင့်တော့မယ်။ သူ့ကို တပည့်တော်က ဆေးတက္ကသိုလ်တက်ပြီး ဆရာဝန်ကြီး ဖြစ်စေချင်တာ''

''ဒကာကြီးက သူ့အတွက်ဝင်ပြီး လောဘကြီးမနေပါနဲ့တော့။ အလကား ဒကာကြီးပဲ စိတ်မောရတယ်။ ကိုယ့်အတွက် ကိုယ်ပူတာတောင် လူတွေအတွက် လွန်လှပြီ။ ကိုယ့်အပြင်၊ ကိုယ့်သားသမီး၊ ကိုယ့်မယား၊ ကိုယ့်လင်အတွက် ပူတာဟာ အပူကို အငှားယူပြီး ပူနေကြတာပဲ။ အဲဒီ အပူတွေက လောဘမှာ အခြေခံတယ်။ ဖြစ်မလာရင် ဒေါသဖြစ်ရတယ်။ ဖြစ်သေးခင်မှာ မောဟတွေ ပွားများကြရတယ်။ အဲဒါတွေ ငြိမ်းအောင် တရားရှာပေါ့ . . . ဒကာကြီးရယ်။ ကံစီမံတဲ့အတိုင်း တစ်နေ့ ဖြစ်လာရလိမ့်မယ်လို့သာ နှလုံးပိုက်ပါတော့''

ဦးပဥ္စင်းဇဝန၏ တရားပြဆုံးမမှုကလည်း နည်းလမ်းကျနေသဖြင့် ဦးချစ်မင်း လက်ခံနှလုံးသွင်းပြီး ပြန်လာခဲ့ရသည်။

✿ ✿ ✿

# [၄]

❑

ဦးချစ်မင်း သူ၏ မွေးစားမြေးကလေးဖြစ်နေပုံကို မကြည့်ရက်တော့ဘဲ သုသာန်ကျောင်းဦးပဥ္စင်းလေး ဦးဇဝနထံ ရောက်သွားပြီး ဖြစ်ကြောင်း ကုန်စင် ပြောပြသည်။

ဦးပဥ္စင်းလေးက ကျောင်းထိုင်ဆရာတော်ကြီး ဦးစန္ဒောဘာသ၏ လက်ထောက်ကိုယ်တော်ဖြစ်သည်။ သံဃာ့တက္ကသိုလ် ကျောင်းဆင်းဖြစ်၍ ခေတ်ပညာလည်း တတ်သည်။ ဘွဲ့ဒီဂရီတစ်ခု ရယူကာ မကြာခင် ကျောင်းထိုင်ဖြစ်လာတော့မည့် ကိုယ်တော်ဖြစ်၏။

ဦးပဥ္စင်းလေးရှင်ဇဝနနှင့် မောင်ချမ်းသာတို့မှာလည်း အနေသိပ်မဝေး၍ ယခင်ကတည်းက သိကျွမ်းခင်မင်နေရသူများဖြစ်၏။

ဦးပဥ္စင်းလေးက မောင်ချမ်းသာကို ခေါ်ယူတွေ့ဆုံသည်။

ပြီးတော့မှ မောင်ချမ်းသာအတွက် စိတ်ပူပန် အစိုးရိမ်ကြီးစွာ မွေးစားအဖေ ဦးချစ်မင်းကို မောင်ချမ်းသာ အခြေအနေကို ပြန်ပြော သည်။

''ကောင်လေးကို လူတွေ မကောင်းကြောင်း ဒကာကြီးက ပြော လွန်းလို့လားမသိဘူး။ ကောင်လေးက လူတွေနဲ့ သိပ်ပေါင်းသင်းလိုစိတ် မ



www.burmeseclassic.com

www.burmeseclassic.com

[၅]

❑

ထိုအတောအတွင်း သုသာန်ပတ်ဝန်းကျင်မှာ ဖြစ်ရပ်သုံးရပ် မှတ်မှတ်ရရ ပေါ်ထွက်လာ၏။

ပထမဖြစ်ရပ်မှာ ထိုမြို့မှ မြို့မျက်နှာဖုံး သူဌေးကတော်တစ်ယောက်၊ လူနှစ်ယောက်နှင့်အတူ မသာမချဘဲ သုသာန်သို့ ကိုယ်ပိုင်ကားတစ်စီးနှင့် ရောက်လာခဲ့သည်။

သုဘရာဇာကြီး ဦးချစ်မင်းနှင့် လာရောက်တွေ့ဆုံခြင်းပင်။

"လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က ယောကျ်ားလေးတစ်ယောက်ကို ကျွန်မရဲ့ယောကျ်ား လူယုံတော်နှစ်ယောက်က ဒီသင်္ချိုင်းထဲမှာ လာပစ်ခဲ့တယ်လို့ သိရတယ်။ အဲဒီကလေးနဲ့ရွယ်တူ လူရေသန့်ယောကျ်ားလေးတစ်ယောက်က အဘရဲ့မြေးအဖြစ် ဒီသင်္ချိုင်းမှာ နေနေတယ်လို့ ဆက်စပ်သတင်းရတော့ ကျွန်မရဲ့သားလေး ဖြစ်မှာပဲဆိုပြီး ကျွန်မ လိုက်လာတာပါ"

ပထမတော့ သုဘရာဇာကြီး ဦးချစ်မင်း သူ တွယ်တာချစ်ခင်နေရသော သားကလေးမောင်ချမ်းသာကို လက်လွှတ်ဆုံးရှုံးရတော့မည်ဟု ထင်ပြီး လိမ်ညာရန် ကြံစည်မိသည်။





သို့သော် မိမိဆန္ဒကို ဦးစားပေး၍မဖြစ်ဟု ဆုံးဖြတ်ပြီး ...

"ဪ ... ကလေးကို စွန့်ပစ်ခဲ့တဲ့ သူဌေးကတော်ကြီးကို။ ဒါဆို ကျုပ်ကလည်း အဲဒီကလေးအကြောင်းကို ပြောပြဖို့ ကလေးကို စွန့်ပစ်ရတဲ့ အကြောင်းအရင်းခံကို သိထားရပါလိမ့်မယ်"

"ကျွန်မယောကျ်ား စက်သူဌေးကြီးဦးတင်ထွန်းက ဗေဒင်ကို အရမ်းယုံပါတယ်။ ဒီကလေး ကိုယ်ဝန်ရှိကတည်းက အကျိုးမပေးဘူး၊ ဗြိုဟ်မွှေလိမ့်မယ်လို့ အဟောရှိထားခဲ့ပါတယ်။ ဒါပေမဲ့ သားသမီးအချစ်နဲ့ ကျွန်မတို့ကလေးကို မွေးခဲ့ပါတယ်။ ကလေးဟာ သားဦးဖြစ်ပြီး စနေဖွား နေတက်၊ ရေတက်မှာ မွေးပြီး သိသိသာသာကို ခိုက်လာပါတယ်။ သူ့ကို ကိုယ်ဝန်လွယ်ထားတုန်းက ကျွန်မတို့ ပိုင်တဲ့စက်လှေတစ်စီး ပင်လယ်ထဲမှာ ကုန်တွေအပြည့်နဲ့ နစ်မြုပ်သွားပါတယ်။ သိန်းတစ်ထောင်ကျော်လောက် ဆုံးရှုံးခဲ့ပါတယ်။ သူ့ကိုမွေးတဲ့လမှာပဲ နယ်က ကျွန်မတို့ပိုင်တဲ့ ဆန်စက်ကြီး မီးလောင်သွားပါတယ်။ အဲဒီမှာ သိန်းနှစ်ထောင်ကျော်ကျော် ဆုံးရှုံးသွားပါတယ်။ ကျွန်မယောကျ်ားက ဗေဒင်ဟောတဲ့အတိုင်း ဖြစ်ပြီဆိုပြီး အဲဒီကလေးကို စွန့်ပစ်ဖို့ ပြောခဲ့ပါတယ်"

"ကျွန်မက မိခင်ဖြစ်နေလို့ မိခင်မေတ္တာနဲ့ သူပြောသလို မစွန့်ပစ်နိုင်ဘဲ ဆက်မွေးရာက ကျွန်မတို့ မိသားစု ကျွန်မဘက်က အဖေအမေကို ဝါကျွတ်ကန်တော့ဖို့အသွား ကျွန်မတို့ ကားမှောက်ပြီး ကျွန်မ ယောကျ်ား ပေါင်ကျိုးသွားပါတယ်။ ကျွန်မလည်း ခေါင်းကိုထိပြီး ရန်ကုန်က ဦးနှောက်အာရုံကြောဆေးရုံကို ရောက်သွားပြီး ခြောက်လကျော်ကျော် ကုသမှု ခံခဲ့ရပါတယ်။ ကလေးကတော့ ဘာမှဖြစ်မသွားဘူးလို့ နောက်မှ သိရပါတယ်။

ဒါပေမဲ့ ကျွန်မယောကျ်ားက သူ့လူယုံတပည့်တွေနဲ့ တိုင်ပင်ပြီး ဒီကလေးကို ဗြိုဟ်မွှေတဲ့ကလေးဆိုပြီး စွန့်ပစ်ဖို့ စီစဉ်ခဲ့ပါတယ်။ ကျွန်မကို ကျွန်မသားလေး ကားမှောက်လို့သေတဲ့အထဲ ပါသွားပြီဆိုပြီး ညာထားကြလို့ ကျွန်မသားလေးကို လိုက်မရှာနိုင်တော့ဘဲ ဒီလောက်နှစ်တွေအကြာ



www.burmeseclassic.com

www.burmeseclassic.com



ကြီး သားလေးအတွက် ပူဆွေးသောကနဲ့ နေနေခဲ့ပါတယ်။ နောက်တော့ ဒီသုသာန်ထဲက ကလေးလေးတစ်ယောက် ထူးထူးခြားခြားလူတွေ တွေ့တွေ့ နေရတယ်ပြောလို့ သတင်းစုံစမ်းရာက ကျွန်မသားလေးပဲ ဖြစ်ရမယ်လို့ ထင်ပြီး ဟောဒီကကိုယ်တိုင် စွန့်ပစ်ခဲ့တဲ့ လူယုံနှစ်ယောက်ကို ခေါ်ပြီး လိုက်လာခဲ့ရတာပါ''

''ဒါဆို အဲဒီကလေးရဲ့အဖေ သူဌေးကြီးကရော''

''သူက အရင်လို မဟုတ်တော့ပါဘူး။ တရားဓမ္မဘက်ကို လိုက်စားရာက ကံ,ကံ၏အကျိုးကို ယုံကြည်ပြီး သူ့သားလေးကို ပြန်ရှာနိုင်းပါတယ်။ သူလည်း သားအရင်းဆိုတော့ သံယောဇဉ်မပြတ် မဖြစ်နိုင်ဘူး ထင်ပါရဲ့ရှင်''

''အင်းဗျာ ... ခင်ဗျားတို့ ပြောတာတွေဟာ အမှန်တွေပါပဲ။ အဲဒီကလေးကို ကျွန်တော် ကောက်ယူမွေးစားထားခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ဆီမှာ အဲဒီကလေး ခု မရှိတော့ပါဘူး''

''ဟင် ... ရှင် ... ရှင် ... ဒီလိုမလုပ်ပါနဲ့၊ ငွေလိုချင်လို့လား။ အဲဒီကလေးအတွက် ငွေဘယ်လောက်ပေးရပေးရ ကျွန်မတို့ ပေးနိုင်ပါတယ်။ လိုသလောက် ပြောပါ''

''ဟာ ... ခင်ဗျားတို့ လူကုံထံ မျက်နှာကြီးတွေဟာ တယ်ခက်တာပဲ။ ဘယ်တော့မဆို ငွေကိုပဲ ရှေ့တန်းတင်နေကြတာပဲ''

''ဒါဖြင့် ကျွန်မသားလေး ဘယ်မှာလဲ။ ပြောပါရှင် ... လိုအပ်သလို ကျေးဇူးဆပ်ပါ့မယ်''

ဦးချစ်မင်း အဖြစ်မှန်ကို ပြောမည်အလုပ် သချိုင်းအတွင်းကို နောက်ထပ်ကားတစ်စီး မောင်းဝင်လာပြန်သည်။

ကားပေါ်မှာ လူကလေးမောင်ချမ်းသာနှင့် သက်တူရွယ်တူ မိန်းငယ် ချောချောလှလှလေးနှင့် မိသားစုတစ်စု၊ ကားပေါ်က ယောက်ျားကြီးပင် ဦးဆောင်၍ ပြော၏။





''ဒီ ... ဒီသချိုင်းမှာ မောင်ချမ်းသာဆိုတဲ့ကောင်လေး ရှိပါသလားဗျာ''

''ဘာ ... ဘာကိစ္စပါလဲခင်ဗျာ၊ ကိစ္စကို အရင်ပြောပါဦး''

''အဲဒီ မောင်ချမ်းသာလေးဟာ စာကြိုးစားပြီး အင်မတန် လိမ္မာရေးခြားရှိတဲ့ ကလေးတစ်ယောက်လို့ ကျောင်းအုပ်ဆရာကြီးဆီက သိရပါတယ်။ ပြီးတော့ ဟောဒီက ကျွန်တော်တို့သမီး မေသဇင်သင်းနဲ့ တစ်တန်းတည်းတွေပါ။ ကျွန်တော့်သမီးက ဆယ်တန်းရိုးရိုးအောင်ပြီး မောင်ချမ်းသာက မှီးဒီနဲ့ အောင်ကြောင်းသိရလို့ သူဝါသနာပါတဲ့ ဆေးတက္ကသိုလ်တက်ရအောင် ကျွန်တော်တို့ တာဝန်ယူပညာသင်ပေးချင်လို့ လိုက်လာခဲ့ကြတာပါ''

သုဘရာဇာကြီး ဦးချစ်မင်း မမျှော်လင့်သောအချိန် မမျှော်လင့်သော ဖြစ်ရပ်များနှင့် ထူးထူးခြားခြား ကြုံလိုက်ရ၍ ရူးချင်သလိုလို၊ ထိုလူစုရှေ့ ထွက်ပြေးချင်သလိုလို ဖြစ်သွား၏။

ဒါပေမဲ့ စိတ်ကိုတည်ငြိမ်အောင် ထိန်းသိမ်းပြီး ပြောရသည်။

''ခင်ဗျားတို့တွေ့ချင်လွန်းလှတဲ့ မောင်ချမ်းသာ မရှိတော့ဘူးဗျာ''

''ဟင် ... ဘယ်လိုဖြစ်ရတာလဲ''

''အဲဒီ မောင်ချမ်းသာဟာ လူ့ဘဝမှာ မရှိတော့ဘူး။ လွန်ခဲ့တဲ့ ဘာပတ်ကပဲ ဦးတေဇနိယဘွဲ့နဲ့ သက်န်းစည်းသွားပြီး သူ့ဆရာ သုသာန်ကျောင်းဦးဇင်း ဦးဇဝနအစီအစဉ်နဲ့ သူ့ရှေ့ရေးကို သူ့ဘာသာသူ ပြတ်ပြတ်သားသား စီစဉ်သွားပါတယ်''

''ဟင် ... သားလေးက ဘယ်လိုစီစဉ်သွားပါလိမ့်။ အမေတစ်ယောက်အနေနဲ့ ကျွန်မတို့ တွေ့ခွင့်မရှိတော့ဘူးလား''

''အဲဒါကတော့ ဦးတေဇနိယတစ်ဖြစ်လဲ မောင်ချမ်းသာရဲ့ အဆုံးအဖြတ်ပေါ်မှာ တည်ပါတယ်။ မောင်ချမ်းသာကတော့ လူ့ဘောင်လောကကို စိတ်ကုန်ပြီး ပြန်လာတော့မှာ မဟုတ်ပါဘူး။ သူ့ဆရာ ဦးဇဝနအစီအစဉ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ပါဠိတက္ကသိုလ်ဆက်တက်ပြီး ဗုဒ္ဓသာသနာပြုဖို့ ဆုံးဖြတ်ချက်တွေ အခိုင်အမာချပြီးသား ဖြစ်နေပြီ''

''ဒါဆိုရင် သားလေးရှိတဲ့ သုသာန်ကျောင်းကို ကျွန်မတို့ သွားကြမယ်။ သုဘရာဇာကြီး . . . အဲ . . . အဲ . . . ဦးကြီးလည်း လိုက်ချင်လိုက်ခဲ့ပါ''

''ခင်ဗျားတို့ လူကုံထံတွေပဲ သွားကြပါဗျာ။ ကျုပ်လို သုဘရာဇာကြီးက သုဘရာဇာရဲ့နေရာမှာ နေခဲ့တာပဲ ကောင်းပါတယ်''

သုဘရာဇာကြီး ဦးချစ်မင်းတစ်ယောက် ဆွေးဆွေးမြည့်မြည့် ပြောရင်း သူ၏တဲကလေးအတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

အမှန်တော့ မောင်ချမ်းသာခေါ် ဦးဇင်းလေး ဦးတေဇနိယကို သူတို့ သုသာန်ကျောင်းသို့ သွား၍ တွေ့မည်ဆိုလျှင်လည်း မိသားစုနှစ်စုစလုံးမှာ တွေ့နိုင်ကြလိမ့်မည် မဟုတ်တော့ချေ။

ဦးပဥ္စင်းလေး ဦးတေဇနိယသည် သူ့ဆရာ ဦးဇဝန၏ အစီအစဉ်နှင့် မြန်မာပြည်၏ ဘာသာရေးမြို့တော်ကြီးတစ်မြို့ရှိ ပါဠိတက္ကသိုလ်ကျောင်းတော်ကြီးသို့ ယမန်နေ့ကပင် ထွက်ခွာသွားခဲ့ပြီဖြစ်သောကြောင့်ပါတည်း။

နွယ်ရှင် (ရွှေကျင်)



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

ကျောက်မျက်ရတနာနှင့် ပတ်သက်သော ပစ္စည်းများသည် ရှေးခေတ်အခါကတည်းက ဘုရင်၏ ဘုန်းတန်ခိုးအာဏာစက်ကြောင့် ပေါ်လာရသည်ဟု အယူအစွဲလေ့ထုံးတမ်း ရှိကြသည်။

ကျောက်မျက်ရတနာသာလျှင် မဟုတ်။ ရှေးဘုရင်များခေတ်က ရတနာအမျိုးမျိုးသည် ဘုရင်နှင့်သာထိုက်တန်သော သတ်မှတ်ချက်များ သူ့ခေတ်သူ့အခါကို လိုက်လျက် အမျိုးမျိုး ရှိခဲ့ဖူးလေသည်။

ဥပမာ ... ဆင်ဖြူရတနာ၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်၊ ရွှေ၊ ငွေ တို့အပြင် သမီးလှကညာ အချောအလှတို့သည်ပင်လျှင် မင်းနှင့်ထိုက်တန်သော ရတနာဟူ၍ မှတ်ယူကြလေသည်။

ကျောက်တွင်း၊ ရွှေတွင်း၊ ပယင်း၊ ဒုတ္တာရတနာ ရွှေငွေတို့နှင့်တကွ ဆင်ဖြူတော်ရတနာများပိုင်၍ အတိုင်းတိုင်းအပြည်ပြည်မှ အဆက်အသခံ မိဖုရားများများပိုင်လျှင် ထိုမင်းသည် ဘုန်းကြီးသည်ဟု သတ်မှတ်တတ်ကြလေသောကြောင့်ပင် ဖြစ်တန်သည်။

အရည်အသွေးမှန်ကန်ပြီး ကောင်းမွန်သော ကျောက်ကောင်း ကျောက်မျက်ရလျှင် တောအထပ်ထပ် တောင်အဆင့်ဆင့်ကို ဖြတ်ကျော်





၍ စားအိုးစားခွက်ဖြင့် နန်းတော်သို့ သွားရောက်ဆက်သရသည်။ အဖိုးတန်ကျောက်၊ ပြည်တန်ကျောက်ဖြစ်လျှင် ဆက်သသူကို ဘုရင်က ကောင်းစွာ ချီးမြှောက်၍ သူကောင်းပြုခံရပြီး နယ်စားပယ်စား အရာဌာနများ ပေးတတ်သည်ဟုဆိုကြသည်။

ဘုရင်ကို မဆက်သဘဲ ရောင်းစားသည်ဟု သတင်းပေါက်ကြားပါက ထိုသူအပြင် တစ်ဆွေလုံး၊ တစ်မျိုးလုံး မီးလောင်တိုက်သွင်း၍ မိုကျင်ထိုးအသတ်ခံရတတ်သည်။ ကျောက်မျက်ရတနာသည် လူတို့ကို ကံကောင်းကြီးပွားချမ်းသာစေသော အကျိုးကို ပေးတတ်သလို ကံဆိုးအသက်သေစေသော ဆိုးကျိုးကိုလည်း ပေးတတ်စေပြန်ပါသည်။

✿ ✿ ✿

[၂]

❑

ကျောက်မျက်ရတနာနှင့်ပတ်သက်၍ ရှေးမင်းများအစဉ်အဆက်ကတည်းကပင် မန္တလေးတိုင်းရှိ မိုးကုတ်မြို့သည် အလွန်ထင်ရှားသော မြို့ဖြစ်လေသည်။

'ပတ္တမြားမြေမောက်'၊ 'လှော်ကားတင်ကြီးကျောက်'၊ 'လှော်ကားတင်လေးကျောက်'၊ 'ဆင်မတော်ကျောက်'၊ 'စံကျောက်တော်'တို့မှာ မြန်မာမင်းများလက်ထက်က အထူးခြားဆုံးကျောက်များဖြစ်ပြီး ကမ္ဘာကျော်ပတ္တမြားများထွက်ရာ ဒေသဖြစ်၍ ပတ္တမြားမြေဟု တင်စားခေါ်ဝေါ်ခဲ့လေသည်။

မန္တလေးမြို့မှ မိုးကုတ်မြို့အထိ ၁၂၅ မိုင်ဝေးပြီး ကွေ့ပင်း ဆွေ့ ကွေ့ရှိသည်မှာ ထူးခြားလှသည်။ ကားနှင့်သွားလျှင် ကိုးယောက်



www.burmeseclassic.com

www.burmeseclassic.com



မသွားကောင်းဟု အယူရှိသည်။ ဆယ်ယောက်ဖြစ်အောင် ခဲလုံးတစ်လုံးကို စတီအဖြစ် ကားပေါ်ကောက်၍ တင်ခဲ့ရလေသည်။

ပင်လယ်မြေမျက်နှာပြင်အထက် ပျမ်းမျှအမြင့် ပေ ၄၀၀၀ ခန့်ရှိပြီး မြို့၏ အရှေ့ဘက် ၆၇၃၃ ပေမြင့်သည့် ကြေးနီတောင်၊ အနောက်ဘက် ၅၃၄၅ ပေဖြင့်သည့် ပင့်ကူတောင်၊ တောင်ဘက် ၆၅၀၆ ပေမြင့်သည့် ထင်းရှူးတောင်၊ မြောက်ဘက် ၇၅၄၄ ပေမြင့်သည့် တောင်မဲတောင်တို့ရှိပြီး မြို့အနေအထားမှာ ဒယ်အိုးသဏ္ဌာန်ရှိ ချိုင့်ဝှမ်းကြီးဖြစ်ကာ ရာသီဥတု အမြဲတမ်း စိမ့်အေးနေသော အရပ်ဖြစ်လေသည်။

'လူမိုက်တွင်းတူး လူရှုးတွင်းဆောင်၊ လောပန်လူရေပြောင်ဆိုတဲ့ စကားလို၊ တွင်းတူးတွင်းထောင်တွေက ငွေကြေးစိုက်ပြီးလုပ်ကိုင် ကြရပေမဲ့ တယ်ပြီးဟန်မကျချင်ဘူး။ ပွဲစားလုပ်၊ အရောင်းအဝယ်လုပ်ကြတဲ့ လောပန် ဆိုတဲ့သူတွေသာ ဟန်ကျပြီး သူဌေးဖြစ်တာများတယ်ဗျ''

ကျွန်ုပ် မိုးကုတ်ခရီးသို့မတက်ခင် မိုးကုတ်မန်းကားဂိတ်တည်းခိုဆောင်မှာတည်းနေစဉ် ကျွန်ုပ်နှင့်အဖွဲ့ကျနေသော ဦးစန်းအောင်က ကျွန်ုပ်အား မိုးကုတ်နှင့်ပတ်သက်၍ သည်နှယ် ပြောဆိုလာခြင်းဖြစ်၏။

ထို ဦးစန်းအောင်ကို ကျွန်ုပ်က ယခုမှ သိခဲ့ခြင်းဖြစ်၏။

ဦးစန်းအောင်သည် မိုးကုတ်သူနှင့် အိမ်ထောင်ကျပြီး မိုးကုတ်မှာ သူ၏ယောက္ခမ အမျိုးအစဉ်အဆက်နှင့်အတူ ကျောက်တွင်းထောင်လုပ် နေသူဖြစ်၏။

ဦးစန်းအောင်သည် ကျွန်ုပ် မိုးကုတ်မန်းကားလက်မှတ်ဝယ်ပြီး တည်းခိုဆောင်၌ တည်းနေရာမှ စားသောက်ဆိုင်တွင် သွားရောက်စားသောက်စဉ် ကျွန်ုပ်နှင့် တစ်စားပွဲတည်းကျပြီး စကားပြောဖော်ဖြစ်လာခြင်း ဖြစ်၏။

''ကိုယ့်ဆရာ ... သောက်တတ်ရင် သောက်ပါနော်''

သူ့ရှေ့မှ ဂျော်နီဝါကား ဘလူးလေဘယ်လ် အကောင်းစားကို ပုလင်းဖွင့်ပြီး ရက်ရက်ရောရော စေတနာပြုလာသူဖြစ်၏။

ကျွန်ုပ် သူ၏စေတနာကို မငြင်းဆန်လိုသဖြင့် ဘီယာသောက်





နေရာက သူနှင့်အတူ ဂျော်နီဝါကားဝီစကီ နှစ်ပက်ခန့် မိတ်ဖြစ်ဆွေဖြစ် သောက်မိလေသည်။

သို့သော် ကျွန်ုပ် ယခု ခရီးထွက်လာသည်မှာ အပျော်ခရီးမဟုတ်သဖြင့် အလွန်အကျွံမဖြစ်စေရန် သတိထား၍ သောက်ရသည်။

အမှန်တော့ ကျွန်ုပ်အဖို့ အရက်ကို မသောက်ဘဲနေလျှင် ကောင်းလှပေမည်။

ကျွန်ုပ်၏ မိုးကုတ်ခရီးစဉ်မှာ- မင်္ဂလာခရီးမဟုတ်ချေ။ အမင်္ဂလာ ခရီးပင် ဖြစ်နေလေသည်။ ကျွန်ုပ်၏ တစ်ဦးတည်းသော ညီငယ်လေး မောင်ကောင်းဆု မိုးကုတ်အရပ်တွင် ဆွေမရှိမျိုးမရှိ အသေဆိုးသေခဲ့ရ၍ ကျွန်ုပ် ရန်ကုန်မြို့မှ တက်လိုက်လာရခြင်းဖြစ်၏။

ကျွန်ုပ်၏ ညီငယ်မောင်ကောင်းဆုမှာ မန္တလေးမြို့တွင် အပေါင်းအသင်းသူငယ်ချင်းများ ရှိမည်ဖြစ်သော်လည်း မိုးကုတ်မြို့တွင်မူ ကျွန်ုပ်ကဲ့သို့ အပေါင်းအသင်းများ ရှိနိုင်လိမ့်မည် မဟုတ်ချေ။

ကျွန်ုပ်သည် မန္တလေးမြို့တွင် အပေါင်းအသင်း တော်တော်များများ ရှိ၏။ သို့သော် ယခုတစ်ခေါက် မန္တလေးသို့တက်လာပြီး မိုးကုတ်သွားမည့် ခရီးစဉ်ကို လူသိခံ၍ မဖြစ်သဖြင့် မန္တလေးမှ အပေါင်းအသင်းများကို အိုင် လျှိုကာ မိုးကုတ်မန်းကားဂိတ်တွင် လူမသိသူမသိ တည်းခိုခဲ့ခြင်းဖြစ်၏။

ထိုသို့သောအခြေအနေမှာ မိုးကုတ်သားတစ်ယောက်ဖြစ်နေသော ဦးစန်းအောင်က ကျွန်ုပ်ကို မိတ်ဆွေလာဖွဲ့၍ မိုးကုတ်သွားခရီးတွင် ကျွန်ုပ် အဖို့ အပေါင်းအသင်းတစ်ယောက်အဖြစ် ခရီးသွားဟန်လွှဲသဘော ထားရလေတော့သည်။

''ကိုယ့်ဆရာက မိုးကုတ်ကို စီးပွားရေးကိစ္စနဲ့ တက်မှာလား''

''ဆိုပါတော့ဗျာ''

''စီးပွားရေးကိစ္စဆိုရင် မိုးကုတ်မှာ ကျောက်လုပ်ငန်းပဲရှိတယ်ဗျ''

ဟု ပြောပြီး ...

'လူမိုက်တွင်းတူး လူရှုးတွင်းထောင်၊ လောပန်လူရေပြောင် ဆိုသောစကားကို တချိုးလိုလို ကျွန်ုပ်အား ရွတ်ဆိုပြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ရွတ်ဆိုပြရင်း သူကပင် ဆက်လက်၍ . . .

'ငွေမစိုက်၊ လူစိုက်တွင်းတူးတွေဘက်ကလည်း စာချိုးရှိသဗျ။ စားလိုက်မယ်ဗျ ဆရာ့ဆန်၊ အိပ်လိုက်မယ်ဗျ ပက်လက်လှန်၊ ဆန်းကုန်ရင် တစ်ရွာပြောင်း။ ကောင်းလိုက်တဲ့ မောင့်အကြံ . . . တဲ့။ အဲဒီ တွင်းတူးတွေကတော့ ကြီးပွားချမ်းသာဖို့ ဝေးပါတယ်ဗျာ။ ခါးချို၊ ငှက်ဖျား မိပြီး အားလုံး မာလကိ ယားကြတာများပါတယ်ဗျာ။ ဟား . . . ဟား . . . ဟား . . .''

ကျွန်ုပ် ဦးစန်းအောင်စကားများကို စိတ်ဝင်စားသလို တမင်လုပ်၍ပင် နားထောင်နေခဲ့သည်။ အမှန်တော့ စိတ်ဝင်စားမှုမရှိလှပါ။ ကျွန်ုပ် နှင့် ကျောက်တူးခြင်းကိစ္စမှာ တခြားစီသာဖြစ်၏။ သူ၏စကားအရ အလိုက်သင့် ဆက်ဆံပြောဆိုနေခဲ့ရခြင်းပင် ဖြစ်လေသည်။

ကျွန်ုပ်အဖို့ မိုးကုတ်လိုအရပ်တွင် မိတ်ဆွေအပေါင်းအသင်းမရှိသဖြင့် ယခု ဆုံစည်းရသော ဦးစန်းမောင်ကို မိတ်ဆွေဖြစ်အောင် ပေါင်းထားမှဖြစ်မည်ဟု တွေးပြီး ထိုသို့ ဆက်ဆံနေရခြင်းဖြစ်၏။

ဦးစန်းအောင်က ဗဟုသုတလည်း အင်မတန် ကြွယ်ဝပုံရလေသည်။

ဆိုရပါလျှင် မိုးကုတ်ဗဟုသုတများဟု ဆိုရပေမည်။ သူ့လုပ်ငန်း သူ့ဒေသနှင့် ပတ်သက်သော ဗဟုသုတများပင်။

''ကျုပ်တို့ မိုးကုတ်မြို့မှာ ခင်ဗျားလို ကျောက်မျက်ရတနာ လုပ်ငန်းစိတ်ဝင်စားပြီး ကြီးပွားချမ်းသာလိုစိတ်နဲ့ တက်လာတဲ့လူတွေ အများကြီးပဲဗျ။ လူတော်တော်များများက အစိုးရနဲ့ ဖက်စပ်လုပ်ငန်း စာချုပ်ပြီး ကျောက်လုပ်ငန်း လုပ်ကိုင်ကြတယ်။

ပတ္တမြား၊ နီလာ၊ မြစိမ်း၊ ဖရဲအူ၊ သံတာ၊ ပြောင်ခေါင်းစိမ်း၊ နဂါးသွဲ့ အဖိုးတန်ရတနာများရခဲ့ရင် အစိုးရကျောက်မျက်ရုံးကို သွားပြီး အပ်နှံကြရတယ်။ သက်ဆိုင်ရာ ရာဖြတ်က တန်ဖိုးဖြတ်အခွန်ဆောင်ပြီးရင် ကြိုက်နှစ်သက်သလို ရောင်းချနိုင်ကြတယ်ဗျ။ ရိုးရိုးသားသား စည်းဘောင်အတွင်းကနေ လုပ်ကြရင် အင်မတန်ကောင်းမွန်တဲ့ အလုပ်ပဲဗျ''

''ဒါဆို ပုဂ္ဂလိက အရောင်းအဝယ်ဖြစ်နေကြတဲ့ ကျောက်အရောင်းအဝယ်ကိစ္စတွေကကောဗျ''





''ထောင်ဂဏန်း၊ ရာဂဏန်း . . . တန်စတဲ့ ကျောက်အသေးကိုတော့ ထာပွဲလို့ခေါ်တဲ့ ကျောက်အရောင်းအဝယ်တွေမှာ သွားပြီးရောင်းချကြတယ်ဗျ။ သိန်းချီတန်တဲ့ ကျောက်တွေကိုတော့ ကျောက်ကုန်သည်ကြီးတွေနဲ့ ကျောက်ရောင်းသူနှစ်ဦးနှစ်ဖက် သတ်မှတ်ထားတဲ့နေရာ တစ်နေရာရာမှာ ချိန်းချက်ပြီး ရောင်းတတ်ကြတယ်''

''အဲဒါတွေက ဘယ်မှာရှိတာလဲ''

''ထာပွဲတွေကတော့ မိုးကုတ် အောင်ချမ်းသာထာပွဲ၊ ကြပ်ပြင် ညောင်ပင်ကြီးထာပွဲ၊ ရက်ချထာပွဲ၊ အဲဒီထာပွဲသုံးပွဲဟာ အစည်ဆုံးပဲဗျ။ အမျိုးသမီးချောချောလှလှကလေးတွေ ထာကွက်လို့ခေါ်တဲ့ ကြေးခွက်ကလေးတွေကိုင်ပြီး 'ရောင်းပေးပါ မောင်လေး'၊ ပါရင်ရောင်းပေးပါ အစ်ကိုကြီး'၊ စသည်ဖြင့် အရောင်းလာတဲ့ လူတွေကို အပြုံးကိုယ်စီနဲ့ ဆီးကြိုမြူလှေ့ရှိကြတယ်။ ဒီထာပွဲတွေမှာတော့ သူကြိုက်ကိုယ်ကြိုက် ရောင်းချကြတာပါပဲ''

''သူကြိုက် ကိုယ်ကြိုက် ရောင်းချကြတယ်ဆိုတော့ သူကြိုက် ကိုယ်မကြိုက် ရောင်းချရတာတွေကော ရှိသေးလို့လား''

''ရှိပါသော်ကောဗျာ . . .။ ကျောက်ကြီးကျောက်ကောင်းများရရင်တော့ အထူးသတိထား ရောင်းဝယ်ကြရတယ်။ မိုးကုတ်ကျောက်ကုန်သည်တွေက အစဉ်အဆက် ကျွမ်းကျင်ကြသူတွေမို့ ရောင်းဝယ်တဲ့နေရာမှာ လှည့်နိုင်ပတ်နိုင်မှ တန်ကာကျတယ်။ အများအားဖြင့် ယုံကြည်စရာမရှိ၊ ရိုက်စားဆွေ များကြတယ်။ ကျုပ်မိတ်ဆွေ အောက်သားတစ်ယောက် ခံလိုက်ရတာကို ပြောပြမယ်''

''ကျွန်တော်လည်း အောက်သားပဲ။ သေသေချာချာ မှတ်ထားရမှာပေါ့ဗျာ''

''အဲဒီအောက်သားဟာ သူကိုယ်တိုင် မိုးကုတ်မှာ လူယုံမရှိလို့ မိုးကုတ်သားတစ်ယောက်ကို လူယုံထားပြီး ပေါင်းသင်းမိတယ်။ တစ်နေ့မှာ ပတ္တမြားတစ်လုံး သူနဲ့ထိုက်ပြီး ပွင့်တယ်''

ကျောက်အခေါ်အားဖြင့် ပွင့်တယ်ဆိုခြင်းမှာ သူ၏ ကျောက်တွင်း၌ ရရှိလိုက်ခြင်းကို ဆိုလိုတာဖြစ်ကြောင်း ကျွန်ုပ်မှာ ကျောက်မျက်ရတနာသမား မဟုတ်ပေမည့် နားလည်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ပတ္တမြားက အဲဒီခေတ် ပေါက်ဈေးအရ သိန်း ၁၅၀၀ လောက် တန်တယ်။ သူ့အနေနဲ့ လူယုံအားကိုးပြီးရောင်းတော့ ဝယ်သူတွေကို အဲ့ဒီလူက လက်တို့ထားပြီး သိန်း ၅၀၀ လောက်နဲ့ ဈေးညှိပေးကြတယ်။ အရောင်းအဝယ် မတင်မကျဖြစ်နေတုန်း လူယုံက ကြားဝင်စေ့စပ်ပေးဟန်လုပ်ပြီး သိန်း ၁၀၀ တိုးပေးဖို့ ပြောပြီး သိန်း ၁၅၀၀ တန် ပတ္တမြားကြီးကို သိန်း ၆၀၀ တည်းနဲ့ အရောင်းအဝယ်ဖြစ်သွားရောဗျာ။ ကြားလူက လူယုံသတ် လိုက်တာပဲ။ သူ့အနေနဲ့ သိန်း ၁၅၀၀ တန်ကို သိန်း ၆၀၀ နဲ့ ထုတ်ပေးလိုက်တော့ မူလပိုင်ရှင် အောက်သားခမျာ သိန်း ၇၀၀ နစ်နာသွားတာပေါ့လေ၊ အဲဒီမှာ ကြားပွဲစားလူယုံက သိန်း ၃၅၀ ဖြတ်ပြီး စံစား၊ ဝယ်တဲ့လူက သိန်း ၃၅၀ အချောင်ရလိုက်တော့ မူလပိုင်ရှင် ဘယ်လောက်နစ်နာသွားသလဲဗျာ"

"အေးဗျာ ... တော်တော်နစ်နာသွားတာပဲ။ ဒီအကြောင်းတွေ သိသွားရင်တော့ မူလပိုင်ရှင်အောက်သားတော့ တော်တော်ကြီး အခံရခက်မှာပဲဗျ"

"အခံရခက်ဆို ... ဒီဇာတ်က ဒီမှာတင် ဘယ်ဆုံးဦးမှာလဲဗျာ။ ကျော်မကောင်း ကြားမကောင်း လူသတ်မှုကြီး ဖြစ်သွားတယ်လေဗျာ"

"ဗျာ ... လူသတ်မှုကြီး ... ဟုတ်လား"

"ဟုတ်တယ်ဗျ ... လူသတ်မှုကြီး"

"မူလပိုင်ရှင်က မခံချင်စိတ်နဲ့ ကြားကလူယုံကို သတ်ပစ်တာလားဗျ"

"ဘယ်ဟုတ်မလဲ ... အဲဒီကြားလူယုံက လောဘမသတ်နိုင်ဘဲ မူလပိုင်ရှင်အပြန်မှာ သူ့လူတွေနဲ့ စီစဉ်ပြီး သူနေတဲ့အိမ်မှာ သွားသတ်တာဗျ"

"ဟာ ... ဒါဆို တော်တော်နစ်နာတာပဲ၊ မူလပိုင်ရှင်ခမျာ တန်ရာတန်ကြေးလည်းမရ၊ ပြီးတော့ လူပါ အသက်သေခဲ့ရသေးတယ်ဆိုတော့"

"ဒါပေမဲ့ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဆိုသလို ဥပဒေခဲ လုပ်လို့ ဘယ်ရမလဲဗျ။ အဲဒီသတ်တဲ့လူကို သက်ဆိုင်ရာက ဖမ်းတာပေါ့ ဗျာ။ ကျောက်လောက ကျောက်အရောင်းအဝယ်ကိစ္စတွေဟာ အင်မတန်မှ





ရှုပ်ထွေးတာ ... ဆရာရဲ့။ ဒါကြောင့် မိုးကုတ်မှာ ကျောက်မျက်ရတနာ အရောင်းအဝယ်ကိစ္စ လုပ်တော့မယ်ဆိုရင်လည်း ရိုးသားပြီး ယုံကြည်ရတဲ့ လူခံကို ရှာတတ်ဖို့လိုတယ်လို့ မိတ်ဆွေကြီးကို ကျွန်တော် တိုက်တွန်းချင်ပါတယ်ဗျာ။ ကျောက်လောကအရေးကြီးဆုံးက သစ္စာတရားပဲဗျ"

"အဲဒီလိုလူမျိုးကို ကျွန်တော့်လို အောက်ပြည်က တက်လာတဲ့ လူစိမ်းတစ်ယောက်အနေနဲ့ ဘယ်လိုရှာမှာလဲဗျာ"

"ခင်ဗျားမှာ ကျွန်ုတော်နဲ့ ခင်မင်နေမှတော့ ကျွန်တော့်ကို အားကိုးမှပေါ့ဗျာ"

သူ့ကို ကျွန်ုပ်က မူးမူးနှင့် စွတ်ပြောနေသည်ဟု ထင်မှတ်မိကာ မယုံမရဲ ဖြစ်သွားမိသည်။

"ဟဲ ... ဟဲ ... ဟဲ ... ခုနက ကျုပ်ပြောသလို သိန်း ၁၅၀၀ တန် လူသတ်မှုမျိုးကြီး မဖြစ်ပေါ်ရအောင် ကျုပ်လို မိုးကုတ်သားလူခံကို အားကိုးလို့ ပြောနေတာပေါ့ဗျာ။ ဟဲ ... ဟဲ ... ဟဲ ..."

သူက ကျွန်ုပ်၏ မျက်နှာကို စေ့စေ့စပ်စပ်ကြည့်ပြီး ပြောနေသဖြင့် ကျွန်ုပ်မှာ သူ တကယ်မူးနေခြင်းမဟုတ်ကြောင်း အကဲခတ်မိလေသည်။

"အေးဗျာ ... ခင်ဗျားကိုပဲ ကျုပ် အားကိုးရတာပေါ့ဗျာ။ နောက် နေ့မနက် ခရီးထွက်တော့ ကျွန်တော်တို့ ကားပေါ်မှာ ဆုံကြတာပေါ့ဗျာ .. ဟုတ်လား"

"အင်း ... အင်း ... ကောင်းပါတယ်။ မနက်ခရီးမသွားခင် နံနက်စောစောစာ ဘရိတ်ဖတ်စ်အတွက် ဒီဆိုင်မှာပဲ ဆုံကြရအောင်ဗျာ နော်။ ခု ဒီနေ့ညစာအတွက်လည်း ကျွန်တော်ကပဲ ရှင်းပေးပါရစေခင်ဗျား"

ထိုသူ ကိုစန်းအောင်သည် သဘောထားရက်ရောစွာဖြင့် ကျွန်ုပ် စားသောက်သမျှကိုပါ ရော၍ ရှင်းခဲ့သဖြင့် ကျွန်ုပ်အဖို့ အားတောင့်အားနာ ဖြစ်သွားခဲ့မိသေးသည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

| ၃ |

❑

မန္တလေးမှ မိုးကုတ်သို့သွားရာခရီးလမ်းမှာ လမ်းသုံးသွယ်ရှိသည်ဟု ဆိုကြသည်။

ယခင်က မန္တလေးမှ ရောဝတီမြစ်အတိုင်း ဆန်တက်၍ သပိတ်ကျင်းမြို့မှတစ်ဆင့် ၆၁-မိုင်ဝေးသော မိုးကုတ်သို့ ကားလမ်းဖြင့် တက်ရသည်။

ယခုတော့ မန္တလေးမှ မတ္တရာမြို့ကိုဖြတ်ပြီး တက်ရသည်။

ပြင်ဦးလွင်ကျောက်မဲလမ်းဖြင့်လည်း တက်၍ရနိုင်လေသည်။

ကျွန်ုပ်မှာ မတ္တရာမှတက်သောလမ်းမှ သွားရမည်ဖြစ်၍ ခရီးအားဖြင့် သက်သောင့်သက်သာရှိသော လမ်းမှနေ၍ သွားရမည့်လမ်းဟု မှတ်ယူထားလေသည်။

မိုးကုတ်သို့တက်မည့် ထိုညမှာ ကျွန်ုပ် ကောင်းစွာ အိပ်ပျော်နိုင်ခြင်း မရှိခဲ့ပါ။ ဤသည်မှာ မိုးကုတ်တွင်သေခဲ့သော ကျွန်ုပ်၏ တစ်ဦးတည်းသော ညီငယ်မောင်ကောင်းဆုကို သတိရနေ၍ဖြစ်၏။

ကျွန်ုပ်နှင့်မောင်ကောင်းဆုတို့မှာ တစ်မအေ တစ်ဖအေတည်းက မွေးဖွားသော အထက်အောက် ညီအစ်ကိုအရင်းနှစ်ယောက်ဖြစ်စေကာမူ ဝါသနာစရိုက်ချင်းက မတူညီချေ။





မောင်ကောင်းဆုကား အနုပညာသမား၊ ကဗျာဆရာတစ်ယောက်။ ကဗျာဆရာဘဝတွင် အတော်အသင့်ကျော်ကြားသလို သူ၏ အနုပညာလမ်းကြောင်းတစ်ခုတွင် အာရုံစိုက်အားထုတ်မှုကြောင့် ရုပ်ရှင်နှင့် ဗီဒီယိုဒါရိုက်တာ ကောင်းဆုအဖြစ်နှင့်လည်း ဝင်ငွေရရှိကာ အောင်မြင်ကျော်ကြားခဲ့သူဖြစ်လေ၏။

သူနှင့်ကျွန်ုပ် အသက်အရွယ်အားဖြင့် နှစ်နှစ်ကြီး၊ နှစ်နှစ်ငယ်ပင် ဖြစ်လေသည်။

သူကား အနုပညာသမားပီပီ၊ ပရိသတ်များရှိပြီး အချစ်ရေးဘက်တွင် လူပြောများအောင် စွံလှသူဖြစ်၏။

ဗီဒီယို၊ မင်းသမီးငယ် တော်တော်များများကို အောင်မြင်အောင် စင်တင်ပေးနိုင်သော ဒါရိုက်တာဖြစ်သလို သူ စင်တင်ပေးသော မိန်းမချော မင်းသမီးငယ်လေးများနှင့် မကြာခဏ နာမည်ထွက်လေ့ရှိသူဖြစ်၏။

''လူငယ်ဒါရိုက်တာ ကောင်းဆုနှင့် တက်သစ်စ မင်းသမီးလေး''

စသည်ဖြင့် ဂျာနယ်၊ မဂ္ဂဇင်းများတွင် အဝါရောင်သတင်းဇယား ပါပရာဇီတို့၏ ပစ်မှတ်ရေးကွက်ဖြစ်နေခဲ့ကာ နာမည်ထွက်နေလေ့လည်း ရှိတတ်သည်။

ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ယောက်တွင် ညီမလေးတစ်ယောက်သာ ရှိပြီး မြစ်ဝကျွန်းပေါ် ပုသိမ်မြို့တွင် မိဘများ၏လုပ်ငန်းများကို ညီမလေးနှင့် ညီမလေးခင်ပွန်းတို့က ကြီးကြပ်လုပ်ကိုင် ထိန်းသိမ်းထားရလေသည်။

ကျွန်ုပ်နှင့် ကျွန်ုပ်၏ညီငယ် မောင်ကောင်းဆုသာ မွေးဇာတိပုသိမ်မြို့မှ လွင့်ထွက်လာပြီး ရန်ကုန်မြို့ကြီး၌ ကိုယ်ဝါသနာပါရာအလုပ်ကို ဇောက်ချ၍ အောင်မြင်အောင် လုပ်ကိုင်နေကြသူများပင်ဖြစ်လေသည်။

ကျွန်ုပ်၏ညီ ကောင်းဆု၏အလုပ်မှာ မိန်းမချောကလေးများနှင့် ဆက်စပ်မှုများရှိနေ၍ တပူးတွဲတွဲဖြစ်နေသော်လည်း ဘယ်မိန်းမချောလေးကိုမှ လက်ထပ်ပါမည်ဟူသော စကားမျိုးကို သူ့ထံမှ ကျွန်ုပ် ဘယ်တော့မှ ကြားရလေ့ မရှိခဲ့ချေ။

ကျွန်ုပ် သူနေထိုင်ရာတိုက်ခန်းသို့ရောက်လျှင် သူသည် ပျော်သလိုနေထိုင်ကာ စိတ်လွတ်ကိုယ်လွတ် ဖြစ်လေ့ရှိသည်ကို ကျွန်ုပ် အာဝင်ကျခြင်းမရှိခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအကြောင်းတွေ ဟိုဂျာနယ်ကရေး၊ ဒီဂျာနယ်ကရေးနဲ့ မင်းလည်း မိန်းကလေးတွေကိစ္စနဲ့ နာမည်ပျက်နေပြီ ... ငါ့ညီ"

"ငါ့အောင်မြင်မှုတွေကို မနာလိုလို့ ရေးကြတာပါကွာ။ တစ်ယောက်ကိုတစ်ယောက် မနာလိုတဲ့ကောင်တွေထဲမှာ တို့အနုပညာသမားအချင်းချင်း မနာလိုတဲ့ကောင်က ပိုများတယ်ကွ "

သူနှင့် ကျွန်ုပ်မှာ ထက်အောက် ညီအစ်ကိုဖြစ်နေ၍ သူငယ်ချင်းတွေလိုမင်းနှင့်ငါ ပြောနေကြသည်မှာ အကျင့်ပင် ဖြစ်နေလေပြီ။

"ဒါပေမဲ့ မင်း နာမည်ပျက်တာပေါ့ကွ"

"ငါ့အဖို့ နာမည်ပျက်လေ ဇာတာတက်လေပဲကွ"

"ဘာပဲဖြစ်ဖြစ် ပျက်တယ်ဆိုကတည်းက အကောင်းလို့ ပြောလို့မရတော့ဘူးလေ။ ကောင်းအောင်နေပါကွာ"

ကျွန်ုပ် ဒါပဲ ပြောနိုင်သည်။ သူ့ကိုပြောမရ၍ ကြည့်နေရာမှ သူ၏ နောက်ဆုံးချစ်သူ မိန်းကလေးနှင့် သူ ဆုံဆည်းခဲ့တော့သည်။ ထိုမိန်းကလေးမှာ ချောချောလှလှ အင်ဂျင်နီယာမကလေးဖြစ်၏။

အကြီးစား ကန်ထရိုက်တာအဆောက်အဦ ကုမ္ပဏီကြီးတွင် တာဝန်ခံမလေးတစ်ဦးဖြစ်ပြီး အနုပညာဘက်တွင်လည်း သူကဲ့သို့ ဝါသနာပါသူဖြစ်၏။

သူတို့နှစ်ဖက် ဆုံစည်းရာက တပူးတွဲတွဲဖြစ်နေပြီး နောက်ဆုံးလက်ထပ်တော့မည့်အဆင့်သို့ရောက်မှ ထိုမိန်းကလေးသည် မောင်ကောင်းဆု၏ မိန်းမ ရှုပ်ထွေးမှုများအပေါ် မကျေမလည်ဖြစ်ကာ သူမ၏ဇာတိ မိုးကုတ်မြို့သို့ ပြန်ပြေးသွားခဲ့ရာမှ မောင်ကောင်းဆု နောက်မှလိုက်သွားရာတွင် မိုးကုတ်မြို့မှာ သေဆုံးသွားခဲ့ခြင်းပင်ဖြစ်လေသည်။

မသေခင် သူ၏ချစ်သူမိန်းကလေးနှင့် မပြေမလည်ဖြစ်ပြီး မိုးကုတ်မြို့တွင် သူ့အားသိနေသော အနုပညာပရိသတ်တစ်ဦး၏ အိမ်မှာ ကပ်ရပ်နေခဲ့ရသည်ဟု ဆို၏။

ထိုသို့နေရာမှ တစ်ညနေ အိမ်မှထွက်သွားပြီးနောက်နေ့တွင် တည်းခိုအိမ်သို့ ပြန်မရောက်တော့ဘဲ သူ့အလောင်းအား နောက်ငါးရက်အကြာမှ တောထဲတွင် ကျောက်တူးသူများ တွေ့ရှိသတင်းပေး၍ အလောင်းပြန်ရခြင်းပင်ဖြစ်လေသည်။





ထိုသတင်းကို သူတည်းခိုနေသော သူ၏ အနုပညာပရိသတ်လူငယ်က ကျွန်ုပ်ထံ စာလှမ်းရေး၍ ကျွန်ုပ် မိုးကုတ်ခရီးကို အစီအစဉ်မရှိ ချက်ချင်းထွက်လာခဲ့ခြင်းသာဖြစ်၏။

မိုးကုတ်ခရီးမထွက်ခင်မှာ ကျွန်ုပ်သည် စာရေးဆရာတစ်ဦးပိုင် မိုးကုတ်နှင့်ပတ်သက်သော အကြောင်းအရာများကို သေချာစွာ လေ့လာထားခဲ့ရာမှ အခန့်သင့်ပင် မိုးကုတ်သားကျောက်ကုန်သည် ဦးစန်းအောင်နှင့် ဆုံခဲ့ရခြင်းပင် ဖြစ်လေသည်။

ဦးစန်းအောင်နှင့် တွေ့ဆုံပြီးနောက် ကျွန်ုပ်မှာ ဘာကြောင့် အိပ်၍ မပျော်တော့လဲဟု အဖြေရှာမရဖြစ်နေစဉ် ကျွန်ုပ်တည်းခိုရာ အိပ်ခန်းသို့ ညကြီးအချိန်မတော် ထိုမိုးကုတ်ကျောက်သူဌေး ဦးစန်းအောင်ရောက်လာမှ အဖြေပေါ်လေတော့သည်။

"ကိုယ့်ဆရာ ... အိပ်လို့မပျော်ဘူး ... ဟုတ်စ၊ ကျုပ်လည်း ကိုယ့်ဆရာလို အိပ်လို့မပျော်နိုင်ဘူးဗျာ"

ပြောရင်း သူက သူ့အိတ်အတွင်းမှ ဓာတ်ပုံတစ်ပုံကို လှမ်း၍ပေးလေသည်။

ကျွန်ုပ် အံ့အားသင့်သွားသည်မှာ ကျွန်ုပ်၏ ညီမောင်ကောင်းဆုနှင့်တွဲရိုက်ထားသော မိုးကုတ်သူ မိန်းမချော အင်ဂျင်နီယာမကလေးပုံဖြစ်၏။

"ဒီဓာတ်ပုံထဲက မိန်းကလေးဟာ ကျုပ်ရဲ့ဇနီးလေ။ ကျုပ်ရဲ့တွင်းသား သူ့အဖေ တွင်းပြိုပြီးသေတော့ မအေမရှိတဲ့ အဲဒီကလေးမကို ကျုပ်ဆက်လက်ကူညီထောက်ပံ့ပြီး ပညာသင်ပေးခဲ့ရတယ်။ ကျုပ်နဲ့လက်ထပ်ပြီးရန်ကုန်ကိုအဆင်းမှာ ခင်ဗျားညီရဲ့ ဇာတ်ရှုပ်သမျှကို ကျုပ် ကြားရတော့တာပါပဲ။ ခင်ဗျားဟာ မောင်ကောင်းဆုနဲ့ အထက်အောက် ညီအစ်ကိုအရင်းဖြစ်လေတော့ ခင်ဗျားကို ကျုပ် စောစောကတည်းကသိနေလို့ မိတ်ဆွေဖွဲ့ခဲ့တာပါ"

"ခင်ဗျား မိတ်ဖွဲ့ပုံထူးတော့ ကျုပ်ကလည်း တွေးနေတာ။ ခု ကျွန်ုပ် ညီသေရတာက ..."

"ကျုပ်ရဲ့မိန်းမ မိန်းကလေးက သူတို့နှစ်ယောက်ချင်း [illegible] ရှင်းဖို့အဆုံမှာ သူသောက်တဲ့အရက်ထဲကို အဆိပ်ခတ်လိုက်တာပဲ [illegible] သူ



www.burmeseclassic.com

www.burmeseclassic.com



တို့ချင်း ပြဿနာရှင်းရာက ကျုပ်မိန်းမလည်း ကြံရာမရ မိန်းမညာဏ်နဲ့ သူ့ကို သတ်လိုက်တာနေမှာပေါ့။ ခုတော့ အဲ့ဒီအမှုအတွက် ကျုပ်မိန်းမ ဖြောင့်ချက်ပေးပြီး အဖမ်းခံသွားပါပြီ''

''ခင်ဗျားမိန်းမ ဖြောင့်ချက်ပေးတယ်ဆိုတာ အမှန်ပဲလားဗျာ''

''ခင်ဗျား မိုးကုတ်ရောက်တော့ ရဲစခန်းမှာ ကျုပ်မိန်းမ အဖမ်းခံထားရတာကို မြင်ရင် ယုံသွားမှာပါ''

''ခု ခင်ဗျား မန္တလေးကို ဆင်းလာတာက ...''

''သူ့အတွက် မန္တလေးက အကောင်းဆုံး အတော်ဆုံးရှေ့နေကို လာငှားတာပါ။ မနက်ကျရင် အဲဒီရှေ့နေကြီးလည်း ကျုပ်တို့ကားနဲ့ လိုက်လာလိမ့်မယ်ဗျ''

''ဒါဆို ခင်ဗျားတို့နဲ့ ကျုပ်နဲ့က ခရီးသွားချင်းတူပေမဲ့ ဆန့်ကျင်ဘက်အနေအထား ဖြစ်နေပြီ''

''ဒါ ဘယ်တတ်နိုင်ပါ့မလဲဗျာ။ လောကကြီးမှာ ကံစီမံရာအတိုင်း ဖြစ်ကြရတာပဲ။ ခင်ဗျားညီက ချစ်သူတွေအပေါ်မှာ သစ္စာပျက်ခဲ့တယ်၊ ကျုပ်မိန်းမက လင်ယောက်ျားအပေါ်မှာ သစ္စာပျက်ခဲ့တယ်။ အဲဒီလို သစ္စာပျက်တဲ့သူတွေကြားမှာ ကံစီမံရာခရီးသွားကြရတဲ့ ကျုပ်တို့တစ်တွေဟာ တစ်ယောက်နဲ့တစ်ယောက် ရန်သူတွေဖြစ်ကြရမှာတဲ့လားဗျာ''

ကျွန်ုပ်မှာ ဦးစန်းအောင်၏စကားကို မတုံ့ပြန်နိုင်ခင် ဦးစန်းအောင်သည် ကျွန်ုပ်၏လက်ထဲတွင် သူ့ဇနီးနှင့် ကျွန်ုပ်၏ညီ မောင်ကောင်းဆု တွဲလျက်ရိုက်ကူးထားသော ဓာတ်ပုံကို ထားခဲ့ပြီး ထွက်သွားခဲ့လေသည်။

သစ္စာပျက်သူအတွက် သွားရမည့်ခရီးအား ကျွန်ုပ် စိတ်ပျက်ခဲ့သော်လည်း မသွားမဖြစ် သွားရပေဦးတော့မည်။

ကျွန်ုပ်တို့ သွားရမည့်ခရီးကား တူပင်တူသော်ငြားလည်း မတူ။ ကွဲပြားခြားနားမှုတွေ ကိုယ်စီကိုယ်စီ ...

ကျော်မင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

အလုပ်တွေက တစ်ပုံတစ်ပင်ကြီးဖြစ်နေ၍ တစ်ပတ်အတွင်း လက်ကျန်မရှိအောင် လုပ်ပေးရမည်ဆိုသဖြင့် အချိန်ပိုဆင်း၍ လုပ်ပေးနေရသည်။ ယနေ့တော့ ရှိသမျှ အလုပ်များကို လက်စသတ်လုပ်ရသဖြင့် အိမ်အပြန်နောက်ကျသည်။ လက်တွင် ပတ်ထားသော နာရီ၏ အိမ်မြှောင်လက်တံအတိုအရှည်က ,ထပ်တူညီမျှပင် (၁၁)ဂဏန်းကို ပြနေသည်။ (၁၁)နာရီထိုးရန် (၅)မိနစ်ပဲ လိုတော့သည်ဟု ညွှန်းဆိုနေသည်။ ဒါကြောင့်လည်း လမ်းပေါ်တွင် လူရှင်းလူပြတ်နေခြင်းဖြစ်သည်။ ခပ်ဝေးဝေးမှ ကားကြီးကားငယ်များ၏ အသံကို ကြားရပြီး မီးရောင်ထိန်ထိန်စူးစူးတွေကို မြင်ရသည်။ အိမ်နှင့်ကွာလှမ်းသော ကားလမ်းမတန်းဖြစ်၍ လူရှင်းသည့်သဘောလည်းပါသည်။ လမ်းမတန်းမှ ဖဲ့ကျင်း၍ ရပ်ကွက်လမ်းထဲကို တော်တော်လျှောက်လှမ်းဝင်ရဦးမည်။ ရပ်ကွက်လမ်းတစ်ဝက် အလယ်ခေါင်လောက်တွင် နှစ်ချို့သက်တမ်းရင့် လက်ခုတ်ပင်ကြီးတစ်ပင်က ရှိနေသည်။ လူပြောများလှသည်။ ထိုလက်ပံပင်ကြီး၏အနားမှ ယခုလို ညမျိုးဆိုလျှင် (၈)နာရီ (၉)နာရီပင် မည်သည့်အကြောင်းနှင့်မှ နှစ်ယောက်၊ သုံးယောက်ပင် ဖြတ်မသွားရဲ





ကြပါ။ အခုတော့ ရုံးမှ ပြန်လာသည်က (၁၁)နာရီလမ်းလျှောက်ရင်းမှ မိနစ်(၃၀) ဆိုတော့ (၁၁)နာရီခွဲပြီး ဖြစ်သွားသည်။

ည (၈)နာရီလောက်ပင် ဒီအပင်ကြီးနားမှ ကိုဟန်ချိုတ်မှာ တစ်ခါမှ ဖြတ်လျှောက်၍ မပြန်ဖူးပါ။ တခြားသော လူများလည်း သွားလာကြသည်ဟု မကြားဘူးပါ။ ဒါပေမဲ့ ယခု ညမှာဖြင့် ကိုဟန်ချိုတ်တစ်ယောက် အလုပ်ကို လက်စသတ်လုပ်နေရသဖြင့် အမည်သတင်းကြီးသည့် ဒီလက်ပံပင်ကြီးအောက်မှ တစ်ယောက်ထဲဖြတ်၍ ပြန်ရမည်။ တခြားတစ်နေရာမှလည်း သွားစရာလမ်းကမရှိ၊ ရှိသည့်လမ်းက ရပ်ကွက်၏ တောင်ဘက်ပိုင်းမှဖြစ်၍ ထိုနေရာ၊ ထိုလမ်းမှ သွားမည်ဆိုလျှင် တစ်မျှော်တစ်ခေါ်ကြီး ကားစီးမှရမည်။ လမ်းလျှောက်လျှင် တစ်နာရီခွဲလောက် လျှောက်ရမည်။ တစ်ကွေ့တစ်ပတ်သည်း ပြန်လျှောက်ရမည်။ လမ်းချိုးဝင်စကပင် ရရှိသော ဂါထာတစ်ပုဒ်ကို ရွတ်ဆိုလာမိသည်။ ကြောက်ရွံ့တာရော၊ စိုးရိမ်ပူပန်မှုကြောင့်ပါ ရရှိသော ဂါထာပင် အစနှင့်အဆုံး ဖြစ်လိုက်၊ အစနှင့်အလယ်ဖြစ်လိုက်နှင့် ချာလည်လည်နေသည်။ ခြေလှမ်းကိုလည်း ခပ်သွက်သွက်လှမ်းလိုက်သည်။ လက်ထဲမှ လက်စွဲအိတ်က ခါယမ်း၍ နေသည်။ ထမင်းချိုင့်က လှုပ်၍အသံမြည်သေးသည်။

လမ်းထိပ်မှ ကင်းတဲကို လှမ်းမြင်လိုက်ရသဖြင့် အနည်းငယ်အားရှိသွားသည်။ လက်ပံပင်နှင့် ကင်းတဲက သိပ်မဝေးလှပေ။

“ဟူး ... တော်ပါသေးရဲ့။ ကင်းတဲကို ရောက်တော့မယ်”

အတွေးနှင့် ခြေလှမ်းကိုပို၍ သွက်သွက်လှမ်းလိုက်သည်။ လက်ပံပင်ကြီး၏ အောက်တည့်တည့်ကို ရောက်လာသည်။ အပင်ကိုလည်း မကြည့်၊ အပေါ်ကိုလည်း မော့မကြည့်ပင်၊ မီးကင်းတဲကို လှမ်းကြည့်ပြီး လျှောက်လာကြသည်။

“ဟား ... ဘာမှမဖြစ်ဘူး၊ ဘုရားတန်ခိုး၊ ဂါထာတန်ခိုးကြောင့်

ဟု စိတ်ထဲမှ အတွေးနှင့် မြေစိုက်ကင်းတဲလေးကို လှမ်းကြည့်လိုက်သည်။ မီးပုံလေးက မီးရောင်ဖျော့ဖျော့နှင့် မီးခိုးများ အလွှက်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



ကင်းသမားများမှာ လမ်းထဲကို လျှောက်၍ ပတ်ကြည့်ကြသည်နှင့်တူသည်။ ကင်းတဲတွင် ကင်းသမားများက တစ်ယောက်မှ ရှိမနေကြပေ။ အနားနီး၍ ကင်းတဲလေးတစ်ခါ လှမ်းကြည့်လိုက်မိရာ၊ မြင်လိုက်ရသော မြင်ကွင်းကြောင့် ဟုတ်မှဟုတ်ရဲ့လားလို့ မျက်လုံးပြူး၍ တအံ့တသြဖြစ်ပြီး သေချာစွာ ထပ်ကြည့်မိရာတွင် မိန်းကလေးတစ်ဦး။ အဲ ... မိန်းမတစ်ဦး အကျအနထိုင်၍ လမ်းမကို ကျောပေးထားသည်။

ကိုဟန်ချိတ်ကပြူး၍ ကြည့်လိုက်မိသည်။ ကင်းသမား လူပျိုလူလွတ်ထဲက တစ်ဦးတစ်ယောက်ကပဲ ဘာညာဘာညာအတွက် ခေါ်ထားသည်ပဲလား။ ကင်းသမားထဲမှပဲ တစ်ဦးတစ်ယောက်၏ မှန်မှန်ကန်ကန် မိန်းကလေးပဲလား။ ကင်းသမားများ ကင်းလှည့်နေစဉ် တစ်ယောက်ထဲနေရဲသည်ကိုတော့ ကိုဟန်ချိတ်က အတွေးထဲမှပင် ချီးကျူးမိသည်။ အတွေးနှင့်အကြည့်ကတစ်ထပ်တည်းဖြစ်သွားသလို ထိုင်နေသော မိန်းမ၊ အဲ့မိန်းကလေးက ထိုင်နေရာမှ မထင်မှတ်စရာ လျင်မြန်စွာ မတ်တတ်ရပ်လိုက်သည်။

"ဟား ... အမလေး"

ကိုဟန်ချိတ်၏ နှုတ်မှ အသံကျယ်ကျယ်ထွက်သွားသလို ခြေထောက်နှစ်ချောင်းကလည်း အရှိန်ယူပြီး အားကုန်ပြေးလိုက်မိသည်။ ထိုင်နေသော မိန်းမကထ၍ ရပ်လိုက်ရာ ကင်းတဲ၏ အမိုးသည် တော်တော်အရပ်ရှည်သော ယောကျ်ားများပင် ခေါင်းနှင့်မတိုက်ပါ။ မတ်တတ်ရပ်လိုက်သော မိန်းမက ကင်းတဲအမိုးကိုပင် ထိသွားသည်။ ဆိုးဝါးသော အပုတ်နံ့ကြီးက စူးစူးရှရှနှင့် နှာခေါင်းဝကို တိုးဝင်လာခြင်းကြောင့် ကိုဟန်ချိတ်တစ်ယောက် အသားကုန်သုတ်ပြေးလိုက်သည်မှာ နေအိမ်ရှေ့ကို ရောက်၍ ရောက်မှန်းပင် မသိလိုက်ပဲ အနည်းငယ်ပင်လွန်သွားပြီး အမောတကောနှင့် ကိုယ်ကိုတစ်ပတ်လှည့်၍ အိမ်ကပြင်ကို လှမ်းတက်ပြီး ...

"ဒုန်း ... ဒုန်း ... ဒုန်း"

ပြင်းပြင်းထန်ထန်ပင် အိမ်တံခါးကိုလက်နှင့်လည်းထု၍ ထမင်းချိုင့်ပါသော အိတ်နှင့်ပါထုလိုက်သည်။ အိမ်ထဲမှ မီးရောင်ပွင့်သွားပြီးမှ တံခါးပွင့်လာသည်။ ပွင့်သွားသော တံခါးပေါက်မှ ကိုဟန်ချိတ်က အတင်းအရော





သောပါး ဝင်လိုက်ရာ တံခါးဖွင့်ပေးသူက ဘေးကို ရှောင်ပေးလိုက်သဖြင့် ကိုဟန်ချိတ်မှာ အားလွန်၍ လဲကျသွားသည်။

"ဟ ... ဒီကောင် ဘာဖြစ်တာလဲ"

ကိုဟန်ချိတ်သည် အဖေဖြစ်သူ၏ အမေးကိုပင် ပြန်မပြောနိုင်ဘဲ အိမ်၏ အရှေ့ဧည့်ခန်းထဲမှ ကုလားထိုင်ဘေးတွင် ခွေခွေလေးလဲကျပြီး သတိလစ်သွားလေသည်။ တစ်အိမ်လုံးနိုးသွားအောင် ကိုဟန်ချိတ်၏အဖေက၊

"ဟန်ချိတ် ... ဘာဖြစ်လဲမသိဘူး"

အသံကျယ်စွာ အော်လိုက်သံကြောင့် အိမ်ခန်းထဲမှရော၊ အပေါ်ထပ်ကပါ ဆင်းလာကြပြီး ကိုဟန်ချိတ်ကိုဝိုင်း၍ ပြုစုကြသည်။

✿ ✿ ✿

[၂]

❑

နံနက်မိုးလင်းသည်နှင့် ရပ်ကွက်လမ်းထဲတွင် ညက ကိုဟန်ချိတ်တစ်ယောက် ရုံးတွင် အချိန်ပိုလုပ်ပြီးအပြန် လက်ပံပင်ကြီးမှ သရဲက လမ်းထိပ်ကင်းတဲအထဲလိုက်၍ ခြောက်သဖြင့် အိမ်အရောက်တွင် သတိပါလစ်သွားသည်ဆိုသည့် သတင်းစကားက ပျံ့နှံ့သွားသည်။ အရှူးငစိုး၊ ကျော်လှ၊ အောင်မိုးတို့က လက်ဖက်ရည်ဆိုင်တွင် ထိုင်ရင်းမှ အရှူးငစိုးက။

"ဟေ့ကောင် မိုးကျော်လှ ညက ကိုဟန်ချိတ်ကြီး ရုံးကအပြန် လက်ပံပင်နဲ့ လမ်းထိပ်က ကင်းတဲက သရဲခြောက်လို့ဆိုတာ ဟုတ်ရဲ့လားကွာ။ ညက ကင်းကျတဲ့ အုံးမြင့်နဲ့မောင်ကျင်တို့ကများ သရဲယောင်ဆောင်ပြီး ခြောက်လွှတ်လိုက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟ . . . ငစိုးရယ်၊ မင်းက ဘာမှအယုံအကြည်မရှိတဲ့ကောင်ကို ပြောရတာ ငွကျတယ်။ ဒီလောကမှာ တို့မသိအကြောင်းတွေ အများကြီးရှိတယ်။ အုံးမြင့်နဲ့ မောင်ကျင်က သရဲကြောက်လို့ (၁၀) နာရီလောက်ထဲက ပြန်သွားကြတာ။ မီးပုံကို ဒီအတိုင်းထားခဲ့တာက မနက်ကျရင် အစောကြီး ပြန်လာဖို့ဆိုတာ ငါ့ကို ပြောပြတယ်"

"အမလေးကွာ . . . မင်းကရှင်းပြနိုင်တာလည်း မဟုတ်ဘဲနဲ့ စကားကြောမရှည်ပါနဲ့ကွာ။ ဒီည မင်းရယ်၊ ငါရယ်၊ အောင်မိုးကင်းကျမှုကို လိုက်စောင့်မလား၊ တွန်းလှကိုပြန်နိုင်းပြီး တို့သုံးယောက်ကင်းစောင့်နဲ့ လမ်းထိပ်က လက်ပံပင်နဲ့ ကင်းတဲကို (၁၂)နာရီကစပြီး (၂)နာရီခွဲအထိကွာ။ ဒါမှမဟုတ်ရင်လည်း တစ်ယောက်ကိုတစ်နာထိ၊ မနက်သုံးနာရီထိ ထိုင်ကြမလား၊ ထိုင်ရဲမလား"

ကျော်လှက အရှူး ငစိုးကိုရော၊ အောင်မိုးကိုပါ ပြောလိုက်သည်။ ယယ်ရှယ်သူ လူငယ်တို့ သဘာဝစရိုက်အတိုင်း မယုံကြည်မှု၊ ယုံကြည်မှုကို ခံချင်ကြေး အလောင်းအစားလုပ်၍ တလွဲဆံပင်ကောင်းကြပြီး သတ္တိကို အလွဲသုံးစား မိုက်ရူးရဲလုပ်ပစ်ခြင်းပင်။ အရူးငစိုးက ထုံပျင်းပျင်း၊ ဒုံးပေကပ်သပ် အကြောက်အလန့်မရှိ အယုံအကြည်မရှိသူ။ ဒါကြောင့်လည်း အမည်ရင်း ငစိုးကို အရူးငစိုးဟု ခေါ်ကြခြင်းဖြစ်သည်။

"ဘာ . . . ဘာကွ . . . ကျော်လှ၊ နာရီဝက် ဟုတ်လား၊ ဘာလုပ်ရမှာလဲကွာ။ တစ်ယောက်ကို တစ်နာရီတိတိစီထိုင်မယ်၊ လောင်းကြေးကို ပြော"

"တစ်ယောက်ချင်းစီထိုင်ရမှာနော် . . . ငစိုး။ မင်းနဲ့ငါက ကင်းတဲမှာ ထိုင်ရင် အောင်မိုးက လက်ပံပင်အောက်မှာ သွားထိုင်ရမယ့် ငါနဲ့အောင်မိုးက ကင်းတဲမှာ ထိုင်ရင် မင်းကလက်ပံပင်အောက်မှာ သွားထိုင်ရမယ်။ မင်းနဲ့ အောင်မိုးက ကင်းတဲမှာထိုင်ရင် ငါက လက်ပံပင်အောက်မှာ တစ်နာရီတိတိ ငါတစ်ယောက်ထဲထိုင်မယ်"

"အေးပါ . . . ကျော်လှရာ . . ."





အရူးငစိုးနှင့် ကျော်လှတို့၏ အလောင်းအစားက ကြေးရော အချိန်ကာလအတိုင်းအတာများနှင့်ပါ သဘောတူညီကြပြီးဖြစ်သည်။ အောင်မိုးက အရူးငစိုးနှင့် ကျော်လှတို့၏ အလောင်းအစားကိစ္စကို ကျောတွန့်ပြီး။

"ဟာကွာ . . . မင်းတို့ မင်းတို့ကွာ။ ဒီကိစ္စကို အလေင်းအစား မလုပ်ကြနဲ့ကွာ။ ငါ . . . ငါ"

"ဟား . . . ဟား . . . ဟား . . . ကြောက်အောင်မိုး၊ ကြောက်ပဲကွာ။ ကျော်လှရေ . . . မင်းနဲ့ငါပဲ တစ်ယောက်တစ်လှည့်စီထိုင်မယ်ကွာ။ ဘာညာတွေ့တော့လည်း တို့စကားပြောရတာပေါ့ကွာ"

"အေးကောင်းတယ် အောင်မိုး၊ ဒီကိစ္စကို မင်း ဘယ်သူ့မှ မပြောနဲ့နော် ဟုတ်လား"

အောင်မိုးမှာ ကျော်လှစကားကြောင့် ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။ လက်ဖက်ရည်ဆိုင်မှ သုံးယောက်သားထွက်လာကြပြီး ကိုဟန်ချိတ်၏ အိမ်ကိုဝင်ကြရာ ကိုဟန်ချိတ်မှာ ဖျားနေတုန်းပင်ဖြစ်သည်။ ကိုဟန်ချိတ်၏ အဖေက။

"အေး . . . လာကြကွာ။ မင်းတို့ အစ်ကိုကြီး လန့်ဖျားတာ မပျောက်သေးဘူးကွ။ ညကျရင် ဂယောင်ဂတမ်း ထအော်သေးတယ်"

"ဟုတ်ကဲ့ . . . ဘကြီး၊ သက်သာသလိုနေပါစေ။ ဒီနေ့ည ကင်းကျတာက အောင်မိုးပါ။ ကျွန်တော်တို့ပါ လိုက်စောင့်ပေးမလို့"

"အေး . . . အေး . . . တစ်ယောက်နဲ့တစ်ယောက် ဖေးကူတာကောင်းတာပေါ့ကွယ်"

"ဟုတ်ကဲ့ . . . ဘကြီး၊ ကျွန်တော်တို့ ပြန်မယ်နော်"

"အေး . . . အေး . . . အေး"

ကိုဟန်ချိတ်အိမ်မှ ပြန်ထွက်လာကြပြီး၊ ညကျလျှင် ဆုံကြရန်ပြောပြီး လူချင်းခွဲလိုက်ကြသည်။ တစ်နေ့ညက ကင်းကျသူများမှာ (၁၂)နာရီအကျော်တွင် ကင်းတဲကို ခဲနှင့်ပစ်၍ ထိပ်ပြောင်ဖိုးနီနှင့် မြင့်ဝေတို့မှာ ထွက်ပြေးခဲ့ရသည်ဟု လက်ဖက်ရည်ဆိုင်နှင့် ဈေးထဲတွင်ရော၊ အရက်ဆိုင်တို့ပါ တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံပြောနေကြသည်။ ထိပ်ပြောင်ဖိုးနီတာ သရဲကြောက်မည်သာ ကြောက်သည်။ အလုပ်က ဆေးရုံကြီး ရှင်ခွဲခန်း



www.burmeseclassic.com

www.burmeseclassic.com



အစောင့်လုပ်သည်။မြင့်ဝေက ကားမောင်းသည်၊ ဒါပေမဲ့ သူလည်း သရဲကြောက်သည်။ ထိုညတွင် အောင်မိုးက ကင်းကျသည်၊ ကျော်လှက လူစားဝင်ပြီး စောင့်သူ၊ အရှုးငစိုးက ပါ,ပါလာသည်။ ကျော်လှနှင့် အရှုးငစိုးတို့၏ စိမ်ကိန်းကို အကောင်အထည်ဖော်ရန် ကင်းတဲတွင် အစောကြီးရောက်နေကြသည်။

သုံးယောက်သား ညစာထမင်းနှင့် ဟင်းတို့ကို ထည့်ယူလာကြသည်။ ဒါက အကြောင်းရှိသည်၊ ထမင်းမစားခင် ရဲဆေးယမကာမှီဝဲကြဦးမည်။ အရှုးငစိုး၏ လက်ထဲတွင် သုံးတောင့်ထိုးလက်နှိပ်ဓာတ်မီးတစ်လက်၊ ဓားရှည် (ငှက်ကြီးတောင်) တစ်လက်နှင့် ရေတ်သီးအစိမ်းမှုန့်က တစ်ထုတ်၊ ရေတ်ကောင်းမှုန့်က တစ်ထုတ်တို့ပါလာသည်။ ကျော်လှက လက်နှိပ်ဓာတ်မီးနှင့် ဓားမြှောင်တစ်ချောင်း၊ ဝါးရင်းတုတ်တစ်ချောင်း ပါလာသည်၊ ချက်အရက်တစ်ပုလင်းလည်း ပါသေးသည်၊ အောင်မိုးက လက်နှိပ်ဓာတ်မီး၊ ဓားရှည်တစ်ချောင်းနှင့် စားစရာများ၊ ဆေးလိပ်များယူလာခဲ့သည်။ အရှုးငစိုးယူလာသည့် ရေတ်သီး အစိမ်းမှုန့်များ ရေတ်ကောင်းမှုန့်တို့က အသုံးချရန် လက်နက်ကောင်းဖြစ်သည်။

ည၏ အမှောင်အားကို လရောင်မှုန်မှုန်လေးက အရှက်ပိုသော အပျိုမလိုပင် မဝံ့မရဲနှင့် တိမ်တိုက်များကြားမှ ချောင်းကြည့်နေသည့်ပမာ၊ အမှောင် ကိုလူဆိုးက လောကကြီးအပေါ်ကို ဖုံးအုပ်လွှမ်းမိုးချင်နေသည်။ ရပ်ကွက်၏ တစ်ဖက်ထိပ်ရှိ ဘုန်းတော်ကြီးကျောင်းမှ ခွေးများက အူလိုက်သည်မှာ တစ်ကောင်စလိုက်သည်နှင့် နောက်က အကောင်များကပါ တစ်ညီတစ်ညာထဲလိုက်၍ အူကြသည်။ တော်သလင်းလကို တမ်းတမ်းတတနှင့် လွမ်းပြနေသလို တန်ဆောင်မုန်းလ၏ အချမ်းဓာတ်ကို လွမ်းတာနှင့် ဖြေကြရောထင့်။ ညဦးပိုင်းဖြစ်၍ အချိန်ကစောနေသဖြင့် အရှုးငစိုး၊ ကျော်လှ၊ အောင်မိုးတို့ သုံးယောက်သားမှာ ကင်းတဲကြမ်းပေါ်တွင် ပုလင်းထောင်၊ အမြည်းပါချ၍ အရှုးငစိုးက။

"နေ့လယ်က ငါကွာ မအေးမော်အရက်ဆိုင်မှာ အရက်သွားဝယ်တော့ အရက်သောက်နေတဲ့ ငဦးတို့ ဖိုးတရုတ်တို့တစ်တွေကွာ အရက်သောက်ရင်းနဲ့ ပြောနေကြတာ ကင်းတဲမှာ သရဲခြောက်တာမယုံလို့ ဆို





ပြီး လက်ပံပင်နားက စောင့်ကြည့်တဲ့ လက်ကောက်တင်လှနဲ့ ခင်ဖော်တို့ကို ဆေးရုံတင်လိုက်ရတယ်တဲ့ကွ"

"လက်ပံပင်မှာ စောင့်ကြည့်တာနဲ့ ဘာဆိုင်လို့ ဆေးရုံရောက်ရတာလဲ"

"ဟ . . . အောင်မိုးရယ်၊ အဲဒီလက်ပံပင်က သရဲမက ရိုက်လိုက်လို့တဲ့ကွ"

"သရဲမဟုတ်လား"

"ထီးထီး . . . မမကွာ၊ မင်းကြောက်ရင် ကင်းတဲမှာ နေခဲ့။ ငါနဲ့ ငစိုးနဲ့ တလှည့်စီ မိုးလင်းအောင်ထိုင်မယ်"

ကျော်လှက အောင်မိုးကိုပြောရင်းမှ အရက်ပုလင်းကိုဖွင့်၍ အကြမ်းပန်းကန်လုံးများထဲကို ထည့်လိုက်ပြီ။

"ကဲ . . . ချကွာ၊ ဒါမှ သွေးပူပြီး တွေ့တဲ့ သရဲနဲ့စကားပြောလို့ကောင်းမယ်"

အမြည်းစားကြ၊ အရက်ပါသောက်ပြီး ဝိုင်းသိမ်းတော့ ထမင်းကို ဆက်၍စားကြသည်၊ အောင်မိုးက။

"ကျော်လှ ဟိုလက်ပံပင်အောက်မှာ ဘယ် . . . ဘယ်သူအရင် ထိုင်မှာလဲ။ ဘယ်လို လုပ်မလဲ"

အောင်မိုးက အာသွက်သလို လူကလည်း ရဲရဲတင်းတင်းဖြစ်ပြီး ပြောလိုက်ခြင်းဖြစ်သည်၊ အရှုးငစိုးက သဘောကျစွာ ရီပြီး။

"ဟား . . . ဟား . . . ဟား . . . အောင်မိုးကွ၊ ရဲဆေးတန်ခိုးနဲ့ မင်းပါဝင်ပါတော့မယ်ပေါ့"

"အေး . . . ဟုတ်တယ်"

"ကဲ . . . ကဲ . . . အဲဒါဆိုရင် မဲနှိုက်ကွာ။ ၁၊ ၂၊ ၃ ပဲပေါ့ ဟုတ်လား"

မဲလိပ်လုပ်၍ တစ်ယောက်တစ်လိပ်စီနှိုက်ပြီး မဲခွဲရာတွင် အောင်မိုးက (၁၂)နာရီမှ (၁)နာရီထိ ပထမကျပြီး အရှုးငစိုးက (၁)နာရီမှ (၂)နာရီထိကျပြီး (၂)နာရီမှ (၃)နာရီကို ကျော်လှက ကျသည်။ ည၏ အမှောင်ကပို၍ သိပ်သည်းလာသည်။ အအေးဓာတ်က ပို၍ ထိပွတ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှုးငစိုးက မဲနှိုက်ပြီးသည်နှင့် ကင်းတဲပေါ်မှဆင်းပြီး လက်ပံပင်ကြီးကို ကြည့်ပြီး။

"ဒီညတွေ့မယ် ၁၈၀ ပုဂ္ဂိုလ်ထီးထီးမမရေ၊ အရက်နဲ့အမြည်းလဲ ကုန်သွားပြီ။ ထမင်းလဲစားပြီးကြပြီ၊ အဲဒီ လက်ပံပင်ကပဲ စောင့်နေ၊ ဘယ်သူနဲ့ အရင်တွေ့မလဲ၊ ဟား ... ဟား ... ဟား"

အရှုးငစိုး၏ အပြောကို ကျော်လှနှင့် အောင်မိုးကပါ ရီလိုက်ကြသည်။ (၁၁)နာရီ ထိုးသည့်အတွက် ကျော်လှက သံချောင်းကို (၁၁)ချက် ခေါက်လိုက်သည်။ မော်တော်ကားဘီးသံခွေကို သံမှုလီချောင်းနှင့် ခေါက်၍ ပြီးသည်တွင် ခွေးအူသံက ကင်းတဲအောက်မှ ထွက်လာသည်။ သုံးယောက်သား အနည်းငယ်တွန့်သွားပြီး အရှုးငစိုးက။

"ဟာ ... ဒီခွေးက အခုမှ ထအူနေတယ်။ အရက်သောက်တုန်းကတော့ လာမသောက်ဘဲနဲ့ အခုမှတော့ ကုန်ပြီကွ"

အရှုးငစိုးက ပါးစပ်စည်းမရှိသည့်အတိုင်း ပြောချင်ရာ စွတ်ပြောလိုက်သည်၊ ခွေးအူသံကရပ်မသွားဘဲ ဆက်၍ ကြားနေရသည်။

လကမပြည့်၍ အမှောင်က ကြီးစိုးသည့်သဘာဝအတိုင်း လမ်းတစ်လမ်းလုံးမှာလည်း တိတ်ဆိတ်ခြင်းနှင့် ငြိမ်သက်နေသည်။ ကင်းတဲအောက်မှ ခွေးကလည်း ဆက်မအူတော့ဘဲ ငြိမ်သွားသည်။

"ကဲ ... အောင်မိုး မင်းသွားတော့။ တစ်နာရီနော် မင်းဟာမင်း ထိုင်ထိုင်ထထ၊ အိပ်ပဲအိပ်အိပ်၊ တစ်နာရီပြည့်ရင် ငါလာခဲ့မယ်။ မင်းကင်းတဲကိုပြန်၊ နောက်တစ်ခါကျော်လှလာရင် ငါပြန်လာခဲ့မယ် ဟုတ်လား ကဲသွားတော့"

တစ်ယောက်ကို တစ်နာရီစီဖြစ်၍ ယခုအောင်မိုးကစ၍ စောင့်ရမည်ဖြစ်၍ အောင်မိုးကို အရင်လွှတ်လိုက်သည်။ ကင်းတဲနှင့် လက်ပံပင်ကြီးမှာ တခေါ်သာသာမျှဝေး၍ အရှုးငစိုးက အောင်မိုးကို။

"ရော့ ... ဝါးရင်းတုတ်၊ မင်းမားလဲ သတိထားဦး ကိုယ့်ကိုပြန်ထိနေဦးမယ်"

ကျော်လှက နောက်ပိတ်ဆုံးသမားဖြစ်၍ ကင်းတဲကြမ်းပြင်ပေါ်တွင်





လှဲချလိုက်သည်။ အောင်မိုးကင်းတဲမှ အထွက်တွင် ကင်းတဲအောက်မှ ခွေးက မဟောင်ဘဲ အူလိုက်သည်။ အောင်မိုးမှာ ခြေလှမ်းတွန့်သွားသည်။

အရှုးငစိုးက ကျော်လှဘေးတွင် ဝင်၍ လှဲရင်းမှ။

"ငါ မေ့သွားတယ်ကွာ၊ အောင်မိုးကို ရေတ်သီးမှုန့်နဲ့ ရေတ်ကောင်းမှုန့်နည်းနည်း ပေးလိုက်ဖို့ကို"

"မင်းငရုတ်သီးမှုန့်နဲ့ ငရုတ်ကောင်းမှုန့်က ဘာလုပ်ဖို့လဲ"

"မင်းကွာ သရဲနဲ့တွေ့ရင် နဘာန်းလုံးရတယ်ဆိုကွာ၊ ကိုယ်က မနိုင်ရင် ငရုတ်သီးမှုန့်နဲ့ပက်၊ ငရုတ်ကောင်းမှုန့်နဲ့ ပက်လို့ ရတာပေါ့ကွ"

"ဟား ... ဟား ... ဟား ... ငစိုးရယ် မင်းကို ဒါကြောင့် အရူးလို့ ခေါ်ကြတာ။ သရဲတစ္ဆေ ဖုတ်ပြိတ္တာ၊ ကျတ်ဆိုတာက အမျိုးမျိုး ပြောင်းလွဲလို့ရနေတာကွ။ ထိုးခုတ်ရိုက်လို့မရတာကို မင်းကွာ တော်ရှူးပါ"

"ဟေ့ကောင်ကျော်လှ၊ မင်းတို့ တုတ်ဓားထက် ငါ့လက်နက်က ပိုပြီးထိရောက်တာကို တွေ့ရမယ်"

"ကဲ ... ဟေ့ကောင်၊ မင်းအလှည့်နီးပြီ၊ ငါ ခဏမှိန်းလိုက်ဦးမယ်"

"အေးပါ ... အေး"

ကျော်လှက ပြောပြီးတော့ ငြိမ်နေလိုက်သည်။ ငရူးငစိုး၊ အောင်မိုးအလာကို စောင့်နေလိုက်သည်။

"ဟူး ... ငစိုးရေ၊ မင်း ... မင်းအလှည့် ငါပြီးပြီ"

အောင်မိုးက ပြန်ရောက်လာပြီး မောသံနှင့်ပြောလိုက်သည်။ သံမှုလီချောင်းကို လှမ်းယူပြီး ကားဘီးသံခွေကို တစ်ချက်ခေါက်လိုက်သည်။ အရှုးငစိုးက ယူစရာများကို ယူပြီး ...

"အေး ... ငါသွားမယ်၊ ကျော်လှကို နှိုးဖို့မမေ့နဲ့"

"အေးပါကွာ"

အရှူး ငစိုးထွက်သွားသည်တွင် ကင်းတဲအောက်မှ ခွေးက ဆဲဆွဲငင်ငင်အူလိုက်သည်။ အောင်မိုးက ကျော်လှ၏ ဘေးတွင် ဝင်လှဲလိုက်သည်။ လက်ပံပင်အောက်တွင် အောင်မိုးမှာ ရသမျှ ဘုရားစာတွေရွတ်ဆိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ထလိုက်နှင့် အငြိမ်နေ၍မရအောင် ဖြစ်ခဲ့ရသည်။ အလောင်းအစားလုပ်မိခြင်းကိုပင် မှားပြီဟု ထင်လိုက်သည်။ အချိန်ပြည့်သည်အထိ ဘာမှမဖြစ်၍ ဝမ်းသာမိသော်လည်း ကင်းတဲကို ရောက်ပြီး အရှုံးငစိုး ထွက်သွားမှ ရင်ထဲက အလုံးကြီးကျပြီး ကျော်လှ၏ ဘေးတွင် လှဲချလိုက်ခြင်းဖြစ်သည်။

✿ ✿ ✿

[၃]

❑

ည၏ (၁၂)နာရီက တစ်ဝက်ကျိုးအချိန် ဒီမှာ ဘက် (၂ နာရီ၊ ၃ နာရီ) က နောက်တစ်ရက်ကို စရန် အရှိန်ယူသောအချိန်၊ နေ့တစ်နေ့၏ ညနေပိုင်းကို နွားရိုင်းသွင်းချိန်၊ သူငယ်အိပ်ချိန်၊ သက်ကြီးခေါင်းချ၊ ကြက်ဦးတွန်ချိန်ဟု ညတစ်ညကို အခေါ်အဝေါ်များ သတ်မှတ်ထားသည်။

ပေါက်ရသီချင်းမျိုးစုံကိုဆိုပြီး ပြန်လာသော အရှုံးငစိုး၊ ကင်းတဲအောက်မှ ခွေးဆီးကြို၍အူလိုက်သည်။

''ဟေ့ကောင်ကျော်လှ၊ ထ . . . ထ . . . မင်းအလှည့်ကွ၊ လက်ပံပင်အောက်မှာ မင်းကို လူပျိုဘဝချွတ်မလို့ စောင့်နေတယ်။ ထ မြန်မြန်သွား၊ ငါ့ကို မကြိုက်လို့ ပြန်လွှတ်လိုက်တာ။ ဟေ့ . . . အောင်စိုး မင်းပါလိုက်ချင်လိုက်သွား''

''ဟာကွာ ငါက ငါတစ်ယောက်ထဲသွားပါမယ်၊ ကတိအတိုင်းပေါ့ကွာ''

ကျော်လှက ပြောရင်းမှ ကင်းတဲပေါ်က ဆင်းသွားသည်။ ကင်းတဲအောက်မှ ခွေးကငြိမ်နေသည်။ အိပ်ပျော်သွားလေသည်မသိ၊ ကျော်လှထွက်သွားပြီး လက်ပံပင်အောက်ရောက်သလောက်ရှိ အရှုံးငစိုးက ကျော်လှတွင် ဘာမှပါမသွားမှန်း သိလိုက်သည်။





''ဟာ . . . အောင်မိုး၊ ကျော်လှသွားတာ၊ ဘာတစ်လဲမပါ ဓားလဲမပါဘူး။ မင်းလိုက်ပေးလိုက်ကွာ၊ မင်းပါ နေလိုက်လေ၊ ငါအကောင်းပြောတာပါ''

''အေးပါကွာ . . . အေးပါ''

အောင်မိုးက လက်နှိပ်ဓာတ်မီးနှင့် ဝါးရင်းတုတ်ရော ဓားရှည်ပါယူ၍ ကျော်လှရှိရာ လက်ပံပင်အောက်ကို ထွက်လာသည်။ အရှုံးငစိုးက ကင်းတဲမှ အောင်မိုးထွက်သွားသည်နှင့် ပုလင်းထဲမှ အရက်လက်ကျန်ကို မော့လိုက်သည်။ ပြီးမှ ကြမ်းပြင်ပေါ်ကို လဲချလိုက်သည်။

ကင်းတဲ၏ ကြမ်းပြင်ပေါ်တွင် အိပ်ပျော်နေသော အရှုံးငစိုးကို ပုတ်၍နှိုးလိုက်သည်။ ငစိုးက လှုပ်ပင်မလှုပ်ပါ။ နောက်တစ်ခါ ခပ်ကြမ်းကြမ်းထပ်၍ ပုတ်သည်တွင်။

''ဟာကွာ . . . ငါအလှည့်ပြီးပြီကွ''

ငစိုးက မျက်လုံးမဖွင့်ပဲ ပြောလိုက်သည်။ ပခုံးကို ပုတ်နေရာမှ တင်ပါးကိုခပ်ကြမ်းကြမ်းထပ်၍ ပုတ်လိုက်သည်။

''ဟာကွာ . . . ဘာဖြစ်နေတာ၊ ငါအိပ်ချင်လို့ကွာ''

နှိုးသူက ပုတ်ခတ်၍ နှိုးပေမဲ့ ငစိုးက တစ်ဖက်ကိုပြောင်း၍ အိပ်လိုက်သည်။ ထပ်၍ပုတ်လာသဖြင့် စိတ်မရှည်သံ၊ စိတ်တိုသံဖြင့်။

''ဟာ . . . ဒီကောင်တော့ကွာ၊ သွားကွာ မင်းတို့ဟာ မင်းတို့သရဲမကို ဘာလုပ်လုပ်ကွာ ငါအိပ်မယ်''

ငစိုးကို ပုတ်၍ မနှိုးတော့ပဲ ငြိမ်သွားသည်။ ခဏအကြာတွင် နှိုးသူက ငစိုးကို ပုတ်ခတ်မနှိုးဘဲ ခြေထောက်တစ်ဖက်၏ ခြေကျင်းဝတ်ကို ကိုင်၍ ခပ်ကြမ်းကြမ်းဆွဲပြီး ကင်းတဲပေါ်မှ ဆွဲချလိုက်သည်။

''အင့် . . .''

''ဟာကွာ မင်းတို့ မင်း''

ငစိုးက ပြောလည်းပြောရင်းမှ အောက်ကိုကျ၍ အင့်ခနဲ မြည်အောင် အသံပါ ထွက်သွားရသဖြင့် ဒေါသဖြစ်ဖြစ်နှင့် ထ၍ထိုင်လိုက်သည်။

''မင်း . . . မင်းတို့ဟာ၊ သ . . . သရဲ''

ဟု စကားပင် ဆုံးအောင်မပြောနိုင်ပဲ မြင်လိုက်သည်ကို ငြိမ်ငြိမ်ထိုင်လျက်မှ ကုန်းထပြီး ရပ်ကွက်လမ်းထဲကိုအော်၍ ဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး"

အရှုးငစိုး၏ အော်သံက တော်တော်ကျယ်၍ လက်ပံပင်ကြီး အောက်မှာ ထိုင်နေကြသော ကျော်လှနှင့် အောင်စိုးတို့က ကင်းတဲရှိရာကို နှစ်ယောက်သားပြေးလာကြသည်။ ကင်းတဲရှေ့ကို အရောက်တွင် ကင်းတဲ ရှေ့မှ မိန်းမတစ်ယောက်၏ ပုံသဏ္ဍာန်နှင့် တစ်ဖက်ကိုပြေးထွက်သွား သည်ကို ကျော်လှရော၊ အောင်မိုးပါတွေ့လိုက်ရသည်။ လက်နှိပ်ဓာတ်မီး နှစ်လက်နှင့် ထိုးကြည့်လိုက်ရာ အဝတ်အစား အစုတ်စုတ်အပြုတ်ပြုတ်နှင့် ဆံပင်က ဖားလျားကျ၍ ခုန်ပေါက်သွားသည်ကို မြင်လိုက်ရသည်။

ဒါက သရဲမလား၊ ကိုယ်လုံးကိုယ်ပေါက် ခပ်သွယ်သွယ်နှင့်ဖြစ်ပြီး အရှုးငစိုးက ဘာဖြစ်လို့ အော်ပြေးရတာလည်းဟုသာ တွေးလိုက်ကြပြီး အရှုး ငစိုးထွက်ပြေးသည့် ရပ်ကွက်လမ်းထဲကို နောက်မှ လိုက်သွားကြသည်။

"အောင်မလေး ... သ ... သရဲပါ"

ရှေ့မှ အော်လည်းအော်ပြေးလည်း ပြေးနေသော အရှုးငစိုး၊ သူ့ အိမ်ရှေ့အရောက်တွင် အရှိန်လွန်လျက် မှောက်လျက်ပစ်၍ လဲကျသွားသည်။ နောက်မှ လိုက်လာကြသော ကျော်လှနှင့် အောင်မိုးတို့က။

"ဟာ ... ငစိုး ... ငစိုး"

ဟု ပွဲ့ထူရင်းမှ ခေါ်ကြသည်။ အရှုးငစိုးအော်ပြီး ပြေးသံကြောင့် အိမ်တချို့က တံခါးဖွင့်၍ကြည့်ပြီး နှစ်ယောက်သုံးယောက်က အနားကို ရောက်လာပြီး အရှုးငစိုး၏ အိမ်မှပါ တံခါးပွင့်သွားပြီး။

"ဟဲ့ ... ဘယ်သူတွေလဲ၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ကြတာလဲဟင်"

မေး၍ အနားကို ရောက်လာကြသည်။ အရှုး ငစိုး၏ အမေနှင့် အစ်မကြီးတို့က အိမ်ပေါ်မှ ဆင်းလာကြသည်။

"ငစိုးပါ ကင်းတဲက သရဲ ... သရဲဆိုပြီး အော်ပြေးလာလို့ ကျွန်တော်တို့ လိုက်လာတာ"

"ဟင် ... အိမ် ... အိမ်ပေါ်ကို ခေါ်ကြပါ"

ကျော်လှနှင့် အောင်မိုးတို့က ငစိုးက ခြေနှင့်ခေါင်းက မပြီး၊ အိမ်ပေါ် တင်ကြသည်။ မီးထွန်း၍ ငစိုးဘေးတွင် ဝိုင်းအုံသွားသည်။ ငစိုးကိုလည်း နှိပ်ကြပြီး ခြေမလက်မချိုးကြသည်။





"အား ... အင့်"

"ဟဲ့ ... ငစိုး ... ငစိုး၊ အမေရှိတယ် ဘာဖြစ်တာလဲ"

"မောင်လေး ငစိုး ... မောင်လေး"

"ငစိုးသတိရပြီ၊ ဟော့ကောင် ငစိုး"

"ငစိုး ... ငစိုး"

"ငစိုး သတိထားစမ်း၊ ငါတို့ရှိတယ်"

"မင်းအိမ်ကို ပြန်ရောက်ပြီ"

ငစိုးက လူ့ပ်လာပြီး ဘေးဘယ်ညာကိုကြည့်ပြီး၊ အတော်ပင် ကြောက်ကြောက်လန့်လန့်နှင့်ဖြစ်နေသည်။ ယခင်က သူများတွေကိုသာ ခြောက်လှန့်ပြီး ဘာမှ အယုံအကြည်မရှိ၊ အလောင်းကစားကို ဝါသနာကြီး သူဖြစ်ပြီး ယခုညတွင်လည်း ကျော်လှနှင့်အောင်မိုးကို အလောင်းအစားလုပ် ၍ နာမည်ကြီးသော လက်ပံပင်အောက်နေကြေးကို အလောင်းအစား လုပ်ခဲ့သည်။

ည(၁၂)နာရီမှစပြီး (၁)နာရီတစ်ယောက် လက်ပံပင်အောက်တွင် နေရန် လောင်းကြပြီး မိုးလင်းသည်အထိ ဘာမှမဖြစ်လျှင် အနိုင်အရှုံးမရှိ တစ်ခုခုကို ကြောက်လန့်ပြီး ထွက်ပြေးလျှင် အရှုံး၊ လောင်းကြေးက ကျန်သူ နှစ်ယောက်ကို အစားအစာ အဝကျွေးကြေးဖြစ်သည်။ အရှုးငစိုးက အရက် သောက်ပြီး ရဲဆေးတင်မည်ဟု နွေလယ်ကပင် မအေးမော်အရက်ဆိုင်မှ အရက်တစ်လုံးဝယ်၍ ကျော်လှကို ပေးထားသည်။ သူက ငရုတ်သီးမှုန့်ပါ ဆောင်ထားပြီး သရဲကို တွေ့လျှင်ပက်ရန်ဟုပြောသည်။ ယခုတော့ လက်ပံ ပင်က ဘာမှမဖြစ်ဘဲ ကင်းတဲပေါ်တွင် အရက်သောက်ပြီး အိပ်ခါမှ ထွက်ပြေး ရသည်။

ကျော်လှနှင့် အောင်စိုးတို့က အပြောအဆို ဆင်ခြင်ရန်နှင့် ပေါက် ကရမလုပ်ရန်ကိုပြောကြသည်။ အရှုးငစိုးက ရီပြီး တွေ့သည့်သရဲ ခြောက် သည့်သရဲကို ငရုတ်သီးမှုန့်ရော၊ ငရုတ်ကောင်မှုန့်နှင့်ပါပက်ပြီး ဆေးခွံကို ထမ်းပို့မည်ပြောခဲ့သည်။ သရဲမချောချောလေးဆိုလျှင် ဖက်နမ်းပစ်မည်ဟု ပါးစပ်စည်းကမ်းမရှိ ပြောခဲ့သည်။ ဒုတိယစောင့်ရသောကြောင့် အိပ်ငိုက်ပြီး အိပ်မိမှပဲ ကိုဟန်ရှိတ်ဖြစ်သည်ထက် ပို၍ ဆိုးဝါးစွာပင်ဖြစ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှုးငစိုးကို ဆေးကုယူရသည်။ တစ်လကျော်သည်အထိ အရှင်းမပျောက်ပေ။ လက်ပံပင်နှင့် ကင်းတဲက ပို၍နာမည်ကြီးလာသည်။ သရဲမလိုက်၍ ပြေးရသူများ သရဲက အုတ်ခဲနှင့်ထု၍ ခေါင်းပေါက်ပြဲပြီး ဆေးရုံရောက်ကြသည်။ ရပ်ကွက်လမ်းထဲမှ စုပေါင်း ဘုန်းကြီးဆွမ်းကပ်၊ ပရိတ်ရွတ်အမျှဝေကြသည်။

လက်ဖက်ရည်ဆိုင်တွင် ကျော်လှ၊ အောင်မိုးနှင့်ဟန်ချိတ်တို့ဆုံပြီး လက်ဖက်ရည်သောက်ကြသည်၊ ရောက်တတ်ရာရာစကားများပြောရင်းမှ ကိုဟန်ချိတ်က ကင်းတဲပေါ်တွင် တွေ့ရသော သရဲမက အရပ်ရှည်ကြောင်း သရဲကိုတွေ့သည်တွင် အပုပ်နံ့က မခံနိုင်အောင် နံကြောင်းကိုပြောပြီး အရှုးငစိုးကိုတော့ ခြေထောက်ကဆွဲ၍ ကင်းတဲအောက်ကို ဆွဲချသည်အထိ လုပ်ကြောင်း ယခုဆွမ်းကျွေး ပရိတ်ရွတ် အမျှဝေ၍ ကျွတ်လွတ်လျှင်နောက်ကို သရဲမခြောက်တော့ကြောင်းများ ပြောဖြစ်ကြသည်။ ဘေးခုံတွင် ထိုင်၍ လက်ဖက်ရည်သောက်နေသော ဦးတင်မောင်နှင့် ကိုအညာသားတို့ နှစ်ယောက်က နားထောင်နေပြီးမှ . . .

''ဟကောင်လေးတွေ မင်းတို့ကောင် အရှုး၊ အဲ . . . ငစိုးက မခက်နဲ့တွေ့တာကွ''

''ဗျာ . . . မစိမ်းခက် . . . ဟုတ်လား ဘတင်မောင်''

''အေးကွ မခက်၊ အဲ စိမ်းခက်တဲ့ အသက်လဲသိပ်မကြီးသေးပါဘူး။ ဟန်ချိတ်လောက်ပဲရှိမယ်။ ရုပ်ကတော့ ရွက်ကြမ်းရည်ကျိုပေါ့ကွာ။ အသားကလည်း ညိုစိမ့်စိမ့်လေးကွ''

''ဘတင်မောင်က သရဲမကို သေချာသိနေတယ်''

''အေး . . . သရဲမဖြစ်ခင်တဲက သိတာကွ''

''ဟာ . . . ဒါကြောင့် ဘတင်မောင်တို့ကြတော့ အခြောက်မခံရတာကိုး''

ဦးတင်မောင်က သရဲမစိမ်းခက်နှင့် သိသည်ဆို၍ အံ့ဩကြသည်။ ဦးတင်မောင်က ခပ်ပြုံးပြုံးနှင့်ပင်။

''ဒါပေမဲ့ . . . အဲဒီစိမ်းခက်က မသေပါဘူးကွ''

''ဗျာ''





''ဗျာ . . . အဲ''

''ဟို . . . မသေပဲနဲ့ သရဲဖြစ်ဖြစ်တာ ဆိုတော့''

မျက်လုံးပြူး မျက်ဆံပြူးနှင့် ပြိုင်တူပင် 'ဗျာ' ဆိုတာတွေဖြစ်ကုန်သည်။ ဦးတင်မောင်က . . .

''အေး . . . မစိမ်းခက်က သေလဲမသေသလို သရဲလည်းမဖြစ်ပါဘူးကွာ။ အားလုံးက သရဲဆိုလို့ပါ''

''ဟာ . . . သေလည်း မသေဘူး၊ သရဲလည်း မဟုတ်ဘူး။ ရှုပ်ကုန်ပြီ ဘတင်မောင်ရေ . . .''

''အေးကွာ . . . ငါပြောပြပါ့မယ်၊ မစိမ်းခက်လေးက ကလေးမွေးပြီး မီးတွင်းထဲမှာ ကလေးကသေ၊ လင်ကပါ အဲဒီနေ့မှာဘဲ သေတော့ နှလုံးသွေးပျက်ပြီးရူးသွားတဲ့ အရူးမပေါ့ကွာ။ တို့ရပ်ကွက်ထဲက ထွက်သွားတာ တော်တော်ကြာပြီကွ။ အခုမှ ပြန်ရောက်လာပြီး နေ့ခင်းဘက်မှာ လျှောက်သွားပြီး ညညကြရင် လက်ပံပင်နဲ့ ကင်းတဲမှာ ပြန်အိပ်တာ။ ဟန်ချိတ်နဲ့ ငစိုးတို့နဲ့ ဘယ်လိုတွေပြီး ဘယ်လိုတွေဖြစ်လဲတော့မသိဘူး။ ငါသိတဲ့အရူးမ မစိမ်းခက်က မင်းတို့နဲ့ ကျမှပဲ သရဲမ မစိမ်းခက်ဖြစ်ရတာပေါ့ကွာ''

''ဗျာ . . . အရူးမစိမ်းခက်''

''အရူးမစိမ်းခက်ကို အရှုးငစိုး တော်တော်ကြောက်သွားပြီပေါ့''

ဦးတင်မောင်၏ လက်ပံပင်အောက်နှင့် လမ်းထိပ်ကင်းတဲမှ သရဲအကြောင်းကို ရှင်းပြလိုက်သဖြင့် ကိုဟန်ချိတ်၊ ကျော်လှ၊ အောင်မိုးတို့မှာ အသိရှင်းသွားသလို ကိုယ့်စိတ်ကို ကိုယ်မနိုင်သော အရှုးငစိုးလိုနှင့် စုစမ်းလေ့လာမှုမပြုသူတို့၏ ပါးစပ်မှဖြစ်သော သရဲမစိမ်းခက်ကို အရှုးငစိုးနှင့် ကိုဟန်ချိတ်တို့ကတော့ တကယ့်ကို ကြောက်မိကြသည်ဖြစ်၏။

မိုးယံဦးထွန်း

www.burmeseclassic.com

www.burmeseclassic.com



[၁]

❑

ဘဝကို ပုံအပ်ပေးဆပ်ထားသော ကိုယ့်ကို မင်းဘက်ကအမြင်က တော့ အမဲစက်ပေါ့လေ၊ ကိုယ့်ဘက်က အရင်းအနှီး စိုက်ထုတ်ထားရသူဆို တော့ အစွန်းတစ်ခုရယ်ပါပဲလေ။

နံနက်စောစော ညအိပ်ရာတဲရှေ့သို့ ရှာခံမုဆိုးများ ဖြစ်ကြသည့် 'သိန်းဝင်း၊ ဝင်းနိုင်၊ နေစိုးသော်' တို့ (၃) ဦး၊ မောင်းလာသည့် နွားလှည်း ဆိုက်လာသည်။ လှည်းပေါ်ကို လှမ်းကြည့်တော့ အိုးခွက်ရိက္ခာများနှင့် သူတို့ ကိုင်ဆောင်သည့် သေနတ်နှင့် ဒူးလေးများ အပြည့်အစုံ၊ အဆာပြေပိုက် ဖြည့် စားသောက်ပြီးကြပြီးမှ ကျောပိုးအိတ်များကို တင်ကာသေနတ်တို့ကို ပခုံးထက်လွယ်လိုက်ပြီး 'မရမ်း' ဘက်ဆီသို့ အမဲပစ်ထွက်ခဲ့ကြသော ခရီးပင်။

အသက်ကြီးသူများဖြစ်သည့် 'အဘကောင်း၊ အစ်ကိုကြီးဦးသိန်း လွင်နှင့် ကျွန်တော်' က လှည်းပေါ်မှ လိုက်ကြရန် သူတို့တောင်းဆိုချက်အရ လှည်းမောင်းသမား 'မြတ်မင်းဟန်' နှင့်လိုက်ခဲ့ကြရာ၊ တောအထပ်ထပ် လျှိုမြောင်အသွယ်သွယ်၊ ကုန်းတက်ကုန်းဆင်း၊ ချုံနွယ်တောနှင့် ဝါးတော ကြီးတို့ကို ဖြတ်ကာသွားကြရင်း စခန်းတစ်ခုဖြစ်သော '[illegible]' သို့

www.burmeseclassic.com



ရောက်တော့ (၃) နာရီပင်၊ လမ်းတွင် 'ဖကြို့' ဟူသောစခန်းတစ်ခုကို ဖြတ်ကျော်ရဦးပေမည်။ ပြီးမှအထိုင်ချမှစ်မည့် 'မရမ်း' ဆီသို့ ရောက်ပေမည်။

ခရီးစဉ်အဆုံး 'မရမ်း' ကို ရောက်တော့ညနေ (၄) နာရီပင်၊ တောထဲဝင်သစ်ခုတ်သမားတို့ပင် နားနေအိပ်စက်ကြရန် စခန်းချရာများဆီသို့ လုပ်ငန်းပြန်သိမ်းနေသည့်အချိန်။

အလယ်ရိုးမကြီး၏ ကျယ်ပြန့်လှသော အစိတ်အပိုင်းအချို့တွင် ပြာလဲ့လဲ့အောက်ခံတွင် တိမ်ဖြူဖြူတို့က 'မကန်း' ကွက်များအတိနှင့်ရှည်လျားသော တောင်တန်းကြီး၏ အရိပ်တို့က ထင်ဟပ်နေသည်။

တောကြီးတစ်ခွင်သည် သစ်ရိုင်းပင်တို့ထက်၌ တောပန်းတောင်ပန်းတွေက အရောင်အသွေးစုံလင်စွာနှင့် လှရေးကြွယ်ကြွယ် ဟန်ရေးထည်ထည်၊ အသံမျိုးစုံနှင့် အိပ်တန်းဝင် ကျေးငှက်သာရကာတို့ ပျံသန်းနေကြသည်ကိုလည်း တွေ့မြင်နေရသည်။

တောင်တန်းတောင်သွယ်ကြီးတို့ထက်ဆီတွင် စားပင်များမှ စားသောက်လို့အပြီး အိပ်တန်းများရှိရာဆီသို့ ပျံလာကြဟန်ထင့်၊ အလင်းရောင်ဖြန့်ခင်းပေးသည့် နေလုံးနီနီက တောင်မြင့်ကြီးထက် မေးတင်ကာ သူ့တာဝန်ကုန်ဆုံးတော့မည်မို့ နောက်ဆုံး နှုတ်ဆက်နေသည့်အသွင်၊ တောတစ်ခွင်က မှိုင်းမှုံရီဝေစွာ၊ အနောက်ဘက်မှ နေခြည်တို့က အားလျော့လိုက်သည်မို့လားတော့ဖြင့် မသိ၊ ရောင်စုံဆည်းဆာတို့နှင့်မို့ မြင်နေရသည့် ကျွန်တော်အဖို့ ကြည်နူးဖွယ်ရာအတိ။

လှည်းလမ်းတစ်လျှောက် လမ်းဘေးဝဲယာတို့တွင် ငွားငွားစွင့်စွင့်နှင့် မြေပြင်ကို တိုးထွက်နေသည့် 'ပဒတ်စာ' ပန်းဖြူဖြူကလေးတွေကို နှစ်သက်စွာ စားသောက်နေကြသည့် 'ပဒတ်ကောင်' ကလေးတွေကို လောက်လေးခွဖြင့် မြတ်မင်းဟန်တစ်ယောက် ပစ်ခတ်လာခဲ့သည်မို့ အကောင် (၃၀) ခန့် ရရှိလာခဲ့ကြသည်။

ပဒတ်ကောင်ဆိုသည်က ယခုအချိန်တွင် ရှားပါးပစ္စည်း၊ အဘယ်ကြောင့်ဆိုသော် ယခုလိုတပေါင်းကာလ (နွေရာသီ) အချိန်တွင် ရှက်ဟောင်းကြွကာ မြေခကြသည်။ ထိုမြေခရှက်ကြွတို့ကို အကြောင်းအမျိုးမျိုး





ကြောင့် တောမီးလောင်ထားသည့် မြေပြင်မှာမှ ထိုးထွက်လာကြသည့် 'ပဒတ်စာ' မြေကပ်ပန်းကလေးတွေကိုမှ မက်မက်မောမော ရှာဖွေစားသောက်တတ်ကြသည့် အကောင်ကလေးများပင်။

အမှတ်တမဲ့ကြည့်လိုက်လျှင် 'ပုတ်သင်ညို၊ ကင်းလိပ်ချော' နှင့်တူသလို ရှိသော်လည်း၊ အသေအချာကြည့်လျှင် ကွဲပြားခြားနားသည် (မုဆိုးများနှင့် တောကိုဝင်နေသူတို့သာ ခွဲခြား) နားလည်ကြပေသည်။ ရင်ကိုခွဲကာ မီးကင်၍သော်လည်းကောင်း၊ ကြော်၍သော်လည်းကောင်း၊ ချက်၍စားလျှင်သော်လည်းကောင်း၊ တောသူတောင်သားတို့၏ (ဖေးဘရိတ်) ဟင်းကောင်းတစ်ပွဲဖြစ်ပေသည်။

ကျွန်တော်တို့ မုဆိုးအဖွဲ့ကလည်း လွန်စွာ ကြိုက်နှစ်သက်သည်။ သို့အတွက် ယခုအချိန်တွင် ရှားပါးသောပစ္စည်း ဖြစ်နေသည့်အတွက် ကျွန်တော်တို့ စားသောက်လိုပါက ပဒတ်စာပန်းပွင့်သည့်နေရာတွင် ပုံးအုံ (သို့) သစ်ပင်ထက်မှ အသာငြိမ်စောင့်ပြီး ထိုပန်းကို လာစားကြသည့် အကောင်တို့ကို လေသေနတ်နှင့်ပစ်ကာ စားသောက်နေကြရတော့သည့်အချိန်။

ယခင်က ထိုအကောင်ငယ်များကို တောသူတောင်သားတွေက သိပ်မစားကြသဖြင့် ပေါချင်တိုင်း ပေါများလှသော်လည်း နောက်ပိုင်း သူတို့အသားကို စားသောက်နေကြသည်မို့ ရှားပါးလာရခြင်းဖြစ်ပေသည်။

ယခုအချိန်တွင် ရှားပါးလာသည့် ပဒတ်ကောင်ငယ်တို့မှာ သူတို့အသက်အတွက် လူတွေက အန္တရာယ်ပေးမှန်းသိနေကြမို့ လူကိုမြင်လျှင် ပြေးသည်သာမက၊ လူနံ့ရလျှင် (မသက်ာဖွယ်အသံကြား) လိုက်သည်နှင့် 'လှစ်' ကနဲ ပြေးဝင်ပျောက်ကွယ်သွားတတ်ကြခြင်းကြောင့် ဖြစ်ပေသည်။

သူတို့လျှောက်လှမ်းလာကြရင်း 'နေစိုးသော်'က ညနေဟင်းစားအဖြစ်၊ ဂျီတစ်ကောင်ပစ်ခတ်ရရှိလာခဲ့သည်မို့၊ စခန်းချရာတွင် လုပ်ငန်းဝင်နေကြသော သစ်ခုတ်သမားတို့ကို ပေးကာ ချက်ပြုတ်ခိုင်းထားသည်။ သစ်ခုတ်သမားတို့ကလည်း တပျော်တပါးချက်ပြုတ်ရင်း ဝမ်းတွင်းသား... နှင့် အရက်ကို သောက်စားနေသလို ကျွန်တော်တို့ကလည်း စားသောက်နေကြသည်။ ယနေ့ညစခန်းတွင် အနားယူလိုက်ကြပြီး နောက်နေ့သားကောင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေ ခြေရာကိုရှာကြမည်မှ စားရင်းသောက်ရင်း အပန်းဖြေနားနေလိုက်ကြစဉ်၊ ဝါးခုတ်သမားတစ်ဦးက ကျွန်တော့်အနား ရောက်လာပြီး . . .

''မှဆိုးကြီးကို သတင်းတစ်ခု ပေးချင်လို့၊ ကျွန်တော်က ရေပြောစမ်းစခန်းကနေ ဝါးလာခုတ်တဲ့ ဖူးညိုပါခင်ဗျ''

''ဟုတ်ကဲ့ . . . ကိုဖူးညို၊ ဘယ်လိုသတင်းများပါလဲ ထိုင်ပါဦး''

''ဟုတ်ကဲ့ . . . ဒီမနက်ခင်းကဘဲ မရမ်းချောင်းမြောက်ဖျားကို ဝါးခုတ်ဖို့သွားကြရင်း ပြောင်ခြေရာနဲ့ လတ်လတ်ဆတ်ဆတ် ချေးပုံတွေ တွေ့ခဲ့တယ်။ အရွယ်မျိုးစုံ (၁၀) ကောင်ကျော်တဲ့အုပ်မို့ ရှေ့ဆက်မတိုးရဲတော့ဘဲ နောက်ကြောင်းပြန်လာခဲ့ရတယ်။ ခြေရာဦးတည်ချက်က ဝါးတောကြီးအတွင်း ဦးတည်နေလို့လေ''

ကိုဖူးညိုပြောလိုက်သည့် စကားက ပြောင်ခြေရာကောက်မည့် ကျွန်တော်တို့အတွက် သဲလွန်စပင် မဟုတ်ပါလား။

အမှောင်ဘက်ကို မင်းမူလာသည်မို့ တောရိပ်တောင်ရိပ်တို့ကြောင့် စိမ့်အေးလာသည်။ ခပ်လှမ်းလှမ်းဆီမှ အိပ်တန်းတက် တောကြက်ဖများ တောင်ပံတဖြန်းဖြန်းရိုက်ကာ တွန်နေသည့်အသံတို့ကိုလည်း ကြားလိုက်ရသည်။ ထိုစဉ် . . .

''ကဲ . . . ဆရာတို့ ကျွန်တော်တို့အဖွဲ့နဲ့ မိတ်ဖြစ်ဆွေဖြစ် ထမင်းဝိုင်းစားလိုက်ကြပါလား''

မြေပြောင်ပြောင်ကွက်လပ်မှ 'ဝင်းနိုင်' အသံကို ကြားလိုက်ရပြီး ကျွန်တော့်ကို လှမ်းကြည့်လျှက် သူ၏ပါးစပ်ကို လက်မနှင့်ထောက်ကာ အဌာပြုပြီမို့ နေရာမှထကာ အဘကောင်းတို့အဖွဲ့ ထိုင်နေရာဆီသို့ လှမ်းလိုက်ပေသည်။ တဲတစ်လုံးပေါ်တွင် လူကစုံနေပြီး တဝါးဝါး တဟားဟားရယ်မောနေကြသည်။ အာဘောင်အာရင်းသန်သန်နှင့် လေပြင်းတိုက်နေသူက 'မြတ်မင်းဟန်' ပင်။ လက်ဟန်ခြေဟန်နှင့် အားပါးတရ ပြောနေသည်မို့ ရပ်တန့်လျှက် အသာနားထောင်နေလိုက်မိသည်။

''ဒီခရီးကို ထွက်မလာခင် ဘိုလေးက ကျွန်တော့်ဆီ လှမ်းဖုန်းဆက်ပြီး မင်းခုပဲ သိန်းဝင်းနဲ့ဝင်းနိုင်တို့ဆီ သွားလိုက်။ အားလုံး ပြင်ဆင်





ထားကြ၊ အမဲပစ်ထွက်မယ်။ မနက်ကို ကားနဲ့ဝင်ခေါ်မယ် အပြောနိုင်းလို့ သိန်းဝင်းအိမ်ကို သွားတော့ သူမရှိဘူးလေ။ သူ့မိန်းမကြီးနဲ့တွေ့တော့ ဘာပြောတယ်မှတ်လဲ''

ထိုစဉ် အစ်ကိုကြီး ဦးသိန်းလွင်က . . .

''အေးပါကွာ . . . ဒီကောင့်မိန်းမကြီးနဲ့ တွေ့တော့ ဘာပြောထဲလုပ်စမ်းပါအုံးကွ''

''နင့်အစ်ကိုက ရှာမကျွေးတာ ကြာပြီဟယ်။ အချိန်ရှိသရွေ့ အမဲလိုက်ဖို့ပဲ သူ့ခေါင်းထဲမှာ ရှိတယ်တဲ့လေ''

သူပြောနေသည်က အမှန်ဖြစ်သော်လည်း ရှာမကျွေးဘူးဆိုသည့်နေရာတွင် လုပ်ပြနေသည့် အမူအရာကြောင့် အဖွဲ့သားများပင်မက သစ်နှင့်ဝါးခုတ်သူများ၊ မီးသွေးဖုတ်ကြသူများပင် မနေနိုင်တော့။ တဝါးဝါး တဟားဟားနှင့်။ ထိုစဉ် . . .

''ကဲ . . . သိန်းဝင်းကို ခေါ်တာတော့ ထားပါတော့ ဝင်းနိုင်ကို ခေါ်တော့ရော ဘာထူးသေးလဲ ပြောပါဦး''

''ပြောပါ့မယ်ဗျာ . . . ပြောကို ပြောပါ့မယ်။ ပြောချင်လွန်းလို့ ပြောချင်လွန်းလို့ပါ။ ဝင်းနိုင်အိမ်ရောက်တော့လည်း ကံဆိုးချင်တော့ ဒီကောင် ဘယ်ဆိုင်မှာသွားထိုင်နေလဲ မသိဘူး၊ မတွေ့ပြန်ဘူးဗျ။ ဒါနဲ့ သူ့မိန်းမကို အကျိုးအကြောင်းပြောမလို့ လုပ်တုန်း နောက်ဖေးကို ဝင်သွားပြီး ကော်ဇီတစ်ခွက်ယူလာရင်း ပြုံးစိစိနဲ့ သူက စပြောတဲ့စကားက . . .''

''ဟီး ဟီး . . . မြတ်မင်းဟန် နင်ရောက်တုန်း အတော်ပဲ။ ငါ ညက ထူးထူးဆန်းဆန်းမက်တဲ့ အိပ်မက်အကြောင်းကို ပြောပြချင်လို့ နင့်အစ်ကိုတောင် မပြောရသေးဘူး ဟီးဟီးတဲ့လေ''

''ဘယ်လိုအိပ်မက်မျိုးလဲ . . . အစ်မ၊ နှစ်လုံးအတွက်မက်တာလား ပြောလေ . . . ကျွန်တော် အတိတ်ကောက်ပေးမယ်။ ဘယ်အချိန်မက်တာလဲ . . . ပြော . . .''

''အေးဟဲ့ . . . အိပ်မက်က မနက် (၄) နာရီလောက်မှ မက်တာ သိလား''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်လား . . . အဲဒီအချိန်ဆိုရင် အမြန်အကျိုးပေးတတ်တယ်။ ဘယ်လိုမက်တယ်ဆိုတာကို ပြောစမ်းပါဦး''

'''အိပ်မက်က ဒီလိုဟဲ့ . . .။ အဲဒီအချိန်မှာ ရောက်နေတဲ့နေရာက အင်ဒိုနီးရှား (ဘာလီကျွန်း) ကမ်းစပ်က ကျောက်ဆောင်တစ်ခုပေါ်မှာ ထိုင်နေရင်း နေစာလှုံနေတဲ့ အချိန်ပေါ့ကွယ်။ ဝန်းကျင်ကိုလည်း အမြင် စိမ်းစိမ်းနဲ့ (ရောင်မျက်မှန်အနက်) ကလေးကိုတပ်ပြီး လိုက်လံကြည့်နေတဲ့ အချိန်ပေါ့ဟယ်။ အမြင်အားလုံးကလည်း ဆန်းနေသလို၊ ကိုယ့်ကိုကိုယ် ပြန်ကြည့်လိုက်တော့လည်း ပင်လယ်ကမ်းစပ်မှာ ရေမကူးခင် နေစာလှုံနေတဲ့ အသွင်မျိုး (ဘစ်ကနီ) ပန်းနုရောင်ကလေးကို ဝတ်ထားရင်းနဲ့ပေါ့။

ငါ့အသွင်က ဆန်းနေပါလားဆိုတဲ့ အတွေးနဲ့ ဝန်းကျင်ကို ကြည့်လိုက်တော့ ဘန်ဂလိုပြတင်းပေါက်ကနေ ငါ့ကိုလှမ်းရှုံးနေတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရတယ်လေ။ ငါက သူ့ကို ကြည့်နေမှန်းကို သိသွားတော့ ငါ့ဆီကို တန်းပြီးပြေးလာလို့၊ ကြောက်ကြောက်နဲ့ ကျောက်ဆောင်ပေါ်က အောက်ကိုဆင်းပြီး သဲသောင်ပြင်ပေါ် ဖြတ်ပြေးတယ်။ သူကလည်း ဘောင်းဘီတိုလေးနဲ့ ထက်ကြပ်မကွာ လိုက်လာလို့ မလွတ်တော့မှန်းသိပြီး ပင်လယ်ပြင်ထဲ ဆင်းအပြေး။ သူက ဒိုက်ထိုးဖမ်းဆွဲလိုက်တဲ့အချိန် ကမ်းစပ်ကို ပြေးတက်လာတဲ့ လှိုင်းတစ်လုံးဒဏ်နဲ့ တစ်ဦးကိုတစ်ဦးဖက်ရင်း လူးလိမ့်သွားကြတာပေါ့ဟယ်''

သူ့အိပ်မက်ကို အတိတ်ကောက်ပေးဖို့အတွက် နားထောင်နေရတဲ့ ကျွန်တော် အတော်ကလေး စိတ်ပျက်သွားတဲ့အတွက် . . .

''ဆက်ပြောပါဦး . . . အစ်မ၊ လိုရင်းကိုရောက်ဖို့ ကျန်သေးတယ်လေ''

''အေးပါဟဲ့ . . . နင်ကလည်း ပြောချင်လွန်းလို့ ပြောနေပါတယ်ဆိုတဲ့ကြား။ ဒါနဲ့ ငါ့ကို ဖက်ထားတဲ့သူဟာ ဘယ်သူများ မှတ်သလဲ''

''သိဘူးလေဗျာ . . . အစ်မပြောမှ ကျွန်တော်သိမှာပေါ့''

''ဟိုလေဟယ် . . . . ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ 'ဖူလ်ဟန် အသင်းအလယ်က တိုက်စစ်မှူးဒစ်ဘီလီလေဟယ်''

**စိတ်ကူးသစ်စာပေ**



''ဘုရား . . . . ဘုရား''

ပါးစပ်က ဘုရားတလိုက်ရင်း အတိတ်ကောက်ပေးရမဲ့ ကျွန်တော် တအားစိတ်ညစ်သွားရင်း ပါးစပ်ကလည်း လွှတ်ကနဲထွက်သွားလိုက်တာက . . .

''ယောက်ျားကို မက်တော့ (၂) တစ်လုံးဘိုင်ပဲ . . . အစ်မ။ မိုးလင်းခါနီးမက်တဲ့ အိပ်မက်ဆိုတော့ ချက်ချင်း အကျိုးပေးမှာမို့ (၂) ကို ပတ်ပြီး ဒီမနက် ထိုးလိုက်တော့ဗျ''

လာရင်းကိစ္စ အမဲပစ်ဖို့တောင် မပြောမိတော့၊ စိတ်ပျက်ပျက်နဲ့ ထွက်လာခဲ့တယ်။ ညနေပိုင်းရောက်တော့ ဝင်းနိုင်က ဖုန်းဆက်ပြီး သူ့မိန်းမ (၂) လုံး ထီနှစ်သောင်းဖိုးပေါက်တဲ့အတွက် အရက်တစ်ပုလင်းဝယ်ပြီး လက်ဆောင်ပေးထားတာပြောတော့မှ အမဲပစ်ကိစ္စကိုပြောပြီး ယခုလို ခေါ်လာခဲ့ရကြောင်းကို ပြောပြသည့်အတွက် အစ်ကိုကြီး ဦးသိန်းလွင်က . . .

''နေပါဦးကွ . . . အဲဒီအိပ်မက်အရ (၂) တစ်လုံးကျောက်ပြီး (ဘိုင်) ပေးခဲ့တာက ဘာကြောင့်တုံး . . . မြတ်မင်းဟန်ရဲ့''

''ဩော် . . . အစ်ကိုကြီးရယ်၊ သူမက်တာက ယောက်ျားဆိုတော့ (၂) တစ်လုံးက ဘိုင်ပဲ မဟုတ်လားဗျာ၊ စဉ်းစားကြည့်ပါဦး''

သူပြောလိုက်သည့် စကားကြောင့် ကျွန်တော်တို့ ဝိုင်းရယ်နေစဉ် နေစိုးသော်က . . .

''ဒါနဲ့ ဝင်းနိုင်မိန်းမ အိပ်မက်ထဲမှာ တွေ့တဲ့ ဖူလ်ဟန်အသင်း ကွင်းလယ်ကစားသမား ဒစ်ဘီလီဆိုတာ ဘာလူမျိုးလဲ သိလားကွ''

''မသိပါဘူးဗျာ . . . သူပြောလို့ ယောက်ျားဆိုတာပဲ သိတာပါ''

''မှတ်ထား . . . ကပ္ပလီလူမျိုးကွ၊ မဲသဲနေတဲ့ အကောင်ကြီး''

''ဟုတ်လား . . . ကပ္ပလီကြီးလားဟင်''

သူပြောလိုက်သည့်စကားကြောင့် စိတ်ဝင်ထစား နားထောင်နေကြသည့်သူများအပြင် ကျွန်တော်ပါ မနေနိုင်တော့ ဝါးလုံးကွဲ ဟားတိုက်ရယ်မောလိုက်ကြပေသည်။ ဝင်းနိုင်နှင့်သိန်းဝင်းတို့နှစ်ဦး ကျိုန်ဆဲရင်း မြိုင်အတွင်းမှ ပြေးကြပေတော့သည်။

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



သူတို့ထိုင်နေသည့် ဝိုင်းအလယ်တွင် ပလပ်စတစ်ပုံးဖြင့် ထည့်ထားသော 'ထန်းလျက်အရက်' တစ်ပုံး၊ ရေဘူးနှင့် ဝါးဆစ်ခွက်များအပြင် အမြည်းပန်းကန်များ အစီအရီနှင့် ကျွန်တော်က အဘကောင်းနှင့်အစ်ကိုကြီး ဦးသိန်းလွင်တို့ကြားတွင် ဝင်ထိုင်လိုက်ရင်း 'ကိုဖူးညို' လာပေးသည့် ပြောင်သတင်းအကြောင်းကို ပြောပြလိုက်သည်။ အားလုံးကလည်း စိတ်ဝင်တစားပင် နားထောင်ကြရင်း အဘကောင်းက ...

"ဒီလိုဆိုရင် မနက်ဖြန်မနက် အဲဒီကို အခြေအနေ သွားကြည့်လိုက်ကြတာပေါ့။ တစ်ခါတည်း မှာထားချင်တာကတော့ သားကောင်ကြီးတွေနောက်ကို လိုက်မှာမို့ မလိုအပ်ရင် သေနတ်သံမပေးကြနဲ့။ ဟင်းစားလည်း အလုံအလောက် ရှိနေကြပြီပဲ။ ဝန်ကျဉ်းအောင် ကိုယ့်ထမင်းထုပ်ကိုယ်သယ်မယ်နော်။ ဒီညတော့ စောစောအနားယူလိုက်ကြ"

အရက်နှင့်အမြည်းတို့ကို စားသောက်လိုက်ကြပြီး အနားယူလိုက်ကြပေသည်။ ယခု ကျွန်တော်တို့အဖွဲ့ ရောက်ရှိသည့်နေရာသည် အလယ်ရိုးမကြီးဖြစ်သည့်အပြင် 'မရမ်းစခန်း' သည် ခပေါင်းချောင်းကွေ့အစပ်တွင် မေးတင်ထားသည်။ အထက်ကိုတက်လျှင် 'ပြောင်သေ၊ ရွှေတောင်၊ ငွေတောင်နှင့် ဝက်ထီးကန်' ထိ။ တောကနက်လွန်းပြီး သစ်ကြီးဝါးကြီး ချုံနွယ်ပင်များအပြင် လျှိုမြောင်တောင်တန်း တောင်သွယ်ကြီးတို့အကြားမှ အအေးဘက်ဆီသို့ လုလာသည်။

ကျွန်တော်က တဲအရှေ့တွင် သစ်လုံးကြီးတို့နှင့်ဆိုင်ကာ ဖိုထားသည့် မီးဖိုကြီးဘေး 'သဖန်းပင်' ၏ ပင်စည်လုံးတွင် ကျောပိုးအိတ်အတွင်း ယူဆောင်လာခဲ့သော 'မနီလာကြိုး' ကိုထုတ်လျက်၊ ချင်းစောင်တစ်ထည်၏ နှစ်ဖက်အစတွင် ခေါက်တုံ့ချီကာ သဖန်းပင်စည်လုံးနှင့် တဲ၏ ခြေရင်းတိုင်တွင် တင်းနေအောင် ဆွဲ၍ချည်နှောင်လိုက်သည်။

ခေါင်းစွပ်ကို စွပ်အပြီး သေနတ်နှင့်ဓာတ်မီးကို အသင့်ကောက်ယူပစ်ခတ်နိုင်ရန် အသင့်ချထားလိုက်ပြီး ခါးဆန့်ရန် စောင်ပုခက်ပေါ်တွင် နေရာယူကာ ကောင်းကင်ပြာပြာကြီးဆီ လှမ်းကြည့်နေလိုက်မိသည်။





ညင်းညင်းညှံညှံ တိုက်ခတ်လာသော လေပြည်ကလေးတို့နှင့် အတူ ...

"ကြက်ဝက် .... ခြောက်ကောင်"

ငှက်ဖိုငှက်မ (၂) ကောင်၏ တစ်ပြန်တကျော့ တေးသီသံကြား နေရသလို ချောင်းစပ် သစ်လဲကိုင်းခြောက်တွင် နားခိုနေသည့် 'ဗိန္ဒညွှင်း ငှက် (ခ) ဒညင်းအိုးငှက်' ငယ်ကလေးတစ်ကောင်က အော်မြည်ဟစ်ကြွေး ရင်း ပျံပြေးသွားသည့်အသံက ထိုအသံကို ကြားလိုက်ရသူတိုင်း ပျာလောင်ခတ်သွားစေသည့်အသံကိုလဲ ကြားလိုက်ရသည်။ ထိုအထဲတွင် ...

"ဥဩ .... ဥဩ .... ဥဩ"

သာယာနာပျော်ဖွယ် နွေသရုပ်ကို ဖော်ထုတ်နေသော 'ဥဩ' ငှက်ငယ်ကလေးတစ်ကောင်၏ လွမ်းလွမ်းဆွေးဆွေး ဟစ်ကြွေးအော်မြည် နေသည့်အသံကြောင့် စိတ်တွင်းက လွမ်းမောတသစွာနှင့် အတွေးတို့ တစ်နေရာဆီ ရောက်သွားမိသည်။

ထိုအချိန် နောက်နားဆီမှ ...

"ဘိုလေး ... ဘာလို့ ငိုနေတာလဲ။ ဥဩသံကြားပြီး ငယ်ချစ်ယောင်းကို သတိရလို့ တစ်ယောက်တည်း ကျိတ်ငိုနေတာလားဗျ"

အသံလာရာဆီသို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ မြတ်မင်းဟန် နောက်ပြောင်ကျီစယ်လိုက်သဖြင့် စိတ်ဆိုးသွားကြသည့် 'ဝင်းနိုင်နှင့် သိန်းဝင်း' တို့နှစ်ဦးပင်။

"အေးကွ ... ခုလိုအချိန်မှာ ဥဩတွန်သံလေးကြားလိုက်ရတော့ ဟိုသတိရ ဒီသတိရပေါ့ကွာ။ မင်းတို့ကော မအိပ်ကြသေးဘူးလား"

"အိပ်တော့မလို့ဗျ ... ဥဩနဲ့အတူ ဘိုလေးဆီက ရှိုက်ငိုနေတဲ့ အသံကြားလို့ ထလာကြတာလေ"

ဝင်းနိုင်ပြောနေစဉ် အဘကောင်းတို့အဖွဲ့ကလည်း ရောက်လာကြ ပြန်သည်မို့ စောစောက စားသောက်နေသည့်နေရာတွင် ဝိုင်းထိုင်လိုက်ကြ ပြန်သည်။ ထိုစဉ် ...

"ဒီမှာဘိုလေး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . ဘာလဲကွ၊ ပြော"

"စောစောက ဥသြတွန်သံနှင့်အတူ ရှိုက်သံတွေကြားလို့ မီးရောင်နဲ့ လှမ်းကြည့်လိုက်တော့ ဘိုလေးဆီကလို့ ထင်တာနဲ့ လာခဲ့ကြတာဗျ။"

"ဘာဖြစ်လို့လဲဟင်"

"ဟယ် . . . . ကြံကြီးစည်ရာဟယ်၊ ဥသြတွန်သံကြားတာနဲ့ ငါက ဘာလို့ငိုရမှာလဲ ပြောပါဦး"

"ဩော် . . . ဟုတ်ပါတယ်လို့ဆိုနေမှ မယုံရင် သိန်းဝင်းကို မေးကြည့်"

ကျွန်တော်က သိန်းဝင်းမျက်နှာကို လှမ်းကြည့်လိုက်တော့ . . .

"ဘိုလေး မငိုရင်သာ ဖြစ်ရမယ်၊ အဲဒီရှိုက်သံက ဘိုလေးဆီက ထွက်တဲ့အသံဗျ"

"ဗုဒ္ဓေါ . . ."

ထိုအချိန် ဝါးခုတ်သမားစံဖူးရောက်လာပြီး ပြောစကားများကို နားထောင်နေသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်က . . .

"ငါလည်း အိပ်မပျော်ပါဘူးကွာ။ ဝန်းကျင်က ငှက်အော်သံတွေကို အကုန်ကြားနေရပါတယ်။ ဒါပေမဲ့ ခု မင်းတို့ပြောတဲ့ ရှိုက်သံကိုတော့ မကြားမိပါဘူးကွာ"

"ဒါဆို တစ်ခုခုတော့ မှားနေပြီနဲ့ တူတယ်ကွ"

အဘကောင်းက ဝင်ပြောလိုက်ရင်း ဝန်းကျင်ကို မသင်္ကာသော စိတ်နှင့် မီးထိုးရှာဖွေကြည့်နေစဉ် ပြောင်းသတင်းလာပေးသူ 'ကိုဖူးညို' ရောက်လာသည်မို့ ပြောနေကြသည့်စကားတွေကို နားထောင်နေရင်းက–

"ကျွန်တော်တို့ ဒီစခန်းကို ဝါးခုတ်ဖို့ရောက်နေတာ တစ်ပတ်လောက်ရှိပြီ။ ဒီစခန်းမှာ ခုလိုဖြစ်တာမျိုးကို ဘယ်သူမှလည်း မပြောကြဘူး။ ကြားလည်း မကြားဖူးဘူး။ ခုဖြစ်နေတဲ့အဖြစ်က ထူးဆန်းနေပါလား။ တစ်ခုတော့ ရှိတယ်။ မနက်က ဝါးခုတ်သွားကြရင်း ပြောင်ချေရာနဲ့ ချေးပုံတွေ တွေ့လို့ ရှေ့ဆက်မတိုးရဲတာနဲ့ နောက်ကြောင်းပြန်အလာမှာ သစ်လဲပင်ကြီး တစ်ပင်တွေ့လို့ ကြည့်လိုက်တော့ ခွဆုံပိုင်းမှာ သစ်ခွပန်းအုံကြီးတစ်အုံ





တွေ့တယ်။ ပန်းပွင့်ကြီးတွေကလည်း ကြီးပြီး၊ လှလည်းလှတာနဲ့ ခူးယူလာခဲ့တယ်လေ။ အိမ်ကျမှ စိုက်မယ်ပေါ့၊ အဲဒီသစ်ခွပန်းအုံကို ဟိုသဖန်းဝင်ကြီးအကိုင်းမှာ ချိတ်ထားတယ်။ အဲဒီပန်းကြောင့်များ ဖြစ်မလားလို့ပါ"

ကိုဖူးညို ဝင်ပြောလိုက်သည့်စကားကြောင့် ကျွန်တော်တို့ 'သဖန်းပင်' ကြီးတွင် ချိတ်ဆွဲထားသည့် သစ်ခွပန်းအုံကြီးကို လက်နှိပ်မီးများနှင့် ထိုးကာ ကြည့်လိုက်ကြပေသည်။

မီးရောင်အောက်တွင် တွေ့လိုက်ရသည်က အရွက်စိမ်းစိမ်းတို့တွင် ဥရောင်ပင်စည်လုံးသည် လေးထောင့်ပုံရှိပြီး အဖျားသွယ်ကာ အမျှောင်းထနေသည်။ အစိမ်းရောင်သမ်းပြီး အပွင့်က နှစ်လက်မခန့်ကြီး၊ အတွင်းပွင့်ချပ်က ရွှေဝါရောင်ဖြစ်သည်။

ကျွန်တော် သစ်ခွပန်းအကြောင်းကို မသိသူပင် သစ်ခွပန်းအုံတွင် ပွင့်ကားနေသည့် ပန်းတွေကို မြင်လိုက်သည်နှင့် လိုချင်စိတ်ဖြင့် တဖွားဖွား ဖြစ်လာသည်။ ပွင့်ဖတ်တွေကလည်း အဖြူရောင်၊ အရွက်တွေက စိမ်းစိမ်း ပန်းနိုင်တွေက ရှည်လျားပြီး အောက်တွဲလောင်းကျနေသည်။ ပန်းပွင့်ကြီးတွေက စွင့်ကားပြီး ဖြူဆွတ်ကာ ကြွေသားရောင်။ ထိုသစ်ခွပန်းပင်ကို မြင်လိုက်ရသည်နှင့် ကျွန်တော် ဘယ်လိုစိတ်ကူးပေါက်သွားသည်တော့ဖြင့် မသိ။ လိုချင်စိတ်ကြောင့် မြင်လိုက်ရသည့် ကျွန်တော်တွင် တပ်မက်စိတ်တို့က အထွေးအထပ်ထိတိုင်။

"ငါကတော့ သစ်ခွပန်းအကြောင်းလည်း နားမလည်ဘူး။ ပန်းကိုလည်း မချစ်ဘူးကွ။ ဒါပေမဲ့ သစ်ခွပန်းကို မြင်လိုက်တာနဲ့ ငါ့အိမ်မှာ စိုက်ချင်စိတ်က များနေတယ်။ ဘာသစ်ခွပန်းခေါ်လဲကွ . . . ဖူးညို"

"ကျွန်တော်လည်း သစ်ပန်းတွေအကြောင်းတော့ မသိဘူး။ အချို့က တန်ဘိုးကြီးတဲ့ ပန်းတွေဖြစ်ပြီး၊ အချို့ပန်းက ဂမ္ဘီရဆန်တယ်လို့ ပြောသံတော့ ကြားဖူးတယ်။ ခုဖြစ်နေတဲ့ကိစ္စကို ကျွန်တော် ဉာဏ်မှီသလောက်ပြောရရင်၊ ရှိုက်သံကြားရတယ်ဆိုတော့ တစ်ခုခုတော့ တစ်ခုခုလို့ ထင်တယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောနေစဉ် အစ်ကိုကြီးဦးသိန်းလွင် ဝင်ပြောလိုက်သည်က –

''ငါသိသလောက်ကတော့ ဖယောင်းပန်း၊ ရွှေတူငွေတူပန်းနဲ့ ရတနာရွှေချက်ဆိုတဲ့ ပန်းတွေလောက်ပဲ သိတာကွ။ နောက်ပိုင်း ငါ တောထဲ ဝင် အမဲပစ်မုန်းသိတော့ သစ်ခွပန်းစိုက်တဲ့လူတွေက ငါ့ကိုမှာကြလို့ ရှာပေးရင်း သစ်ခွပန်းအကြောင်းကို အနည်းငယ် သိလာရတာပဲ။ ငါသိသလောက်တော့ ပြောပြမယ်၊ အပြည့်အစုံတော့ မဟုတ်ဘူးနော်''

''ဟုတ်ကဲ့ ... အစ်ကိုကြီး ဗဟုသုတအဖြစ်ပေါ့''

''မိုးလုံးမှိုင်း၊ ရတနာရွှေချက်၊ မဟာဒေဝီ၊ ပန်းသက်ရှည်ညို၊ စာကလေးပန်းရောင်၊ ကြာဖယောင်း၊ သုံးပန့်လှ (အဖြူ)၊ မိုးကန်တော့၊ သလဲတော်၊ စေတီတော် (အစိမ်းရောင်စေတီပုံ)၊ တစ်နိုင်လုံးငွေဆိုတဲ့ သစ်ခွပန်းတွေ အကြောင်းလောက်ပဲ သိတယ်ကွ။ အခြား အင်္ဂလိပ်နာမည်တွေ ပေးထားတဲ့ သစ်ခွပန်းတွေလည်း ရှိသေးတယ်လေ''

''ဟုတ်လား ... သိထားတဲ့ပန်းတွေ များသားပဲ။ အဲဒီပန်းတွေထဲမှာ အရှားပါးဆုံး သစ်ခွပန်းက ဘာတွေလဲဟင် ... အစ်ကိုကြီး''

''မိုးလုံးမှိုင်း (အပြာ) နဲ့ တစ်နိုင်လုံးငွေဆိုတဲ့ သစ်ခွက အလွန်ရှားတယ်ကွ''

''ဒါဆို ဒီသစ်ခွပန်းက ဘာမျိုးလဲ။ ဂမ္ဘီရဆန်တယ်ဆိုတာ ဘယ်လိုသစ်ခွမျိုးလဲ''

''ခု သဖန်းပင်မှာ ချိတ်ထားတဲ့ သစ်ခွနာမည်ကိုတော့ ငါလည်း မသိဘူး။ ဂမ္ဘီရဆန် မဆန်တော့ စောင့်ကြည့်မှ သိမယ်။ ခုပဲ ငိုရှိုက်သံကြားရတယ်ဆိုတာ မင်းတို့က ငါ့ကို ထင်နေကြပေမဲ့ ငါကတော့ ငါ့အနားမှာရှိနေတဲ့ အဲဒီသစ်ခွပန်းကလို့ ယူဆတယ်လေ''

''ဥသြ ... ဥသြ ... ဥသြ''

ယခုချိန်ထိတိုင် နွေသရုပ်ကို ဖော်ထုတ်ပေးနေသော 'ဥသြ' ငှက်ငယ်ကလေးရဲ့ လွမ်းဆွေးဟစ်ကြွေးတေးသီသံက တွန်နေဆဲ။ ထိုအချိန် မြတ်မင်းဟန်က ...





''ဥသြသံကလေး ကြားရတာနဲ့ ငယ်ရည်းစားကိုတောင် ပြန်သတိရမိတယ်ကွာ။ ဩော် ... ဒါနဲ့ ဝင်းနိုင်''

''ဘာလဲ ... ဟော့ကောင်၊ ငါ့သောက်တင်း ဘာချဉ်းမလို့လဲ''

စောစောက မြတ်မင်းဟန် နောက်ပြောင်ကျီစယ်ထားသည့်ကိစ္စကို ယခုထိတိုင် ကျေနပ်ဟန်မရှိသေးသဖြင့် ခပ်ငေါက်ငေါက် ပြန်မေးလိုက်တော့ ...

''မင်းတို့နှစ်ယောက်ကို ချစ်လို့ ကျီစားတာပါကွာ၊ စိတ်မဆိုးပါနဲ့နော်။ ခု ငါပြောမှာက မင်းရဲ့တက္ကသိုလ်က ဆရာမလေးနွေနဲ့ မင်းရဲ့အကြောင်းကို ဥသြသံကလေး နားထောင်ရင်း သတိရလို့ ပြောပြပါလားကွာဟင်''

''ဟုတ်လား ... မြတ်မင်းဟန်၊ ဥသြနဲ့ပတ်သက်တဲ့ ဝင်းနိုင်ဇာတ်လမ်းလား၊ စိတ်ဝင်စားစရာမို့ ပြောပြပါလားကွာဟင်''

ကျွန်တော်ကပါ စိတ်ဝင်တစားနဲ့ ဝင်ရောက်တောင်းဆိုသလို အဘကောင်း၊ အစ်ကိုကြီး ဦးသိန်းလွင်နှင့် အဖွဲ့သားတို့ကပါ အဖွဲ့သားတွေ ဝိုင်းဝန်းလိုက်ကြသည့်အတွက် သူ့ ငယ်ဖြစ်ဟောင်းအကြောင်းကို အောက်ပါအတိုင်း ပြောပြလိုက်သည်က ...

✿ ✿ ✿

[၂]

❏

ကြာတော့ ကြာခဲ့ပါပြီလေ။

ကြာခဲ့ပြီဆိုပေမဲ့လဲ နှစ်စဉ် နွေကာလရောက်လေတိုင်း ခုလိုကြားနေရတဲ့ ဥသြငှက်ငယ်ကလေးတွန်သံကို ကြားရလေတိုင်း ပြန်လည်ကြားတနေရသူ ကျွန်တော်ရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လေအဟေ့တွင် ပင်ယံမြင့်ထက်မှ ရော်ရွက်ဝါကလေးတို့က တဖွဲဖွဲ ကြွေကျနေသည်။ နံနက်ခင်းမို့ မြူနှင်းတို့က မှိုင်းဝေနေသလို ကျေးငှက်သံ တစာစာ တနွဲ့နွဲ့ အသံကလေးတွေကိုလည်း ကြားနေရသည်။

သည်မြင်ကွင်းသည် နွေရာသီ၏ သဘာဝရှုခင်းပင် ဖြစ်ပေသည်။ သုံးရာသီတွင် နွေကာလ၏ ရှုခင်းတွေက ဆန်း၏။ လက်ပံပွင့်တဝေဝေ၊ လေပွေတဝဲဝဲ၊ ရွက်ကြွေတသဲသဲနှင့် အပူရောင်ထဲကအလှ၊ လေရူးအဟေ့တွင် ပူလောင်ခြောက်သွေ့နေသော သဘာဝအလှ။

"လေခမြေသက်
ချာန်ပိတက်သို့
သစ်ရွက်ရော်ရီ
ကုန္ဒနီဝယ်
သိင်္ဂီတစ်ဝက်
ဖက်၍ဆေးစုံ
ချယ်သောပုံသို့ ..."

ဆိုသည့် ရှင်ဥတ္တမကျော်ရဲ့ တောလားအတိုင်း မြတစ်ဝက်၊ နွေတစ်ဝက်ရောဖက်နေသော ရွက်ကြွေအလှများ ရောနေသည့် နွေရာသီ၏ အလှကို တောင်မရှိုးပင်မြင့်ကြီး ထိပ်ဖျားထက်ဆီမှ 'ဥဩ' ငှက်ငယ်ကလေးတစ်ကောင်၏ တွန်ကျူးသံကို ကြားနေရသည့် ကျွန်တော့်အဖို့ လွမ်းမောဖွယ်ရာပင်။

သည်သို့ရာသီမျိုး၊ ယခုလိုအချိန်ကာလတွင်းကို ရောက်လာပါက သူတို့မနေနိုင်၊ ပင်ယံဖျားက လွမ်းမောဖွယ်ရာအသံကို နေရာအနှံ့လိုက်လံ ဟစ်ကြွေးအော်မည်နေသူက 'ဥဩ' ငှက်ရယ်သာ၊ သူ့အလုပ်က ဒီလိုရာသီနဲ့ အချိန်မျိုးတွင် လွမ်းတေးကို ဆိုနေကြမို့ နွေသရုပ်က ပိုမိုမှန်ကန်ပီပြင်နေသည်ပဲလေ။

သည်သရုပ်သကန် မြင်ကွင်းတွေကို ခြုံငုံကြည့်လိုက်ပါက 'နွေ' ဆိုသည့်ရာသီက လှ၏။

ကျက်သရေလည်း ရှိ၏။ အလှတကာတို့ကို ဖန်ဆင်းထားရသကဲ့သို့ပင်ရှိ၏။ နွေကာလဆိုသည့်အချိန်က ရွက်ဝါကလေးတွေကြွေပြီး၊ လေ





တွင်လွင့်မျော၏။ စမ်းရေထဲကျသည့် ရွက်ဝါကလေးတို့ကလဲ စီးမျော၏။ ဖူးသစ်နေသော နွေဦးကာလကိုလိုက်လို့ 'ပုရစ်ဖူး' တို့ လှစ်ကျူးလာကြ၏။ ရွက်ဟောင်းတွေက လေရူးတို့နဲ့တသသ၊ ရွက်သစ်နဲ့ပွင့်ဖူးတွေက တကြွကြွ။

ဤအလှ၊ ထိုအလှတို့ထက် ကျွန်တော်အသက်နဲ့အမျှ ချစ်ခဲ့ရသူ 'နွေ' ရဲ့အလှက ပို၏။ ငယ်နုစဉ်အခါက အသဲနှင့်အောင်ချစ်ခဲ့ရသူ 'နွေ' ရဲ့အလှက ပိုပြီး ကျက်သရေရှိ၏။ အလှတကာတို့ကို ပန်ဆင်ထားဘိသကဲ့သို့ပင် ထင်ရ၏။

ရွက်ဝါကလေးတွေ ကြွေသလို၊ ပင်ယံဖျားတို့တွင် ဖူးသစ်သော နွေဦးခါကို လိုက်လို့ ပုရစ်ဖူးတို့က လှစ်ကျူးလာကြ၏။ အပွင့်သစ်တို့ တသသ၊ လေရူးတို့ကလည်း တကြွကြွ။

ဤ ထိုအလှတို့က ကျွန်တော်ရင်နှင့်အမျှ တန်ဖိုးထားချစ်ခဲ့ရသူ 'နွေ' အလှကို လိုက်လို့မမီ၊ တစ်ချိန်က ရင်နှင့်အမျှ ချစ်ခဲ့ရသူ 'နွေ' ရဲ့ အလှကို သဘာဝ'နွေ'ရဲ့ သဘာဝသရုပ်က လွှမ်းမိုးနိုင်စွမ်းမရှိပါတကား။

ကြာခဲ့ပါပြီဆိုပေမဲ့ အတိတ်ဆိုသည်က အရိပ်လို မဟုတ်လေတော့ မနေ့ကတစ်နေ့ကမှ ရယ်လိုသာ ထင်နေသူက ကျွန်တော်ရယ်သာ။

ဝေမှိုင်းပြာရည်သော မိုးကုတ်စက်ဝိုင်းကြီးကို နောက်ခံထားပြီး ဝေ့ဝါးစွာ ပြာရည်မှိုင်းနေသော သစ်ရိုင်းပင်ကြီးတို့အောက်ဝယ်၊ စိမ်းပြာသော ကန်ရေပြင်အလှများရှိရာသည် 'အင်းလျားကန်ရေပြင်' ဟု ခေါ်ထိုက်လေရယ်သလားတော့ဖြင့် မသိ။

သည်နေရာ၊ သည်ကန်ရေပြင်ကိုဘဲ သက်သေပြု တိုင်တည်ကြပြီး၊ ဖြစ်ပျက်မှုမျိုးစုံ ကြုံခဲ့ရသူတွေ ဒုနဲ့ဒေး၊ အနန္တမ။

တွေ့ကြတယ်၊ ကြုံကြတယ်၊ ဆုံကြတယ်၊ ချစ်ကြတယ်၊ ပေါင်းကြတယ်၊ ကွဲကွာခဲ့ကြတယ်၊ ဝမ်းသာကြရသူတွေရှိသလို စမ်းနည်းကြေကွဲကြရသူတွေလဲ မနည်းလှပေ။

သည်အင်းယားကန်ကြီးကိုဘဲ သက်သေပြုပြီး ဖြစ်[illegible] တဲ့အထဲမှာ ကျွန်တော့်ရဲ့ ဒဿနဝေဒနာလေးတစ်ခုကိုပါ ထည့်သွင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



စွက်လိုက်ပါမှ 'အင်းလျားပုံပြင်' တွေအားလုံးဟာ ပိုပြီးပြည့်စုံ မှန်ကန်လာမယ်လေ။

အရှေ့မိုးကုပ်စက်ဝိုင်းကြီး အထက်ဆီတွင် ထွက်ပြူစ နေဝန်းနီနီက မြူနှင်းတို့ကို ထိုးခွဲဖောက်ထွက်အနိုင်ယူဖို့ အားပြုနေသည်။ နံနက်ခင်းရောင်နီပျိုးလာပေပြီ။ ဒီလက္ခဏာဟာလည်း နေသစ်တစ်နေ့ကို အစပျိုးတော့မဲ့ 'နိဒါန်း' ရဲ့ ရှေ့ပြေးနိမိတ်ပါပဲ မဟုတ်ပါလား။

အလင်းရောင်တို့က မပီဝိုးတဝါး၊ လေနုအေးကလေးတစ်ချက်အဝှေ့လိုက်တွင် သူ့ခေါင်းပေါ်ရှိ ဆံနွယ်စကလေးတို့က ခပ်ရိုင်းရိုင်းဖွာလန်ကျဲကုန်သည်။ ရည်လျားသည့် ဆံနွယ်စများအောက်တွင် သူ့မျက်နှာကလေးသည် ကြေကွဲရိပ်များတို့နှင့် အတိဖုံးလွှမ်းနေသည်။

အဘယ်ကြောင့်ဆိုသော် မကြာမီ ရက်ပိုင်းကလေးမှ သူချစ်ရသောနွေရဲ့မိခင် 'ဒေါ်ခင်မျိုးမြင့်' နှင့်တွေ့ဆုံခဲ့ပြီးပါမှ သူ၏မျက်နှာကလေး အတန်ငယ် ရင့်ရော်သွားခဲ့သည်။

အင်းလျားကန်ရေပြင် ကမ်းစပ်တွင် ထီးထီးကြီးပေါက်နေသော 'စိန်ပန်းပင်' ကြီး၏ ပင်စည်လုံးကို မတ်တပ်ရပ်အနေအထားနှင့် ကျောပေးမှီနေရင်း စိမ်းပြာသည့် ကန်ရေပြင်ကို ဝမ်းနည်းမှု၊ နာကြည်းမှု ခံစားချက်တို့နှင့်အတူ ကြေကြေကွဲကွဲစိတ်နှင့် ငူငူကြီး စူးစိုက်ကြည့်နေသည်။

အင်းလျားကန်ရေပြင် အလယ်ဘက်တွင် ရွက်လှေဖြူဖြူကလေးတစ်စီး ရွက်ကိုဖွင့်ကာ တရွေ့ရွေ့ ပြေးလွှားနေသည်။

နွေကာလ၏ နံနက်ခင်းပေမို့ နှင်းပွင့်ကလေးတွေက ကန်ရေပြင်ကျယ်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးကလေးများနှင့်အတူ အေးစက်သော အငွေ့အသက်တို့က လွှမ်းခြုံနေသေးသည်။

သြော် . . . ဘဝဆိုတာကလည်း ကြိုးတစ်စပမာဖြစ်ပါမူ၊ အတိတ်ကို တစ်ပိုင်းတစ်စစီဖြစ်အောင် ပိုင်းဖြတ်၍ အဝေးတစ်နေရာဆီသို့ လွှင့်ပစ်လိုက်ချင်၏။ သို့ပေမဲ့ ဘဝဆိုတာ ကြိုးတစ်စမဟုတ်သလို အတိတ်ဆိုတာလည်း ပစ္စုပ္ပန်ရဲ့ အခြေခံဖြစ်လေတော့ ရင်နှင့်အမျှ ချစ်ခဲ့ရသူ 'နွေ' ကို အသည်းတစ်နေရာမှာ ခိုတွယ်ကပ်ငြိနေခဲ့ပေပြီပဲလေ။





ယခုလဲ ရန်ကုန်တက္ကသိုလ်သမိုင်းဌာန လ/ထကထိက ဆရာမလေး မညွန့်မေ (ကျွန်တော်ချစ်ရသောနွေ) က သူနှင့်အရေးကြီးသဖြင့် လာရောက်တွေ့ဆုံပါရန် အမှာပါးကာ ချိန်းဆိုလိုက်သဖြင့် လာရောက်စောင့်စားနေခြင်း မဟုတ်ပါလား။

ဘဝဆိုတာကလည်း ဘဝသာပဲဖြစ်၏။ ပူဆွေးနေလို့မရ၊ လွမ်းဆွတ်နေရုံနဲ့လဲမပြီး။ ပြုသင့်ပြုတန်တာကို ပြုလုပ်ရန်အတွက် 'နွေ' ရဲ့ဆန္ဒကို အပြတ်တောင်းကာ မရတော့လည်း အကောင်းဆုံးဖြစ်ရန် ဆုံးဖြတ်ကြတော့ရန်သာ ရှိတော့သည်။

ရေပြင်ထက် ရွက်လွှင့်နေသော လှေငယ်ဖြူဖြူကလေးကိုကျော်လျက် ဟိုအဝေးဘက်ဆီသို့ လှမ်းမျှော်နေလိုက်စဉ်အတွင်း နောက်ကျောဘက်ဆီမှ ကားတစ်စီးမြေနီလမ်းအတိုင်း မောင်းနှင်လာရင်းမှ ထိုးဆိုက်လိုက်သံကို ကြားလိုက်ရသလို၊ ကားတံခါးကို ဖွင့်ပိတ်စက်ရပ်သံကိုလည်း ကြားလိုက်ရသည်။ လှည့်တော့မကြည့် 'နွေ' ဖြစ်မှန်းကို စိတ်တွင်းက အလိုလို သိနေသည်ပဲလေ။

ထိုအချိန် လေတစ်ချက်အသုတ် ပင်ယံမြင့်ထက်က ရွက်ခြောက်ကလေးတွေက ကြွေလွင့်လာသည်။ အင်းလျားကန်ရေပြင်မှာ စီးမျောကြမည်ပေါ့။ နွေသရုပ်ကို လှစ်ပြနေသယောင်။

သည်ရွက်ကြွေကလေးတို့ရဲ့ ဖြစ်ရပ်ကပင ကျွန်တော်နဲ့ 'နွေ' တို့ရဲ့ ခွဲခွာကြဖို့ အရိပ်လက္ခဏာ အစပေတကား။

တိုက်တိုက်ဆိုင်ဆိုင် အဲသည်လို အချိန်ကျမှပဲ နွေတေးရှင် 'ဥသြငှက်ငယ်ကလေးတစ်ကောင်ရဲ့ အမိတက္ကသိုလ်ပရဝုဏ်အတွင်း ပင်ယံမြင့်ထက်ဆီမှ လွမ်းမောဖွယ် သီကြွေးတေးဆိုနေသံကိုလည်း ကြားလိုက်ရပြန်သည်။ ကျွန်တော့်စိတ်တွင်းက . . .

'သြော် . . . ကိုယ်ရယ်၊ နွေရယ်၊ ဥသြငှက်ငယ်ကလေးတို့ပါလားး' လို့ တွေးတောနေလိုက်စဉ် . . .

''မောင် . . . စောင့်နေတာ ကြာပြီလားဟင်''

နောက်ကျောဘက်ဆီမှ တိုးညှင်းပျော့ပျောင်းစွာ 'နွေ' ရဲ့အသံကလေးကို ကြားလိုက်ရသည်။ ထိုကဲ့သို့ သူမအသံကလေးကို ကြားသည်



www.burmeseclassic.com

www.burmeseclassic.com



ပျော့ပျောင်းသည်ဆိုပေမဲ့ ကျေးငှက်သံတစာစာတို့ကို လွှမ်းမိုးသွားသည်က အမှန်။

နွေ့ရဲ့ တိုးညှင်းစွာ ခေါ်လိုက်သံကြောင့် ညင်သာစွာနဲ့ သမင်လည် ပြန် လှည့်ကြည့်လိုက်တော့ တွေ့လိုက်ရတာက ချစ်ရလွန်းသူ နွေ့ရယ်သာ။ သည်အမြင်ကလည်း ကျွန်တော့်ကို အင်မတန် အင်အားကြီးမားသော အရာ တစ်ခုနဲ့ ရင်ဆိုင်ကြုံတွေ့လိုက်ရသလို တုန်တုန်လှုပ်လှုပ်ပင် ဖြစ်သွားမိသည်။ ပြန်လည်နှုတ်ဆက် ဖြေကြားရမှာက အထစ်ထစ် အငေါ့ငေါ့ရယ်ပါ။

အတိတ်ဆိုသည်က ဆွတ်ပျံ့သာယာစရာလည်း ရှိတတ်သည်။ ကြည်နူးစရာရှိသလို ကြေကွဲဝမ်းနည်းစရာတွေလည်း ရှိတတ်သည်။ ကျွန် တော့်အတွက်တော့ သေချာတာတစ်ခုတော့ ရှိသည်။ ချစ်ရသူ 'နွေ့' နဲ့ ပတ်သက်လာရင် နာကျည်းကြေကွဲမှု ပိုမိုကဲခဲ့သည်ပဲ။

ယခုလို လတ်တလော 'နွေ့' နဲ့ တွေ့ဆုံရင်ဆိုင်နေရချိန်မှာ ကျွန် တော့်စိတ်တို့က တိုက်ခတ်နေဆဲ လေရူးလိုပဲ ပြေးလွှားဆော့ကစား နေမိ သည်။

ဩော် ....ချစ်တာကိုး၊ ချစ်ရလွန်းတာကိုး။

နှုတ်ဖျားက တိုးဖွဖွနှင့် 'မောင်'လို့ ခေါ်ပြီး ကျွန်တော့်ရှေ့ ငှူငှူ ကြီးရပ်လျက် သူမ၏ပခုံးနှစ်ဘက်ကို ခပ်ဖွဖွကိုင် စကားကို ဆိုလိုက်မိတယ် လေ။

"ဆိုပါဦး ... နွေ့၊ မင်းကိုယ့်ကို တွေ့ချင်ရတဲ့ကိစ္စက ဆယ်တန်း အောင်ဖို့ ကြိုးစားပါ၊ ဘွဲ့တစ်ခုခုရအောင်လုပ်ပြီး ဌာနတစ်ခုမှာ အရာရှိ တစ်ယောက်ဖြစ်တော့မှ လက်ထပ်မယ်။ အဲဒီလိုဖြစ်အောင် ကြိုးစားပါဆိုတဲ့ စကားပဲမို့လား။ အဲဒီအချက်တွေအပြင် နောက်ထပ် ဘာတွေများ လမ်းညွှန် ချင်သေးလို့လဲ"

နာကြည်းကြေကွဲမှုတို့နဲ့အတူ ကျွန်တော့်နှုတ်ဖျားက သူမ မျှော် လင့်ထားသလိုမျိုးမို့ သူမမျက်နှာ ကြေကွဲရိပ်များ သမ်းလာသည်ကို မြင် တွေ့လိုက်ရသည်။ မျက်နှာနုနုကလေး မျက်နက်ဝန်းဆီမှ ငွေပုလဲဥတို့က လည်း ကြွေတော့မယောင်။





ကျွန်တော်ဆိုတဲ့ အကောင်ကလည်း မိန်းကလေးတို့ရဲ့ သဘော သဘာဝကို တစ်ခါတလေ နားမလည်။ အို .. တစ်ခါတလေမကပါ အမြဲတမ်း နားမလည်သူက ကျွန်တော်ရယ်ပါ။

ကျွန်တော် နားလည်တာက မှဆိုးဆိုတော့ မုဆိုးစိတ်မျိုးပဲပေါ့။ ချစ်တယ်ဆိုရင် အချိန်အခါမရွေး လက်တွဲရမယ်ပေါ့။ နောင်အရေးကို တွေး မနေရဘူး။ နောင်ဖြစ်ပေါ်လာမဲ့ အရေးတွေကို မလိုအပ်သေးဘဲ တွေးနေတာ ဟာ တကယ့်မေတ္တာစစ်နဲ့ ချစ်လို့မဟုတ်ဘူး။ ချစ်တယ်ဆိုရင် တူနှစ်ကိုယ် တဲအိုပျက်မှာနေပြီး၊ ထမင်းရည်ပူကို တူနှစ်ကိုယ်လျှက်ရင်း နောင်မှဖြစ် ပေါ်လာမဲ့ကိစ္စတွေကို နောင်ခါမှသာ ရှင်းကြပေါ့။ မလိုအပ်သေးတဲ့ ကိစ္စတွေ ကို ထည့်သွင်းစဉ်းစားနေတာ၊ ပြောဆိုနေတာတွေဟာ မချစ်လို့ဘဲပေါ့။ ဒီ အတွေးတွေက ကျွန်တော့်ခံယူချက်တွေလေ။

ဒီလို ကျွန်တော့်အယူအဆတွေ၊ သည်စကားတွေကိုလည်း ချစ်ရ လွန်းတဲ့ 'နွေ့' ကို ထပ်ခါတလဲလဲ ပြောခဲ့ပြီးပြီးပဲ၊ မေမေနဲ့ တွေ့ပါဆိုလို့ တွေ့လည်း တွေ့ခဲ့ပြီးခဲ့ပါပြီ။

သူ့မိခင် 'ဒေါ်ခင်မျိုးမြင့်' နဲ့တွေ့ပြီး တိုက်ခဲ့ရတဲ့ စစ်ပွဲဟာလည်း မတိုက်ခင်ကတည်းက ကိုယ်ရှုံးမဲ့ပွဲဆိုတာကို တွက်ခဲ့ပြီးသား၊ အတင်းဇွတ် အတင်းတိုက်ခိုင်းလို့ ရှိသမျှအားအင်ကလေး စုစည်းပြီး တိုက်ခဲ့ပြန်တော့ လည်း ရှုံးလိုက်တာမှ နလန်ပင် မထူနိုင်။ ဝက်ဝက်ကွဲ ခွက်ခွက်လံပါပဲ။

မတူညီနိုင်ကြတဲ့ မျဉ်းပြိုင် (၂) ကြောင်းဆိုတာ ဘယ်နေရာကျသွား ပြီး ပေါင်းဆုံလို့ ရကြမှာလဲလေ။ ဟိုအဝေးတစ်နေရာ မှိုင်းပျပျသာ မြင် နေရတဲ့ မိုးကုတ်စက်ဝိုင်းကြီးဆီမှာမှ ပေါင်းဆုံလို့ရတယ်ဆိုတာ မှန်းဆရမ်း ချခြင်းရယ်သာပါ။ တစ်ကယ်တန်း မိုးကုတ်စက်ဝိုင်းကြီးဆီ လိုက်ကြည့် တော့လည်း မျဉ်းပြိုင်ဆိုတာ မျဉ်းပြိုင်လိုပါပဲလေ။

သည်တော့ ချစ်သောနွေ့က ရှိုက်သံသဲ့သဲ့လေးနဲ့။

"မေမေ ဖြစ်စေချင်တာတွေ၊ နွေ့ရဲ့ရင်ထဲမှာ ရှိတာတွေ [illegible] ချင်တာတွေကို မောင့်ကို အထပ်ထပ်အခါခါ ပြောခဲ့ပြီးပါပြီ။ ခုတစ်ခါ [illegible] ပြောချင်တာကလည်း မောင် ဆယ်တန်းအောင်ပြီး ဘွဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



''တော်တော့ နွေ၊ မင်း တော်တော့။ မင်းဆက်ပြီး ပြောမဲ့စကား က ငါ့ကို ဘွဲ့တစ်ခုရအောင်လုပ်ပြီး ဌာနတစ်ခုမှာ အရာရှိဝင်လုပ်၊ ပြီးတော့မှ မင်းနဲ့ငါ လက်ထပ်မှာကို မင်းမေမေ ကြည်ဖြူစွာ လက်ခံမယ်ဆိုတဲ့စကား ပဲမို့လား''

ကျွန်တော် ကြားဖြတ်ပြောလိုက်တဲ့ စကားတွေကြောင့် သူမ မျက်လုံးကလေးများ ပြူးကျယ်လာသည်။ ကျွန်တော်ကလည်း ကျွန်တော် ပါပဲလေ။ သေနတ်တစ်လက်ကိုင်ပြီး သားကောင်တွေ အသက်ကို လိုက်လံ သတ်ဖြတ်နေတဲ့ မုဆိုးဆိုတော့ စိတ်ကလည်း ခက်ထန်ကြမ်းတမ်းတာပေါ့။

နွေတစ်ယောက်ပြောလိုက်သည့် စကားက ယခုမှ ပြောခြင်းလည်း မဟုတ်။ ယခင် တွေ့ကြစဉ်များကလည်း အကြိမ်ပေါင်းများစွာ ပြောခဲ့သည်မို့ ကျွန်တော့်နှလုံးသားတွင် နာကြင်ခဲ့ရပေါင်း များခဲ့ပေပြီ။ ယခုလည်း သူမနဲ့ ကျွန်တော့်ဘဝ ပေါင်းစပ်နိုင်ရေးအတွက် ညှိနှိုင်းတိုင်ပင်လိုသဖြင့် တွေ့ဆုံလိုသည့် အကြောင်းပြချက်ဖြင့် ချိန်းဆိုလာခဲ့ပြန်သည်မို့ လာရောက် တွေ့ဆုံခဲ့ရာ ယခင်ပုံစံမျိုးဖြင့် သီသီကြီးနှင့် ထပ်မံပြီး အဆိပ်လူးသော မြားတံဖြင့် နှလုံးသားရှိရာကို စခန်းသိမ်း ပစ်ခတ်ခံလိုက်ရပြန်သည်မို့ အထိနာခဲ့ရ ပြန်သည်။ ဟိုယခင် အချိန်တုန်းဆီက ချစ်သူထံမှ ထိုစကားများကို ကြား ခဲ့လေတိုင်းပဲ ကျွန်တော်ကပင် သူကျေနပ်အောင် ခေါင်းညိတ်ကာ ချော့မော့ လိုက်သေးသည်ပဲလေ သို့သော်လည်း သူလိုချင်တဲ့ပုံစံမျိုး ဖြစ်မလာပြန် တော့ သူမက ...

'မောင်လူဆိုးပဲ' တဲ့လေ။

ဟုတ်တာပေါ့ ... ခေါင်းသာ ညိတ်ပြတယ် သူမ ဖြစ်စေချင်သလို မျိုး မလုပ်ခဲ့တဲ့ ကျွန်တော်က လူဆိုးပေါ့။ နားလည်ခဲ့ပါပြီ ချစ်သောနွေ ရယ်။

ခုတော့ နားလည်လိုက်ပါပြီ။ ကိုယ်ရဲ့အချစ်ကလည်း နွေရဲ့အပေါ် မှာ အနည်ထိုင်လာခဲ့ပါပြီ။ ထို့အတူ ကျွန်တော့်ခံစားချက်တွေကလည်း ပေါက်ကွဲထွက်ပေါ်လာခဲ့သည်မို့ ...





''ဒီမှာ ... နွေ၊ အဲ ... အဲ ... လ/ထ ကထိကဆရာမလေး ဒေါ်ညွန့်မေ။ မင်း ငါ့ကို တကယ်ချစ်ခဲ့ရိုးမှန်ရင် ကိုယ့်ဘဝနဲ့ ပေါင်းစည်းခဲ့ ရပေမပေါ့။ ထမင်းရည်ပူပူ လျှက်ရလျှက်ရ၊ တဲအိုပျက်မှာပဲ နေရနေရ။ အဲဒီ လို သတ္တိရှိသူကိုမှ အချစ်စစ်နဲ့ ချစ်တယ်ရယ်လို့ပဲ ကိုယ်နားလည်လက်ခံ ယုံကြည်ခံယူထားတယ်။ ခု ... မင်းက ဘွဲ့ရအရာရှိကြီးဖြစ် ...''

ကျွန်တော့်စကားတွေကို ဆုံးအောင်ပင် မပြောလိုက်ရ။

''တော်တော့ .... မောင်၊ တော်တော့ ...''

မျက်နှာကို လက်ဖဝါးနုနုကလေးနှစ်ဖက်ဖြင့် အုပ်ရင်း ရှိုက်ကြီး တငင်ငိုကြွေးကာ တားလိုက်သူက နွေရယ်ပါ။ သို့ပေမဲ့ ကျွန်တော်က ..

''ဒီမှာ ... မညွန့်မေ၊ မင်းကို ငါ နောက်ဆုံးပြောလိုက်ချင်တာက တက္ကသိုလ်မှာ မင်းဆရာမလုပ်နေသမျှ ငါ အဲဒီတက္ကသိုလ်ရောက်အောင် ဘယ်တော့မှလည်း ကြိုးစားမှာမဟုတ်ဘူး။ သေနတ်ကိုသာကိုင်ပြီး တောထဲ ကိုပဲ ဝင်တော့မယ်။ အဲဒီလို ငါလုပ်ပြတဲ့အလုပ်ဟာ မင်းဖြစ်စေလိုတဲ့ဆန္ဒ ကို ဖြည့်ဆည်းတယ်လို့ပဲ မှတ်ထားပေတော့''

ကျွန်တော် ခံစားရလွန်းလို့ ပေါက်ကွဲထွက်ပေါ်လာတဲ့ ရင်တွင်း စကားတို့က ဘယ်ဆီသို့ ရောက်သွားလိုက်မှန်းပင်မသိ။ ရင်တွင်းရှိ ရင့်သန် နေဆဲ သံယောဇဉ်တို့ကိုလည်း ထိန်းချုပ်ထားလို့က မရတော့။ ယခုတစ်ခါ လောက် ပင်ပန်းမှုမျိုးကိုလည်း မကြုံတွေ့ဘူးခဲ့။

ကျွန်တော့်ရင်တွင်း ပေါက်ကွဲထွက်ပေါ်လာသည့် စကားတို့သည် ဘယ်အတိုင်းအတာထိ ရောက်သွားသည်ကိုတော့ဖြင့်မသိ။ ကျွန်တော် သိ လိုက်တာကတော့ သူမမျက်နှာကို လက်ဖဝါးနှစ်ဖက်ဖြင့် အုပ်ရင်း ကျော နိုင်းကာ ကျွန်တော့်အနီးမှ ကားရပ်ထားရာဆီသို့ ပြေးထွက်သွားသည်ကို သာ သိလိုက်ပေသည်။

အသည်းနှင့်ထပ်တူ ချစ်ခဲ့ရသော 'နွေ' က ကျွန်တော့်ကို ကျော နိုင်းသွားခဲ့ပေပြီ။

မောဟိုက်ပင်ပန်းစွာ ကျန်ရစ်ခဲ့တဲ့ကျွန်တော်က 'စိန်ပန်းပင်ကြီး' ကို ကျောမှီလိုက်ရင်း ဟိုးအဝေးဆီကို တွေဝေငေးမောစွာ လှမ်းကြည့်ပြီး ကျောက်ရုပ်ကဲ့သို့ ငူငူကြီး ကျန်ရစ်ခဲ့ပေသည်။ စိတ်တွင်းကလည်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ....ချစ်ရတဲ့သူရဲ့ ဆန္ဒများကို လိုက်လျှောလျှင် ရပါလျက်နဲ့ ယခုလို လက်လွှတ်ဆုံးရှုံး အနစ်နာခံလိုက်ရခြင်းသည် ဖန်တီးလာသော ကံတရားကြောင့်ပင်လို့ဘဲ စိတ်ကို ဖြေသိမ့်လိုက်ရပေတော့သည်။ ကိုယ်ဟာ မင်းအတွက်အမည်းစက် မဟုတ်တောင် မင်းဟာ ကိုယ့်အတွက် အစွန်းတစ်ခုရယ်လို့ တွေးရင်း ဖြေသိမ့်လိုက်ရသည်။

အတန်ကြာတော့ ကျွန်တော် အင်းလျားကန်ရေပြင်၊ စိန့်ပန်းပင်ကြီးနဲ့ တက္ကသိုလ်ပရဝဏ်ကို ကျောခိုင်းလိုက်သည်။ ဘဝအတွက် ဆက်လက်လျှောက်လှမ်းရာတွင် လှေခါးထစ်ကလေးတစ်ထစ်၊ အဖုအထုံးက လေးတစ်ထုံးကို အင်းလျားကန်ရေပြင်တွင်းမှာ ဖြေလျှော့ထားပစ်ခဲ့ပေတော့သည်။

ကျွန်တော် ကျောခိုင်းကာ လျှောက်လှမ်းနေသည်က သူမ ငိုကြွေးပြေးထွက်သွားရာ၏ ဆန့်ကျင်ဖက် လားရာဘက်ဆီသို့သာ။

တကယ်တော့ မုဆိုးကိုမြင်လို့ ရိုးပြတ်ကနေ လန့်ပြီး ပြေးဝင်ရှောင်ပုန်းသွားတဲ့ သမင်တစ်ကောင်လိုပါပဲ။ ကျွန်တော်လည်း အဲဒီအချိန်ကစပြီး သေနတ်ကိုထမ်းပြီး တောထဲမှာ အခြေချ နေထိုင်တော့တာပါပဲလေ။ တောခြောက်ခံလိုက်ရတယ်လို့ပဲ သဘောထားပါတယ်။

✿ ✿ ✿

[၃]

❑

သူ့ပုံပြင်ကလေးကို သည်မှာတွင် အဆုံးသတ်လိုက်သည်မို့ ကျွန်တော်က ...

"ဩော် ... မောင်ဝင်းနိုင်ရယ်၊ မင်းကို ရွာခံမုဆိုးတစ်ဦးမြို့သူနဲ့ စုံဖက်ပြီး ဟိုကိုရောက်နေတာလို့ ထင်နေတာကွ။ ခုန မြတ်မင်းဟန် ပြောတော့မှဘဲ မင်းဟာ ဒီရွာခံမဟုတ်ဘဲ၊ ဒီမှာလာပြီး မုဆိုးဘဝနဲ့ မြိုင်နေတယ်ဆိုတာ ငါ သိလိုက်ရတယ်။ ဒါနဲ့ ခု မင်းမိန်းမနဲ့ ဘယ်လိုအကြောင်းပါပြီး မြို့ကို ရောက်နေရတာလဲကွ"





"ကျွန်တော်က ဒီရွာအတိုင်ပါ။ မြို့ကိုတက်ပြီး ကျောင်းနေရင်း စောစောက ပြောပြတဲ့ အဖြစ်အပျက်ကြောင့် ဒီရွာကို ပြန်ခဲ့တာပါ။

ခုယူထားတဲ့မိန်းမ မြမြအေးက ဟိုတစ်ချိန် ကျွန်တော်နေတဲ့ အိမ်ရှင်ရဲ့ သမီးပါ။ ကျွန်တော့်ကိုမှ မရရင် သူ့ကိုသူ သတ်သေပါ့မယ်ဆိုလို့ လူကြီးစုံရာနဲ့ လာတောင်းလို့ ကျွန်တော့်ကြောင့် သူတစ်ပါးအသက် မဆုံးရှုံးလိုတဲ့ စေတနာနဲ့ ယူလိုက်ရတဲ့ မိန်းမပါဗျာ"

"ဩော် ...ဩော် ... သူတစ်ပါးအသက် ကယ်တင်လိုက်ရင်း အနစ်နာခံလိုက်တယ်ပေါ့၊ ကုသိုလ်ရပါတယ်လေ"

ကျွန်တော်က အမှန်အတိုင်းပြောလိုက်သည့်စကားကို အဖွဲ့သားတွေက ဘယ်လိုသဘောပေါက်သွားကြသည်တော့ဖြင့်မသိ၊ ဟားတိုက်ရယ်မောလိုက်ကြသံကို ကြားလိုက်ရပေသည်။

ညအစာရှာငှက်အော်သံတို့ကို ကြားလိုက်ရသဖြင့် လက်မှနာရီ ကို ကြည့်လိုက်တော့ (၁၂) နာရီပင်၊ သို့အတွက် အဘကောင်းက

'ကဲ မနက်ကို ပြောင်အုပ်နောက်လိုက်ကြရအုံးမှာဆိုတော့ နားလိုက်ကြရအောင်'

ကျွန်တော်တို့လည်း တဲပေါ်တွင် ကျောပိုးအိတ်များကို ခေါင်းအုံးလျက် ကျောဆန့်လိုက်ကြပေသည်။ ပုစဉ်းရင်ကွဲ အော်သံများအပြင် ကျောက်ဖားကလေးများ အော်သံတို့ကို ကြားနေရသလို နှာခေါင်းတွင်းဆီသို့ မွှေးပျံ့သော အနံ့တို့ကို ရှူရှိုက်လိုက်ကြရသည်။ ကျွန်တော်က ထူးထူးခြားခြား ထိုအနံ့ ဘယ်ကလာသည်ကို သိလိုသဖြင့် မီးဖိုကြီးမှ မီးအလင်းရောင်ဖြင့် ကျောဆန့်နေရာမှထပြီး ကြည့်လိုက်စဉ် အဘကောင်းအသံက—

"မွှေးလိုက်တဲ့ ပန်းရနံ့ကွာ၊ ထူးထူးခြားခြား ဘယ်ကပန်းနံ့လဲ မသိဘူး"

သူ့စကားအဆုံးတွင် အစ်ကိုကြီး ဦးသိန်းလွင်နှင့် နေဝင်းသော်တို့ ထလာကြပြန်သည်။ သူတို့လည်း ပန်းရနံ့ကို ဘယ်ကလာသည် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကို သိလိုကြဟန်ထင့်၊ ပါးစပ်ကတော့ မပြော၊ တအံ့တသြနှင့် ဝန်းကျင်ကို လိုက်လံကြည့်နေစဉ် 'မြတ်မင်းဟန်၊ သိန်းဝင်း၊ စံဖူး' တို့ပါ လက်နှိပ်ဓာတ်မီးကိုကိုင်ကာ ဝန်းကျင်ကို လိုက်လံထိုးကြည့်ကာ ရှာဖွေနေကြပြန်သည်။

ကျွန်တော်တို့အုပ်စုချည်းမို့ အခြားတဲတို့တွင် အိပ်နေကြသည့် သစ်ဝါးခုတ်ကြသူ၊ မီးသွေးဖုတ်ကြသူတို့ကို သတိထားကြည့်လိုက်ရာ တခေါခေါဖြင့် အိပ်နေကြသည်ကို တွေ့လိုက်ရသည်။ သိကြပုံမပေါ်သလို ယခုကိစ္စသည် သူတို့နှင့် မသက်ဆိုင်သလိုမျိုး။ ထိုစဉ် မောင်ဝင်းနိုင်က အိပ်ရာမှ ကြုံးထလိုက်ပြီး ...

"ကျွန်တော့်အထင်တော့ ဒီပန်းနံ့က ဟိုသစ်ခွပန်းဆီကလို့ ထင်တယ်။ မီးထိုးကြည့်ကြစမ်းကွာ၊ အခြောက်ခံရပြီနဲ့တူတယ်"

သူပြောလိုက်သည့် စကားကြောင့် သဖန်းပင်ကြီးတွင် ချိတ်ဆွဲထားသည့် သစ်ခွပန်းအုံ့ရှိရာဆီသို့ လှမ်းထိုးကြည့်လိုက်ရာ ပန်းအုံ့တွင် ဘာမှထူးခြားမှုမရှိသော်လည်း ခွဆုံကိုင်းအကြားတွင် ရောင်ပြန်ဟပ်လိုက်သည့် နီညိုရောင်မျက်လုံးအစုံကို တွေ့လိုက်ကြရသည်မို့ ...

"တောကြောင်ကွ ... သဖန်းသီးတက်စားနေတာ။ စံဖူး ဒူးလေးယူလိုက်ကွာ"

အစ်ကိုကြီး ဦးသိန်းလွင်စကားကြောင့် စံဖူးက ချိတ်ဆွဲထားသည့် ဒူးလေးကို လှမ်းယူကာ ခြေကန်ပေးပြီး လေညို့ကို ဆွဲတင်မြားတံကို တပ်လိုက်ပြီး မီးအလင်းတန်းကို စူးစိုက်ကြည့်နေသည့် တောကြောင်ဆီသို့ ပစ်လွှတ်လိုက်ပေသည်။

"ဒေါင်"

"ဘုန်း"

တောကြောင်မှာ မြားတန်းလန်းဖြင့် မြေပြင်သို့ 'ထွေး' ကနဲ ပြုတ်ကျလာသည်မို့ သဖန်းပင်အောက်ကို ပြေးကာ ကောက်ယူလိုက်ရင်း ပြောလိုက်သည့် စံဖူးစကားက ...

"လက်စသတ်တော့ ပန်းနံ့က ဒီသစ်ခွပန်းဆီက လာတာဘဲဗျ"

သူပြောလိုက်သည့် စကားကြောင့် လူငယ်များ တဲပေါ်မှဆင်း





လျက် သဖန်းပင်ကြီးတွင် ချိတ်ဆွဲထားသည့် သစ်ခွပန်းအုံ့ရှိရာဆီကို သွားလိုက်ကြပြီး၊ အနံ့ခံကြည့်ကြရင်း သိန်းဝင်းက ...

"ဟုတ်သဗျို့ ... ဟောဒီသစ်ခွပန်းအုံ့ကြီးက ထွက်တဲ့ ပန်းနံ့ဗျ။ ထူးလိုက်တာ စောစောက ဘာနံ့မှမထွက်ဘဲ သန်းခေါင်ယံအချိန်ကြမှ ဒီအနံ့ ထွက်တာဗျ"

သူတို့ပြောသည့်အတိုင်း သစ်ခွပန်းရနံ့က မွှေးကြိုင်လွန်းသည်မို့ အဆုတ်တွင်းရောက်သည့်တိုင် ရှူသွင်းလိုက်ချိန် လူငယ်များ တဲပေါ်ပြန်တက်ရောက်လာကြသည်။ အသက်ကြီးသူတို့ဖြစ်သည့် အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်မျက်နှာကို ကြည့်လိုက်တော့ ဘာသဘောထားမှတ်ချက်ကို မပေးသဖြင့် မေးမနေတော့ဘဲ ပြန်လည်လဲလျောင်းကာ မွှေးကြိုင်သော ပန်းရနံ့ကို ရှူရှိုက်နေစဉ် ပုစဉ်းရင်ကွဲကောင်တို့ ဝိုင်းဝန်းအော်လိုက်သံနှင့်အတူ နားစည်အတွင်း စောင်းတီးသံသဲ့သဲ့ကြားလာရသည်။

အတန်ကြာတော့ စောင်းသံနဲ့တွဲကာ ဆွဲဆောင်အားကောင်းသည့် မိန်းမငယ်တစ်ယောက်၏ တေးသံကို ကြားလာရပြန်သည်မို့ လဲလျောင်းနေကြသည့် လူအားလုံး ငေါက်ကနဲ ထထိုင်လိုက်ကြရင်း တအံ့တသြအသွင်မျိုးနှင့် အသံလာရာဆီကို လှမ်းကြည့်လိုက်ကြပေသည်။ ထိုစဉ် ...

"ဩော် ... တစ်ကိုယ်ဆွေးဖွယ် ××× မြောင်ခင်တန်းနှင့် ××× တောကမ်းကွယ် ××× လမ်းဘယ်ဝယ်ရှိ ××× နယ်ရှစ်ခွင်လုံး××× တိမ်မင်းတုန်း မိုးလုံးအိသို့ ×××အို သိတတ်ပြီ ×××

မြိုင်ခြေအုပ်က ××× ရွှေဘုတ်ကယ်အီသည် ××× ဌာနီပြည်ကြီးကလည်း ဝေးသနှင့်။

ငုံကင်းငယ်ပန်းမာလ် ×××ရွက်ရင့်လျှောလို့ ×××ရွက်ဟောင်းငယ်လုန်သည် ×××တောင်ပျံလေညှင်းလဲ သွေးသနှင့် ..."

ဘယ်သဘောကို ဆောင်သည်တော့ဖြစ်မသိ၊ စာဆိုတော် ဦးကြင်ဥ၏ ဌာနီပြည်ကြီးနှင့် ဝေးသနှင့် ညည်းချင်းပင်၊ ကုန်းဘောင်ခေတ်တွင် [illegible]ကြီးတောင်ကြီးအတွင်း အဖော်မဲ့သူတစ်ဦး၏ တစ်ယောက်တည်း စိတ်[illegible]ဖြစ်ပေါ်ခံစားရပုံ၊ ဌာနေမင်းမြို့တော်နှင့် ဝေးပြီး၊ တောကြီးတော[illegible]



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းရှိနေသူ၏ ပတ်ဝန်းကျင်တဝိုက် မြင်တွေ့နေရသော တောတောင်တို့ဝန်းကျင်တွင် သောင်ကမ်းလျှိုမြောင်၊ တောင်ကုန်းတောင်တန်းများဖြင့် ကာဆီးပိတ်ဆို့နေသဖြင့် စိတ်ထွေပြား ဝေဝါးစွာ ညည်းညူနေပုံ၊ အရပ်ရှစ်မျက်နှာဝန်းကျင်တွင် တိမ်မည်းညိုတို့သည် ကောင်းကင်တွင် တလိပ်လိပ် တအိအိဖြင့် ဖြစ်နေသည်။ အုံ့ဆိုင်းမှိုင်းဝေသော တောအုပ်အခြေမှ ရွှေဘုတ်ငှက်အဝါကလည်း 'တအီးအီး' မြည်းကြွေးလျက်ရှိသည်။ ထိုဝန်းကျင်သည် အဖော်မဲ့သည့် သူကို ပိုမိုလွမ်းဆွေးအောင် ဖန်တီးနေသည့်ဒဏ်ကို မခံစားလိုသောကြောင့် ဒွာနီပြည်ကြီးနှင့် ဝေးကွာနေသည်ကို သတိရပြန်လိုကြောင်း အဓိပ္ပာယ်မျိုးဖြစ်သည့် တေးသွားပင်။

အတန်ကြာတော့ အမွှေးနံ့ပျောက်သွားသလို ကြားနေရသည့် အသံကိုလည်း ငြိမ်သွားသည့်အချိန် အဘကောင်းက ...

"ဒီတေးသွားက ဘာအဓိပ္ပာယ်မျိုးလဲကွ"

နေစိုးသော်က အထက်ကတင်ပြသည့် အဓိပ္ပာယ်မျိုးကို အတိုချုံးရှင်းပြလိုက်တော့ သဘောထား မှတ်ချက်ပေးလိုက်သည်က ...

"ဒီသစ်ခွပန်းအုံ ယူလာကတည်းက ရှိုက်သံကြားလိုက်ရတဲ့ အချက်ကတစ်ချက်၊ ခုသီချင်းဆိုလိုက်တဲ့ အဓိပ္ပာယ်နဲ့ဆွဲ ဆန့်တွေးလိုက်ရင် ဂမ္ဘီရဆန်တဲ့သစ်ခွလို့ ငါတော့ ကောက်ချက်ဆွဲတယ်ကွာ။ ငါတို့လည်း ဒီဂမ္ဘီရဆန်တဲ့ကိစ္စမျိုးကို သိပ်နားမလည်ကြဘူး။ လူတွေကို အန္တရာယ်ပေးရင် ဘာမှလည်း လုပ်တတ်ကြမှာ မဟုတ်ဘူး။ ငါ့သဘောကတော့ မနက် ပြောင်ခြေရာကောက်သွားရင်း ဒီပန်းအုံကြီးကို တောထဲမှာပဲ ပြန်ထားလိုက်ရင် ကောင်းမယ်လို့ ထင်တယ်ကွာ။ မင်းတို့သဘောကော ဘယ်လိုလဲ"

မည်သူမှ ပြန်မပြော။ သဘောထားညီကြသည့်အတွက် မနက်ဖြန် ပြောင်ခြေရာကောက်သွားကြရင်း၊ သစ်ခွပန်းအုံကြီးအား တောတွင်းသစ်ပင်ကြီးတစ်ပင်ထက်ကို ပြန်လည်တင်ထားနိုင်ရေးအတွက် စဉ်းစားလိုက်ကြရင်း မှေးစက်လိုက်ကြပေသည်။

လေးမောင်

www.burmeseclassic.com